# အဘယ်ကြောင့် ပါလီမန်ဒီမိုကရေစီ ကျဆုံးရသလဲ

## ဘာကြောင့်ကျွန်တော်နုတ်ထွက်ရသလဲ

ဦးထွန်းဖေ
ဖဆပလ ဝန်ကြီးဟောင်း

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# အဘယ်ကြောင့် ပါလီမန်ဒီမိုကရေစီ ကျဆုံးရသလဲ

## အစိုးရအဖွဲ့မှဘာကြောင့်ကျွန်တော်နုတ်ထွက်ရသလဲ

ဦးထွန်းဖေ
ဖဆပလဝန်ကြီးဟောင်း

နှစ်အုပ်ပေါင်းပထမအကြိမ် ၂၀၁၆

ဝေသာလေဆော် မြင့်ရွှေဒင်တော်အမော်နှင့်
မြင့်ထောင်မှ ယဉ်ကျေးမှုရာနှင့်ကြီးပေါက် ဦးဗွန်ဝေ
(လွှန်ဆေးနှင့်သတင်းစာအယ်ဒီတာချုပ်)၏
သတင်းဆောက်တက်ရွိုး အမှည့်ခြိုး ရေးသားထုတ်ဝေခဲ့သော
“အသေမင်ကြောင့် ပါတီမင်္ဂလာဆောင် ကျော်ရသော်”
(လွှန်ဆေးနှင့်သတင်းစာတိုက်ထုတ် ၁၉၆၂ ပထမအကြိမ်) စာအုပ်နှင့်
“အဝိဇ္ဇာရဲ့ ဘာကြောင့် ကျွန်တော်နတ်ထွက်ရသော်”
(ဗုဒ္ဓပေါင်းမိတ်ထုတ် ၁၉၅၉ ဒုတိယအကြိမ်) စာအုပ်တို့အား
မူတည်ပေါင်းထုတ်ဝေပါသည်။

# မာတိကာ


– အမှာစာ - (က)

၁။ **တင်ဆက်ပါတော့မည်** ၁

ခေတ်ခွဲရုံကြီး ၁

ကံကောင်းသည်ဟု ဆိုရမည် ၂

ဥပဒေပါရှုတွေ မလိုသေးပါ ၃

၂။ **လူမျိုး၏ ဗီဇ မျိုးစေ့ကို လေ့လာကြစို့** ၅

ကျွန်တော်တို့၏ လက်တွေ့အမှား ၈

၃။ **လူတွေ၏ရှုတ်ယှင်းချက်ကို သုံးစားကြမှု** ၉

အဘယ့်ကြောင့် ဤသို့ဖြစ်ရသလဲ ၁၀

အင်္ဂလိပ်လက်ထက်က ၁၂

၄။ **နမ်းတစ်လုံးနှင့် ဆီမဖြစ်နိုင်ပါဘူး** ၁၃

မှန်ကန်မှု ဘယ်မှာလဲ ၁၃

ပျက်သွားသောအခြေခံဥပဒေ ဘယ်ကလာသလဲ ၁၄

သို့သော် . . . သို့သော် ၁၅

အမျှဝေတော့မှ ရိုပ်စားမိတော့သည် ၁၅

ပြည်သူ့ထင်မြင်ချက်ဆိုသည်မှာ ၁၆
ကျွန်ုပ်တို့သဘော ၁၆
၅။ ဥပဒေနှင့် ထိုက်တန်သလော ၁၈
လိုအပ်၍ ခေါင်းဆောင်တွေပေါ်လာရသည် ၂၀
၆။ ...... ...... ...... ၂၂
၇။ ...... ...... ...... ၂၆
ကံဘောက်မ ယူဆသောအချက် ၂၆
၈။ ငုတ်တုတ်ကြီးခံကြရပုံ ၃၁
အင်္ဂလန်ရာဇဝင်ထဲမှ ကောက်နုတ်ချက် ၃၂
အလှည့်ကျစေသော လေသံ ၃၅
၉။ ပါလီမန်သည် အကာအကွယ်ယူဖို့ ဖြစ်သလော ၃၆
သက်သေခံပစ္စည်း ၃၆
ပြည်ပတွင်ဖြစ်ပုံတစ်ခု ၃၈
၁၀။ အသက်ဦးဆံပိုင် ဓိစ ပယ်ဖျောက်၍မရပုံ ၄၀
ပဋိပက္ခမပေါ်မချင်း မရပ်ကြချေ ၄၂
၁၁။ ဟာယီခနဲဖြစ်သော အသံတွေ ၄၄
ဟာသကွက်တစ်ကွက် ၄၄
၁၂။ ...... ...... ...... ၄၈
တကယ်ဝမ်းနည်းရော ၅၀
ကိုယ်တွေ့ဝတ္ထုမှစ၍ ပေါ်တော့သည် ၅၀
ပြည်နယ်ကာပုဂ္ဂိုလ်တွေ ၅၀
၁၃။ အမတ်၏အရည်အသွေးဆိုတာ ဒီလိုကိုး ၅၂
သနားမိတော့သည် ၅၄
၁၄။ ခရိုင်များ၌ ဖြန့်မာပဒေသရာဇ်စနစ်
အရှေ့ဘက်ပေါက်ခါနီးတွင် သတ်လိုက်ရသည် ၅၇
ဓောက်ထိုးကြီးနှင့် တွေ့ခဲ့ရသည် ၅၇
ဝိတ် ၃ ဝိတ် ၅၈
လူသတ်ရုံမှတဲ့ ၅၈

တစ်ကွက်သာလိုခဲ့ပေသည် ၅၉
အရည်အသွေးရှိသူတွေ မရှောင်ရှားမဖြစ်ပါ ၅၉
၁၅။ မြို့ကြီးများတွင် ခံကြရ၍ တော်လှန်ရေးကို
ေတာင့်တခဲ့ကြ၏ ၆၁
၁၆။ ေဘာကာပါလီမန် အမတ်အချို့မှာ
လက်တွေ့အာဏာရှင်ဖြစ်ကြရပုံ ၆၅
သူတို့အာဏာရှင် ၆၅
မပော်ရဲသမျှ ဥပဒေမရှိပါဘူး ၆၆
အနာမခံရဲတော့ လုပ်ပေမှာပဲ ၆၆
၁၇။ နေရင်ဘတ်မြို့နှင့် စစ်တရားခံများ ၆၈
အတွေးအခေါ်တစ်ခု ၆၉
ဟယ်ခနဲဖြစ်ခဲ့သော အစိတ်အပိုင်း ၇၀
နေရင်ဘတ်မြို့ ၇၀
၁၈။ ကျဆုံးသွားသော အခြေခံဥပဒေနှင့်
ကျွန်တော်တို့ခံစားရမှုတွေ ၇၃
ဦးခေါင်းကာစ၍ ကြည့်ကြပါနို့ ၇၄
ကိုယ်ကျိုးဘက်ကချည်းနေ၍ကြည့်ခြင်း ၇၅
တိတ်တိတ်ပုန်းအနုပ်ခံကြရသည် ၇၆
၁၉။ သမ္မတသတင်းတွေ ရေးလိုက်ရသည်မှာ
တမော့ကြီးပင် ၇၈
မွေးကြလေပြီ ၇၈
သမ္မတအစိုးရမဟုတ်ပါ ၇၉
ပုဒ်မ ၆၀ နှင့် ၆၃ ၈၀
ကျွန်တော်တို့ "အ"ခဲ့ပါ၏။ ၈၁
၂၀။ ...... ...... ...... ၈၃
၂၁။ ပြည်ထောင်စုစစ်စစ်ဟူသောအသံမှ
ပေါက်ကွဲခဲ့ရသည် ၈၆
ကျွန်တော် ၈ သည်ဟု ထင်ပါသည် ၈၆

ဘယ်တုန်းကမှ ဆန္ဒမယူခဲ့ချေ ၈၇
တရားလွှတ်တော်ချုပ်မှ တရားဝင်ဖြတ်ထုံး ၈၇
အုပ်ချုပ်ရေးညွှန်သည်ဆိုသည်မှာ ၈၈
သတင်းစာက စ၍ ရေးခဲ့သည် ၈၈
ကျွန်တော်၏ အယူအဆ ၈၈
ဗိုလ်ချုပ်အစီအစဉ်ပါကို ရှင်းကြပါစို့ ၈၈
၂၂။ ဒါမှပြည်ထောင်စုမဟုတ်လျှင် ဘာကို
ပြည်ထောင်စုဟု ခေါ်ရမလဲ ၉၀
လွှတ်လပ်ရေး ကြေညာရာ ၉၁
အားလုံးပါသော ကတိစီနက် ၉၁
လက်တွေ့မှာ . . . ၉၂
ဒီလိုကိုး ၉၂
နိုင်းကွက်တွေ ၉၃
၂၃။ အမြဲတတည်နေသော ပဒေသရာဇ်နှင့်
အမြဲတေ တည်လုတည်ဆဲ ပဒေသရာဇ် ၉၅
ရှမ်းပြည်နှင့်ကိုယ်တွေ့ ၉၅
ကျွန်တော်သည် သက်သေတစ်ဦးဖြစ်ပါသည် ၉၆
ဟီမဝန္တာတောင်ကြီး ၉၇
အမြဲတေ တည်နေပြီ ၉၈
၂၄။ မြန်မာစော်ဘွားစနစ် တရားဝင်ပေါက်ဖွားခါနီးတွင် ၁၀၀
မြန်မာစော်ဘွား ၁၀၁
ငြိမ်းချောက်သောနည်း ၁၀၂
စော်ဘွားပြဿနာ ၁၀၂
၂၅။ တည်ဆဲဖြစ်ရပ်တွေကို လေ့လာကြပါစို့ ၁၀၄
ပုံစံကြီးက၊ ဤသို့ဖြစ်ခဲ့သည် ၁၀၅
ဖွဲ့စီးပမာ ၁၀၆
၂၆။ ...... ...... ...... ၁၀၇
ကျွန်တော်တို့ မမြင်ခဲ့ချေ ၁၀၈

| | | |
|---|---|---|
| | အခုမှ ရိုပ်မိသည် | ၁၀၉ |
| | မြန်မာဆိုသောစကား ကွယ်ပေါ်နီးတွင် | ၁၁၀ |
| ၂၇။ | စလယ်ဝင် ဖင်မမည်းဓါက ကွဲရလေတယ် | ၁၁၂ |
| | ပင်လုံကွန်ဖရင့် | ၁၁၃ |
| | အသည်းထိတ်စရာမကုန်သေးပါ | ၁၁၃ |
| | မှန်ကန်မှုကို တကယ်ကြောက်ကြသည် | ၁၁၄ |
| | ရှုပ်ကုန်ပြီ | ၁၁၅ |
| | မရိုးသားကြတော့ဘူး | ၁၁၅ |
| | မတ်လ တစ်ရက်နေ့တွင် | ၁၁၅ |
| ၂၈။ | ...... ....... ....... | ၁၁၇ |
| | သတင်းစာဆရာအသင်းတိုက်၌ | ၁၁၇ |
| | တရားဝင်ဝေါဟာရစကား | ၁၁၈ |
| | ငှင်းနောက် ဖြစ်ရပ်များ | ၁၁၈ |
| | အကိုးအကား | ၁၁၉ |
| | ရှမ်းပြည်က ယူနစ်ထရီကို | |
| | ထောက်ခံခြင်းပင် မဟုတ်လော | ၁၂၀ |
| ၂၉။ | ...... ....... ....... | ၁၂၂ |
| | ကလေးဖောက်ခင်းရပါသည် | ၁၂၂ |
| | မွေးကတည်းက ၁၅ စတုံတန်းရသော လူများစု | ၁၂၃ |
| | စာအုပ်စိမ်းကလေး | ၁၂၅ |
| | ပါလီမန်ဖွဲ့စည်းပုံ | ၁၂၅ |
| | တန်းတူဆိုလျှင် | ၁၂၇ |
| | အရဲခွန်ရှုံရေးပါရစေ | ၁၂၇ |
| | အင်္ဂလိပ်ရာဇဝင် ဖတ်ပါ | ၁၂၈ |
| ၃၀။ | ကိုယ်ကျိုးအကျိုးမရှိနေ၍ကြည့်လွန်းသော | |
| | အနာပေဆုပ်ရောဂါ | ၁၂၉ |
| | ကိုးကားပါရစေ | ၁၃၀ |
| | ဤစေတ်မှ နားမလည်လျှင် | ၁၃၁ |

ပြင်ပနှံ့ ၁၃၂
သရိုင်းစောင့်၏ ကြိမ်းဝါးသံ ၁၃၂
အဘယ်မျှဆိုးသလဲ ၁၃၃
ထပ်မံကိုးကားပါရစေ ၁၃၃
၃၁။ ခေါင်းဆောင်မှုကျဆင်းတယ်ဆိုတာ ဘာလဲ၊
ပြည်နယ်၏ဘတ်ဂျက် ၁၃၅
သူတို့၏မှန်သောအမြင်တစ်ရ ၁၃၆
မောင်ကြီးနှင့် မောင်ငယ် ၁၃၈
၃၂။ တရားစီရင်မှုနှင့် ဩဇိနိုင်ငံ ၁၄၀
ပုဒ်မ ၁၄၁ ၁၄၀
အမှိုက်ကင်းခဲ့ကြ၏ ၁၄၁
အစီရင်ခံစာသာ ရေးရဲကြလျှင် ၁၄၁
ယုံကြည်ချက်ခြင်း ကွာလှ၏ ၁၄၂
၃၃။ တရားမျှတမှုဆိုတာ ဘာလဲ ၁၄၄
အထင်ကြီးမှုက စပါသည် ၁၄၄
မီးတစ်ပွင့် မွှင့်ခဲ့စဉ်က ၁၄၆
ကျွန်တော်စိတ်အမျက်ဆုံး အစိတ်အပိုင်း ၁၄၇
၃၄။ ------ ------- ------- ၁၄၈
ကောက်နုတ်ချက်တွေ ၁၅၀
၃၅။ တရားမျှတမှုဆိုတာ ဘာလဲ ၁၅၂
မလေးစားလိုက ‌နေနိုင်၏ ၁၅၃
၃၆။ ဘယ်လိုတရားမျှတမှုနှင့် ကျွန်တော်တို့
ထိုက်တန်ကြသလဲ ၁၅၅
အမေရိကန် ပြည်ထောင်စုနှံ့ ၁၅၅
အလိုက်မလိုက်ကြရေး ၁၅၆
အင်္ဂလန်၌ ၁၅၆
မြန်မာနိုင်ငံ၌ ၁၅၆

၃၇။ ...... ...... ...... ၁၅၈

ဘယ်ဘက်လိုက်မည်လဲ ၁၅၉

အနောက်နိုင်ငံဘက်သို့ပါရမည် ၁၅၉

စနစ်ကို မရှိသေးရဲလျှင် ၁၆၀

၃၈။ ဘယ်လိုတရားမျှတမှုစနစ်နှင့် ကျွန်တော်တို့ ထိုက်တန်သလဲ ၁၆၁

အကိုးအကားများ ၁၆၁

၁၄–နှစ်ကျော်သုံးကြည့်ရာ ၁၆၂

ကိုယ်တွေ့ဇာတ်တွေ ၁၆၃

၃၉။ ...... ...... ...... ၁၆၆

လွတ်လပ်ခြင်း၏အင်အား ၁၆၆

အကိုးအကားတစ်ခု ၁၆၇

ပြည်သူပိုင်မလုပ်လို၍မဟုတ် ၁၆၈

၄၀။ အရွယ်ရောက်သူတိုင်း ဆန္ဒမဲပေးခွင့်ရခဲ့ကြရာမှ ဘာတွေပေါ်လာကြသလဲ ၁၇၀

သို့သော် ၁၇၀

ယနေ့အခြေမှာ ၁၇၁

နေသူရိန် ၁၇၂

၄၁။ ကြမ်းပေါက်ကြားထဲက ဓါး ၃ ချပ်ကို ထိုးပေးသော အစိတ်အပိုင်း ၁၇၄

အချောင်ရသော ရောဂါ ၁၇၆

လူလိမ်တို့၏ လက်ဝယ်သို့ ၁၇၆

၄၂။ အရွယ်ရောက်သူတိုင်း ဆန္ဒမဲပေးခွင့် ရခဲ့ကြရာမှ ဘာတွေပေါ်လာကြသလဲ ၁၇၈

ဥပဒေရေးဓါတ မမြင်ရသောရောဂါများ ၁၇၉

၄၃။ ဘယ်အထိဆိုးသလဲ ကက်တလောက်ကြီး ၁၈၂

စုတ်တစ်ချက်ကလေးပင် မသပ်ခဲ့ကြရှေ ၁၈၃

အဘယ်ကြောင့် ဤမျှဆိုးသလဲ ၁၈၄

ဖြစ်ရပ်တွေကို နာမည်ပေးကြစို့ ၁၈၄
၄၄။ ပဒေသရာဇ်အခြေခံကြီးကို ဒီမိုကရေစီပြောင်း၍
ဖြစ်မည်လား ၁၈၆
ပုံစံက ပဒေသရာဇ်ပုံစံသာဖြစ်ပါသည် ၁၈၆
လက်တွေ့ ပဒေသရာဇ် ပြည်နယ်များ ၁၈၇
ပဒေသရာဇ်၏ဦးချိုကို ဆွဲ၍ပြပါရစေ ၁၈၈
၄၅။ ပဒေသရာဇ်အခြေခံကို ဒီမိုကရေစီစနစ်သို့
ပြောင်း၍ရသောနည်း ၁၉၀
ပထဝီဝင်အခြေခံ ၁၉၀
ဤသို့စီမံရသော် မကောင်းဘူးလော ၁၉၂
၄၆။ ပဒေသရာဇ်အခြေခံကြီးကို ဒီမိုကရေစီပြောင်း၍
ဖြစ်မည်လော ၁၉၄
အဘယ်ကြောင့်ပဒေသရာဇ်ဖြစ်သနည်း ၁၉၄
လွှမ်းအောင်ရေးသောစာအုပ် ၁၉၅
သဲလွန်စအဖြစ်သာ တွေးတော၍ရပါသည် ၁၉၆
တော်လှန်ရေးကောင်စီ၏တာဝန် ၁၉၇
၄၇။ ပဒေသရာဇ်အခြေခံကို ဒီမိုကရေစီစနစ်သို့
ပြောင်း၍ရသောနည်း ၁၉၉
ပါလီမန်ဆိုတာဘာလဲ ၂၀၁
၄၈။ လမ်းစဉ်ကို သစ္စာဖောက်ရာမှ
ပါလီမန်ကြီးပျက်စီးရပုံ ၂၀၄
ကြည်ညိုခဲ့ကြပါသည် ၂၀၅
၄၉။ ပါလီမန်စနစ် အသေကောင်ကြီးကို ရင်ခွဲရုံထဲသို့ပို့ပြီး
ခွဲစိတ်၍မကြည့်ရဘူးလော ၂၀၉
တိတ်တိတ်ပုန်းလေလော ၂၀၉
လိမ်ရဲသူတို့၏ အားကိုးတစ်ခု ၂၁၀
တစ်ပြားမှမလျှော့နိုင်သော အစိတ်အပိုင်း ၂၁၀
ပြည်သူ့ထင်မြင်ချက်အင်အားစု ၂၁၂

၅၀။ သူတို့သချိုင်း သူတို့ရှာကြသလို ပြည်သူက မြင်ကြပုံ ၂၁၄
သူတို့အန္တရာယ်ကို သူတို့အကုန်မမြင် ၂၁၆
ဇာတ်ရုပ်မပေါ်၍ မဖြစ်တော့ပြီ ၂၁၆

၅၁။ ပါလီမန်စနစ် အဆောက်အအုံကြီးကို ရင်ခွဲရုံထဲပို့ပြီး
ခွဲစိတ်၍မကြည့်ရဘူးလော ၂၁၉
ရေပက်မဝင်အောင်ချုပ်ထားသောစနစ် ၂၂၀
မီးပွင့်ပြန်ပေပြီ ၂၂၁
တန်ဖိုးကြီးစွာပေးကြရလေပြီ ၂၂၁
ဝမ်းနည်းစရာ ၂၂၂
သဘာဝကြီးကသက်သေခံပြီ ၂၂၃

၅၂။ ပါလီမန်စနစ်အသက်ထွက်ရာ ဟာသကွက်တစ်ခု
ပါဝင်နေ၏ ၂၂၄

၅၃။ လျှို့ဝှက်သော မဲဆန္ဒပေးစနစ်နှင့်
ကျွန်တော်တို့ ထိုက်တန်ကြသလော ၂၂၈
ဥပဒေမလိုသောဘာဝ ၂၂၈
မခြိမ်းခြောက်လို၍ ၂၂၈
သေမင်းတမန်ကြီး ၂၃၁

၅၄။ အခြေခံဥပဒေနှင့် ပြည်သူ
ထိုက်တန်အောင် ဘယ်လိုလုပ်ကြမည်နည်း ၂၃၂
အခြေခံဥပဒေအမျိုးမျိုး ၂၃၃
တရုတ်ပြည်သစ်၌ ၂၃၄
အခြေခံမှာ တကယ်ခက်ပါသည် ၂၃၄
တော်လှန်ရေးကောင်စီ၏တာဝန် ၂၃၅
တိုင်းပြည်ပြု ရုံးဖွင့်ရပေမည် ၂၃၆

၅၅။ အစိုးရအဖွဲ့မှ ဘာကြောင့်
ကျွန်တော်နုတ်ထွက်ရသလဲ ၂၃၇
သာသနာရေး ၂၄၅
ပညာရေး ၂၅၀

လူထု ပညာရေး ၂၅၆
ဘာသာပြန်စာပေအသင်း ၂၅၇
ပညာရေး၏ ရည်ရွယ်ချက် ၂၅၈
ပြန်ကြားရေးဌာန ၂၅၉
ဖ-ဆ-ပ-လ နှင့် နိုင်ငံရေး ၂၆၀
ဘဏ္ဍာရေး ၂၇၀

# အမှာစာ

"ထွန်းနေ့စဉ်" သတင်းစာတွင် ခရစ် နှစ် ၁၉၆၂ ခုနှစ် မတ်လ ၁၅ ရက်နေ့က၌ "သတင်းထောက်တစ်ဦး"ဟူသော ကလောင်နာမည်ဖြင့် ရေးသားသော "အဘယ်ကြောင့် ပါလီမန် ဒီမိုကရေစီ ကျဆုံးရသလဲ" ဟူသည့် ဆောင်းပါးများကို စုပေါင်း၍ စာအုပ်အဖြစ် ကျွန်ုပ်တို့က ပုံနှိပ်ထုတ်ဝေလိုက်ပါ၏။

"သတင်းထောက်တစ်ဦး" အမည်နှင့် ဆောင်းပါးရေးသူသည် ထွန်းနေ့စဉ်သတင်းစာ အယ်ဒီတာချုပ် ဦးထွန်းဖေ ပင် ဖြစ်ပေသည်။

"အဘယ်ကြောင့် ပါလီမန် ဒီမိုကရေစီ ကျဆုံးရသလဲ"ဟူသော စာအုပ် ရေးသားနိုင်သော အတွေ့အကြုံ ဗဟုသုတမျိုး အဆိုပါ စာအုပ်ရေးသူတွင် ရှိခဲ့ဖူးသလော၊ မရှိခဲ့ဘူးသလောဟူသော သဘောကို စာဖတ်သူများသည် နှိုင်းဆနိုင်ကြရန် ဦးထွန်းဖေအကြောင်း အကျဉ်းရုံး၍ ဖော်ပြရသော် . . .

ဦးထွန်းဖေသည် ပထမဦးဆုံး စတင်တည်ထောင်သော ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းပြုပြည်ပြု လွှတ်တော်တွင် လေးမျက်နှာ ဆန္ဒမဲနယ်မှ အမတ်ဖြစ်ခဲ့လေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရန် ရန်ကုန်မြို့ ဂျူဗလီဟောခန်း ဖဆပလ ဝင်ဗဟို ညီလာခံ ကျင်းပစဉ်က

တက်ရောက်ပြီးလျှင် တိုင်းပြည်ပြုလွှတ်တော်မှ ရွေးကောက်တင်မြှောက်သော ၇၅ ဦး ကော်မတီ အဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့လေသည်။

တိုင်းပြည်ပြုလွှတ်တော်၏အဆင့်မှ ပါလီမန်အဆင့်သို့ပြောင်း၍ ၁၉၅၂ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရာ အထက်မြန်မာနိုင်ငံဝက်လက်ဆန္ဒမဲနယ်မှ ပါလီမန်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရလေသည်။

၁၉၄၈ ခု စက်တင်ဘာလကစ၍၊ ၁၉၅၃ ခုနှစ် ဩဂုတ်လအထိ ဦးနု၏ ကက်ဘိနက်အဖွဲ့တွင် ကက်ဘိနက် အဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့လေသည်။

၁၉၅၃ ခုနှစ် ဩဂုတ်လတွင် အစိုးရ ကက်ဘိနက်အဖွဲ့မှ နုတ်ထွက်ပြီး ပါလီမန်ဒီမိုကရေစီကိုရှိသေလေးစားရိုးမှန်လျှင် ဦးနုရာထူးနုတ်ထွက်သင့်သည် စသည်ဖြင့် စာစောင်ငယ်တစ်အုပ် မြန်မာစာ၊ အင်္ဂလိပ်စာ နှစ်ဘာသာဖြင့် ရေးသားပုံနှိပ်ထုတ်ဝေ၍ တိုင်းပြည်သို့ သတင်းထောက်များမှ တစ်ဆင့် ကြေညာခဲ့လေသည်။ သူသည် အစိုးရအဖွဲ့မှ နုတ်ထွက်ပြီး ထွန်း နေ့စဉ်သတင်းစာကို တည်ထောင်ခဲ့လေသည်။ သတင်းစာမှနေ၍ ပမညတ ခေါ် နိုင်ငံရေးတပ်ဦး ထူထောင်ရန် အားပေးခဲ့လေသည်။

အခြေခံဥပဒေအရ ရပ်တည်မှုတစ်ခု (Constitutional Stand) ပမညတ တွင် မရှိဟုဆိုကာ သူနှင့်ပမညတသည် သဘောကွဲလွဲခဲ့ပြန်လေသည်။ ထို့နောက် ၁၉၅၈ ခု စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံရေးပြောင်းလဲမှုကြီးတစ်ခု ပေါ်ခဲ့ရလေသည်။

၁၉၆၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးတွင်သူသည် ဖဆပလ နှင့်လည်း သဘောမတူ။ ပထစပနှင့် ပို၍သဘောကွဲလွဲပြီးလျှင် ပမညတ နှင့် ဆိုလျှင် ရန်သူဖြစ်လုဘနန်း သတင်းစာမှ ဝေဖန်ခဲ့လေသည်။

သူသည် တတိယအင်အားစုလိုပြီဟု ထွန်းနေ့စဉ်သတင်းစာတွင် စတင်၍ ရေးသားခဲ့လေသည်။

ထို့ပြင် ပြည်သူ့အစေခံ အစည်းအရုံး Servants of People Organization (Burma) တစ်ခု တည်ထောင်ခဲ့လေသည်။

ပထစပ အာဏာရသည့်ခါ . . .

“သူတို့တစ်တွေ ဝေမစားကြရမှာစိုး၍ အာဃာတမထားရေးနှင့် ဆိုင်းပြည်ကို ဆော်ကားလာတုံ့” ဟူ၍ ခေါင်းကြီးပိုင်းတွင် ရေးသား၍ စာစောင်ငယ် တစ်စောင်အဖြစ် စုပေါင်း ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

၎င်းပြင် “ဗုဒ္ဓဘာသာ စစ်စစ်တွေကို ပန်ကြားပါရစေ” ဟူသော စာစောင်ငယ်ကို ထွန်းနေ့စဉ်သတင်းစာတွင် ရေးသား၍ စာစောင်ငယ် အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

၁၉၆၁ ခု အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဦးနုအစိုးရက သူသည် သုံးမြို့ရေးကို ထိပါးစေသည်ဟုဆိုပြီး ပုဒ်မ (၅)နှင့် ဖမ်းဆီးခြင်းခံခဲ့ရလေသည်။

ဖမ်းဆီးခြင်းခံရပြီးနောက် ပထစပ အစိုးရသည် ထွန်းနေ့စဉ်သတင်းစာတိုက်မှ အာမခံငွေတစ်သောင်း တောင်းခဲ့သည်။ အာမခံငွေ မပေးနိုင်၍ ထွန်းနေ့စဉ်သတင်းစာကို ၁၉၆၁ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့က စ၍ ပိတ်ထားခဲ့ရလေသည်။

ယခုထုတ်ဝေသော “အဘယ့်ကြောင့် ပါလီမန်ဒီမိုကရေစီကျဆုံးရသလဲ” ဟူသော စာအုပ်နှင့် ဆိုင်သလောက်မျှသာ ကျွန်ုပ်တို့သည် ရေးရတော့သည်။ ဦးထွန်းဖေ ရန်ကုန်ထောင်ထဲရောက်နေစဉ် ဖြစ်ပွားခဲ့သော ဗုဒ္ဓသာသနာနှင့် စပ်လျဉ်း၍ ပေါ်ပေါက်ခဲ့သမျှကို မရေးသားလိုတော့ပြီ။

ရန်ကုန်ထောင်မှလွတ်မြောက်ပြီးနောက် ၃ လ အကြာတွင် (၁၉၆၂ မတ်လ ၂ ရက်နေ့)တွင် ပထစပ အစိုးရအဖွဲ့ဝင်များကို တပ်မတော်က ဖမ်းဆီးပြီး တော်လှန်ရေးကောင်စီအစိုးရ ပေါ်ခဲ့လေသည်။

ထိုအချိန်အထိ ထွန်းနေ့စဉ်သတင်းစာ ထုတ်ဝေခြင်းမပြုနိုင်ခဲ့ချေ။

ဆက်လက်၍ ဖော်ပြရသော် . . .

ဦးထွန်းဖေသည် နိုင်ငံခြား ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများနှင့် စပ်လျဉ်း၍ လေ့လာခဲ့ပုံများကိုပါ ဖော်ပြရန် ကျန်နေသေး၏။ သူသည် ခရစ်နှစ် ၁၉၄၃ ခုနှစ်(ဂျပန်ခေတ်)တွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ သတင်းစာ ဆရာတစ်ဦးအဖြစ် ရောက်ခဲ့ဖူး၏။ ၁၉၄၇ ခုနှစ် စက်တင်ဘာလအတွင်း တွင် သူသည် အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုသို့ မြန်မာနိုင်ငံအစိုးရ ၏ ကိုယ်စားလှယ်တစ်ဦးအဖြစ် သွားရောက်၍ သတင်းစာလောကကို

လေ့လာခွင့်ရခဲ့လေသည်။

မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးသော ဥပဒေကြမ်းကို ထိုစဉ်က ဗြိတိသျှ ဝန်ကြီးချုပ်ဖြစ်သော ကလီမင့် အက်တလီသည် ဗြိတိသျှ အောက်ပါလီမန် အစည်းအဝေးတွင် တင်သွင်းစဉ် ပါလီမန် ဧည့်ခန်းဆောင်မှ နေ၍ နားထောင်ခွင့် ရခဲ့လေသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အနီး လိပ်(ခ်)ဆတ်ကဆက်(စ်) (Lake Success) ခေါ် ရွာကလေးတွင် ကုလသမဂ္ဂ ယာယီတည်ရာဌာန ဖွင့်လှစ်ထားစဉ်က ကုလသမဂ္ဂအဖွဲ့ဝင်များ စည်းဝေးခန်းတွင် ဆွေးနွေးကြသည့်အခါ နားထောင်ခွင့်ရခဲ့လေသည်။

၁၉၅၂ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရကိုယ်စား ယဉ်ကျေးမှုဌာန ဝန်ကြီးအဖြစ် ၁၅ ဦး ပါဝင်သော ယဉ်ကျေးမှုအဖွဲ့ကို ခေါင်းဆောင်၍ ပီကင်းမြို့သို့ သွားရောက်ခဲ့လေသည်။ ၎င်းပြင် တရုတ်ပြည်သစ်အတွင်း၊ မြို့ကြီးများနှင့် တောကျေးလက်များသို့ လှည့်လည် စုံစမ်းခွင့်ရခဲ့လေသည်။

မြန်မာနိုင်ငံ အစိုးရအဖွဲ့မှ နုတ်ထွက်ပြီးနောက် ၁၉၅၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ မြို့တော်ဖြစ်သော ဒေလီမြို့သစ်၌ ကျင်းပသည့် အရှေ့အာရှတိုက် ကွန်ဖရင့် ပဋ္ဌမ အစည်းအဝေးသို့ မြန်မာနိုင်ငံ စာရေးဆရာများ၏ အသင်းချုပ်၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ဖူးသည်။ အိန္ဒိယနိုင်ငံ အထက်ပါလီမန် အစည်းအဝေးသို့ ဧည့်သည်အဖြစ် တက်ရောက် နားထောင်ခွင့်ရခဲ့ဖူးသည်။

ထို့ပြင် ၁၉၆၀ ပြည့်နှစ်တွင် ဖိလစ်ပိုင်ကျွန်း၏ မြို့တော်ဖြစ်သော မနီလာမြို့ ယဉ်ကျေးမှုအဖွဲ့၏ ဖိတ်မန္တကပြုချက်အရ မနီလာမြို့နှင့် ကျေးလက်တောရွာများသို့ လှည့်လည်လေ့လာခွင့်ရခဲ့ဖူးသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများနှင့် စပ်လျဉ်း၍ စာတွေ့ဖြင့်လည်းကောင်း၊ ကိုယ်တွေ့ဖြင့်လည်းကောင်း၊ အတွေ့နှစ်ခုကို နှိုင်းယှဉ်၍ ဆောင်းပါးများရေးသားသမျှကို စုပေါင်းပြင်ဆင်၍ စာအုပ်ကို ပုံနှိပ်ထုတ်ဝေရခြင်း ဖြစ်ပေသည်။

ပါလီမန် ဒီမိုကရေစီကို ယုံကြည်လေးစားသူတစ်ဦးအနေနှင့် သူသည်

စာစုသားတင်ဆက်ခြင်းပင်ဖြစ်၏။

ပြည်ထောင်စု မြန်မာနိုင်ငံသားတို့သည် ယနေ့ရင်ဆိုင်ကြရသော မြန်မာနိုင်ငံသမိုင်းစဉ်တွင် ဤစာအုပ်မျိုးတစ်အုပ် ပုံနှိပ်ထုတ်ဝေဖို့မှာ အကာယ်လိုအပ်သည်ဟု ကျွန်ုပ်တို့သည် ယူဆကြ၍လည်းကောင်း-

မြန်မာတိုင်းရင်းသား အပေါင်းတို့သည် လိုအပ်သလို ဝေဖန်နိုင်ကြစေရန်လည်းကောင်း၊ ဤသို့ရည်ရွယ်၍ ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေလိုက်ရခြင်း ဖြစ်ပေသတည်း။ ။

လှရှိန်
မန်နေဂျာ-
ထွန်းနေစဉ်-သတင်းစာတိုက်
ရန်ကုန်မြို့

[၁]

# တင်ဆက်ပါတော့မည်

လူသားတွေ၏ သန့်စင်သော လိပ်ပြာစိတ်ကိုလည်းကောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံသား အပေါင်းကိုလည်းကောင်း။

၁၉၆၂ ခု မတ်လ ၂ ရက်နေ့ကစ၍ ပေါ်သော တော်လှန်ရေးကောင်စီအတွက်လည်းကောင်း ကျွန်တော်တို့သည် ရည်စူး၍ ဤဆောင်းပါးများကို ရေးသားတင်ဆက်လိုက်ရပေသည်။

သဘာဝတည်းဟူသော စုံသမာဓိ ရုံးရှေ့တွင် သက်သေထွက်သူ တစ်ဦးအနေနှင့် ကျွန်တော်သည် ရေးပါတော့မည်။ တင်ဆက်ပါတော့မည်။ သက်သေထွက်ပါတော့မည်။

## ဓာတ်ခွဲရုံကြီး

လွန်ခဲ့သော ၁၄ နှစ် ၂ လ ကာလအပိုင်းအခြားတွင် တွေ့ဆုံဖြစ်ပျက်ခဲ့သမျှသည် ဓာတ်သတ္တုတွေနှင့်တူပါသည်။ ထိုထိုသော ဓာတ်သတ္တုတွေထဲတွင် ကျွန်တော်တစ်ယောက်တွင်မကပါ တိုင်းသူပြည်သားတွေ ပါဝင်ပါသည်။

ကြေး၊ သွပ်၊ သံ၊ အစရှိသော သတ္တုတွေကို ဓာတ်ခွဲရုံတွင် ဓာတ်ခွဲကြည့်သကဲ့သို့ လွန်ခဲ့သည့် ၁၄ နှစ်နှင့် ၂ လ တည်းဟူသော ကာလအပိုင်းအခြားကြီးက ဓာတ်ခွဲရုံကြီးအဖြစ် မီးတင်ရှို့စမ်းသပ်ခြင်း၊ ထုခွဲ၍စမ်းသပ်ခြင်း၊ ပြာချ၍စမ်းသပ်ခြင်း စသော အလုပ်တွေကို လုပ်ခဲ့ပါသည်။

**ကံကောင်းသည်ဟုဆိုရမည်**

အနော်ရထာ မင်းစော၏ ခေတ်ကို လေ့လာလိုလျှင် မြစေတီကျောက်စာ အစရှိသော ကျောက်စာကိုဖတ်ရသည်ကတစ်မျိုး၊ စာတာပုံကျမ်းကို ကြည့်ရသည်က တစ်ဖုံ အမျိုးမျိုးသောနည်းများကို ကျွန်တော်တို့သည် လိုက်ကြရကုန်၏။

လွန်ခဲ့သည့် ၁၄ နှစ်နှင့် ၂ လ ဖြစ်သောကာလ အပိုင်းအခြားတွင် ပေါ်ခဲ့သော သက်သေသာဓကတွေ များလှပါ၏။ နိုင်ငံရေးစာတ်ခုံတွင် ပါဝင်ခဲ့ကြသော လူပုဂ္ဂိုလ်ကြီးတွေ ကွယ်လွန်အနိစ္စမရောက်ကြသေးပါ။ အစီရင်ခံစာတွေရှိပါ၏။ သက်သေခံမည့်သူတွေ ရှိပါ၏။ သီပေါဘုရင်ကို ဖမ်းဆီးရာတွင် ရထားစီးရိုနှင့် လိုက်သွားသည်ကိုမြင်ခဲ့သော သခင်ကိုယ်တော်မှိုင်းပင် ကျန်းမာနေပါသေး၏။ ၁၄ နှစ်ကာလ အပိုင်းအခြားသည် တိုတောင်းလှပါ၏။

သိပ္ပံပညာတွင် သနားခြင်း၊ အားနာခြင်း သဘောမပါချေ။ တစ်ခုံတစ်ခုကို စမ်းသပ်လိုလျှင် ပုး၊ ကြွက် အစရှိသော တိရစ္ဆာန်ကလေးတွေကို သုတေသနဆရာတွေက ဆေးထိုး၍ စမ်းသပ်ရပါသည်။ လဟာပြင်ထဲသို့ လူကိုမလွှတ်မီ မျောက်သတ္တဝါ၊ ခွေးသတ္တဝါတွေကို လွှတ်ရပါသည်။

သနားကြင်နာမှုကို သရုပ်ဖော်သော သုခုမအနုပညာမှာ စာပေ ပညာဖြစ်ပါသည်။

ကြိုးသေးတယ်

ပုံဆွေးရှာထုကြွယ်

ဘယ်ရှေးကံငယ်

စီမံဖန်တော့တယ် ဟူသည်ကား ကဗျာဆရာတို့၏ လက်ရာတစ်ရပ်ပင်ဖြစ်ပေသည်။

သိပ္ပံပညာသည် ဖြစ်ရပ်နှင့်သာဆိုင်ပါ၏။ အဘယ့်ကြောင့် ပါလီမန်ဒီမိုကရေစီကျဆုံးသလဲဟူသော မေးခွန်းမှာ အဓိကမေးခွန်းတစ်ခု ဖြစ်ပါသည်။

ကျွန်တော်တို့တစ်တွေ၏ ချွတ်ယွင်းချက်တွေကို စုရန်လိုပါသည်။ ချွတ်ယွင်းချက်တွေကိုသိပါမှ ကျွန်တော်တို့နှင့်ထိုက်တန်သော အခြေခံ

ဥဆေးချိုးကို ရေးရပေမည်။ အနာမသိ ဆေးမရှိပါ။ အနာသိမှ ဆေးရှိရ မည်။

## ဥပဒေပါရှုတွေ မလိုသေးပါ

ယခုအခါ ဥပဒေပါရှုဆိုသူတွေ၏ကဏ္ဍ မပေါ်သေးပါ။ ဤ အကြောင်းနှင့် စပ်လျဉ်း၍ သက်သေထွက်လိုပါသည်။ ဥပဒေပါရှုများ ၏ သဘောကို ကျွန်တော်တို့နားမလည်ခဲ့ပါ။

သူတို့သည် "အာဇီတက်" ခေါ် ဝိသုကာဆရာသာဖြစ်ပါသည်။ မိမိတို့ ထိုသလို အိမ်ပုံစံရေး၍ ပေးရသည်ကို ကျွန်တော်တို့ မသိခဲ့ကြပါ။ ၁၄ နှစ်ကျော်မှ သိလာခဲ့ကြပါသည်။

ကျွန်တော်တို့သည် ဘယ်ပုံစံနှင့်တော်သလဲ၊ ကျဆုံးသွားသော ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေမှာ ကောင်းပါလျက် ဘယ်နေရာတွင် ချွတ်ယွင်း သလဲ၊ ဘယ်သူတွေက မထိုက်တန်အောင် လုပ်သလဲဟူသော တန်ဖိုးဖြတ် နည်းမှာ အခက်ဆုံးဖြစ်၏။ ကျွန်တော်တို့ထက် ပိုမိုတိုးတက်သော ပုဂ္ဂိုလ် များ ရှိရပေမည်။ ထိုပုဂ္ဂိုလ်များ၏ တန်ဖိုးဖြတ်နည်းကိုပါ ကြိုဆိုပါမည်။

လူ့သမိုင်းသည် လူမှုရေးရာ၏ မှတ်ကျောက်တစ်ခုဖြစ်ပါသည်။

လူ့သမိုင်း(ဝါ)ရာဇဝင်ဟူသည် အရှည်သဖြင့် လိမ်၍မရပါဟု ရေးပါ ရစေ။

ပွပွရွှေးရွှေး သာဓကတွေကိုဆွဲ၍ ကျွန်တော်တို့က ပြပါအံ့။

ပထမကမ္ဘာစစ်အပြီး ဂျာမနီပြည်ရှိ "ဝီမား" မြို့တွင် ရေးဆွဲသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် အကောင်းဆုံးဟု စာရေးဆရာတွေ က ရေးကြရပါသည်။

ဆက်လက်၍ ကျွန်တော်ရေးပါရစေ။ ပါကစ္စတန် တိုင်းပြည်တွင် အခြေခံဥပဒေဟူ၍ ရှိခဲ့ပါ၏။

အဘယ့်ကြောင့် အဆိုပါအခြေခံဥပဒေတွေကျဆုံးခဲ့ရသလဲ၊ ပျက်စီး ခဲ့ရသလဲ၊ ယနေ့ လေ့လာနိုင်ကြပါပြီ။

တူရကီရာဇဝင်ကို သတင်းစာဖတ်ပရိသတ်များလေ့လာနိုင်ကြပါ၏။

ဤနေရာမှစ၍(ပြည်သူတွေ၏ဗီဇ)ဟူသော စကားတစ်ရပ် ပေါ်လာ၏။

အင်္ဂလိပ်ဘာသာဖြင့် ကျွန်တော်ဆက်၍ရေးပါရစေ။

(Organism) ဟူသော စကားပေါ်လာ၏။ မြန်မာစကား ဇီဝ ဟူသော စကားပေါ်လာ၏။

ကျွန်တော်၏အိမ်ဝင်းတွင် လိမ္မော်အပင်တစ်ပင် စိုက်ထား၏။ အပင်သာရှိပါ၏။ အသီးမသီးသေးပါ။ သီးလျှင် ကွမ်းသီးလုံးမျှသာ ကြီးထွားနိုင်၏။

ရှမ်းပြည်နယ်၏မြေနှင့် ရာသီဥတုတွင် မည်မျှလိမ္မော်သီးတွေ ကြီးထွားသလဲ စာဖတ်ပရိသတ် မြင်ဖူးကြ၏။

ပါလီမန် ဒီမိုကရေစီအပင်သည် ယနေ့သေ၍သွားလေပြီ။ သဘောကို ကျွန်တော်တို့သည် ရှာကြပါစို့။ လေ့လာကြပါစို့။ သုံးသပ်ကြပါစို့။

■

[၂]

## လူမျိုး၏ ဇီဝ မျိုးစေ့ကို လေ့လာကြစို့

တိုင်းပြည်အသီးသီး၏ ရာဇဝင်ကို ကျွန်တော်တို့သည် လေ့လာကြရာ လူမျိုး၏ဇီဝ၊ လူမျိုး၏ Organism ကိုလေ့လာရန်မှာ အကောင်းဆုံးဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ တက္ကသိုလ်ကြီးများတွင် ဤအကြောင်းအရာများ လေ့လာကြရပါသည်။ ရှင်ဘုရင်၏ဆွေမျိုးစာရင်းသိရုံနှင့် ရာဇဝင်မစည်သည်ကို ပြည်သူတွေသည် သတိချပ်သင့်ပါသည်။

"မျိုးစေ့" တစ်ခု ဖြစ်မြောက်ရန် နှစ်ပေါင်းရာပေါင်းများစွာ ကြာမြင့်ရလေသည်။

အင်္ဂလန်တိုင်းသည် ကိုယ့်လူမျိုး၏ အကျိုးကိုဦးစားပေးသော အသက်ဦးဆံပိုင်ဘုရင်စနစ်က စတင်၍လာခဲ့ရာ ဘုရင်၏ဦးခေါင်းကိုဖြတ်၍ သွေးချောင်းစီးရာမှ ပါလီမန်ဒီမိုကရေစီပေါ်လာခဲ့ရသည်။ လွန်ခဲ့သောနှစ်ပေါင်း ၃၁၃ နှစ်က ပထမမြောက် ချားလ်ဘုရင်သည် ခုံရုံးသို့တင်၍ ကွပ်မျက်ခြင်းခံခဲ့ရသည်။ (ခရစ်သက္ကရာဇ် ၁၆၄၉ ခုနှစ် ဇန်လ ၃၀ ရက်နေ့တွင် ဘုရင်သား ကွပ်မျက်ခြင်းခံရသည်။)

တစ်ဆက်တစ်စ ပြည်သူ့ထံသို့ အာဏာလွှဲလာရာ အရှေ့တိုင်းသားများသည် သက်သေကိုပင်မတွေ့ကြရဲ စသည်ဖြင့် ကျမ်းပြုဆရာများက ရေးသားထားခဲ့၏။

(မှတ်ချက်) ဗွန်သေွးဝပ်မီးလ် စာအုပ်ကိုဖတ်ပါ။

မြန်မာရာဇဝင်ကို ပြည်သူတွေသည် ယနေ့လေ့လာကြလျှင် ဗြိတိသျှ လူမျိုးလက်အောက်တွင် ၁၂၃ နှစ်ကြာခဲ့ပါသည်။ မြန်မာဘုရင်များ၏ လက်ထက်တွင် နှစ်ပေါင်း ၉၀၀ ကြာခဲ့ပါသည်။

ဒီမိုကရေစီ၏အရေကို ဤခေတ်တွင် မြှုတတ်ကြပါ၏။ ကွန်မြူနစ် အရေကိုမြှုတတ်ကြပါ၏။ အရေပေါ်သည့်အခါ စာတိရုပ်သည် ပေါ်ရစမြဲ ပင်ဖြစ်၏။ ဝတ်လုံတော်ရကြီးတွေသည်လည်းကောင်း၊ အမ်အေဘွဲ့ရသူကြီး တွေ၏ ယနေ့အထိစီးသည်လည်းကောင်း၊ မြင်းခြံ၊ ပခုက္ကူမြို့က လေ့ဆိုး သားတို့၏ ဝီစနှင့် အတူတူပင်ဖြစ်သည်ကို ကိုယ်တွေ့ဖြစ်ကြရ၏။

လူမျိုး၏ဝီစကိုပြင်မရလျှင် လက်ပိုက်ကြည့်နေရမှာလားဟူ၍ ပြည်သူ များက မေးကြပေမည်။

ကလေးများကို အသိဉာဏ်ပေးရာ ကလေး၏စိတ်ပညာ (Child Psychology) ကို သုံးကြရ၏။

ကလေးဟူသည် မီးမကိုင်မီ ပူမှန်းမသိ၊ ရေတံသီးမစားမီ ပူစပ်မှန်း မသိ။

လမ်းလျှောက်ရာတွင် ကလေးသည် တဖုတ်ဖုတ်လဲသော သဘော တွေကို ကျွန်ုပ်တို့မြင်ကြရသကဲ့သို့ တိုင်းပြည်ငယ်ကလေးတွေသည် ကလေး လိုပဲ ဟူ၍သာ ကျွန်ုပ်တို့ ဖြေဆိုကြရ၏။

အင်္ဂလန်သည် ခံရဖန်များ၍ ပြည်သူ့ရှီးသားမှုတွင် ကျွန်ုပ်တို့ထက် သာ၏။

အိန္ဒိယတွင် များသောအားဖြင့် ခေါင်းဆောင်အချို့သည် သဘော ထားကြီးကြသည်ဆိုသည်မှာ ဘာလဲဟူသော မေးခွန်းကို ဖြေတတ်ကြ၍ မြန်မာနိုင်ငံထက် သာ၏။ အရေးကြုံလျှင် ပြတ်ပြတ်သားသားအရေးယူ ခဲ့၏။ ဟိုက်ဒရာဘတ်ပဒေသရာဇ်စနစ်ကို အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှင်းနေရှူး က ဖြုတ်ချပုံကို လေ့လာကြပါဟု ကျွန်တော်တို့က ရေးပါရစေ။

မြန်မာနိုင်ငံ၌ "ဘုန်းတံ"ကို ယုံကြည်ပြီး ဒီမိုကရေစီဟု ပြောဆိုနေ ကြရာ သူတို့သည် ဘာပြော၍ ဘာနားလည်ရမှန်းမသိဖြစ်ခဲ့ကြ၏။

ရုပ်သေးထဲတွင် မှူးမတ်များက မင်းတို့အာဏာ ကြီးကြီးမှာ တည်စေ ဟု ဆိုသလို ရွေးကောက်ပွဲတိုင်းမှာ အာဏာလို၍ တောကလူတွေ အသိတ်

ခံရသည်ကို မြင်ကြရသည့်အခါ၌ လည်းကောင်း–

လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀ နီးပါးက တိုင်းပြည်ကိုလိမ်မှ ရတာယ်ဟု ဆိုသောသဘော (ဝါ) မက္ကီယာဗယ်လီ၏ သဘောသည် ၁၉၆၂ ခုနှစ် တော်လှန်ကာလ၌ နိုင်ငံရေးသမားများ၏ဦးနှောက်တွင် ကိန်းအောင်းရာ "မြောက် လူမျိုး၏ ဇီဝသည် သက်ဦးဆံပိုင်စံနစ်မှ မပြောင်းသေးဘဲကိုး" ဟူ၍ ကျွန်ုပ်တို့ ယူဆပါ၏။

အဘယ့်ကြောင့် ဤသို့ဖြစ်ရသနည်း။ မြန်မာနိုင်ငံ၌ ပြည်သူ၏ထင် မြင်ချက် Public Opinion မရှိခဲ့၍ ဖြစ်ရပါ၏။ သို့သော် ဘိန်းကြိုက် လျှင် ဘိန်းကျွေးခြင်း၊ နတ်ကြိုက်လျှင် နတ်စင်ထိုးပေးခြင်းဖြင့် ၁၉၆၂ ခု တော်လ ၂ ရက်နေ့ မတိုင်မီ အရေခြုံနိုင်ငံရေးသမားတွေ အောင်သေအောင် သား စားခဲ့ကြ၏။ (ရှင်းလင်းချက်။ ။ တစ်ဦးချင်း နတ်ကိုယုံလျှင် စာဖွဲ့၍ ရေးရန် မလိုပါ။ နိုင်ငံရေးထဲသို့ အစိမ်းသေနတ် ဝင်လာလျှင် ပြည်သူ့ အကျိုးငှာ ရေးရပေမည်။)

အင်္ဂလန်ရာဇဝင်တွင် ပထမမြောက် ရှားလ်ဘုရင် အသတ်ခံရသည့် နှစ်ကာစ၍ ရေတွက်လျှင်နှစ်ပေါင်း ၃၀၃ နှစ်၊ ကျွန်တော်တို့၏ လွတ်လပ်ရေး အနှစ် ၁၄ နှစ် စသည်ဖြင့် သချာနှင့်တွက်လျှင် ကျွန်တော်တို့သည် "အုပ် အုပ်"ဟု ငိုသောကလေး၏ အသက်ပင် မရှိသေးပါ။

ဒီမိုကရေစီ၏ပုံစံမှာ မြန်မာနိုင်ငံ၌ ရှိခဲ့ပါ၏။

ဒီမိုကရေစီပုံစံမှာ သူများထက် တာကယ်သာပါ၏။

အနှစ်သာရမှာ ရွေးစိမ့်မရှိပါဟု ရဲရဲတွံတွံ ကျွန်တော်တို့သည် ယခင် ကရေးခဲ့၏။ ယခုရေးပါ၏။

လက်ရှိတော်လှန်ရေးအစိုးရအဖွဲ့သည် အချိန်ရလျှင် သာစကတွေကို ရှု၍ စာအုပ်ထုတ်နိုင်ပါ၏။ သာစကတွေက "ငါတို့ကို စစ်ဆေးလှည့်ပါ" ဟု လက်ယပ်၍ခေါ်နေကြ၏။

အနေရကျပ်လွန်းလှပါသည်။

လူအများစုက အသက်ဦးဆံပိုင်စနစ်ကိုမှ ကြိုက်သည်။ ပုရွာအဖြူ ပုရွာညိုလုပ်၍ စားချင်သည်။ သမီးကိုဆက်လိုလှသည်ဆိုကြလျှင် အီကျစ် ပြည်အရေးကို လေ့လာသင့်ကြ၏။ ကမ္ဘာတွင် အသက်ဦးဆံပိုင်ခေတ်

ကုန်နေပါလျက် နန်းဆက်တစ်ခုတီထွင်ကြစို့ ဆိုရမှာ ကျွန်တော်တို့သည် ခက်လှပါသည်။

လူတွေ၏အကြိုက်ကို စနည်းနာလျှင် ဘုန်းကြီးလူထွက် ၁၀၀ လျှင် ၉၉ ဦးက အသက်ဦးဆံပိုင်စနစ်ကို မဲပေးကြမည်ဟု ကျွန်တော်ယူဆပါ၏။ ကျွန်တော်၏အယူအဆ မှားကြောင်းကို သက်သေပြလျှင် ကျွန်တော်သည် ခံရန် အသင့်ရှိပါသည်။

**ကျွန်တော်တို့၏ လက်တွေ့အမှား**

သတင်းစာဆရာတွေမှာ လက်တွေ့အမှားတစ်ခုရှိပါ၏။

ခေတ်ပညာတတ်ကြီးတွေကတော့ ဘုရင်စနစ်ကြိုက်မှာ မဟုတ်ဘူး နော်ဟူ၍ ကျွန်ုပ်တို့ယူဆမိခြင်းမှာ တကယ်မှားခဲ့၏။

အနာခံရောရှိလျှင် အရပ်သား ရိုးရိုးထဲကလည်းကောင်း၊ ဦးပဉ္စင်းများထဲမှလည်းကောင်း ခံသွားကြ၏။

ဆရာစံနှင့်တကွ တောင်သူလယ်သမားတွေ ခံသွားကြ၏။

အရှင်ဦးဥတ္တမနှင့် ဦးဝိစာရတို့ခံသွားကြ၏။

အာဏာရသူတို့ကို ပိုင်းဝန်းစေးကြရန် တက္ကသိုလ်တွေက သင်ပေးကြ၏။ အင်္ဂလန်ရှိ ဘာသာရန်ရုတ်ဆဲလ်ကဲ့သို့သော ပညာတတ်လူတန်းစားမျိုး ဤနိုင်ငံ၌ မပေါ်သေးချေ။

ယနေ့ ဤသို့ယူဆပုံကို ရေးနေရာ အထောက်အထားပြ၍ ကျွန်တော်မှားကြောင်းကို ပြသနိုင်ကြလျှင် ကျွန်တော်မှားပါသည်ဟု ဝန်ခံပါမည်။

အုပ်ချုပ်ရေးစနစ်ကြီးက အဘယ်မျှပင်ကောင်းသော်လည်း ထိုထိုသော အုပ်ချုပ်ရေးနှင့် ထိုက်တန်အောင်နေတတ်ကြသလော၊ ထိုက်တန်လိုလျှင် ဘယ်လိုလုပ်ကြရမည်လဲဟု ဆွေးနွေးလို၍ ဤဆောင်းပါးကို ရေးရခြင်းဖြစ်ပါ၏။

■

[၃]

## လူတွေ၏ချွတ်ယွင်းချက်ကို သုံးစားကြပုံ

နိုင်ငံရေးကျမ်းစာအုပ်တွေကို ကျွန်တော်တို့လေ့လာကြစဉ်က နားလည်ခဲ့ကြပါ၏။

လက်တွေ့နှင့်ကြုံပါမှ "ဪ. . .သူတို့ရေးတာ မှန်သကိုး"ဟု၍ သနေ့ ယူဆလာတတ်ကြ၏။ နိုင်ငံရေးလောက ကလေးဘဝက ကျွန်တော်တို့သည် မတက်သေးပါဟု၍ ယခုမှနားလည်တတ်ကြ၏။

အသက်ဦးဆံပိုင်ဘုရင်စနစ်သည် ဒဏ္ဍာရီတွေအပေါ်တွင် မှီ၍တည်ရသည်ဟု ကျမ်းပြုဆရာတွေက ရေးကြ၏။

ဂျာမနီတွင် နာဇီတို့အုပ်စိုးစဉ် "မုသားကို ခဏခဏသုံးလျှင် လူတွေက အမှန်ဟုယုံလာတတ်သည်"ဟု ယူဆလာကြသည်ဟု ရေးထား၏။

ဟစ်တလာရေးသော "မိန်း-ကင့်(ဖ်)" ခေါ် စာအုပ်ကိုဖတ်ကြပါ။

ပွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မရေးမီ ဤအချက်အလက်တွေကို ဖော်မပြလျှင် မဖြစ်လွန်း၍ ဤသို့ ကျွန်ုပ်တို့သည် ရေးနေရပါ၏။

မသေသေးသော မြန်မာတွေကို သက်သေတင်၍ ကျွန်တော်တို့က ရေးသားပါရစေ။

၁၉၁၃ ခုနှစ်က အထက်မြန်မာနိုင်ငံ မြင်းမူနယ်တွင် မင်းလောင်းမောင်သန့် ပေါ်ခဲ့ဖူး၏။

မောင်သန့်သည် တောင်သူလယ်သမားတစ်ဦးဖြစ်၏။ သူ့ဘာသာသူ

ပြောင်းရိုးစည်းနေစဉ် ဆေးလိပ်မီးပွားကျ၍ သူဝတ်ဆင်ထားသော အင်္ကျီကို မီးလောင်ခဲ့၏။

ဒရွှာရိုကျွမ်းထုတ်သူက "ဟ . . .လက်ရုံးကမီးတောက်တယ်"ဟု ဆိုပြီးလျှင် ဤဒရွှာရိုကို လက်ကိုင်ပြု၍သူပုန်ထခဲ့၏။ ဤအကြောင်းကို အကျယ်မရေးလိုတော့ပါ။ ဂါတ်ရေ့ ပန်ချာပီ ကုလားက သေနတ်နှင့် ရမ်းရာ သူပုန်တွေသည် ကျဆုံးခဲ့၏။ အပြစ်မဲ့သော မောင်သန့်မှာ ပုန်ကန်မှုနှင့် ကြိုးပေးခံခဲ့ရ၏။ မြှောက်ပေးသူတွေမှာ ဘာမှမဖြစ်ခဲ့ချေ။

အသက်ဦးဆံပိုင်စိတ်ဓာတ်သည် လွတ်လပ်ရေးရပြီးသည့်ခေတ်တွင်ပင် မြန်မာနိုင်ငံ၌ ကိန်းအောင်းနေကြောင်းကို ကျွန်တော်သည် ပြလို၏။

အသက်ဦးဆံပိုင်စနစ်၏ အင်္ဂါအစိတ်အပိုင်းကို ကိုယ်တွေ့ သာဓကများဖြင့် ထင်ရှားစေပါဦးအံ့။

လူတွေကို ဘုန်းကံနှင့် ခြိမ်းခြောက်ခြင်း၊ ခေါင်နှင့်ခြိမ်းခြောက်ခြင်း၊ ဥပါဒါန်နှင့် ခြိမ်းခြောက်ခြင်းစသော ခြိမ်းခြောက်နည်းမျိုးနှင့် ခြိမ်းခြောက် နေကြ၏။

လုပ်ချင်တာလုပ်၍ ပျက်စီးလျှင် (ကံ)တရားနှင့်ဆွဲပြ၏။ ကံတရားသည် ဂျိုကာဖဲတစ်ချပ်ဖြစ်ခဲ့၏။ ကိုယ်ရေးကိုယ်တာတွင် ကံကိုယုံနိုင်ကြ၏။ နိုင်ငံရေးတွင် ရာဇဝင်ဆရာတို့၏ အယူအရ ကံမရှိချေ။ ဟစ်တလာသည် သူခံရမည့်ဘေးကို ရင်မဆိုင်လို၍ သူ့ကိုယ်သူသတ်သေသွားရ၏။

**အဘယ့်ကြောင့် ဤသို့ဖြစ်ရသလဲ**

ကျွန်တော်တို့ မြန်မာလူမျိုးမှာ အဓိဝမ်းထဲက မွေးကတည်းက ကိုးကွယ်သော ဘာသာရေးနှင့် နိုင်ငံရေးတွဲ၍ပါလာသော စိတ်မျိုးစေ့ရှိ၏။

ဘာသာရေးကား ကိုယ်ရေးကိုယ်တာပင်တည်း။ နိုင်ငံရေးကား တခြားပင်တည်း။

တို့ဗမာအစည်းအရုံးသည် တော်လှန်ရေးအတွေးအခေါ်ကို သွင်းခဲ့၏။ "လာမည့်ဘေး အဝေးက ရှောင်" ဟူသောစကားပုံကို "လာမည့်ဘေး ပြေး၍တွေ့"ဟု တီထွင်ရာ အောင်မြင်ခဲ့၏။ သခင်ကြီးတွေ ယနေ့ မသေကြသေးပါ။

ဦးနု ကြီးမှူးသော ပထစပတွေ ပေါ်လာရာ အတွေးအခေါ် တော်လှန်ရေးစိတ်တွေ ကျဆုံးပြီး "ရာပါစတီးရှင်း" ဥပါဒါန်စိတ်တွေကို ခွတ်အတင်းနိုက်၍ရခဲ့၏။ လူတွေ၏ ချွတ်ယွင်းချက်ကို သုံးစားကြ၏။ ပိုင်အမ်ဘီအေ၏ နောက်ဆုံးလှုပ်ရှားမှုကို ကြေးမုံသတင်းစာက စာတ်ပုံနှင့်ရိုက်၍ ဖော်ပြသား၏။ ဒေါက်တာဘမော်သည် ဤအကြောင်းကိုဖွင့်၍ရေးလေပြီ။ ခွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ကျွန်တော်တို့ ထိုက်တန်ကြသလားဟုဆိုလို၍ အခြေခံကိုလိုက်၍နေရပါ၏။

ရန်ကုန်တွင် ကမ္ဘာ့အေးစေတီအနီး လိုဏ်ဂူကြီးဆောက်ရာ တကယ်အင်ဂျင်နီယာက ရေးပေးသောပုံစံကိုပယ်၏။ အိပ်မက်မက်ရာမှ ရသည်ဆိုသော ပုံစံကို နိုင်ငံရေး အရှေ့မြို့တွေ လက်ခံကြ၏။

ဤဖြစ်ရပ်တွေသည် ရာဇဝင်မဟာဝင်ထဲက ဖြစ်ရပ်တွေထက် အရေးကြီးပါ၏။

စိတ်ကောင်း စေတနာကောင်းနှင့် အဆိုပါပုံစံကို ရေးဆွဲသောအင်ဂျင်နီယာ ယနေ့ရှိသေး၏။ နာမည်ကို မဖော်လိုတော့ပါ။

ဒဿနိကတွေနှင့် ဆိုးကျူးခြင်းခံရသော ဆရာတော်တစ်ပါးကို အထက်မြန်မာနိုင်ငံ သာစည်ဘူတာတွင် အခြားဆရာတော်တစ်ပါးက မီးရထားပေါ်မှနေ၍ ပုတ်ခတ်သောသတင်းကို တစ်ပြည်လုံးက ဖုံးခဲ့၏။ သတင်းအကျယ်ကို ကျွန်တော်မရေးရဲသေးပါ။

ဆရာတော်တစ်ပါးက သည်းခံ၍ ဤပြဿနာမှာ မပေါ်ခဲ့ပါ။ သက်သေလိုလျှင် ကျွန်တော်သည် ပေးနိုင်ပါ၏။

လူတွေက ဒဿနိကို ထွင်ကြခြင်းသာဖြစ်၏။ ဆရာတော်များ၏အပြစ်မဟုတ်ပါ။ လူတွေ၏အပြစ်ကို ဖော်လို၍သာ ဤအကြောင်းကိုရေးရပါ၏။

အသက်ဦးဆံပိုင်ဘုရင်စနစ်ကို ဘီအေ ဘီအယ်လ် ဖတ်လုံတော်ရကြီးတွေက ယုံကြည်နေကြပါသည် ဟုသောသဘောကို ထင်ရှားစေလို၍ ဤအကြောင်းကို ကျွန်တော်တို့က ရေးရခြင်းဖြစ်ပါ၏။

**အင်္ဂလိပ်လက်ထက်က**

အင်္ဂလိပ်လက်ထက်က ပါလီမန်ဒီမိုကရေစီရှိတန်သ၍ ရှိခဲ့ပါ၏။ ဤစကားကို ကျွန်တော်သည် ရဲရဲဝံ့ဝံ့ရေးပါ၏။

သခင်မြသည် အမတ်အဖြစ်မှနုတ်ထွက်ပြီး အရွေးခံခဲ့၏။ အဘယ်ကြောင့် ဤသို့လုပ်ရသလဲ?၊ သခင်မြသည် အရှုံးမဟုတ်ပါ။

ပါလီမန်တွင် ဝိညာဉ်ရှိတယ်ဟော ဟုပြသလို၍ ဤသို့ပြုလုပ်ရ၏။ နိုင်ငံရေးစိတ်ကို ကျွပ်၊ ပြားနှင့်လည်းကောင်း၊ ပေါင်၊ ချိန်၊ သင်၊ ပဲနီနှင့်လည်းကောင်း မတွက်ခဲ့ကြောင်းကို အလေးအနက်ပြုစေလို၍ ဤသို့ရေးရခြင်းဖြစ်ပါ၏။

တော်လှန်ရေးကောင်စီ မပေါ်မီ အရေးကြီးနိုင်ငံရေးသမားများ သူကောင်းဖြစ်နေကြရာ အကယ်၍ နိုင်ငံခြားကရန်သူများ မြန်မာနိုင်ငံထဲသို့ ဝင်လာလျှင် လူတွေသေကုန်မှာကြောက်လို့ ဟူ၍တစ်မျိုး၊ နီဗွာန်မင်္ဂိုလ် အလို့ငှာ ဟူ၍တစ်မျိုး တံခါးဖွင့်ပေးလိုက်ရတယ်ဆိုလျှင် မှန်ရတော့မလို ဖြစ်ခဲ့၏။

သူတို့သည် ရန်သူနှင့်ပေါင်းပြီး ဝန်ကြီးချုပ်ဖြစ်ပြန်လျှင် ဘုန်းကံနှင့် စားကြပေဦးမည်။

အခြေခံဥပဒေနှင့်လူတွေ၏ သဘာဝနှင့်ကိုက်ညီမှ ဖြစ်သနေဟုသော အစိတ်အပိုင်းကို ပေါ်လွင်စေလို၍ အငွေ့တထောင်းထောင်းထနေသော ပူပူနွေးနွေးသာစကားတွေကို ကျွန်တော်တို့က ပြသနေရခြင်းဖြစ်ပါ၏။

အခြေခံဥပဒေနှင့်ထိုက်တန်သလား၊ မထိုက်တန်ဘူးလားဟူသော အချက်တွင် ဖြစ်ရပ်တွေကသက်သေခံသွားတာပဲ မဟုတ်လားဟု ကျွန်တော်တို့က မေးမြန်းရင်း ဤဆောင်းပါးကို ရေးနေရ၏။

လူလည်လုပ်ကြီးမှာကို ကြောက်လွန်းလို့ ပါကစ္စတန်က အုပ်ချုပ်ရေးစနစ်ကို နိုးချုပါတော့လား၊ တူရကီက နိုးချုပါတော့လား၊ တရုတ်ပြည်က နိုးချုပါတော့လားဟု ဆိုမှာ ကြောက်လွန်း၍ ဤဆောင်းပါးကို ရေးနေရခြင်း ဖြစ်ပါ၏။

■

[၄]

## နမ်းတစ်လုံးနှင့် ဆီမဖြစ်နိုင်ပါဘူး

ဖွံ့ဖြိုးချုပ်ချုပ်ပုံ အခြေခံဥပဒေပုံစံအမျိုးမျိုးတွင် အဘယ်မည်သော ပုံစံကိုရွေး၍ထုတ်မည်လဲဟူသော မေးခွန်းကိုပင်မဖြေမီ ကျွန်ုပ်တို့၏ ချွတ်ယွင်းချက်တွေကို ရှာကြစမ်းပါ၊ အစီရင်ခံစာတွေဖတ်ကြစမ်းပါဟု ရေးနေခြင်းမှာ ရှည်လျားပေလိမ့်မည်။ သည်းခံ၍ဖတ်ကြပါဟု ကျွန်ုပ်တို့က တောင်းပန်ပါရစေ။

တော်လှန်ရေးကောင်စီက (၁) ဖဆပလ၊ (၂) ပမညတနှင့် (၃) ပထစပ တို့ကို ဖိတ်ကြားသည်ကို အပြစ်မရေးလိုပါ။ လုပ်ရိုးလုပ်စဉ်တစ်ခု ဟု ကျွန်ုပ်တို့က ယူဆပါ၏။

သို့သော် ထိုပါတီ (၃)ပါတီသည် ပါလီမန်ဒီမိုကရေစီကိုဖျက်ဆီးပစ်သော အရေးတွင် တာဝန်မကင်းခဲ့ကြဟူသည်ကို တော်လှန်ရေးကောင်စီ သတိချပ်သင့်ပါသည်။

သဘောထားကြီးကြီးထား၍ ကျွန်ုပ်တို့က ရေးရသော် ကျွန်ုပ်တို့ပါ တာဝန်မကင်းဟု ဆိုပါရစေ။

**မှန်ကန်မှု ဘယ်မှာလဲ**

ကျွန်ုပ်တို့သည်သာ မှန်ကန်မှုကြီးတစ်ခုကို "ကန်ထရိုက်" ယူထားသည်ဟု ဆိုလျှင် မှားပေမည်။ မှန်ကန်မှုကြီးဘယ်မှာလဲ။ မိမိတစ်ဦးတည်း

လုပ်ရှင်သမျှသည် မှန်လေရော့လားဟု မေးပါရစေ။

ဖြစ်ရပ်တစ်ခုကို ရှေ့တွင်ချ၍ ရဲရဲကြည့်ကြပါစို့။ အဆိုပါဖြစ်ရပ်တစ်ခုကို အခြေတည်၍ ဆွေးနွေးကြပါစို့။ ဖုံးဖိ၍ မထားဘဲ ဆွေးနွေးရဲကြလျှင် သဘောကွဲလွဲချက်ရှိရပေမည်။ သဘောကွဲလွဲချက်တွေကို ဆန်ခါနှင့် စစ်ယူ၍ရသမျှကို မှန်ကန်မှုဟူ၍ ကျွန်ုပ်တို့ယူဆပါရစေ။

ယခင်အစိုးရလက်ထက်က ဘာတစ်ခုမှ ပြည်သူများက မေး၍ မရချေ။ အခြေခံကို အမြဲချောက်ခဲ့ကြ၏။ ကိုယ်ရေးကိုယ်တာကို ကျွန်ုပ်တို့ မေးလျှင်မှားပေမည်။ အစိုးရအနေနှင့်လုပ်လျှင် မေးရပေလိမ့်မည်။

ဥပမာတစ်ခုပြ၍ ကျွန်တော်တို့က ရေးပါမှ ပရိသတ်တွေသည် နားလည်ကြရေမည်။

နိုင်ငံတော်အစိုးရအနေနှင့် သံပုံစေတီအတည်နိုင်းရာ ဘယ်ပါလီမန်က အမိန့်ပေးခဲ့သလဲ၊ ဘယ်ကက်ဗိနက်ကစ၍ ဖြစ်ပျားစခဲ့သလဲဟု မေး၍ ရခဲ့ချေ။ ။ ဤစကား ဤတွင်ရပ်ကြပါစို့။

**ပျောက်သွားသောအခြေခံဥပဒေ ဘယ်ကလာသလဲ**

ပျောက်သွားသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ဘယ်နေရာ ဘယ်ဌာနက ရလာခဲ့သလဲ။

ဤမေးခွန်းကို မူလ ဖဆပလအစည်းအရုံးတွင်ရှိသော ပုဂ္ဂိုလ်တွေ ဖြေဆိုနိုင်ကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကွယ်လွန်ပါပြီ။ ဝတ်လုံ ဦးချစ်လွင်၊ မင်း(န်)တားယောင်း ဦးကျော်မြင့်တို့ အသိဖြစ်ကြပါသည်။ အကြမ်းရေးသော စာအုပ်နီကလေး ၂ အုပ်ကို တိုင်းပြည်ပြုပါလီမန် အမတ်များသို့ ဝေငှခဲ့ပါသည်။ ထိုစာအုပ်နီကလေးကို သက်သေခံပစ္စည်းအဖြစ် ကျွန်တော်တင်ပြနိုင်ပါသည်။

အိန္ဒိယနိုင်ငံရှိ ဆာဘနီဂဲလ်ရောင်းဆိုသော ပုဂ္ဂိုလ်တစ်ဦးသည် ကျွန်ုပ်တို့၏အခြေခံဥပဒေကို အရေးသပ်ရာတွင် ပါဝင်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ကွယ်လွန်ပါပြီ။ သူရေးသောစာအုပ်တစ်အုပ် ယခုဖတ်နိုင်ကြပါ၏။

၁၉၄၆ ခု ဧပြီလတွင် တိုင်းပြုပြည်ပြုလွှတ်တော်အတွက် ရွေးကောက်ပွဲ

ညီကြီးတွင် ၁၁၁ ဦး ကော်မတီ ခန့်အပ်ခဲ့ပါသည်။

ယုတ်စွာအဆုံး စာတတ်သောပုဂ္ဂိုလ်တွေ ခေါ်များများကို ၁၁၁ ဦး ကော်မတီအဖွဲ့တွင် ပါဝင်ခဲ့ပါသည်။

ပဲခူးမြို့ ဆရာကြီးဦးသာခင်တစ်ဦး ပါဝင်ခဲ့သည်။

တိုင်းပြည်ပြုလွှတ်တော်တွင် ၇၅ ဦးကော်မတီတွင် ကျွန်တော်တစ်ဦး ပါဝင်ခဲ့ပါသည်။

**သို့သော်... သို့သော်**

သို့သော် အခြေခံဥပဒေပုံစံအမျိုးမျိုးရှိရာ ဘယ်ပုံစံမျိုး အိမ်ထောင်ရာလဲဟူ၍ ဆုံးဖြတ်ရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မိတ်ဆွေတစ်စုပါဝင်သည်ဟု ကျွန်တော် သက်သေထွက်ဆိုပါရစေ။

အခြေခံဥပဒေကြီးကို မြန်မြန်ပြီးမှ ဗြိတိသျှပါလီမန်ကလက်ခံမည်။ မြန်မြန်လုပ်ကြပါဟူသော လေသံကိုသာ ကျွန်တော်တို့သည် ကြားနေခဲ့ရပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏အနှစ်သာရကို အစပထမတွင် ကျွန်တော်တို့မစွဲခဲ့ကြပါ။ ကျွန်တော်တို့သည် စာစီစာကုံး ရေးနိုင်ရုံလောက်သာ နားလည်ခဲ့ကြပေသည်။ စကားလုံးရွေးချယ်ရာတွင်သာ ကျွန်တော်တို့ ပါဝင်ခဲ့ကြပါသည်။

**အမှုပေတော့မှ ရိပ်စားမိတော့သည်**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးပျက်သွားပြီး "ဥပဒေရေ အမှု အမှု" ဆိုတော့မှ ကျွန်တော်တို့သည် ရိပ်စားမိတော့သတည်း။

ကျွန်တော်တို့နှင့်ထိုက်တန်သော ဥပဒေမဟုတ်၍ ထိုဥပဒေ သေသွားလေပြီ။

ဥပဒေဟူသမျှမှာ ဝိညာဉ်ရှိသနော် ဟူ၍ ကျွန်ုပ်တို့ကရေးရာ (ငါတို့ ဝိညာဉ်ကို မမြင်ပါဘူး။ ကိုင်တွယ်လို့မရဘူး။ နမ်းကြည့်လို့မရဘူး)ဟု ကျဆုံးလေပြီးသော နိုင်ငံရေးသမားများသည် ဆိုခဲ့ကြ၏။

"ကောင်းပါပြီ၊ အသက်ထွက်တော့ သေမှန်းသိကြပြီလားရှို့" ဟူ၍

ကျွန်တော်တို့က ရေးပါရစေ။

မှတ်ထားကြစေလို၏။ အသက်ဟူသည် မရှိပါမူ (ဝါ) သေပါမှ အသက်ရှိသကိုးဟု သိကြစေမြဲပင် မဟုတ်လား။

ဖဆပလ အစည်းအရုံး၏ အမှုဆောင်တွေ မသေကြပါဘူး သက်သေ ထွက်ဆိုနိုင်ကြပါ၏။

**ပြည်သူ့ထင်မြင်ချက်ဆိုသည်မှာ**

မြန်မာနိုင်ငံမှာ (ပြည်သူ့ထင်မြင်ချက်)မရှိနိုင်ခြင်းကြောင့် အခြေခံ ဥပဒေကြီးသည် ၁၄ နှစ် ၂လတွင် ကွယ်လွန်အနိစ္စ ရောက်ပါသည်။

ပြည်သူ့ထင်မြင်ချက်နှင့် ပြည်သူ့ဆန္ဒသည် မတူပါ။ စုန်းတစ္ဆေ ကြိုက်လျှင် စုန်းတစ္ဆေဝါဒလွှင့်ခြင်း၊ အစိမ်းသေ နတ်ကြိုက်လျှင် နတ်ကွန်း ဆောက်ခြင်းသည် ပြည်သူ့ထင်မြင်ချက်အရ မဟုတ်ပါ။

ဥရောပရာစုဝင်ကို လေ့လာလျှင် ဘာသာရေးနှင့်နိုင်ငံရေး ခွဲပေးပါ ဟူ၍ ပြည်သူတွေထဲမှ အနာခံ၍တိုက်ခဲ့ခြင်း၊ မိန်းမတွေဆန္ဒမဲပေးရန် အနစ် အနာခံခြင်း၊ မိန်းမတွေ သူနာပြုဆရာမ၏ ဘဝကို ရောက်စေရန် အနာခံခြင်း တို့ကို ပြည်သူ့ထင်မြင်ချက် ခေါ်ပါ၏။ မြန်မာနိုင်ငံ၌ အင်္ဂလိပ်လက်ထက် တွင် သသသမေနှင့် လူခွန်တော်ပယ်ဖျက်စေရန် လှုပ်ရှားခြင်းမှာ ပြည်သူ့ ထင်မြင်ချက် ခေါ်ပါ၏။

နတ်ကိုကြိုက်၍ နတ်ကွန်းဆောက်လုပ်ခြင်းကား ပြည်သူ့သဘော မဟုတ်ပါဟူ၍ ကျွန်ုပ်တို့က ရေးပါရစေ။

**ကျွန်ုပ်တို့သဘော**

အခြေခံဥပဒေကို ပုံစံမသွင်းမီ ဥပဒေပါရဂူတွေ မခေါ်ပါနှင့်ဦး၊

နိုင်ငံခြားသားတွေကို မခေါ်ပါနှင့်ဦးဟု တော်လှန်ရေးကောင်စီကို ပန်ကြားပါရစေ။

ကျွန်တော်တို့သည် အရုက်ကွဲရမန် များလှပါပြီ။ ပညာရေးလောက တွင် နိုင်ငံခြားပါရဂူနှင့် ခြောက်လှန့်ခဲ့ရာ ကဲ သူတို့ ဘာတတ်နိုင်ကြသလဲ၊ ပါရဂူနှင့် ခြိမ်းခြောက်ရာ သူတို့ ဘာတတ်နိုင်ကြမလဲ။

ကိုယ့်အိမ်တွင်းက အနိုက်တွေကို မရှင်းရဲဘဲ (ဝါ) ရှင်းလင်းဖို့ သတ္တိမရှိဘဲ နိုင်ငံခြားပါရဂူခေါ်ခြင်းကား သက်သက် လူလည်လုပ်ခြင်းပင် ဖြစ်၏။

နိုင်ငံရေးဖြစ်ရပ်တွေကို တပင်တပန်း စုစည်းပြီးမှသာလျှင် ပါရဂူတွေနှင့် တွေ့ကြပါစို့။

[၅]

## ဥပဒေနှင့် ထိုက်တန်သလော

တော်လှန်ရေးကောင်စီသည် (၁)ဖဆပလ (၂) ပမညတနှင့် (၃) ပထစပတို့နှင့် တွေ့ဆုံခဲ့ရာ အခြေခံဥပဒေအသစ်ရေးဆွဲရန် တိုပါတီကြီး ၃ ပါတီနှင့် တိုင်ပင်မည်ဆိုရာ ကျွန်ုပ်တို့ ကျေနပ်ပါသည်ဟု ရေးခဲ့ပါပြီ။

သို့သော်အခြားအခြားသော ပုဂ္ဂိုလ်များနှင့်တိုင်ပင်ကြပါဦးဟု ကျွန်ုပ်တို့က ရေးသားခဲ့ပါပြီ။

"ငါတို့မကြိုက်တာတွေ ပြောမည့်သူတွေကိုတော့ ဖိတ်မန္တကမပြုဘူး"ဟု မဆိုကြပါနှင့်ဟု စောစောကကြိုတင်၍ ကျွန်ုပ်တို့က ရေးနေခြင်း ဖြစ်ပါ၏။

နိုင်ငံတော်ဘာသာအတွက် စုံစမ်းရေးအဖွဲ့က ခန့်အပ်သောဖြစ်ရပ်များကို ယခုပင် ကျွန်တော်တို့က တင်ပြပါရစေ။

သူတို့မကြိုက်သော ထင်မြင်ချက်များကိုပေးရမှာစိုး၍ အဆိုတစ်ခုကို မဆုံးဖြတ်မီက လက်ညှိုးထောင်သူတွေကို ကော်မတီအဖွဲ့ထဲသို့ ထည့်သွင်းခဲ့ကြ၏။

အစိုးရသည် ပြင်ပက လွှပ်ရှားမှုများကို အလျှင်းဂရုမစိုက်ခဲ့ချေ။ နယ်အသီးသီးသို့ထွက်၍ စုံစမ်းရာ ဘာတွေကိုစုံစမ်းသလဲ သတင်းထောက်တွေကို သတင်းတစ်ပုဒ်ကိုမျှ ထုတ်၍မပေးခဲ့ချေ။

ပါလီမန်တွင်တင်၍ ဆွေးနွေးကြရာ ပြင်ပက ကန့်ကွက်သောရဟန်း ရှင်လူပြည်သူတို့၏အသံများအကြောင်းကို တစ်ခွန်းမှ ပါလီမန်တွင် မဖြေဆိုနိုင်ပါ။ ပါလီမန်အတွင်း ပြောဆိုချက်များကို အသံလွှင့်ရုံ၏ကျေးဇူး ကြောင့်သာ တစ်ပြည်လုံးက ကြားခဲ့ကြရပေသည်။

လောကဓာတ်ဆရာကြီးများသုံးစွဲသော ဓာတ်ခွဲရုံတွင် ဓာတ်သတ္တု တွေကို ခွဲချေ၍ စမ်းသပ်ကြသကဲ့သို့ အဆိုပါဖြစ်ရပ်တွေကိုပါ ပြည်သူတွေ က ထပ်မံစမ်းသပ်ကြစေလိုပါသည်။

အခြေခံဥပဒေရေးဆွဲသည့်အခါလည်း ကိုယ့်အလံရှူးနှင့် ကိုယ် ရိုက် သွားမည်စိုး၍ ဤသို့ကျွန်တော်တို့က ရေးသားနေရခြင်းဖြစ်ပါ၏။

ယခင်အပတ်များတွင် အသက်ဦးဆံပိုင်စနစ်၏ အင်္ဂါအစိတ်အပိုင်း တွေကို ကျွန်တော်သည် ရေးခဲ့ပါပြီ။

၁၄ နှစ်နှင့် ၂လကြာ ကျွန်ုပ်တို့သည် အခြေခံဥပဒေကိုစမ်းသပ်ခဲ့ကြ သည် များသောအားဖြင့် ကိုယ်ကျိုးရှိလျှင်မှန်သည်ဟူ၍လည်းကောင်း၊ ကိုယ် ကျိုးမရှိလျှင် မမှန်ဘူးဟူ၍လည်းကောင်း ယူဆလာခဲ့ကြခြင်းမှာ ကျွန်တော် တို့လူမျိုး၏ ဝိစတစ်ခုဖြစ်ခဲ့ပါသည်။

သူများကို မေးခွန်းမထုတ်မီ ကျွန်တော်တို့ကိုယ်ကို ကျွန်တော်တို့ မေးခွန်းထုတ်ပြီးကြပါမှ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအကြောင်းကို ရေးကြပါစို့။

(၁) "မင်းတို့လွတ်လပ်ရေးနှင့်ထိုက်တန်ကြသလား" ဟု မေးကြပါစို့။

"ဟောလွတ်လပ်ရေးနှင့်ထိုက်တန်လို့ လွတ်လပ်ရေး ရတာယ်ကွ" ဟု ကျွန်တော်တို့သည် ဖြေဆိုနိုင်ခဲ့ကြပါ၏။ ယနေ့အဖို့ ဤသို့ပင် ဖြေဆိုရ ပေမည်။

(၂) ကဲ လွတ်လပ်ရေး ရပါပေါ့ကွာ။ မင်းတို့ရရှိထားသော လွတ် လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်နိုင်သလားဟူသော မေးခွန်းကို မေးမြန်း သင့်ကြပါသည်။

လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်သော ရာဇဝင်ကို ကျွန်တော် တို့သည် ရဲရဲဝံ့ဝံ့လေ့လာကြရပေလိမ့်မည်။ တရုတ်ပြည်သစ် ရာဇဝင်ကို လည်းကောင်း၊ အင်္ဂလန်၏ရာဇဝင်ကိုလည်းကောင်း၊ လောလောဆယ်

ပြင်သစ်နိုင်ငံ၏ ရာဇဝင်ကိုလည်းကောင်း၊ ပါကစ္စတန်၏ ရာဇဝင်ကိုလည်းကောင်း၊ ပစ္စကျွတ္တုရကီတိုင်းပြည်၏ရာဇဝင်ကိုလည်းကောင်း၊ ယနေ့လာအိုတိုင်းပြည်၏ ရာဇဝင်ကိုသော်လည်းကောင်း လေ့လာကြပြီးလျှင် "ငါတို့လွတ်လပ်ရေးကို ထိန်းတတ်တယ်" ဟု ကျွန်တော်တို့သည် ရေးကြရပေလိမ့်မည်။

(၃) လွတ်လပ်ရေးနှင့်ထိုက်တန်အောင် ကြိုးစားကြရာတွင် လွတ်လပ်ရေးကြီးဆုံးရှုံးသွားလျှင် လွတ်လပ်ရေးနှင့်မထိုက်တန်လို့ဘဲဟု ရဲရဲကြီးဆုံးဖြတ်ကြရပေမည်။ ကဲတာရေးနှင့်ဆွဲ၍ မရှုကြစေလိုပါ။

လွတ်လပ်ရေးနှင့် ထိုက်တန်ကြစေလို၍ ပြည်သူ့ထင်မြင်ချက် (Public Opinion) ဖန်တီးခဲ့ကြ၏။ အနစ်နာခံခဲ့ကြ၏။ စစ်ဖြစ်လျှင် ပြည်သူတွေသည် အသေခံကြ၏။ အသေမခံလို၍ သူများလက်အောက်ကျွန် ဖြစ်တော့ကော အသေမခံကြရတော့ဘူးလား။

နိုင်ငံခြားက ရန်သူတွေဝင်လာလျှင် သွေးထွက်သံယိုဖြစ်မှာကြောက်လို့ မြန်မာတွေက အညွှံခံလိုက်သည်ဆိုခြင်းမှာ မမှန်ရေး၊ နိဗ္ဗာန် မဂ်ဖိုလ်အလို့ငှာ တိုင်းပြည်ကိုထိုး၍အပ်လိုက်သည်ဆိုခြင်းမှာ နိုင်ငံရေးမဟုတ်ချေ။ ပြည်သူကို မရိုသေခြင်းပင်ဖြစ်ပေသည်။

မြန်မာရာဇဝင်ကိုလေ့လာလျှင် အလောင်းဘုရားဟူ၍လည်းကောင်း၊ ဘိုးတော်ဟူ၍လည်းကောင်း ရေးသားကြခြင်းမှာ ပုဂ္ဂလဓိဋ္ဌာန်မဟုတ်ပါ။ ရာဇဝင်ကြောင်းနှင့်ဆိုင်၍ ရေးရခြင်းဖြစ်ပေသည်။

နာမည်တွေကို မရေးစတမ်းဆိုလျှင် ကျွန်တော်တို့သည် ရာဇဝင်ကို မရေးဘဲနေရုံသာရှိပါသည်။

### လိုအပ်၍ ခေါင်းဆောင်တွေပေါ်လာရသည်

နိုင်ငံရေးအခြေခံတစ်ခုကို မလိုက်၍မဖြစ်ပါ။ အဘယ်မည်သော ခေတ်တွင်မဆို လိုအပ်၍ ခေါင်းဆောင်တွေသည် ပေါ်လာရခြင်းဖြစ်ပါ၏။

တိရစ္ဆာန်များထဲတွင်ပင် ခေါင်းဆောင်ရှိကြ၏။

ပဋ္ဌာနကမ္မလာ မြကျောက်များတင်း၍ သိကြားမင်းကစေလွှတ်ခြင်း မဟုတ်ပါ။ တစ်နံတစ်ခုပေါ်လာရာ ကဗျာဆရာတွေက ဖန်တီးခြင်းမျှသာ

ဖြစ်ပါသည်။ ဤအယူအဆကို သတင်းစာဖတ်ပရိသတ်များက မကြိုက်လျှင် ဝယ်နိုင်ကြပါသည်။

ယနေ့မြန်မာနိုင်ငံ၏ အခြေအနေကို သုံးသပ်ရကြလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ကျွန်တော်တို့သည် ထိုက်တန်ပါဘူးဟူသော အဖြေတစ်ခုပေါ်ထွက်နေပါ၏။

မထိုက်တန်ဘူးဟုဆုံးဖြတ်လျှင် ထိုက်တန်အောင် ကျွန်ုပ်တို့လုပ်ကိုင်ဆောင်ရွက်ကြရပေမည်။ ထိုက်တန်အောင်လုပ်ဖို့ တာဝန်မှာ ကျွန်ုပ်တို့၏ တာဝန်သာဖြစ်ပေသည်။

ထိုက်တန်စေလို၍ ဤဆောင်းပါးများကို တစ်ခုပြီးတစ်ခု ကျွန်တော်တို့က ဖော်ပြပါရစေ။

■

[ ၆ ]

ယခင်တစ်ပတ်က အခြေခံဥပဒေနှင့် ထိုက်တန်သလော၊ မထိုက်တန်သလောဟူသော အချက်များကို ရေးသားပါမည်ဟု ကျွန်ုပ်တို့သည် ကတိပေးခဲ့သည့်အတိုင်း ယခုဆက်လက်၍ ရေးပါမည်။

(၁) ဇိသုကာဆရာ သို့မဟုတ် အာခီတက်က ကောင်းမွန်သောတိုက်ပုံစံကို ရေးပေးသော်လည်း ကျွန်း၊ သစ်၊ အုတ်၊ သဲ၊ အင်္ဂတေစသောပစ္စည်းများညံ့၍လည်းကောင်း။

ညံ့သောအစိတ်အပိုင်းတွင် အခြေခံဥပဒေကို သုံးသောသူတွေတွင်ဝိညာဉ်မရှိခြင်း။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ဥပဒေနိဒါန်းတွင် "တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း"တည်းဟူသော လောကပါလ တရားများကို အခြေတည်သည်ဆိုသော်လည်း ထိုအခြေခံမရှိခြင်းအစရှိသော အကြောင်းများကြောင့် ပါလီမန်ဒီမိုကရေစီကြီး ကျဆုံးကြောင်းကို ရေးပါမည်။

အင်္ဂလိပ်လက်ထက်က ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံအုပ်ချုပ်ရေးအက် ဥပဒေတွင် ညွှန်ကြားချက်တစ်ခုရေးထား၏။ ၎င်းတွင် "စာအားဖြင့်လည်းကောင်း၊ ဝိညာဉ်အားဖြင့်လည်းကောင်း" ဟူ၍ ရေးသားထားရာဤနိုင်ငံ၌ ဝိညာဉ်ပြတ်သွားကြသဖြင့် ပါလီမန်ဒီမိုကရေစီကြီးသည် ကျဆင်းရကြောင်းကို ရေးပါမည်။

ဤအချက်ကို ပူပူနွေးနွေးသက်သေသာဓကတွေ့ ကျွန်တော်သည်

ဆောက်၍ပြပါအံ့။ သက်သေများတွင် နယ်ကခံစားရသော အချက်တွေကိုပါ ပြရပါအံ့။ သို့သော် နာမည်တွေကို ဖော်၍မဖြစ်ပါ။ အဆိုပါဝိညာဉ် ပြုတ်အည်နှင့်တစ်ပြိုင်နက် လူတိုင်း၏လိပ်ပြာစိတ်၏ ယုံကြည်ကိုးစားခြင်းကင်းမဲ့လာ၏။ တစ်နည်းအားဖြင့်ဆိုသော် လူများ၏ယုံကြည်ချက်ကိုးစားခြင်း ကင်းမဲ့လာတော့၏။

(၂) မြန်မာနိုင်ငံ၌ အနှာခံ၍ပြောသော ပြည်သူများမရှိခြင်း၊ စုန်းကြိုက်လျှင် စုန်းကိုပေးမည်၊ နတ်ကြိုက်လျှင် နတ်ကိုပေးမည်ဟူသော အယူမှာ ပြည်သူ့သဘောမဟုတ်သည်ကို သိလာကြ၏။

အင်္ဂလန်၌ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမရှိပါ။ ဤအချက်ကမှတ်စရာကောင်းပါ၏။ မရှိသော်လည်း ထုံးတမ်းအစဉ်အလာနှင့် အုပ်ချုပ်နေ၏။ ဝန်ကြီးချုပ်တွင် အကြွင်းမဲ့အာဏာပေး၍ မထားချေ။

အမေရိကန်၌ အခြေခံဥပဒေရေး၍ထား၏။ သို့သော် အမိုကင်းသောတရားလွှတ်တော်ချုပ်ရှိ၍ သမ္မတသည် တရားလွှတ်တော်ချုပ်၏အမိန့်ကိုဘယ်တုန်းကမှ မဖီဆန်ရဲခဲ့ချေ။

မြန်မာနိုင်ငံ၌ တက်သမျှဝန်ကြီးချုပ်များအား အကြွင်းမဲ့အာဏာပေးထားဘိသကဲ့သို့ဖြစ်နေခြင်းကို ကျွန်တော်သည် ဖော်ပြပါရစေ။

မြန်မာနိုင်ငံ၌ စာဖြင့်ရေး၍မထားသော်လည်း အသက်ဦးဆံပိုင်ဘုရင်စနစ်သည် အခြေခံဥပဒေထဲသို့ ဆီလိုဝင်နေ၍ ဝိညာဉ်ပျက်ခြင်းကိုဖော်ပြပါရစေ။

အင်္ဂလန်၌ ပဌမမြောက် ရှေ့ဘုရင်သည် တရားစွဲခံရဖူး၏။ ဤသို့တရားစွဲခံရခြင်းမှာ ဘုရင်ကို မနာလိုဝန်တို၍မဟုတ်၊ တရားဥပဒေရှိသည်ဟု ပြလို၍ဖြစ်၏။

ဝန်ကြီးချုပ်တွေ ရာထူးမှထွက်ပေးရာ သတ္တိကောင်း၍မဟုတ်၊ ငါပြည်သူကို ရိုသေသကွဟု သူတို့သည် ပြလို၍ ဝန်ကြီးချုပ်တွေသည် ရာထူးမှ ထွက်ပေးရ၏။ ပဒေသရာဇ်၏အမြစ်ကိုဖြုတ်လို၍ တရားဥပဒေကို ရိုသေကြခြင်းတို့ကို ဆက်လက်ဖော်ပြပါအံ့။

(၃) ဂျာမနီသည် စစ်ရှုံးသည့်အခါ စစ်တရားခံများကို စစ်နိုင်သောတိုင်းပြည်များက စစ်ဆေး၏။

အစိုးရဖြစ်နေ၍ အစိုးရအမိန့်အတိုင်းလုပ်ခြင်းသည် တရားသည်ဟု တရားခံများက ထုချေကြရာ (အာဏာမှာ တန့်သတ်ချက်ရှိသည်။ လူ ၁၀၀ ကို ဖမ်းဆီးပါဟု အမိန့်ပေးရာ လူတစ်သောင်းသတ်ပစ်ခြင်းသည် မတရားဘူးဟု မှတ်တမ်းတင်စေလို၍ တရားစီရင်ရပါသည်)ဟု တရားသူကြီး တစ်ဦးက ပြောသွားခဲ့၏။

(၄) ဆန္ဒမဲပေးမှု အမတ်ဖြစ်သည်ဟု အခြေခံဥပဒေက ရေးထားရာ လူတွေမှာ အခြေခံပညာက မရနိုင်၍တစ်ကြောင်း၊ အသက်လုံခြုံရေးကို ထောက်ထား၍တစ်ကြောင်း၊ ကုန်ရောင်းဝယ်ရေးစိတ် (ဝါ) အမတ်လုပ်၍စားသောစိတ်ဝင်လာပြီး မြန်မာချင်းချင်းသတ်ခြင်း၊ ရွေးကောက်ပွဲအတွက် ငွေ ၃ သိန်းအထိ သုံးခြင်း၊ လူမိုက်တွေ အမတ်ဖြစ်နိုင်ခြင်းစသော သဘာဝ ကို ဆက်၍ရေးပါအံ့။

(၅) နိုင်ငံရေးပါတီတွေ မရှိသောအခါ၌ အခြေခံဥပဒေဝိညာဉ်သည် သိသိသာသာကြီး ကျဆင်းလာပုံ။

အင်္ဂလန်ပြည်တွင် ပါတီကြီး ၂ ခုသာရှိပုံကိုလည်းကောင်း၊ စပိကြား က (လစ်ဘရယ်လ်)ပါတီကဝင်၍ အရွေးခံရာ ဆန္ဒမဲမည်မျှရသလဲ ဂုဏ်ယူ ကြပုံကိုလည်းကောင်း–

အမေရိကန်တိုင်းပြည်၌ အဓိကအားဖြင့် နှစ်ပါတီသာရှိပုံကိုလည်း ကောင်း–

မြန်မာနိုင်ငံ၌ အဓိကပါတီ သုံးခုနှင့်ပါတီကလေးများရှိရာ ပြိုင်မြင်း ပမာ ကြားကပါတီတက်လာမှာနိုး၍ ပါတီတစ်ခုက ပြိုင်မြင်းအဆွဲခိုင်းသလို အမတ်လောင်းတစ်ဦးက ဆွဲပုံကိုလည်းကောင်း၊ ကိုယ့်ပါတီမဟုတ် သူ မဲပေးပြီး အမြင်ကတ်သူ ကျဆုံးရှုံးအောင် လုပ်ပုံကိုလည်းကောင်း ဆက်၍ ဖော်ပြပါမည်။

အညွှန်းဆုံးသောလူကို အမတ်အဖြစ် ရွေးပါမှ ငါ့ကိုထောက်ခံမည်ဟူ သော (ဓမ္မဿယာဗယ်လီ) စနစ်ဝင်လာပုံကို ဆက်၍ဖော်ပြပါအံ့။ တစ်ခုခုကို သစ္စာရှိလျှင် ဝေါ်ရမည်။ သစ္စာဖောက်မှ ထမင်းစားရသလို သဘောတစ်ရပ် ဝင်လာခြင်းကား အဆိုးဆုံးဖြစ်ကြောင်းဖော်ပြပါရစေ။

(၆) အိမ်ကို ပန္နက်ချရစဉ်က "ပြည်ထောင်စု" အိမ်ဟူ၍ ယူဆကာ

ပြည်ထောင်စုစိတ် ရှိကြပုံကိုလည်းကောင်း–

ကျွန်းသစ်၊ အုတ်၊ အင်္ဂတေနှင့်တူသော ခေါင်းဆောင်တွေ မရှိသား ရှာမှ(ဝါ) မရှိသားသော ရောဂါဝင်လာ၍ ၁၉၆၂ ခု မတ်လ ၂ ရက်နေ့က အခြေအနေပြောင်းလာရပုံများကို ကျွန်ုပ်တို့က ဆက်၍ဖော်ပြပါအံ့။

[၇]

ယနေ့တိုင်းပြည်ကို အုပ်ချုပ်နေသော တော်လှန်ရေးကောင်စီ၏ တာဝန်သည် တကယ်ကြီးလှသနော။

သူတို့၏တာဝန်ကြီးသည်နှင့်အမျှ ကျွန်တော်တို့၏တာဝန်သည် ကြီးသနောဟုသော သဘောကိုစွဲ၍ ဤဆောင်းပါးကို ရေးနေရခြင်း ဖြစ်ပါ၏။

မြန်မာနိုင်ငံ၏မရှေးသေးသော အနာဂတ်ကာလ၏အရေးအတွက် ဆောင်ရွက်နေကြရသည်ကို တော်လှန်ရေးကောင်စီ သိစေချင်လွန်း၍ ဤဆောင်းပါးများကို ရေးရခြင်းဖြစ်ပါ၏။ အဘယ်မည်သော တော်လှန်ရေးကောင်စီမဆို အန္တရာယ်များစခြံပင်ဖြစ်၏။ မနေ့တစ်နေ့ကလောက်ဟူ၍ ထင်ရသော ပါကစ္စတန်အရေးတော်ပုံကိုလည်းကောင်း၊ တူရကီအရေးတော်ပုံကိုလည်းကောင်း လေးလေးနက်နက်လေ့လာကြပါဟု ထပ်လောင်း၍ ကျွန်တော်တို့က သတိပေးပါရစေ။

မနေ့က ဤကဏ္ဍတွင် ရေးသားခဲ့သော မာတိကာကို ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးပါပြီ။

**ကံသေကံမ ယူဆသောအချက်**

ကျွန်တော်သည် ဖဆပလ ပေါ်ကတည်းက ၁၉၅၃ ခု ဩဂုတ်လ ၅ ရက်နေ့အထိ ဖဆပလကို သစ္စာရှိ၍ ရာထူးကနုတ်ထွက်ခဲ့ရာ ကျွန်တော်

ဖဆပလထဲမှ ထုတ်ပစ်ခြင်းခံခဲ့ရပါသည်။

သစ္စာရှိခြင်း၏အရသာကို ကျွန်တော်သည် ဝဝလင်လင် ခံစားခဲ့ရပါသည်။

နေ့စဉ်ဆွေးနွေးသမျှတွင်လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်သည့်အခါလည်းကောင်း နိုင်ငံရေးသမားတိုင်းလိုလို ယူဆကြသောအချက်တစ်ချက်မှာ–

"အာဏာရသည့်အခါ ဘာပဲလုပ်သည်ဖြစ်စေ မှန်သည်"

"ငါတို့ကို တရားစီရင်မည့်သူ၊ ဆုံးမမည့်သူ မရှိဘူး . . ."

ဟူ၍ ကံသေကံမ တစ်သမတ်တည်း ယူဆလာခဲ့သည်မှာ ကြာလှပါပြီ။

အခြေခံသဘောတရားလေးများ ပြောမည်ကြံလျှင် ထိုသို့ပြောမည့်ကြံသူသည် ဝိုင်းပယ်ခံရမည်မှာ သေချာတော့၏။

လူချင်းတွေ့၍ ခင်ဗျား ဘယ်အရပ်ကလဲဟူ၍ မေးလျှင်ပင် စိတ်ဆိုးလာကြ၏။ များသောအားဖြင့် ကိုယ့်ဘဝကိုမပြောရဲကြချေ။

ဖဆပလ၏ ပြင်ပက နေသူတွေသည် မညံ့ကြပါ။

ရန်ကုန်တက္ကသိုလ် ရာဇဝင်ပါမောက္ခ ဦးကျော်သက်သည် "မြန်မာနောင်ရေး ဘယ်လိုဖြစ်လိမ့်မည်"ဟု အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးရေးခဲ့၏။ ဆိုလိုရင်းမှာ "ကျူးဒီတား"ဖြစ်လိမ့်မည်ဟု ရေးခဲ့ဖူး၏။ ဦးကျော်သက်မှာ "အန်ကယ်ဒန်း" ခေါ် ဝတ်လုံတော်ရ ဦးဘဒွန်း၏သားဖြစ်၏။

ငါတို့ကို ဆုံးမမည့်သူများကား

(၁) ကျွဲခြင်း၊

(၂) သေခြင်း

(၃) ငတ်ခြင်းပဲ စသည်ဖြင့်သာ ကျွန်တော်ယူဆတတ်ခဲ့၏။

အခြေခံဥပဒေ၏ဝိညာဉ်ကျဆင်းလာသည်မှာ ကျွန်တော်၏မျက်စိအောက်တွင် ဖြစ်ခဲ့ပါ၏။ သူတို့၏သချိုင်း သူတို့တူးလာကြသည်မှာ ကြာလှပါပြီ။

မဟာဝင်ထဲတွင် ခုဋ္ဌဂါမဏိမင်းနှင့် ကျေးကုလားတွေသာ ကျွန်တော်တို့ မမြင်ဖူး၍ ရာဇဝင်၏စာတ်လိုက်တွေဟူ၍ မထင်ကြပါနှင့်။

ဦးနု၊ ဦးဗဆွေနှင့် ကျွန်တော်တို့ပါ စာတ်ကောင်တွေပါ ဟူ၍ ယခုစိ၍ ရေးသားနေရခြင်းဖြစ်ပါ၏။

နိုင်ငံရေးသမားတွေ၏ အတွေးအခေါ်သည် တိမ်လွန်းသည်။

သီပေါဘုရင်လက်ထက်တွင် ပြည်သူနှင့်ရှင်ဘုရင်ညံ့၍ ရှင်ဘုရင်ကို အဖမ်းခံခဲ့ရ၏။ ဤခေတ်တွင် နိုင်ငံခြားကလာပြီး ဖမ်းဆီးခြင်းကိုတော့ မခံဘူးကွဟု တွေးနေကြသည်ကို နိုင်ငံရေးပါတီတွေသည် မရိပ်စားမိကြ ချေ။ ကျွန်တော်တို့သည် (ဌီချင်း)ရေးရုံနှင့် မကျေနပ်နိုင်သော သူများတွင် ပါဝင်ပါ၏။

အသက်ဦးဆံပိုင်ရှင်ဘုရင်စိတ်တွေ ဝင်နေကြ၍ အခြေခံဥပဒေ၏ ဝိညာဉ်ပြိုကျလာပုံကို ယခုတသီတတန်းကြီး ဖော်ပြပါရစေ၊ ယခု စာရေး နေရင်း မစုံလျှင် နောင်မှဆက်လက်၍ ဖော်ပြပါရစေ။ အင်္ဂလန်နိုင်ငံသား တွေသည် ခံရဖန်များ၍ ငါတို့ထက်တော်သည်ဟု ၁၄ နှစ်နှင့် ၂ လ ကြာပါမှ ကျွန်တော်တို့သည် ရိပ်စားမိကြတော့သည်။

အခါတစ်ပါးတွင် လူတစ်စုက ဝန်ကြီးချုပ်ကိုပြော၏။ သူတစ်ဦးကို ဝန်ကြီးခန့်လိုက ခန့်ပါ။ သို့သော် ဖဆပလဝင်ဟုတ်သလားဟု မေးပါဟု ဆိုကြ၏။ နာမည်တွေကို ဖော်၍ မရေးလိုသေးပါ။

ထိုသူသည် ဖဆပလ ဝင်မဟုတ်ချေ။ သို့သော် ဖဆပလအသင်းဝင် လက်မှတ်ကို လွှန်ခဲ့သည့် ၉ လက ဝင်လေဟန်ပန်လက်မှတ်တစ်ခုကို ဖဆပလသည် ထုတ်၍ပြ၏။ လက်မှတ်ပေးသူသည် ယနေ့ မသေသေးပါ။ လူငယ်တစ်ဦးဖြစ်၏။

ဤသို့ ဝိညာဉ်ကျသည်ကို ကျွန်တော်မြင်ခဲ့ရ၏။

ဝိညာဉ်ကျခန်းကို ဆက်၍ဖတ်ကြပါ။ "ငါယုံကြည်လို့ ငါ ဝန်ကြီး ခန့်သကွာ"ဟု ကျွန်တော်က ဆိုစေချင်၏။

"ရက်စက်မှကြေကွဲ" "ရဲလျှင် မင်းဖြစ်"ဟူသော စကားပုံသည် အသက်ဦးဆံပိုင်ဘုရင်တို့၏ ဆောင်ပုဒ်တစ်ခုဖြစ်ပါ၏။

အသက်ဦးဆံပိုင် ဘုရင့်ဝါဒ နိုင်ငံရေးလောကထဲဝင်နေသည်မှာ ကြာလှချေပြီ။ သို့သော် ဘုရင့်ဝါဒဝင်မှန်း မသိကြချေ။

နိုင်ငံရေးပါတီဟူသည် ပထမဦးစွာ ပတ်ဝန်းကျင်၏ ကြည်ညို

လေးစားခြင်းကို ယူရစမြဲဖြစ်၏။ ပတ်ဝန်းကျင်က ကြည်ညိုမှ ပြည်သူက ကြည် ညိုလေးစားစမြဲဖြစ်ရပါ၏။

တရားစီရင်ခြင်းဆိုသည်မှာ ပကတိလူတွေက တရားစီရင်မှ စီရင်ခြင်း မည်ပါ၏။

သီပေါ ရှင်ဘုရင် ကို အင်္ဂလိပ်က ဖမ်းသွားခြင်းမှာ သဘာဝက တရား စီရင်ခြင်းဖြစ်သည်ဟုယေဘုယျတရားနှင့် ရေးနိုင်ပါ၏။

ပြည်သူ၏စိတ်ဓာတ်ခံတစ်ခုကသာ တောင့်တင်းနေခဲ့လျှင် အင်္ဂလိပ် သည် ရှင်ဘုရင်ကို ဖမ်းရဲမည်မဟုတ်ချေ။

မည်သူမဆို တစ်နေရာတွင် မိမိ၏လိပ်ပြာစိတ်နှင့် ဆန့်ကျင်၍ လုပ်ရဲလျှင် ကျန်သည့်နေရာတွင် ဝိညာဉ်ကျဖို့မှာ ဝန်မလေးတော့ချေ။

ရခိုင်ပြည်နယ်၊ မွန်ပြည်နယ် စသည်ဖြင့် ပြည်နယ်ပေးမည်ဆိုသော အရေးတွင် သိသိသာသာကြီးဝိညာဉ်ကျတော့၏။ သူတို့သမိုင်းကို သူတို့ တူးလာကြ၏။

ဖဆပလ စတင်သည့်နေ့ကစ၍ ပြည်ထောင်စုကြီးကို မထိနှင့်၊ ပြည်နယ်မပေးဘူးဟု တညီတညွတ်တည်းဟစ်အော်လာကြရာ ပျော်စရာ ပင် ကောင်းလှ၏။ ပြည်ထောင်စုကို အသက်ပေး၍ တို့ကာကွယ်မလေဟူ သော နိုင်ငံတော်သီချင်းကို ဆိုရာတွင် အရသာရှိလှပါ၏။

မူလကတည်းက ပြည်နယ်ပေးရမည်ဟုဆိုရဲသော ပုဂ္ဂိုလ်ကို ကျွန်ုပ် တို့ ချီးကျူးရပေမည်။ ဤသို့ မဟုတ်ချေတကား။ တကယ်မဟုတ်ပါဘူး ဟူ၍ ပြည်သူထံသို့ ကျွန်တော်က တင်ပြပါရစေ။

မူလဘူတ အစကနဦး ပကတူးကတည်းက ပြည်နယ်မပေးဘူး ဆိုသူ တွေက "ပြည်နယ်ပေးမည်"ဟု ဟစ်အော်ကြွေးကြော်ပြီး ပထစပ တည် ထောင်ရာ သူတို့သမိုင်း သူတို့တူးလေပြီဟု ဆိုလာခဲ့ကြ၏။

တို့ကြောင့် "ဝိညာဉ်ထွက်သွားပြီ"

"ဝိညာဉ်သေပြီ"

"လူသားတို့၏ လိပ်ပြာစိတ်မရှိတော့ပါဘူး" ဟူ၍ ကျွန်တော်တို့ သည် ရေးနေရခြင်းဖြစ်ပါ၏။ ဝိညာဉ်ကိုမှ မထိန်းတတ်သော လူမျိုးသည် အဘယ်မည်သော အခြေခံဥပဒေမျိုးနှင့် ထိုက်တန်သလဲဟု ယခု မေးနေရ

ခြင်းဖြစ်ပါ၏။ ဤသို့စိတ်ပြောင်းသူကိုလည်းကောင်း၊ သစ္စာဖောက်သူကို လည်းကောင်း ဆုံးမမည့်သူ မရှိခဲ့ချေ။

ဘုန်းကံရှိ၍ လုပ်ချင်တာလုပ်သမျှ ခံစတမ်းဆိုလျှင် "အသက်ဦး ဆံပိုင်" စနစ်ကို ထူထောင်ကြပါ။ ကျွန်တော်တို့က မေးသင့်၍ ဤမေးခွန်း ကို မေးရပါ၏။

ဒွေဒါ်း သန်း ၇၀၀ စိမ်ကိန်းကြီးမရေးမီ၊ ကောတီဆေ အစီရင်ခံစာ မရေးမီ ကျွန်တော်သည် ဝန်ကြီးဘဝတွင် ရှိနေပါ၏။

ဖဆပလ ဥက္ကဋ္ဌသည် ဓမ္မန်မှုကို တာဝယ်ကြောက်၏။ "စိမ်ကိန်း" ကြီး မအောင်မြင်လျှင် ဖျက်ပစ်ရုံပေါ့ဟု မြန်မာ့အလင်း ဦးတင်ရှေ့တွင် ပြောဖူး၏။

ဝန်ကြီးတွေသည် ငြိမ်၍နေကြ၏။

ခိုလ်ခင်မောင်လေးသည် ဝန်ကြီးဖြစ်စဉ် ဗိုင်တွဲကြီးပိုက်ပြီး . . . ဝန်ကြီး ချုပ် နတ်ကတော်တွေကို ငွေပေးသလားဟုမေးရာ ပေါက်ပစ်သံကို ကြား လိုက်ရ၏။ မည်ကဲ့သို့ ပေါက်သည်ကို ကျွန်တော်မမှတ်မိတော့ပါ။

ဝန်ကြီးချုပ်တွင် "အကြွင်းမဲ့ အာဏာကို ရနေလေပြီ" ဟူ၍အားလုံး နားလည်လာကြ၏။ (Absolute Power) ဆိုခြင်းမှာ ၎င်းကိုဆိုပါ၏။

အခြေခံဥပဒေထဲမှာ ဝန်ကြီးချုပ်ကိုဆုံးမသော နည်းလမ်းတွေ ရေး ထား၏။ အယုံအကြည်မရှိဟု ဆိုသော အဆိုသွင်းခြင်း၊ ၎င်းကို အခြေ တည်၍ ငွေ ၁ ကျပ်ဖြတ်သောနည်း၊ သဘောမတူလျှင် ရာထူးကထွက် သော နည်းတွေ တစ်ပုံတစ်ခေါင်းကြီးရှိပါ၏။

အဘယ်မျှ အရေးကြီးနိုင်ငံရေးသမားတွေတွင် အတွေးအခေါ်ကျဆင်း ကြရသလဲ ရေးရသော် အယုံအကြည်မရှိ အဆိုသွင်းတာဟာ မနာလိုလို့တဲ့၊ ငွေ ၁ိ ဖြတ်တာ နာမည်ကြီးချင်လို့တဲ့ . . . စသည်ဖြင့်ပြောကြ၏။ ဤ အသံတွေကြားရာ ကိုယ့်ကိုယ်ကို သတ်သေစရာပင်ကောင်းလှ၏။

ဤအခြေခံဥပဒေနှင့် ဤတိုင်းပြည် ၁၄ နှစ် ၂ လကြာ ခံခြင်းမှာ ကံကောင်းလေခြင်းဟု ဆိုသင့်ပေ၏။

■

[၈]

## ငတ်တုတ်ကြီးခံကြရပုံ

လက်မှတ်လိမ်၍ပြခြင်းတွင် အခြေခံဥပဒေကို မရှိသေးရာ ရောက်ကြောင်း၊ ပြည်နယ်မပေးဘူးဆိုသူကစ၍ အတိအလင်းပြည်နယ်ပေးမည်ဟုဆိုခဲ့ခြင်းတွင် ဥပဒေ၏ဝိညာဉ်ကျသည်ဟူ၍လည်းကောင်း ကျွန်ုပ်တို့က ဆွေးနွေးဖော်ပြခဲ့ပါ၏။

သူတို့သာ အာဏာနှင့်ယနေ့တည်နေလျှင် ပေါ့ကောင်တွေ၊ ဝိညာဉ်ကောလို့ ဘာကြီးဖြစ်နေနေ ငါတို့မှန်သကွဟုဆိုလျှင် ပြည်သူတွေခံကြရဦးမည်။

သူတို့သည် ကမ္ဘာ့ရာဇဝင်ကို ဖတ်ဖူးကြပါ၏။ ရန်ကုန်တက္ကသိုလ်ကြီးမှ အချို့သောသူများသည် ဘီအေအောင်ခဲ့ကြ၏။

အတွေ့အကြုံနည်းသေးလို့ပဲ။

အင်္ဂလန်မှာကဲ့သို့ လူတွေခံရသော အစိတ်အပိုင်းမှာ နည်းသေးလို့ပဲဟူ၍သာ ကျွန်တော်တို့ယူဆလာခဲ့ကြ၏။

ဒေါ်ပြန်မခေတ်နိုင်သရွေ့ ဝိညာဉ်ကျသော စက်ယန္တရားကြီးသည် ခုတ်မောင်းဦးမှာပဲဟူ၍သာ ရာဇဝင်ဆရာတို့၏ လေသံနှင့် ကျွန်တော်တို့ခံခဲ့ကြရလေသည်။

တစ်နေ့တွင် ချွတ်ယွင်းလျှင် ဒေါ်ပြန်တစ်ခုခုရှိစမြဲဟူသော ရာဇဝင်ကို ကျွန်တော်တို့တစ်တွေသည် မစွဲတတ်ကြသေး၍လူလည်ရုပ် စက်ယန္တရားကြီးကို အတောမသတ် ခုတ်မောင်းစေခဲ့ကြ၏။

**အင်္ဂလန်ရာဇဝင်ထဲမှ ကောက်နုတ်ချက်**

သာမန်ကျောင်းသုံးစာအုပ်တစ်အုပ်ထဲမှ ထုတ်နုတ်၍ ကျွန်တော်တို့က ရေးပါရစေ။

ဝါးနာနှင့် မာတင်အမည်ရှိကြသော အင်္ဂလိပ်လူမျိုး ရာဇဝင်ဆရာနှစ်ဦး ရေးသားသည့် "ဗြိတိသျှရာဇဝင်၏ အခြေခံ" ခေါ် ရာဇဝင်စာအုပ်ကို ကျွန်တော်တို့က ကိုးကားပါရစေ။

စာမျက်နှာ နံပါတ် ၃၈၅ မှ ၃၈၈ အထိ ချားလ်ဘုရင် ကွပ်မျက်ခြင်းခံရသော အစိတ်အပိုင်းကို လေ့လာသင့်ကြပေသည်။

ထိုခေတ်သည် အင်္ဂလိပ်တွေ၏ ကာလေးဘာဝဟူ၍ ကျွန်တော် ယူဆမိတော့သည်။

ဗြိတိသျှပါလီမန်နှင့် ပထမမြောက်ချားလ်ဘုရင်အကြောင်းကို ရာဇဝင်ဆရာက ရေးသား၍ထား၏။

လူသားတွေဖြစ်ပျက်သမျှတွင် အခြေခံမှာ အတူတူပင်ဖြစ်ကြ၏။ အသွင်တွေကသာလျှင် တစ်မျိုးစီဖြစ်ခဲ့ကြ၏။

အစပထမတွင် ရှင်ဘုရင်နှင့်ပါလီမန်တို့ ပဋိပက္ခဖြစ်ခဲ့ကြ၏။ ၎င်းနောက် ရှင်ဘုရင်နှင့်တပ်မတော် ပဋိပက္ခဖြစ်ခဲ့ကြ၏။

"ခရွမ်းဝဲလ်" အမည်ရှိသော ပါလီမန်အမတ်တစ်ဦးက ရှင်ဘုရင်နှင့် ပါလီမန်၏ပဋိပက္ခနေ၍ စစ်ခင်းခဲ့၏။ စစ်ပွဲ၍မရသည့် အဆုံး၌ "ခရွမ်းဝဲလ်" သည် တပ်မတော်ဘက်မှပါသွား၏။ (စာမျက်နှာ နံပါတ် ၃၈၆ ကို ဖတ်ပါ)

တိုင်းရေးပြည်ရေးကို ဝန်ကြီး ၁၀ ဦးနှင့် ပါလီမန်ကိုလွှဲရန် ခရွမ်းဝဲလ်က စီမံရာရှင်ဘုရင်က ထိုစီမံချက်ကို ငြင်းပယ်ခဲ့၏။ ရာဇဝင်ဆရာက ရှင်ဘုရင်သည် မှားသည်ဟုရေးထား၏။

၁၆၄၈ ခု ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဗြိတိသျှပါလီမန်တံခါးကို ပိတ်ပြီး ရှင်ဘုရင်ကိုစစ်ဆေးသော ခုံရုံးအဖွဲ့တစ်ဖွဲ့ခန့်အပ်၏။ ၎င်းနောက် ရှင်ဘုရင်ကို ကွပ်မျက်ကြောင်း ရာဇဝင်တွင် အကျယ်ရေးသားထား၏။

ရာဇဝင်က ဆုံးမလာ၍ ယနေ့ဗြိတိသျှလူမျိုး "မင်း(န်)စတား" တွေသည် စိတ်မသန့်သည်နှင့်တစ်ပြိုင်နက် ရာထူးကနုတ်ထွက်သော

အငြင်းအလားတစ်ခု ကျန်နေ၏။

မြန်မာလူမျိုးမှာ ဤရာဇဝင်မျိုးကို မခွဲခဲ့ချေ။ မြန်မာရာဇဝင်သည် အကြင်သူတစ်ဦးက နန်းကိုလုရှိနိုင်လျှင် နိုင်သူလုပ်သမျှ မှန်သည်ဟု ဆိုလာကြ၏။ ဗြိတိသျှရာဇဝင်ကိုလေ့လာသော မြန်မာတို့ပင်လျှင် အဘအာ ရှေ့သူ သူတို့လုပ်သမျှမှန်ရမည်ဟု ဆိုလာကြ၏။ အနာဂတ် မြန်မာရာဇဝင် သည် မည်သို့ဖြစ်မည်ကို ကျွန်တော်တို့ မတွေးတောတတ်ချေ။ ကျွန်တော် တို့သည် မရေးတတ်တော့ချေ။

မြဝတီမင်းကြီး ဦးစသည် မင်းညီမင်းသားများကို (၎)တပ်၍ခေါ် သဖြင့် (၎)တပ်၍ခေါ်ခြင်းကို ခံရသော မင်းသားသည် ဘုရင်ဖြစ်လာရာ မြဝတီမင်းကြီးကို အကျဉ်းချထားခြင်းခံရ၏။ (ဓမ္မကျွန်းလုံး သီချင်းခံကို ရေးသော အဋ္ဌုပ္ပတ္တိကို ဖတ်ကြပါ)

ရာဇဝင်မှတ်စုရေး ဆရာများက "မတရားသောအခွန်ကောက်ခံမှု ကြောင့် ချားလ်ဘုရင်နှင့် ပါလီမန်ပဋိပက္ခဖြစ်ကြသည်"ဟု ဝါကျတစ်ကြောင်း တည်းနှင့် ရေးသားထားသည်ကို ကျွန်တော်တို့ဖတ်ရ၏။

ဘုရင့်အာဏာကို ချုပ်ချယ်ထားသော ဘုရင်စနစ်မျိုး အင်္ဂလန်၌သာ ကျန်တော့ခြင်းမှာ သူတို့ရာဇဝင်အရ ဖြစ်ရ၏။

၁၉၆၂ ခု မတ်လ ၂ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ပေါ်ရသောအရေးကို ရာဇဝင်ဆရာတွေက မည်သို့ရေးမည်ကို ကျွန်တော်မသိချေ။ ယူဆပုံမှာ သူတို့က ကျွန်တော်တို့ထက်သာပေမည်။

ကျွန်တော်တို့ ရေးနေရခြင်းမှာ အခြေခံဥပဒေကြီးသည် အဘယ် ကြောင့် ကျဆုံးရသလဲဟူသော ကဏ္ဍတစ်ခုကိုသာအလေးအနက်ပြု၍ (ဝါ)ဖိ၍ရေးတတ်ပါ၏။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမရေးဘဲနှင့် မြန်မာနိုင်ငံကို အစဉ် အလာများနှင့် အုပ်ချုပ်နိုင်လျှင် အတိုင်းထက်အလွန် တံခွန်နှင့် ဘုရား ဖြစ်ပေမည်။

အခြေခံဥပဒေ၏ဝိညာဉ်သည် ပါလီမန်၏ပြင်ပတွင် ရှိသည်က ဗိုလ် များပါ၏။

နှိုင်းယှဉ်ခြင်းအားဖြင့် ရေးရသော် လက်ရှိဖဆပလထဲတွင် အတွေး

အခေါ်နက်သူတွေ ရှိတန်သရွေ့ရှိပါ၏။ လုပ်ချင်တာလုပ်နိုင်သော အိမ်ဆောင်ပါလီမန် ပေါ်ကာတည်းကလည်းကောင်း၊ ပါလီမန်အမတ်တွေ ညံ့လာကတည်းကလည်းကောင်း တစ်ခုခုတော့ တစ်ခုခုပဲဟု သတင်းစာတွေက ရေးခဲ့ကြ၏။ ဂရုစိုက်တတ်သော နိုင်ငံရေးသမားမပေါ်ခဲ့ချေ။

အင်္ဂလန်ရာဇဝင်မှာ အလှမ်းဝေးလှပါသည်။

ပါကစ္စတန်တွင် လူတစ်ယောက်တည်းက တစ်နေ့လုံးမဲဆန္ဒရှင် ၁၀ ဦးအတွက် မဲပေးသည်ဟု သတင်းစာတွင်ဖတ်ရပြီး ၁၉၅၈ စုနစ်မတိုင်မီ အာဏာသိမ်းမှုတစ်ခုသည် ပေါ်ခဲ့၏။

တူရကီရာဇဝင်ကို နိုင်ငံရေးသမားတွေအသိဖြစ်၏။

ကိုရီးယားတောင်ပိုင်းတွင် သမ္မတကြီးထွက်ပြေးရသည်ကို အားလုံးအသိဖြစ်ကြ၏။

ရာဇဝင်တွေသည် ဆိုင်းဘိုင်းပမာ မြန်မာနိုင်ငံကိုပတ်လည်ဝိုင်းနေသည့် ပေါ်ကြားတွင် ပထမပ အစိုးရက နုတ်ကွန်းဆောက်ရခြင်းမှာ ရာဇဝင်မှတ်တမ်းတစ်ခုဖြစ်ရ၏။

အစိမ်းသေ နုတ်တွေ၏အတွင်းရေးကို ကျွန်တော်တို့မသိပါ။ သိမည့်ပုဂ္ဂိုလ်တွေရှိပါ၏။ သို့သော် နာမည်ကိုဖွင့်၍ မရေးလိုပါ။ ဤနေရာတွင် ခေါက်တာ ဗမော်က "ဆူပါစတီးရှင်" ခေါ် ဥပါဒါန်စိတ်တွေကြောင့် မြန်မာနိုင်ငံတွင် အာဏာပြောင်းရသည်ဟု "ဂါဒီယန်"သတင်းစာတွင် ရေးသားခြင်းမှာ ထိမိလှပေသည်။

အခြေခံဥပဒေကြီး၏ဝိညာဉ်ပြိုဆင်းယိုယွင်းနေသည်မှာ တောခေါင်ခေါင်က စတင်ရခြင်းမဟုတ်ပါ။

ရန်ကုန်မြို့ ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် (၈) ဖဆပလ ဌာနချုပ်က စတင်ခဲ့ပါ၏။

ဖဆပလအမှုဆောင်အဖွဲ့ဝင်များ၏ ဆန္ဒမဲနှင့်ခေါင်းဆောင်ဖြစ်လျှင် ထိုခေါင်းဆောင်သည် မှန်၏။ အနှစ် ၄၀ မကာ စကားနိုင်လှ၍ ရေးရလျှင် အနှစ် ၄၀၀ အထိ လက်ခံရန်သင့်ကြပါ၏။

ဤသို့ မဟုတ်ခြင်းကား အခြေခံဥပဒေ၏ ဝိညာဉ်ကျဆင်းခြင်းပင် ဖြစ်၏။

**အလှည့်ကျသော လေသံ**

ဝန်ကြီးချုပ်ရာထူးကို အလှည့်ကျယူရန်ဟူသောအသံ ပေါ်ထွက်လာသည့် နေ့ကစ၍ အခြေခံဥပဒေ၏ဝိညာဉ်သည် သိသိသာသာကြီး ကျဆင်းလာပြန်၏။ မျက်နှာတွင် အနုကွက်ပေါ်သလို ဖြစ်ရ၏။ (ဖဆပလ ကွဲစက ဦးကျော်ငြိမ်းနှင့် ဦးနုစာပေးစာယူပြုပုံ ဗမာ့ခေတ်တွင် ဖော်ပြသည်ကို မော်ကွန်းတိုက်တွင် ထိန်းသိမ်းထားသင့်၏)

အလှည့်ကျစနစ်ကြီးသည် အဘယ်မျှ အသည်းတုန်စရာကောင်းသလဲဟု ဖော်ပြရသော် သမ္မတရာထူးကိုပင် အလှည့်ကျခန့်ရမည်ဟု ဆိုလာကြ၏။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အလှည့်ကျဟူသောစကား မပေါ် ပါတကားဟုပြောရာ ပင်လုံစာချုပ်တွင်ပါသည်ဟု ဆိုကြ၏။

တကောင်းအဘိရာဇာခေတ်ကအစ ယနေ့အထိ အသေခံခဲ့သော၊ ...ဆုံး ပြင်တိုက်ခိုက်ခဲ့သော၊ ထိုပြင်ခေါင်းဆောင်ခဲ့သော လူဦးရေများသော "မြန်မာ"တွေမှာ ပုဆိုးခေါင်းမြီးခြုံ၊ မျက်စိပိတ်၊ နားပိတ်ပြီး ငုတ်တုတ်ကြီးခံနေကြရာ "ပြည်နယ်ပေးဟဲ့"ဟူသော လက်ညှိုးကြီးတွေ တဒေါက်ဒေါက်ထိုးခြင်းကို ခံခဲ့ကြရ၏။

ကျိန်စာသိနေကြသလို ကျွန်တော်တို့က အားလုံးမြန်မာပဲမဟုတ်လားဗျ တစ်ခွန်းတစ်ပါဒကလေးမျှ တုံ့ပြန်၍မပြောရဲခဲ့ကြချေ။ သေသူကို ရှင်သူက တရားသည်ဟူသော ဘဝသို့ မြန်မာတွေ ရောက်ကြရတော့၏။

မှတ်ဆလင်အချို့ကပင် ပြည်နယ်တောင်းမဟဲ့ဟူသောသတင်းကို သတင်းစာတွေက အုပ်ထားခဲ့ကြ၏။

ပြည်ထောင်စုကို သစ္စာရှိသည်ဟုဆိုကြရာ ဘယ်မှာလဲ ပြည်ထောင်စု၊ ဘယ်လဲ သစ္စာဟု မမေးကြရဘူးလားဗျို့ဟု ကျွန်တော်တို့က ရေးပါရစေ

[၉]

# ပါလီမန်သည် အကာအကွယ်ယူဖို့ ဖြစ်သလော

အခြေခံဥပဒေ၏ ဝိညာဉ်ကျဆုံးနေခဲ့သည်မှာ ကြာလှပါပြီဟု ထပ်တလဲလဲ ကျွန်တော်တို့သည် ရေးခဲ့ပါပြီ။

မှတ္တိုလ်တစ်ခု လုပ်ချင်သမျှလုပ်ဖို့ရန် (က) ပါလီမန်ကို ဇန်းပြီး အကာအကွယ်ယူခဲ့ပုံ (ခ) ဖဆပလကို အကာအကွယ်ယူခဲ့ပုံကို ယနေ့မှ ကျွန်တော်ရေးခဲ့ခြင်း မဟုတ်ပါ။

**သက်သေခံပစ္စည်း**

ပြည်သူ့ထံသို့ သက်သေခံပစ္စည်းအဖြစ်တင်ပြရန် ၁၉၅၃ ခု ဩဂုတ်လ ၁၃ ရက်နေ့က မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် မြန်မာပါလီမန်တွင် ဖြစ်ပျက်ခဲ့ပုံကို ကျွန်တော်သည် ရေးခဲ့ပါ၏။ အင်္ဂလိပ်စာမူနှင့် ရေးသော စာအုပ်ငယ် စာမျက်နှာ နံပါတ် ၆ တွင် ရေးခဲ့ပါ၏။

"၁၉၅၁ ခု အောက်တိုဘာလ ၁ ရက်နေ့တွင် ကာကွယ်ငြိမ်းချမ်းရေးအတိုက်ဦးဝင်းက တင်သွင်းစဉ် ဘာကိုဆိုလိုမှန်း ကျွန်တော်မသိခဲ့ချေ" စသည်ဖြင့်ရေးခဲ့ပါ၏။

ကာက်ဘိနက်အဖွဲ့ဝင် မင်း(န်)စတားလုပ်သူက မသိရခြင်းမှာ ရာဇဝင်ရှိင်းလေစွတကားဟု ယူဆခဲ့၏။ ပြင်ပက အမတ်မဟုတ်၊ သာမန်မိတ်ဆွေ ဟစ်ဦးကသာ ကြိတ်ဝိုင်းထိုင်ပြောအစည်းအဝေးတွင် သူတို့ကြံစည်ပုံကို

သိရ၏။

ပြောစရာရှိလျှင် သက်သေမရှာမှာစိုး၍ ဖဆပလ အဖွဲ့ဆောင်ခေါ် သေးပါဟု ကျွန်တော်က စာရေးရာ စာမပြန်ကြချေ။

စာနှင့်ရေး၍မရလျှင် လူကိုယ်တိုင်တွေ့မည်ဟုဆို၍ လူကိုယ်တိုင် တွေ့ခဲ့ရာ . . .

"သဘောမတူပေမဲ့လို့ ရာထူးက မထွက်ရဲတော့ လက်ခံရတာပဲ" ဟူသော သဘောကို လက်ဆုပ်လက်ကိုင် ကျွန်တော်သည် မိလာတော့၏။

ပြော် နိုင်ငံရေး အခြေခံပညာ စာအုပ်တွင်ဝေစားခြင်း၊ သို့မဟုတ် (သစ်တုံးလှိမ့်ခြင်း) သည် ဒီမိုကရေစီပျက်စီးစေသည်ဟု ရေးခြင်းမှာ ဒါကို ဆိုတာပဲဟု ကျွန်တော်သည် ဖွဲ့လာတော့၏။

အခြေခံဥပဒေ၏ဝိညာဉ်ကျခဲ့ကြောင်းကို ရေးနေရခြင်းသာဖြစ်ပါ၏။ ဘသိကြီးဆက်၍တွေးတောလျှင် ရာဇဝင်ရိုင်းကွက်တွေများလွန်း၍ ဆက် သက်၍ မရေးရပါရစေနှင့်တော့၊ စုံစမ်းရဲသူပေါ်လျှင် မှန်ကန်မှုတွေ ပေါ်ပါ သိမ့်မည်။

ဤဟိတသာမာ ထို့ကြောင့် ကျွန်တော်တို့နှင့် အခြေခံဥပဒေနှင့် ထိုက် တန်ရဲ့လားဟု မေးနေရခြင်းဖြစ်ပါ၏။

ပါလီမန်တွင် (သဏ္ဍာဝါဝေနေယျများကို ဤပါလီမန်က သနားပါ သည်)ဟူသော အဆိုတစ်ခု အတည်ပြုပြီး ရှိသမျှ အကျဉ်းသမားတွေကို လွှတ်ခဲ့ခြင်းမှာ တော်ပေသေးသည်ဟု ဆိုရပေမည်။

ကျွန်တော်တို့တစ်တွေ ညံ့၍မှားခဲ့သမျှ မှားပါစေ။

ယနေ့တော်လှန်ရေးကောင်စီက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေး လျှင် ဤချွတ်ယွင်းချက်မျိုးမရှိအောင် ဘယ်လိုလုပ်ကြမည်လဲ။

မှားသမျှကို ကံတရားနှင့်ကိုင်ပေါက်ကြမည်လား။

ပြည်သူတွေ၏ အရည်အသွေးရင့်သန်လာလျှင်လည်း ကံနှင့်ကိုင် ပေါက်ကြမည်လား။

တေခင်နှင့် ကိုင်ပေါက်ဦးမည်လား။ ဤသို့လုပ်စတမ်းဆိုလျှင် နိုင်ငံရေး ရယ်လို့များ ဤနိုင်ငံတွင် လိုအပ်သေးသလားဟု တိုင်းပြည်ကို မေးပါရ စေ။ နိုင်ငံရေးသိပ္ပံဟူ၍ လိုသေးသလား . . .။

လုပ်သမျှ ၄င်းခံလိုကြလျှင် အသက်ဦးဆံပိုင်ရှင်ဘုရင်စနစ်ကို ရှိရဲ အသက်သွင်းကြပါ။ ကျွန်တော်တို့ လူနည်းစုဖြစ်လျှင် ခံရဲသာရှိပါ၏။

**မြင်းပတွင်မြစ်ပုံတစ်ခု**

ပါလီမန်နှင့်လည်းမဆိုင်၊ နိုင်ငံရေးနှင့်မဆိုင် ကိုယ့်ထူးကိုယ်ချွန်သော ကင်းထောက်လုလင်ကလေးများ၏လောကတွင်းသို့ လူလည်လုပ်ရောဂါ ဝင်လာတော့၏။ အခြေခံဥပဒေလောကတွင်းသို့ပင် မဆိုထားဘိ၊ နှစ်ပေါင်းများစွာက ကမ္ဘာက ကြည်ညိုလာသော “စကောက်” ခေါ် ကင်းထောက်လောကထဲသို့ အောက်ပါအတိုင်းဝင်လာ၏။

လူငယ်ကလေးတွေအဖို့မှာ ကင်းထောက်အတတ်အဖြစ် ကြိုးချည်သောအလုပ်၊ တွင်းတူးသောအလုပ်၊ ဟန်ကြီးပန်ကြီးမလုပ်ဘဲ ကိုယ့်ထူးကိုယ်ချွန်အလုပ်၊ မိမိတို့တဲအိမ်ကို မိမိတို့တည်ဆောက်ပြီး လက်ဖြစ်တဲအိမ်နှင့်နေသော အစိတ်အပိုင်းကား ပြည်သူ၏အလေ့အကျင့်တိုးတက်စေသော လုပ်ငန်းတစ်ခုဟု ကမ္ဘာက ယူဆလာခဲ့ကြ၏။

မြန်မာနိုင်ငံရှိ ဤခေတ်ပုဂ္ဂိုလ်တစ်ဦးက “မင်းတို့တဲနှင့် နေရတာ နံ့ရှာလှသကွာ၊ တိုက်နှင့်မနေချင်ကြဘူးလား” ဟု မေးရာ လူငယ်တွေက နေချင်တာပေါ့ဟု ဆိုကြ၏။

ဤသို့မေးသူက မေးကတည်းက စကောက်လုပ်ငန်းပျက်သွားတော့၏။ ကင်းထောက်တို့၏ ဝိညာဉ်ပျက်သွားတော့၏။

စည်းစိမ်ယစ်ဖို့ဆိုလျှင် ကိုယ့်သားသမီးတွေကို အိမ်တွင်အနေခိုင်းမှာပေါ့။ စကောက်အလုပ်ကို ဝင်ရန် သဘောတူမိသည်မှာ မှားလေခြင်းဟု၍ မိဘတွေသည် ယူဆတော့၏။

စကောက်မားစတားသည် ရာထူးကထွက်ပြီး အခြားအလုပ်ကို လုပ်နေတော့၏။

မင်းတို့ တိုက်ကြီးနှင့်မနေချင်ဘူးလားဟု၍ မေးသူမှာ ရန်ကုန် တက္ကသိုလ်က ဘီအေအောင်သူတစ်ဦးဖြစ်၏။

ဤလိုလူစားမျိုးတွေ ပေါ်များလာလျှင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ကျွန်တော်တို့သည် တန်သေးရဲ့လား။

လူစားထိုး၍ စာမေးပွဲဖြေဆိုပြီး စာမေးပွဲအောင်တော့ မှန်ရော့တဲ့လား။

စာမေးပွဲမဖြေဘဲနှင့်အောင်တော့ကော မှန်ရောလား? ဘီအေလက်မှတ်ကြီး လက်ထဲဆုပ်ကိုင်ပြီး စာတစ်လုံးမှ မတတ်တာကို လက်ခံရမှာလား။

ရုပ်သေးနှင့် ဇာတ်သဘင်များတွင် မောင်သာဂရနှင့် မနှင်းနွယ်တို့၏ ဇာတ်ထုပ်ကိုပြကြ၏။

မောင်သာဂရနှင့် မနှင်းနွယ်တို့ သေကြ၍ ကြိုးကြာဖို၊ ကြိုးကြာမ ဖြစ်ကြပြန်ရာ ကြိုးကြာမမှာ မြားနှင့်ပစ်ခြင်းကိုခံရ၍ သေပြန်၏။

နောက်ဆုံးတွင် ကြိုးကြာဖိုက တရားစည်ကို နှုတ်သီးနှင့်ခေါက်နိုင်သေး၏။

အဆိုပါ ဒဏ္ဍာရီဝတ္ထုမှာ တရားဥပဒေစိုးမိုးရေးကို သရုပ်ဖော်နေခြင်းပင်ဖြစ်၏။

ကျွန်တော်တို့က ကတ်သီးကတ်သတ်တွေး၍ ရေးရသော် ကြိုးကြာဖိုကို လမ်းကဖမ်း၍ သတ်ပစ်လျှင် တရားစည်ကိုပင် တီးနိုင်မည်မဟုတ်ဟု ဆိုနိုင်၏။

ရာဇဝင်တွင် လုပ်တိုင်းခံနေကြလျှင် တရားမျှတမှုဆိုခြင်းမှာ အလကားစကားဖြစ်တော့၏။

အခြေခံဥပဒေနှင့် ကျွန်တော်တို့ ထိုက်တန်သလားဟု ရေးရခြင်းမှာ တရားစည်ကြီးကို တီးသကဲ့သို့ သဘောထားကြပါဟု ရေးပါရစေ။

[ ၁၀ ]

## အသက်ဦးဆံပိုင် ဗိဇ ပယ်ဖျောက်၍မရပုံ

ငါတို့အာဏာရသည့်အခါ လုပ်ချင်တာလုပ်နိုင်တယ် "ငါတို့ကို တရား စီရင်မည့်သူမရှိ" ဟူ၍ ရှေးဘုရင်များ ယူဆခဲ့သည်မှာ မှားသည်ဟု မဆိုနိုင်ပါ။ ရှေးဘုရင်များသည် "အသက်ဦးဆံပိုင်ဘုရင်စနစ်" ဖြစ်ပါသည်ဟု ပြတ်ပြတ်သားသားဆိုခဲ့ကြ၏။ ရှင်ဘုရင်တစ်ပါးကို အခြား ရှင်ဘုရင်က ဖမ်းဆီးပြီး သုံ့ပန်းအဖြစ်ထားသည့်မှတွင် လမ်းဆုံးခဲ့၏။ ဘာမျှအငြင်းပွား နေစရာမလိုချေ။ ရာဇဝင်သာဓကတွေကို အသေးစိတ်မရေးလိုတော့ပါ။

ပြည်သူ့သဘောကို အခြေတည်၍ ပြည်သူ့ကိုယ်စားအုပ်ချုပ်ပါသည် ဟုဆိုသော ဤခေတ်တွင် ထွတ်လပ်စွာဝေဖန်ခွင့် ပြုကြရပေမည်။

အသက်ဦးဆံပိုင်ဖြစ်သော သီပေါဘုရင်လက်ထက်တွင်ပင် ယော အတွင်းဝန်ဦးလှိုင်က အထက်လွှတ်တော်၊ အောက်လွှတ်တော်ထား၍ အုပ်ချုပ်ပါဟူ၍ ကျမ်းတစ်စောင်ရေးခဲ့၏။

(မှတ်ချက်။ ။ ထိုကျမ်းစာအုပ်တစ်အုပ် ဦးသိန်းဖေမြင့်လက်ဝယ်တွင် ရှိပါ၏)

ထိုစာအုပ်ကိုရေးသဖြင့် ယောအတွင်းဝန်ဦးလှိုင်မှာ ရာထူးချထားခြင်း ခံရ၏။

ယောအတွင်းဝန် ဦးလှိုင်ရေးသားချက်ကို ထိုခေတ်က လက်ခံခဲ့လျှင် သီပေါဘုရင်သည် ပါတော်မူမည်မဟုတ်ချေ။ ဤသည်ကား ကျွန်တော်၏

အင်မြင့်ချက်တစ်ခုသာဖြစ်ပါ၏။

အခြေခံဥပဒေဆို၍ ဘယ်အခြေခံဥပဒေမျိုးနှင့်မှ ကျွန်တော်တို့သည် ဆိုက်တန်ခဲ့ပုံကို ကျွန်တော်က ဆက်လက်၍ရေးသားနေရခြင်းဖြစ်ပါ၏။ ဆိုက်တန်ချင်လွန်း၍ ဤသို့ရေးနေရပါ၏။

ဖဆပလကြီးကွဲခါစတွင် ခေါင်းဆောင်တစ်ဦးဦးက အနာခံ၍ ဖဆပလ အမှုဆောင်အဖွဲ့မှ ထွက်ရဲခဲ့လျှင်လည်းကောင်း၊ ထွက်ပြီးမှ အတိုက်အခံပြုခဲ့လျှင်လည်းကောင်း ဖဆပလ မကွဲနိုင်ခဲ့ပါ။

အိန္ဒိယနေရှင်နယ် ကွန်ဂရက်သည် ကွဲခဲ့ပါ၏။ သို့သော် ကွန်ဂရက်က ခွဲထွက်ပြီး (မော်ဒရိတ်)ပါတီထောင်ခဲ့ကြ၏။ လစ်ဘရဲလ်ပါတီထောင်ခဲ့ကြ၏။ ယနေ့ထက်ထိ အိန္ဒိယကွန်ဂရက်မကွဲပါ။ အခြားပါတီတွေသည် ယနေ့ မရှိတော့ပါ။

ဖဆပလ တန်နိုးကြီးခဲ့စဉ်က (ငါတို့ ကိုးစီဘီအေလို မဟုတ်ဘူးကွ) ဟု ဆိုခဲ့ကြရာ အရသာရှိခဲ့ကြပါ၏။

ဖဆပလ (အီးစီ)ခေါ်အမှုဆောင်အဖွဲ့ထဲက မနုတ်ထွက်လိုက နေနိုင်သည်ဟုဆိုကြပါစို့။ လျှော့ပေါ့၍ ယူဆကြပါစို့။

"ကျွဲနို့အိုးကွဲလျှင် ရွှေစည်းခုံလျှ" ဆိုသကဲ့သို့ ဖဆပလ အဆောက်အအုံကို ဦးနုက ပြတိုက်ကြီးအဖြစ် အစိုးရကိုလှူသည့်ဘဝသို့ရောက်ခဲ့ရာ မြန်မာနိုင်ငံသားတွေသည် ဘယ်လိုနေကြရပင်မသိချေ။ သူတို့ မရုက်ကြသော်လည်း ရုပ်ထဲရွာထဲက ရှက်တတ်ကြ၏။ သားသမီးကိုသတ်၍ စားသည်နှင့် တူခဲ့၏။

သစ္စာရှိသည်ဆိုသောစကားတွင် ဘာမှအဓိပ္ပာယ်မရှိမှန်း ထိုအခါက၍ ပြည်သူတွေသည် စွဲလာကြတော့၏။

ကိုယ်ကျိုးဘက်မှနေ၍ ကြည့်သောလေသံသည် အဘယ်မျှပြင်းထန်လာသလဲ တွေးတောကြရလျှင် "ဖွတ်မရ တားမတော့အဆုံးမခံဘူးဟေ့" ဟု ဆိုသံကို ယနေ့ထက်တိုင် ကြားနေတော့၍ အမျိုးသမီးတွေပင် ဆတ်ဆတ်ခါနာကြည်းကြ၏။

ဤတွင်မကသေးပါ။ တစ်ပြည်လုံးက ယူကျုံးမရ ဖြစ်ခဲ့ ကန့်ကွက်နေသော ဥပဒေကြမ်းတစ်ခုကို ပါလီမန်တွင် တင်သွားရာ "ရှိကြီးခိုးပါရဲ့၊

ဥပဒေကိုလက်ခံပါ"ဟု ဆိုလာတော့၏။ ကျွန်ုပ်တို့သည် မှုရွလမ်းခွာ၍ ရေးနေခြင်းမဟုတ်ပါ။ အသက်ဦးဆံပိုင်ဘုရင်၏စိတ်ဓာတ်သည် မည်မျှ အထိပြင်းထန်လာသလဲဟူသော သဘောကိုပြည်သူထံသို့ တင်ပြနေရခြင်း ဖြစ်၏။

**ပဋိပက္ခမပါချင်း မရှိကြချေ**

လွတ်လပ်ရေးကို ဘာလို့လိုချင်ကြသလဲ။

ကိုယ့်အရေးကို ကိုယ်တိုင်ဆုံးဖြတ်ချင်၍ လိုချင်ခဲ့ကြပါ၏။

ကိုယ့်အရေးကို ကိုယ်တိုင်ဆုံးဖြတ်လိုလျှင် ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးရ၏။

ကိုယ်ပိုင်အုပ်ချုပ်ရေးပေးမှ လူတွေသည်အဘယ်မျှတော်သလဲ သိနိုင်၏။

အထက်ပါ အခြေခံတစ်ခုကို လက်ခံပြီးလွတ်လပ်ရေးအတွက် တစ်တိုင်းပြည်လုံးအနှာခံလာကြရာ "ငါဝန်ကြီးချုပ်ရာထူးက နုတ်ထွက်လျှင် သူတစ်ထူး ဝန်ကြီးချုပ်ဖြစ်မှာစိုးလို့ . . . " ကွဲရသည်ဆိုခြင်းမှာ ဖဆပလ၏ အကွဲအခြေခံတစ်ရပ်ပင်ဖြစ်တော့၏။

အခြေခံဥပဒေအရဆိုလျှင် ဦးဗဆွေဝန်ကြီးချုပ်ဖြစ်ပါစေလား၊ ဆန္ဒမဲများလျှင် ဦးကျော်ငြိမ်းဖြစ်ပါစေလား၊ သခင်ကျော်ထွန်း ဖြစ်ပါစေလား၊ ဦးရှိန်ဖြစ်ပါစေလားဟု လမ်းစဉ်သမားတိုင်းက ယူဆခဲ့ကြ၏။

ရာဇဝင်ဆရာတွေသည် လူမျိုး၏အတိမ်အနက်ကို ဆေးအေးဆေးဆေး လေ့လာလိုကြလျှင် ဦးဗဆွေက ဖဆပလကွဲပြီးမှ အယုံအကြည်မရှိအဆို ပါလီမန်တွင် သွင်းစဉ်က ပြောဆိုချက်များကို ဖတ်နိုင်ကြ၏။

ဘုရားထီးတင်သည့် အကြောင်းတွေ၊ နောက်ဆေး စာထွက်သွားရာ ကုလားထိုင်ပေါ် လူရောက်နေကြောင်းတွေကို ဖတ်ရလိမ့်မည်။

အခြေခံဥပဒေ၏ ရပ်တည်မှုဟူ၍ တစ်ခုမှမပါချေ။ (ပါလီမန် မှတ်တမ်းကို ဖတ်ပါ)

ကျီးကိုအေ အသံတိတ်သွားသော မြန်မာရာဇဝင်အစိတ်အပိုင်းတစ်ခု ကို ယခုဖော်ပါအံ့။

မန္တလေးမြို့ဇာတိအမျိုးသားကျောင်းတွင် ညီညွတ်ရေးအစည်းအဝေး ကျင်းပစဉ် လှိုင်ပုကျော် ဂျီစီဘီအေ ကြီးမှူးသော လူအုပ်ကြီးက ချီတက် လာရာ သေနတ်နှင့်ပစ်၍ လူတွေသေကုန်သည့်နေ့ကစ၍ ဂျီစီဘီအေတွေ အသံတိတ်ခဲ့ကြ၏။

စီပီခင်မောင်၊ ဦးထွန်းအောင်ကျော်တို့ ထောင်ကျခံခဲ့ကြရ၏။

ထိုအခါက အင်္ဂလိပ်က အုပ်ချုပ်ခဲ့၏။

"မနေ့တစ်နေ့တုန်းကတော့ တစ်မိနက်သောအသံကြီးဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏အလံတော်ကို အလေးပြု"ဟု ဆိုကာ တစ်မိနစ်တိတ် ငြိမ်သက်ကြပြီးလျှင် "သက်သာ"ဟု ဆိုပါမှ အသက်ရှုခဲ့သော ပုဂ္ဂိုလ်ကြီး တွေတစ်စုက ရန်ကုန်မြို့ပြည်လမ်း ပြည်ထောင်စုသတင်းစာဖွင့်သော နေရာသို့ ရောက်ခဲ့ကြ၏။

အခြားလူကြီးတစ်စုက ကြည့်မြင်တိုင်ဟုမ်းလမ်း ဦးဗဆွေ၏အိမ်ဝင်း သို့ ရောက်ခဲ့ကြ၏။ မူလ ဖဆပလ ဌာနချုပ်သည် သုသာန်တစ ဖြစ် ခဲ့၏။

ရှေးက ဝံသာနု ဂျီစီဘီအေသည် ဦးဗဆွေ၏ နေအိမ်အနောက်ဘက် သို့ ရောက်ခဲ့သည်ကိုပြော၍ ကျွန်တော်တို့သည် သတိရမိတော့၏။

အာဏာလိုချင်လျှင် လိမ်ရတယ်ဟူသော ဆောင်ပုဒ်ကို ကန်စွန်းရွက်၊ ဘူးရွက်ခူးရသလောက် မခက်သောအမူအရာနှင့်လိမ်လည် လှည့်ဖြားပြီး ပါတီထောင်ခဲ့ကြ၏။

ပါတီချင်းကွဲခြင်းကို ဤကမ္ဘာ၌ ဘယ်တုန်းကမှ ရှောင်၍မရခဲ့ချေ။ သို့သော်အခြေခံမရှိဘဲနှင့် ကွဲခြင်းမှာ မသင့်ချေ။ ဗြိတိသျှလေဘာပါတီ ကွဲခဲ့၏။ သူတို့အဖို့မှာ ကွဲလေ တိုးတက်လေလေဖြစ်ခဲ့၏။

အထက်ပါ ပြည်သူ့သမိုင်းစဉ်ကိုရေးရာ ဤနိုင်ငံ၌ ကျွန်တော့်ထက် ပို၍သိသော ပုဂ္ဂိုလ်တွေ အများကြီးရှိပါ၏။ ပြည်သူပြည်သားအများစုကို မဆိုထားဘိ၊ ကက်ဗိနက်မင်းစတားတွေပင် မသိအောင်ကွဲခဲ့ရသော လူမှု အသိုက်အအုံမျိုးကို ဘယ်အခြေခံဥပဒေနှင့် တော်သလဲ . . .။

■

[ ၁၁ ]

# ဟယ်ခနဲဖြစ်သော အသံတွေ

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးသည် တော်လည်းသံကြီးမြည် ဟည်းသည့်ပမာ မြည်သောအသံကို ပြည်သူတွေကြားစေ၍ တောင်ထိပ်ကြီး ပြိုကျဘိသည့်အလားဥပဒေကြီး ပြိုကျသွားလေပြီ။

မှုလကတည်းက ဝိညာဉ်ကျနေပြီနော၊ သိက္ခာမရှိဘူးနော သတင်းစာဆရာတွေက ရေးသားနေကြရာ ဝိညာဉ်ကို မမြင်ရဘူးဟု ဖြေဆိုခဲ့ကြ၏။

မြန်မာနိုင်ငံရှိ ပညာတတ်ကြီးတွေတွင်လည်းကောင်း၊ ဘိလပ်မြန်ကြီးတွေတွင်လည်းကောင်း၊ ကမ္ဘာကြီးကိုပတ်နေသောဂုဏ်ရှိလိကြီးများတွင်လည်းကောင်း သူတို့တစ်တွေ လုပ်ကိုင်နေကြပုံကို ကျွန်တော်တို့က ပြသရာတွင် လုပ်စာတ်ခင်းနေစရာမလိုပါ။

သတင်းစာ ဗိုင်တွဲတွေကိုလည်းကောင်း၊ ပါလီမန်မှတ်တမ်းတွေကိုလည်းကောင်း ကျွန်တော်တို့က တင်ပြပါရစေ။

**ဟာသကွက်တစ်ကွက်**

အခြေခံဥပဒေကို အလေးအနက်ပြု၍ ရေးသားနေစဉ် ရယ်စရာတစ်ခု အလိုလိုပေါ်နေခဲ့ဖူးသည်ကိုပါ ထည့်သွင်းရေးပါရစေ။

အိမ်တွင် ဝယ်ယူထားသော ရေဒီယိုကြီးကို ရှိန်းချင်တယ်ဟူသော အသံများကို ကျွန်တော်တို့သည် ကြားကြရတော့၏။

"ဘာကြောင့်လဲဗျ" ဟု မေးရာ

"မောင်မင်းကြီးသားကြောင့် ပါလီမန်တွင် ပြောသံကိုအမှန်အတိုင်း ကြားရတယ်" ဟု ဆိုလာကြ၏။ အတိအကျရေးလျှင် အမတ်တွေ ညှပ်ပိုက် ခုဒိယိုထဲက ကြားကြရပါမှ ပြည်သူတွေသည် ပို၍ပို၍နားလည်လာကြ၏။

ပါလီမန်မှတ်တမ်းဟူသည် မသင့်သော စကားလုံးများကို ဥက္ကဋ္ဌ၏ အမိန့်နှင့် ထုတ်ပစ်၍ ရနိုင်၏။

တိုက်ရိုက်အသံလွှင့်ရာ အမတ်တွေ ချောင်းဟန့်သံကအစ ရယာန်းရှင် သူတွေ ကြားကြရ၏။

နိုင်ငံတော်ဘာသာ တတိယပြင်ဆင်ချက် ဥပဒေကြမ်းကို ပါလီမန် တွင် တင်သွင်းစဉ် ဦးရာရှစ်ပြောဆိုသောအသံကို သေသေချာချာ ကျွန်ုပ် တို့သည် ကြားရ၏။

ဦးရာရှစ်က အခြေခံဥပဒေတတိယ ပြင်ဆင်ချက်ကို ကန့်ကွက် ကြောင်း၊ သူက ဝန်ကြီးအဖွဲ့က နုတ်ထွက်ပါမည်ဟုဆိုရာ ဦးနုက မထွက် ဘဲနေနိုင်ပါတယ်ဟု ဆိုကြောင်း ပြောဆိုနေစဉ် ဦးအေးမောင်က ဟုတ်ပါ တယ်ဟူ၍ ပြောလိုက်သောအသံတစ်သံကို ကြားလိုက်ကြရ၏။

ပြည်ထောင်စုသူ ပြည်ထောင်စုသားတွေမှာ (ဟယ်ခနဲ) ဖြစ်သွား ကြ၏။

ကျွန်တော်တို့ကအစ "ဟယ်" ခနဲဖြစ်ခဲ့ရာ ဘယ်လိုဖြစ်သွားမှန်းပင် မသိကြတော့ချေ။

ကက်ဗိနက်မင်း(န်)စတားတစ်ဦးသည် တွဲဖက်တာဝန်ယူရ၏။ တာဝန်မယူနိုင်၍ ဦးရာရှစ်က ရာထူးမှနုတ်ထွက်သည်ဟု ပြောခြင်းမှာ မှန်၏။ အဘယ်ကြောင့် ကက်ဗိနက်ထဲမှာ နေရန်ခွင့်ပြုသလဲ၊ ပါလီမန် ဒီမိုကရေစီဟူသည် အလကားစကားဖြစ်ပြန်တော့၏။

သက်သက်မဲ့ပြည်သူကိုစော်ကားသည်ဟု ကျွန်တော်တို့က ဆိုလျှင် ရှိုင်းနိုင်းမည်လား မသိချေ။

ဤသို့ ကျွန်တော်တို့ရေးနေရခြင်းမှာ လူကိုမုန်းသောဟူ၍ အလျှင်း မပါပါဟု ဖော်ပြပါရစေ။

"ဆန့်ကျင်ဘက်" သဘောတွေ များလွန်းလှပါသည်။

မွန်ပြည်နယ်ပေးမည်ဟုဆိုကြစဉ် ပမညတ အဖွဲ့ဝင်ဆိုသော မွန်မိုးချိုက ပဲခူးမြို့ကို မွန်မြို့တော် လုပ်ပါရစေဟူ၍ဆိုပုံကို ပဲခူးသတင်းထောက်က ရေးချိုပို့တော့၏။

"ဟယ်"ဟူသောအသံကြီးတစ်သံသည် တောင်ဘက်အစွန်း ကိုကိုးကျွန်းမှသည် မြောက်ဘက်အစွန်း ပူတာအိုမြို့အထိ ရိုက်ခတ်သွားတော့သတည်း။

ငှင်းနောက် မင်း(န်)စတား ဦးသွင်က မော်လမြိုင်မြို့ကို မွန်ပြည်နယ်၏မြို့တော်မလုပ်ပါနှင့်ဟု ဆိုလာ၏။ ကျွန်တော်တို့သည် ဦးသွင်၏သစ္စာကို ချီးကျူးပါ၏။

သို့သော် အဘယ်ကြောင့် ကက်ဘိနက်အဖွဲ့ထဲက မထွက်တာလဲဟု တစ်ဦးတစ်ယောက်မေးမြန်းလျှင် ဦးသွင်က "ဦးရာရှစ်မှ မထွက်ဘဲ၊ ကျွန်တော်ဘာလို့နုတ်ထွက်ရမှာလဲ"ဟု ဆိုပေမည်။

မွန်ပြည်နယ်ဟူသည် မုံ့ခုံ၊ ကျိုက်မရောလောက်ကိုသာ မွန်ပြည်နယ်ခေါ်ရမလိုလို ဖြစ်နေတော့၏။

ခေါင်းဆောင်တစ်ဦး လမ်းစဉ်တစ်ခုကို သစ္စာဖောက်လိုက်ရာ သစ်ပင်ကလေးနှစ်ပင်ကို ကြိုးဝိုင်းပြီး မဟာမြိုင်တောကြီးဟူ၍ ခေါ်ရတော့မလိုဖြစ်ခဲ့စဉ် တော်လှန်ရေးမပေါ်ရလျှင် ပြည်သူတွေ နွားတွေဖြစ်ရတော့မလိုဖြစ်ခဲ့၏။

ရယ်စရာကြီးမကော ဘာကြီးဖြစ်နေနေ။

ငါ အာဏာရလျှင် ပြီးရောဟူ၍ လိမ်လည်လှည့်ဖြားလွန်းကြ၍ အခြေခံဥပဒေကြီးသည် ပြိုကျရခြင်းဖြစ်၏။ ပျှူမွန်ဖြစ်ရပ်တွေကို လေ့လာကြပါဟု ကျွန်တော်တို့က ပြည်သူများကို ပန်ကြားပါရစေ။

ဦးရာရှစ်သည် ရာထူးကထွက်၍ တတိယပြင်ဆင်ချက်ကို ကန့်ကွက်သင့်၏။

တတိယပြင်ဆင်ချက်ကို ကန့်ကွက်ပြီး စတုတ္ထပြင်ဆင်ချက်ကိုတင်သွင်းစဉ် လွှနည်းစုရစ်ယာန်တွေက ငြိမ်၍ခံနေကြသော အစိတ်အပိုင်းကို သံယာတော်တွေ မျက်ဝါးထင်ထင်မြင်တော်မူကြပါမှ "ဟာ ငါတို့ အလိမ်ခံ

ချီလော့"ဟု ဟစ်အော်ကြွေးကြော်ကြရာမှ ယနေ့ အခြေအနေသို့ ရောက်ကြရတော့သတည်း။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီး ပြိုကျသော ဖြစ်ရပ်များမှာ မနေ့ တစ်နေ့ကလောက်သာ ရှိတော့သတည်း။

■

[ ၁၂ ]

ဖွံ့ဖြိုးစည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ဝိညာဉ်ကျဆင်းလာပုံများကို ကျွန်တော်သည် ဖော်ပြခဲ့ပါပြီ။ ခေတ်လွင်ဘျားမှ စာဖတ်ပရိသတ်က ယူဆကြလျှင် ထပ်မံဖြည့်စွက်ကြပါဟု ကျွန်တော်က တောင်းပန်ပါ၏။

မတ်လ ၂၈ ရက်နေ့ထုတ် ဤသတင်းစာတွင် အောက်ပါအတိုင်း ကျွန်တော်သည် ရေးခဲ့ပါ၏၊

(၁) ဓိသုကာဆရာကြီးတစ်ဦး သို့မဟုတ် "အာဓိတက်" တစ်ဦးက ကောင်းမွန်သော တိုက်ပုံစံတစ်ခုကို ရေးပေးသော်လည်း ကျွန်းသစ်၊ အုတ်၊ အင်္ဂတေစသော ပစ္စည်းများရှိသလောဟူသော မေးခွန်းကို မေးခဲ့၏။

ဆိုလိုရင်းမှာ အခြေခံဥပဒေကောင်းတစ်ခုကို ရေးဆွဲတတ်ကြပါ၏။ သို့သော် ထိုအခြေခံဥပဒေနှင့်ထိုက်တန်အောင် လူတွေသည် အရည်အသွေး ရှိသလော၊ မရှိဘူးလောဟူသော ပြဿနာနှင့်ရင်ဆိုင်ဖို့မှာ အခက်ဆုံးဖြစ်ကြောင်းကို ရေးနေရခြင်းဖြစ်ပါ၏။

အဘယ်မျှ ခက်ခဲသလဲဟု ယခု ကျွန်တော်က ဖော်ပြပါရစေ။

မြန်မာလူမျိုးတိုင်းလိုလိုပင် မုန်ကန်မှုကိုကြောက်နေကြ၏။ ကျွန်တော်တို့၏ပတ်ဝန်းကျင်သည် မုန်ကန်မှုကို တကယ်ကြောက်၏။ ကျွန်တော်သည် မုန်ကန်မှုကို ကြောက်သည့်အခါ ကြောက်၏။

မိရိုးဖလာ ရာဇဝင်ကြီးသည် အမှန်တင်ဟူသရွေ့ကို ဖုံးပေါင်းထား

သော စာစောင်ကြီးတစ်ခုဖြစ်၏။ ကျွန်တော်တို့သည် လေ့လာနိုင်စွမ်းရှိသမျှ လေ့လာကြည့်ပါမှ ရာဇဝင်နှင့် ဒဿနရီ တခြားစီဖြစ်မှန်းသိတော့၏။

အဆိုပါအကြောင်းအရာတွေကို တမောတပန်းကြီး အဘယ်ကြောင့် အသည်း၍ရေးနေရသလဲဟူသော မေးခွန်းကို စာဖတ်ပရိသတ်က မေးစေလို၏။

လွတ်လပ်ရေးသက်တမ်း ၁၄ နှစ်ကျော်ခဲ့ပါပြီ။

နိုင်ငံရေးတွင် ဆောင်ရွက်နေသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိကို ကျွန်တော်တို့ အကုန်အစင် မသိခဲ့ကြပါ။

နာမည်နှင့် ရာထူးလောက်ကိုသာ သိခဲ့ပါ၏။

တက်သမျှ ပရိုင်းမင်(န်)စတာတွေလည်း မသိကြပါ။ ဤစကားကို ရဲရဲကြီးရေးပါရစေ။

ဤနေရာကစ၍ ကျွန်တော်တို့ချွတ်ယွင်းလာပါသည်ဟူသော သဘောကို အလေးအနက်ပြု၍ ဤဆောင်းပါးကို ရေးနေရခြင်းဖြစ်ပါ၏။

လူတွေ၏အတ္ထုပ္ပတ္တိကိုသိစေခြင်းမှာ ရောက်တွန်းလို၍ မဟုတ်ပါ။ ပြည်သူ့ဘက်ကနေ၍ ကူညီကြစေလို၍ ရေးနေရခြင်းဖြစ်ပါ၏။

ဤသို့လေ့လာခြင်းမှာ အဆန်းမဟုတ်ပါ။

လန်ဒန်မြို့သို့ တစ်ခါမှမရောက်ဖူးသော သူတစ်ဦး လန်ဒန်မြို့သို့ ရောက်သွားလျှင် သူတွေ့လိုသော ပုဂ္ဂိုလ်အကြောင်းကို ချက်ချင်းလေ့လာနိုင်၏။

ပုဂ္ဂိုလ်တစ်ဦး၏ ပုဂ္ဂလိက ငယ်ကျိုးငယ်နာကိုရေးခြင်းသည် အတ္ထုပ္ပတ္တိ မဟုတ်ပါ။

မွေးသောခုနှစ်၊ အမိ၊ အဘ၊ သင်ဖူးသောပညာ၊ လုပ်ကိုင်သော အလုပ်နှင့် သူ့ဝါသနာမျှလောက်ကို ရေးရခြင်းပင် အတ္ထုပ္ပတ္တိစာရင်းထဲသို့ သွင်းလိုတော့၏။

လူတိုင်းလူတိုင်း၏အတ္ထုပ္ပတ္တိကို ကျွန်တော်မဆိုလိုပါ။

ဥပမာအားဖြင့် ရေးရသော် ပန်းချီပညာတိုးတက်ရေးအသင်း၏ အမှုဆောင်အဖွဲ့ဝင်များ၏ အတ္ထုပ္ပတ္တိမျှလောက်ကိုရေးသော အစဉ်အလာပင် ဤနိုင်ငံ၌မရှိပါ။

**တကယ်ဝမ်းနည်းစရာ**

ရန်ကုန်မြို့တွင် ရုပ်ရှင်လောကနှင့် သတင်းစာလောက၏ စပ်ကြားတွင် ဟိမဝန္တာတောင်ကြီးခြားနားသကဲ့သို့ ရှိခဲ့၏။ ကြော်ငြာခကလေးရလျှင် ကြော်ငြာထည့်ပေးသောအလုပ်မှလွဲ၍ ဘာမှ ကျွန်တော်တို့ မလုပ်နိုင်ခဲ့ကြချေ။

အမေရိကန်သို့ မြန်မာတစ်ယောက် ရောက်သွားလျှင် အားပါးတရ ပြောစရာတွေများ၏။ မြန်မာအချင်းချင်း ဘာပြောရမှန်းမသိချေ။

ရုပ်ရှင်လောကထဲက မြန်မာကိုအခြားမြန်မာက ဆိုင်ရာအလုပ်ကလွဲလျှင် ဘာမှမပြောလိုချေ။ ဒဏ္ဍာရီထဲက တောင်ကျွန်းသားနှင့်မြောက်ကျွန်းသားတွေလိုဖြစ်ကြ၏။

ထိုနည်းအတူ လမ်းပေါ်က လူတွေက နိုင်ငံရေးလောကထဲက လူတွေအကြောင်း ဘာမှမသိကြချေ။ သိအောင်လည်း မကြိုးစားကြချေ။ သိအောင်ကြိုးစားလိုပါ၏။ အတ္ထုပ္ပတ္တိစာအုပ်က မရှိချေ။

အတတ်နိုင်ဆုံးမှာ "သူက ဘယ်သူလဲ" ဟု လက်တို့ခြေတို့မေးရုံသာ မေးနိုင်၏။ မေး၍ပြောပြန်လျှင် "အတင်းပြောတယ်" ဟု ဆိုခြင်းကို ခံကြရပြန်၏။ တကယ်ပင်ဝမ်းနည်းစရာ ကောင်း၏။

မြန်မာစကားအရ (၁) ရာဇဝင်ဟူ၍ ရေးသင့်သည့်အခါ ရေးလိုက်ရ၏။ (၂) လူ့သမိုင်းစဉ်ဟူ၍ ရေးသင့်က ရေးလိုက်ရ၏။ အင်္ဂလိပ်စကားမှာ (ဟစ်စ်ထရီ)ဟူ၍ ခေါ်ရုံနှင့်ပြီးနိုင်၏။ လူ့သမိုင်း၏အနှစ်သာရမှာ လူမှုအသိုက်အအုံ၏အောက်ခြေဖြစ်ပျက်သမျှကို လေ့လာခြင်းတစ်ခုပင်ဖြစ်၏။

ကိုယ့်လူမျိုးအချင်းချင်းအကြောင်းကို နားမလည်ဘဲ အခြေခံဥပဒေရေးဆွဲလျှင် ထိုဥပဒေသည် ပျက်စီးမည်ဟူသော အချက်ကို ယနေ့တင်ပြနေရခြင်းဖြစ်၏။

**ကိုယ်တွေ့ဝတ္ထုမှရ၍ ပေါ်တော့သည်**

ရန်ကုန်မြို့၌ တိုင်းရင်းသားလူနည်းစု မဟာမိတ်အဖွဲ့ဝင်များ၏ ထမင်းစားပွဲအပြီးတွင် ကျွန်တော်တို့သည် စကားထိုင်၍ပြောကြ၏။ ကချင်လူမျိုးတစ်ဦးက စကားစပ်မိ၍ ဆာမားဒူးဝါးဆင်ဝါးနော်သည် ယခင်က

အခင် အစည်းအရုံးဝင်ဖြစ်ခဲ့ကြောင်း၊ ဂျပန်ခေတ်က နယ်ပိုင် ဝန်ထောက် ဖြစ်ရာ ဦးလေ့ရာက ရှေ့နေဖြစ်ခဲ့ကြောင်းများကို ပြောရာ ဟယ်ခနဲ ဟယ်ခနဲ ဖြစ်ခဲ့ကြ၏။

ကျွန်တော်က တစ်ခန် တရားဝန်ကြီးချုပ် ဦးမြင့်သိန်းသည် ဒိုင်အာသီ ဆော်က အမတ်ဖြစ်ခဲ့ကြောင်း။ ထိုခေတ်က အင်္ဂလိပ်စကားဖြင့် လွှတ်တော် တွင် ပြောပုံတွေကို ဖောက်သည်ချရာ ဟယ်ခနဲဖြစ်ကြပြန်၏။

## ပြည်နယ်ကပုဂ္ဂိုလ်တွေ

ပြည်နယ်များတွင် လူကြီးဖြစ်ခဲ့ကြသော ပုဂ္ဂိုလ်တွေအကြောင်း ဝန်ကြီးချုပ်တွေပင် မသိခဲ့ကြချေ။

နိုင်ငံခြားသံရုံးတွေက တိတ်တိတ်ပုန်းစုဆောင်းသော အစီရင်ခံစာများ တွင် မည်သည့်မြန်မာလူကြီးတစ်ဦးသည် အခြားပုဂ္ဂိုလ်နှင့် မယားညီအစ် ကိုတော်ပုံကိုလည်းကောင်း၊ ဂျပန်ခေတ်က အလုပ်တွေအကြောင်းကို လည်းကောင်း ရေးသားထား၏။ အင်္ဂလိပ်လူမျိုးက စုဆောင်းရေးသား ထားသော စာအုပ်များကို ကျွန်တော် စုဆောင်းထား၏။

နိုင်ငံရေးဆိုတာ ဘာမှန်းမှမသိ၊ နိုင်ငံရေးပညာကိုသိအောင်လည်း ဘယ်တုန်းကမှ မကြိုးစား၊ ကြိုးစားလျှင်လည်း အလကားဆိုပြီး ပဒေသရာဇ် သမိုင်းစဉ်အရ နောက်လိုက်အဖြစ် လုပ်ကိုင်နေသော မြန်မာတွေ၊ နိုင်ငံရေး ကို ထမင်းချက်စားသကဲ့သို့ စားရာမှ တော်လှန်ရေးကြီးပေါ်လျှင် မဖြစ်၍ ပေါ်ရပါသည်ဟူသောသဘောကို အသေးစိတ်နိုင်သမျှစိတ်၍ ကျွန်တော် သည် ဆက်လက်၍ရေးပါရစေ။

■

[ ၁၃ ]

## အမတ်၏အရည်အသွေးဆိုတာ ဒီလိုကိုး

လက်တွေ့ဗဟုသုတများအရ ဖြစ်ရပ်များသည် မဟုတ်မမှန်ပါသဲ လျက်နှင့် အမွှမ်းတင်၍ရေးခြင်းကို "ရာဇဝင်"ဟု ခေါ်ရတော့မလိုလို ဖန်တီး သော အချိန်အခါကြီးကို ကော်လှန်လာကြသောသူများတွင် ကျွန်တော်တို့ တစ်တွေ ပါဝင်ခဲ့ကြပါ၏။ ယနေ့ထက်ထိပင်လျှင် ပါဝင်နေ၏။

ကျွန်တော်သည် တောမှာနေခဲ့စဉ် ကြားရသော လူဆိုးတစ်ယောက် က တတတ်သောကျောင်းဆရာတွေကို နိုင်းစေပုံကို မြင်ခဲ့ရာ ကျွန်တော်က ကျောင်းဆရာတွေကို အပြစ်တင်ခဲ့၏။

ကျွန်တော်တို့တစ်တွေ ကက်ထိနက် မင်း(န်)စတားဖြစ်စဉ် ဘာမှ မတတ်သောသူတွေ၏ အလိုကို လိုက်ပုံကို ရေးသားပြီး ပါလီမန်ဒီမိုကရေ စီသည် ၁၄ နှစ် ၂ လ ခံနိုင်ခဲ့သည်ပင် အံ့ဩစရာဖြစ်ပုံကို ယခုဖော်ပြ ပါအံ့။ ဗဟုသုတသည် ကုန်နိုင်ဖွယ်ရာမရှိပုံကို သတင်းစာဖတ်ပရိသတ် များ သိကြစေလို၏။

ကရင်သူပုန်တွေသည် ရှမ်းပြည်တစ်လျှောက်တွင် တိုက်ခိုက်နေခဲ့စဉ် အသက်ထွက်သွားသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို ကျွန်တော် တို့က ပုံသွင်းနေခဲ့ကြ၏။

အင်္ဂလိပ်လက်ထက်က "ကရင်နီ" ခေါ် တောင်တန်းဒေသတစ်ခု ခဲ့၏။

ကရင်များက "ကရင်နီ" တွေသည် ကရင်လူမျိုးပင်ဖြစ်သည်ဟု ပြောဆိုသံကို ကရင်နီတွေက မခံနိုင်ကြကြောင်းကို ကျွန်တော်တို့ကိုလာ၍ပြောကြရာ သူတို့ကို ကျွန်တော်တို့က ညီရင်းအစ်ကိုရင်းပမာ ချစ်ခင်ကြ၏။

တစ်နေ့သ၌ ကရင်နီပြည်က လူတစ်ယောက်သည် ပရိုင်းမင်(န်) တော၏ ရုံးခန်းထဲသို့ ဝင်လာတော့၏။

"ကရင်နီကလည်း ငါတို့လိုပါပဲလား"ဟု ကျွန်တော်၏စိတ်ထဲတွင် ကျိတ်၍တွေးမိ၏။ ထိုသူသည် ကုရင်ကုလားထိုင်ကြီးပေါ်တွင် ခြေပစ်လက်ပစ်ကြီးပစ်၍ ထိုင်ချပြီးလျှင်–

"ကျွန်တော်တို့တော့ ဘာမှမလုပ်တတ်ဘူး"

"ကယားပြည်နယ် လုပ်ချင်တယ်၊ ဒါပဲသိတယ်"

ဟူ၍ဆိုလိုက်ရာ သနားစိတ်တွေ ကျွန်တော်တို့အကြောထဲတွင် ဝင်လာပြီး

"လုပ်ကြပါဦးဟ"

"ဥပဒေပါရှုခေါ်ပါဟ" ဟုဆိုကြကာ အခြေခံဥပဒေကို ပြင်ချင်လျှင် အမတ် ၃၀ က လက်မှတ်ထိုးရတယ်။

ဥပဒေကြမ်းဆိုတာက ဘာကိုဆိုတယ်။ ဥပဒေကြမ်းဖြစ်မှ (အက်) ဥပဒေလို့ ခေါ်တယ်။

ဒေသရှိလူဦးရေအလိုက် အမတ်ထားရတယ်။ ကောင်စီထဲမှာ အမတ်ဘယ်နှစ်ယောက်ထားရတယ်။ မှတ်တမ်းဟူ၍ ရှိရတယ်စသည်ဖြင့် ပြောကြ၏။

စာသင်ကျောင်းကို မနေဖူးသော ဦးအရာသည် သူများနှစ်ပေါင်း ၃၀ လေ့လာရသည်ကို ၃ နာရီတွင် အလွတ်ကျက်သွားနိုင်တော့၏။ ပါးသော အတတ်တွင် မြန်မာကိုမီသော လူမျိုးရှိမည်မထင်ချေ။

ကျွန်တော်တို့သည် တောက ကျောင်းဆရာကဲ့သို့ ဖြစ်မုန်းမသိ ဖြစ်သွားတော့၏။

ကမ္ဘာ၏ပြက်လုံးတစ်ခုကို နေ့ခင်းရက်ဆက် ကယားပြည်နယ်တွင် ပြသနေခဲ့၏။ ယနေ့ပဒေသရာဇ် အစိုးအခဲကြီးကို ဖြိုခွင်းရာ ကယားပြည်နယ်က ပုဂ္ဂိုလ်အချို့ကိုပါ ဖမ်းဆီးထားရတော့၏။

ဖော်ပြခဲ့ပြီးသည့်အတိုင်း ဟာသပြက်လုံးတစ်ခုဖြစ်သော်လည်း ဥပဒေတွင် ရေးသားထားသမျှကို ပယ်ဖျက်၍မရနိုင်ချေ။

ကယားကောင်စီအဖွဲ့ထဲတွင် ကပျာကယာလက်ချီးပြီး ရေတွက်ကြပါမှ သုံးယောက်သာရှိ၏။ သုံးယောက်ထဲတွင် ချယ်ယာမင်ကိုနုတ်လျှင် ဆွေးနွေးမည့်သူနှစ်ယောက်သာ ကျန်၏။ သူတို့၏မှတ်တမ်းကို မြန်မာလူမျိုးအတွင်းရေးမှူးက ရေးသားပုံနှိပ်ရ၏။

ကျွန်တော်တို့သည် တဖြည်းဖြည်း တစ်စတစ်စလေ့လာ၍ကြည့်ရာ မြန်မာလူမျိုးခေါက်ခေါက်က ကယားလူမျိုးဖြစ်နိုင်တော့၏။

က– ကယားလူမျိုးဖြစ်သူသည် ဘယ်တုန်းကမှ နိုင်ငံရေးကိုစိတ်လည်း မဝင်စားခဲ့သော တိုက်ပွဲဟူသရွေ့တွင် ဘယ်တိုက်ပွဲမှ မပါခဲ့သော မြန်မာသည် မနက်ဖြန် ရှမ်းဖြစ်လိုက ဖြစ်နိုင်၏။ ကယားဖြစ်လိုက ဖြစ်နိုင်၏။

သုံးတုံးတိတိစားမိတော့ ဟိုဟာမှန်း ကျွန်တော်တို့သိလာတော့၏။ မြန်မာဆိုသူက နဂါလူမျိုးလုပ်ချင်လျှင်ဖြစ်သကိုး၊ အလဲကွဲ့။

ရှမ်းလူမျိုးလုပ်ချင်လည်းဖြစ်သကိုး၊ အလဲကွဲ့။

ကရင်လူမျိုးလုပ်ချင်လည်း ဖြစ်သကိုး၊ အလဲကွဲ့။

ဟူ၍ တွေးတောမိတော့၏။ အတန်ကြာလျှင် (ဘီစီအက်စ်) ပထမတန်း မြန်မာလူမျိုးတွေက အဆိုပါကယားပြည်နယ်လက်အောက်သို့ ရောက်သည်ကို မြင်ကြရ၏။ ဪ . . . ဥပဒေ . . . ဥပဒေ။

## သနားမိတော့သည်

ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်က ချာတိတ်တွေကို သနားမိတော့၏။ နှစ်ပေါင်း ၂၀ နီးပါး စာတွေကျက်၊ ဒီဂရီတွေအရယူပြီး စာမတတ်သူလက်အောက်တွင် အလုပ်လျှောက်ရာ မရခဲ့ကြချေ။ သူတို့သာ ကယားလူမျိုး၊ ရှမ်းလူမျိုးပြုလုပ်ပြီး အလုပ်ရှာလျှင် (ဘီအေ)အတန်းမှာ မြင့်လွန်းလှ၏။ ၇ တန်းအောင်လျှင် ဖြစ်နိုင်၏။

အခြေခံဥပဒေကြီးသည် ရယ်စရာဖြစ်ပုံကို ဝေဖန်ရေး၍ သရုပ်ဖော်ရုံသာ ကောင်းတော့၏။ ဝေဖန်ရေးဆရာတွေကလည်း မရေးကြချေ။

တစ်လလျှင် မင်း(န်)စတားလုပ်သူက ငွေ ၅၀၀၀ ရခြင်းကို ရတာနာပုံ

ခိုက်သည်ဟု အများက ယူဆကြ၏။ တစ်လလျှင် လခ ၇၅ ကျပ်စား မြန်မာ့ရဝမ်က တိတ်တိတ်ပုန်း တစ်လ တစ်သောင်းလောက် ဝင်ခဲ့၏။

ဤအတောအတွင်းတွင် ပီကင်းမြို့ အိန္ဒိယသံအမတ်ဖြစ်သော ပရော်ဖက်ဆာ ပနစ်ကားဆိုသူက (တရုတ်ပြည် နှစ်ပြည်)ခေါ် စာအုပ်တစ်အုပ်ကို ရေးသား၏။

ထိုစာအုပ်တွင် ချန်ကေရှိတ်ကိုဖြုတ်၍မရသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအကြောင်းကို ရေးထား၏။

ပရော်ဖက်ဆာ ပနစ်ကားရေးသော စာအုပ်ကို ရန်ကုန်မြို့ ပြည်သူ့စာပေတိုက်တွင် ဝယ်ယူရရှိနိုင်၏။

ထိုပုဂ္ဂိုလ်၏ စကားကိုယူ၍ ကျွန်တော်သည် ရေးရသော် ကျဆုံးလေပြီးသော အခြေခံဥပဒေအရ ကယားပြည်နယ်ဝန်ကြီးကို ဘယ်တော့မှ ဖြုတ်၍မရမှန်း သိလာတော့၏။

ဖဆပလတွေ အာဏာရစဉ် ပုဂ္ဂိုလ်တစ်ဦးက "ကယားပြည်နယ်ကို ဒို့ကြိုက်လုပ်မယ်" ဟု ဆိုသံကြား၍ သတင်းစာတစ်စောင်က သတင်းရေး၏။ ထိုသတင်းမမှန်ပါဟု ချက်ချင်းဆိုင်ရာက ချေဆို၏။

"Electorates" ခေါ် ဆန္ဒရှင်တွေ၏ အခြေအနေကို အမှီသဟဲပြု၍ ဥပဒေရေးရသော်ဆန္ဒရှင်တွေ ညှို့သမျှ အခြေခံဥပဒေကြီးသည် ပဒေသရာဇ်နေစ်ကို မွေးထုတ်သလိုသာ ဖြစ်ပေမည်။

အင်္ဂလိပ်စာဖြင့်သာရေးရလျှင် "Travesty Of Truth" ဟူသော ဖြစ်ရပ်တွေသည် ကယားနယ်၌ တွေ့ရ၏။

မြန်မာဘာသာဖြင့် "မှန်ကန်မှု၏ပြက်လုံးကြီးတွေ ကယားပြည်နယ်တွင် တွေ့ရမည်"ဟု ရေးရပေမည်။

ရှမ်းပြည်က ကယားပြည်နယ်ထက်ဆိုး၏။ ဤအကြောင်းကို ယခုဆက်၍မရေးသေးဘဲ ထားပါရစေ။ နောက်မှ ကျွန်တော်ဖော်ပြပါမည်။

အလျှင်းသင့်၍ ကျွန်တော်သည် ရေးရမည်ဆိုလျှင် အကယ်၍များ သမ္မတရာထူးကို အလှည့်ကျခန့်မည်ဆိုလျှင် ရန်ကုန်မီးသတ်စက်က မြန်မာတစ်ယောက်က နက်ဖြန်နာဂလူမျိုးစာရင်းသွင်းပြီး သန်ဘက်ခါ သမ္မတဖြစ်မည်ဘဝကိုတွေး၍တွေး၍ ကျွန်တော်၏ဝမ်းထဲတွင် တခစ်ခစ်ရယ်မောမိ

တော့၏။

ဩော် . . . သမ္မတ၊ ဩော် . . . သမ္မတ။

အပြန်အလှန်အနာခံ၍ မတိုင်တန်းလျှင် တရားမျှတမှုဟူသည် မရှိနိုင်မှန်းသိကြပြီလား။ ကိုယ်လုပ်ချင်တာ လုပ်ပြီး နိဗ္ဗာန် မက်မိုလ်နှင့်ကိုင်ပေါက်လျှင် ဤကမ္ဘာ၌(နိုင်ငံရေး)ရယ်လို့ ရှိသေးသလားဟု ပြည်သူတွေကိုမေးပါရစေ။

အိမ်ပုံစံကြီးသည် အဘယ်မျှပင်ကောင်းသော်လည်း ကြက်ဆူသားနှင့် ဆောက်တော့ ပြိုကျရပြီမဟုတ်လား။

■

[ ၁၄ ]

# ခရိုင်များ၌ မြန်မာပဒေသရာဇ်စနစ် အငြောက်ပေါက်ခါနီးတွင် သတ်လိုက်ရသည်

ဤမြန်မာနိုင်ငံ၌ ကြက်ဆူသားတွေနှင့်အိမ်ဆောက်မိ၍ အခြေခံဥပဒေကြီးသည် ဖြန်းခနဲ ကျိုးကျရသည့်အကြောင်းကို မရေးလျှင်မဖြစ်ဟု သူဆ၍ ကျွန်တော်သည် ရေးနေရခြင်းဖြစ်ပါ၏။

**ဆောက်ထိုးကြီးနှင့် တွေ့ခဲ့ရသည်**

နိုင်ငံရေးလမ်းစဉ်ဟူသမျှသည် စက္ကူပေါ်တွင် ရေးထားသမျှမှာ ဘာကယ်ပင် ချစ်စရာကောင်းလှပါ၏။ ထိုအကြောင်းများကို ရေးသားရာ ကျမ်းစာအုပ်တွေသည် မည်သည့်အခါကမှ မမှားခဲ့ချေ။

အောက်ခြေက လူမှုအသိုက်အအုံ၏ ကိုယ်စားလှယ်တွေကို ပါလီမန်သို့ လွှတ်သည်ဟု ကျမ်းပြုဆရာတွေက ရေးသားကြ၏။ ထိုသဘောတစ်ခုအရ ဖြစ်မြောက်နိုင်သလား၊ မဖြစ်မြောက်နိုင်သလား ရေးသားကြပါစို့။ အမတ်လောင်းရွေးပွဲတွင် ကျွန်တော်သည် ပါဝင်ခဲ့ဖူးပါ၏။

ဆိုင်ရာဒေသကလူတွေကို ကျွန်တော်တို့ကခေါ်၍မေးရာ လေယာဉ်မှူးသက်မှတ်ရောင်းသူတစ်ဦးကို အမတ်လောင်းအဖြစ်ရွေးပါဟု ထိုသူတွေက ဆိုကြ၏။ "ဘာကြောင့်လဲ" ဟု မေးရာ "သူက လူတွေနှင့် အသိများတယ်" ဟူ၍ ဖြေဆိုကြ၏။

တချို့နေရာတွင် စားပြကလေးတစ်ခါနှစ်ခါတိုက်ဖူးမှ လူတွေက

ကြောက်တယ်ဟူ၍ ပြောဆိုကြ၏။ "ညော် . . . ဖြစ်မှဖြစ်ရလေတယ်" ဟူ၍ ကျွန်တော်ယူဆမိ၏။

ကျွန်တော်သည် ဓောက်ထိုးစေတ်ကို မမီခဲ့ပါ။

အထက်ပါနည်းအပြင် အခြားတစ်နည်းရှိသေးသည်။

ဘီအေဘီအယ်လ် အောင်သူတွေကို ကျွန်တော်တို့က ရွေးကြပြန်၏။ သို့သော် ကျိန်စာတိုက်သလို နဲ့သောအချက်တစ်ချက်ရှိ၏။ "မင်း ရိုးတီး ရေးတာမလုပ်နဲ့၊ လုပ်လျှင်ပါတီက ထုတ်ပစ်မယ်" ဟူ၍ဆိုကြ၏။ နိုင်ငံတော် ဘာသာစေါ် အရေးတော်ပုံတွင် ထုတ်ဝေသောညွှန်ကြားလွှာတွေကို ဖတ်ကြပါ။

ပထစပလက်ထက်တွင် အထက်ပါနည်းထက်ဆိုးဝါးလာ၏။

နိုင်ငံရေးမဆိုထားဘိ။ ကိုယ်မွေးသောဒေသအကြောင်းကိုပင် မသိသော ထန်းလျက်သည်တစ်ဦးက "ဦးနုတံဆိပ်ပါလျှင် နိုင်သတဲ့။ ကျွန်တော် လည်း အမတ်လုပ်ချင်တယ်" ဟူ၍ ပြောလာတော့၏။

မည်သို့ပင်ဖြစ်စေ အမတ်ဖြစ်ပြီး ပြဿနာတစ်ခုခုကို ဆွေးနွေးလျှင် ကျွန်တော်တို့သည် ကျေနပ်ပါ၏။

## ဗိတ် ၃ ဗိတ်

ဖျက်စီဗိတ်၊ နားဗိတ်၊ ပါးစပ်ဗိတ်တည်းဟူသော ဗိတ် သုံးဗိတ်နှင့် ပါလီမန်အမတ်ဖြစ်ခဲ့ကြရာ အခြေခံဥပဒေကြီး ၁၄ နှစ်ကြာလာခဲ့ခြင်းသည် စရာမအုံ့တစ်ပါးကြီးပင် ဖြစ်တော့၏။

ဤအချက်မှ 'လမ်းစဉ်ဓောက်ထိုး' မခေါ်လျှင် ဘာကိုဓောက်ထိုး ဟူ၍ ခေါ်ရမည်လဲဟူ၍ ကျွန်တော်တို့ကမေးခွန်းထုတ်လိုတော့၏။

## ရှုသတ်ရုံမှ . . . တဲ့

အစိုင်အခဲဖြစ်သော ရှမ်းပြည်ပဒေသရာဇ်စနစ်ကို ယနေ့ ကျွန်တော် တို့သည် တော်လှန်နေကြ၏။

မြန်မာပဒေသရာဇ်စနစ်ဟူ၍ အကောင်အထည်ပေါ်ခါနီးဆဲဆဲတွင် မတ်လ ၂ ရက်နေ့ တော်လှန်ရေးကြီး ပေါ်လာရတော့၏။ ပဒေသရာဇ်

နေ့သည် တရားဝင်ဖြစ်ခါနီးတွင် တော်လှန်ရေးကောင်စီက သတ်လိုက် ချေ၏။

လူသတ်ရုံမှ ပါလီမန်အမတ်ဖြစ်ရမည်ဆိုသော စကားကို အရေးကြီး နိုင်ငံရေးသမားတွေက မရေးရဲကြသော်လည်း လက်တွေ့ဖြစ်ရပ်များက သက်သေထွက်နေကြ၏။ ရာဇူးမပြုတတ်ဒီ အမတ်အချို့သည် လူသတ်မှု နှင့် တိုင်တန်းခြင်းကို ခံကြ၏။

**အကြွက်သာလိုခဲ့ပေသည်**

ဖော်ပြခဲ့ပြီးသော ဖြစ်ရပ်တွေအတိုင်း အတားအဆီးမရှိ လွှတ်၍ထား ကြလျှင် အသက်ဦးဆံပိုင်နန်းဆက်ကို လက်ခံသည်ဟု လူမျိုးစုလွှတ်တော် နှင့် ပြည်သူ့လွှတ်တော်ပူးပေါင်း၍ ဆုံးဖြတ်ဖို့ကောင်း၏။

ဤမျှအထိ သူတို့သတ္တိမရှိခဲ့ကြချေ။

တရားမျှတမှုဟူသော ဝေါဟာရစကားသည် တစ်ဖက်သတ်စကား ကြီး မဟုတ်ပါ။

လိမ်လည်လှည့်စားလျှင်လည်း ခံ။

ပါးရိုက်လည်း ခံ။

သတ်ပစ်လည်း ခံ။

ဘာပဲလုပ်လုပ် ခံစတမ်းဆိုကြလျှင် “တရားမျှတမှု” ဆိုသောစကား တွင် ဘာမှအဓိပ္ပာယ်မရှိပါ။

ဤကမ္ဘာ၏ တော်လှန်ရေးသမိုင်းတွေကို မှုမှုနွှေးနွှေးလေ့လာကြပါ၊ ဒီဇွာန်မက်ဗိုလ် အလို့ငှာ တော်လှန်သည်ဟု မရှိခဲ့ပါ။ လူသားတွေ၏ တိုးတက်မှုအတွက်သာ တော်လှန်ကြရ၏။

**အချုပ်အသေးရှိသူတွေ မချောင်ချိမ်ဖြစ်ပါ**

ကျွန်တော်တို့သည် ပစ္စုပ္ပန်ကာလကို အလေးအနက်ပြု၍ ယနေ့ ရေးနေရခြင်းဖြစ်ပါ၏။

ရှေးကာလနှင့်ငြိုင်လျှင် အဓိပ္ပာယ်ပျက်သွားချေမည်။

ပစ္စုပ္ပန်တွေသည် တစ်နေ့သော် (ရှေး)ဖြစ်ခဲ့ကြရမှာပဲမဟုတ်လား။

ယနေ့သည် အနော်ရထာ၏ ခေတ်ကနေ၍ကြည့်လျှင် အနာဂတ်ကာလပင် မဟုတ်ဘူးလော။

မဟာဂီတစာအုပ်ထဲမှ "ထောင်ချောင်းနေ"သီချင်းကြီးသည် ထိုခေတ်က ကာလပေါ်သီချင်းဖြစ်ခဲ့ပြီ မဟုတ်လော။

ကျဆုံးလေပြီးသော အစိမ်းသေ နတ်၏ခေတ်တွင် ပါလီမန်အမတ် အစည်အရုံးနှင့်ပြည့်စုံသူမရှိတော့ဘူးလားဟု ယနေ့မေးပါရစေ။

တကယ်ရှိုးသားပြီး အရည်အသွေးရှိသော မြန်မာလူမျိုးက အမတ်ဖြစ်ရမှာကို ရှုံခဲ့ကြ၍ဖြစ်ပါ၏။

အစိမ်းသေ နတ်ခေတ်မတောမီ တစ်ဦးခေါင်းတစ်ညတ်တီထွင်သော တလေပညာလက်ရာကောင်း၊ နိုင်ငံရေးလက်ရာကောင်းတွေ များစွာရှိခဲ့၏။ အစိမ်းသေ နတ်ခေတ်တွင် မယ်မယ်ရရ ဘာတစ်ခုမှ မတိုးတက်ခဲ့ချေ။

ကမ္ဘာသူ ကမ္ဘာသားတွေ မသေကြသေးမီ လူတွေသည် တရားမျှတမှုကို မက်မောနေကြ၏။

■

[၁၅]

# မြို့ကြီးများတွင် ခိုကြရ၍ တော်လှန်ရေးကို တောင့်တခဲ့ကြ၏

လူတွေ၏သက်သေထွက်ဆိုချက်များတွင် ကျွန်တော်တို့၏ အမြင်အားဖြင့် နှစ်မျိုးရှိပါ၏။

တကယ်ဖြစ်ပျက်ပုံကို မိမိနေအိမ်တွင် ပြောဆိုခြင်းမှာ အမှန်အတိုင်းဖြစ်၏။

အဆောင်အယောင်နှင့် အမွှမ်းတင်၍ ရာဇဝင်ရေးသားရာ မှန်ကန်မှုသွေသည့် မပါသလောက်ဖြစ်တော့၏။

သို့သော် . . . ပထမအစိတ်အပိုင်းကို ဝတ္ထုဟူ၍ တန်ဆာဆင်၍ရေးကြရ၏။

ဓာတ်လိုက်တွေမှာ စိတ်ကူးယဉ်နာမည်ဖြစ်ကြသော်လည်း ဖြစ်ရပ်တွေမှာမှန်၏။ မြန်မာနိုင်ငံ၌ ဤဝတ္ထုမျိုးရှိတန်သမျှ ရှိခဲ့၏။ လွတ်လပ်ရေးပြီးမှရေးသော ဝတ္ထုများတွင် အောက်ခြေသိမ်းဖြစ်ရပ်တွေကိုဖော်ပြသော ဝတ္ထုစာစောင်တွေ နည်းပါးသည်ဟု ကျွန်ုပ်တို့ ယူဆပါ၏။

ယခု ကျွန်ုပ်တို့ရေးသားအံ့သော အကြောင်းအရာများမှာ မြို့ကြီးများတွင် သွန်ခဲ့သည့် ၁၄ နှစ်နှင့် ၂၀ အတွင်းက အခြေခံဥပဒေ၏ ဝိညာဉ်သည် စုန်းစုန်းကျ ကျဆုံးသွားရပုံကို ဖော်ပြမည်ဖြစ်ရာ အမွှမ်းတင်ရာဇဝင်စာအုပ်တွင်ပါသလို မဟုတ်စေဘဲ အောက်ပိုင်းတွင် ဖြစ်ပေါ်ပုံများကို ရေးသားလိုခြင်းပင် ဖြစ်ပါ၏။

တောနယ်တွင် လူတစ်ယောက်ကိုသတ်လျှင် ငွေ ၃၀ဝိ လျော်ကြေးနှင့် ကျေပါတော့ဟုဆိုခဲ့ကြရာ ရှေးရှေးက "အသက်ဖိုး ၃ ပိဿာ" နှင့် ကျေရသလိုဖြစ်ပျက်ပုံတွေကို တွေ့ကြရ၏။ သို့သော် ကျွန်ုပ်တို့က စာရေးနေ၍ မပေါ်နိုင်ပါ။ ပြည်သူတွေကပါ ဖော်ပြစေချင်လွန်း၍(ပါ) ရေးစေချင်လွန်း၍ ဤသို့ ယခုရေးသားနေရခြင်းဖြစ်ပါ၏။

ဒီစတြိတ်ခရိုင်များတွင် ဆိုင်ရာပါတီက အမတ်လောင်းစာရင်းကြေညာခဲ့ရာ တစ်ပါတီတည်း တန်ခိုးကြီးလျှင် ထိုအမတ်လောင်း အရွေးခံရဖို့မှာ ၁၀၀ လျှင် ၉၉ ရာနိုင်နှုန်းမျှ သေချာခဲ့၏။

ပါတီနှစ်ခု အင်တိုက်အားတိုက်ပေါ်နေလျှင် အရှင်းရှင်း သတ်ကြမည်မှာ ၁၀၀ လျှင် ၉၉ ဒသမ ၅၀ မျှ သေချာခဲ့၏။

ဤသို့မဖြစ်ရအောင် သဘောထားကြီးတတ်ဖို့မှာ မဖြစ်နိုင်သလောက် အခြေသို့ရောက်ခဲ့ရ၏။

ရန်ကုန်မြို့မှာ အမတ်လောင်း၏တပည့်ချင်းချင်း မသတ်ကြခြင်းမှာ ကမ္ဘာ၏ထင်မြင်ချက်ကို ကြောက်ရွံ့နေကြ၍မသတ်ဘဲ နေခဲ့ကြ၏။

ပါလီမန်ဒီမိုကရေစီစနစ်အရ သုံးစွဲကြရာ မဖြစ်နိုင်၍ မဖြစ်နိုင်ကြောင်းကို ကျွန်ုပ်တို့က ရေးသား၍နေရာ ပါလီမန်ဒီမိုကရေစီကို ရိုသေလွန်း၍ ဤသို့ရေးနေရခြင်းဖြစ်ပါ၏။

ရာဇဝင်က ခပ်နာနာကလေးရိုက်ပေးလျှင် တစ်နေ့သော် ပါလီမန်ဒီမိုကရေစီ သက်ဆိုးရှည်ကောင်း၏ဟု ယူဆ၍ ဤသို့ ကျွန်တော်ရေးနေရခြင်းဖြစ်ပါ၏။

အပေါ်လွှာက မှုလီတင်း၍ ရွေးကောက်ပွဲလုပ်ခဲ့သမျှအရှက်တကွဲ အကျိုးနည်းအောင် မှားခဲ့ပါသည်ဟူသော သဘောတစ်ရပ်ကိုပါ ထင်ရှားစေလို၍ ဤသို့ ပြည်သူ့ထံသို့ ရေးသားတင်ဆက်နေရခြင်းဖြစ်ပါ၏။

ပထမဦးစွာ ရန်ကုန်မြို့နီစီပယ်ရွေးကောက်ပွဲအကြောင်းကို ကျွန်ုပ်တို့က တင်ပြလိုပါ၏။

ကမ္ဘာပေါ်တွင် ထင်ရှားကျော်စောသော သင်္ဘောဆိပ်မြို့ကြီးများတွင် တစ်မြို့အဖြစ် ပါဝင်သောရန်ကုန်မြို့မှာ သီးခြားမြို့တော်အုပ်ချုပ်ရေးဟူ၍ အင်္ဂလိပ်လက်ထက်က ရှိခဲ့၏။

အဘယ်မည်သော ပုဂ္ဂိုလ်သည် မြို့တော်ဝန်ဖြစ်မည်ကို မသိခဲ့ကြချေ။ မြူနီစီပယ်ကောင်စီ အစည်းအဝေးတွင် ဆန္ဒမဲပေးပြီးမှ သိကြရသော့၏။

လွန်ခဲ့သည့် ၁၄ နှစ်နှင့် ၂၀ အတောအတွင်းတွင် ရွေးကောက်ပွဲကျောင်းပဓိကပင် မည်သူတော့ (အရွေးခံရလျှင်)မြို့တော်ဝန်ဖြစ်မည်ကို ကျွန်ုပ်တို့သည် သိခဲ့ကြ၏။

မည်သို့ပင်ဖြစ်စေ မြူနီစီပယ်ရွေးရာတွင် မြို့ကြီးသားတွေ၏ ယုံကြည်မှုကို ရနိုင်ကြလျှင် မှန်သည်ဟုဆိုရပေမည်။ ထို့ပြင် အုပ်ချုပ်ရေးတွင် ဖိဖိရိရိဖြစ်လျှင် ပြည်သူတွေက ကျေနပ်ကြရပေမည်။

အထက်လွှာက ခေတ်နိုပ်ပါမှ ပန်ကာလည်သလို လည်ခဲ့ရသော ရန်ကုန်မြူနီစီပယ်အုပ်ချုပ်ရေးသည် အယ်တုန်းကမှမကောင်းခဲ့ချေ။ အတော်နိုင်ဆုံး မြူနီစီပယ်လူကြီးတွေက ဆောင်ရွက်ခဲ့သမျှမှာ–

"ငါ့လူ၏တဲကို မဖျက်နဲ့"

"သူတစ်ပါး၏တဲဆိုလျှင် ဖျက်တော့"ဟူ၍သာ မြူနီစီပယ်လူကြီးတွေက အမိန့်ပေးနိုင်ခဲ့ကြ၏။

မြူနီစီပယ်လူကြီးတွေ၏ အရည်အသွေးကိုလေ့လာခဲ့ကြရာ ကျောင်းပညာအားဖြင့် တစ်တန်းမှမအောင်လိုက နေနိုင်ပါ၏။ သို့သော် ကိုယ့်ဒူးကိုယ်ချွန်ပညာမျိုး ရှိသင့်၏။ ထို့ပြင်ယုံကြည်ချက် တစ်ခုရှိရပေမည်။

ကျောင်းပညာက ၄ တန်းမှမအောင်၊ ကိုယ့်ဒူးကိုယ်ချွန်ဆို၍ ဗလာနတ္ထိ၊ ယုံကြည်ချက်ဟူ၍ ဓားသေးစွတာကာသဟူ၍ ဆိုကြရသော သူတွေက လူကြီးဖြစ်ခဲ့ကြရာ အာဏာသိမ်းမှုပေါ်ရခြင်းမှာ အံ့ဩစရာမရှိချေ။

အနောက်ဒီမိုကရေစီကို ကျုပ်တို့မလိုချင်ဘူး။ ကျုပ်တို့က ကွန်မြူနစ်ဒီမိုကရေစီကိုမှ ကြိုက်တယ်ဟုဆိုကြပါ။ ကျွန်ုပ်တို့က ဤသဘောကို အနုးအညွတ်လက်ခံပါ၏။

တကယ်သာ ကွန်မြူနစ်ဒီမိုကရေစီကို သူတို့လိုက်စားခဲ့လျှင် ရန်ကုန်မြို့ ဖဆပလရုပ်ကွက်ကို မီးဘေးကြီးက (အာဏာသိမ်းခြင်း)ကိုခံရမည်မဟုတ်ခဲ့ချေ။

နည်းဥပဒေရေးဆွဲပုံကို ကျွန်ုပ်တို့က ဖော်ပြပါရစေ။

၁၄နှစ်နှင့် ၂ လ ကာလအပိုင်းအခြားတွင် "နည်းဥပဒေ" ရေးဆွဲခဲ့ကြသည်ကို ကျွန်ုပ်တို့သည် အပြစ်မတင်လိုပါ။

သို့သော် . . .နည်းဥပဒေဟူသည် ရေးဆွဲအတည်ပြုပြီးမှ နောက်ပေါ်သော မှုခင်းများပေါ်တွင် အာဏာသက်ရောက်စမြဲဖြစ်၏။ ပြီးစီးခဲ့သမျှ မှုခင်းများအပေါ်တွင် အာဏာသက်ရောက်ခွင့်မရှိခဲ့ချေ။

ဥပမာအားဖြင့် ကျွန်ုပ်တို့က တင်ပြပါရစေ။

လူတစ်ယောက် ရွေးကောက်ပွဲတွင် အရွေးခံရစဉ်တွင် တစ်ဦးသောသူက သေဆုံးသွားလျှင် ကျန်သောသူသည် အလိုလိုရွေးကောက်ပြီးဖြစ်ရမည်ဟူ၍ ရေးထားသည်ဟုဆိုကြပါစို့။

အဆိုပါနည်းဥပဒေကိုဖျက်ပစ်လျှင် နည်းဥပဒေမရေးမီက ရွေးကောက် တင်မြှောက်ခြင်းခံရသူကို အနိုင်ပေးပြီး နောက်ရွေးကောက်ပွဲများအတွက်သာ ဖြစ်ရမည်။

ဤသို့မဟုတ်ဘေဲ ပြီးခဲ့သောရွေးကောက်ပွဲအပေါ်တွင် အာဏာတည်ရမည်ဆိုခြင်းမှာ မဖြစ်နိုင်ချေ။ မဖြစ်နိုင်သည်ကို ဖြစ်ရမည်ဟု အတင်းစွတ်ကိုင်နဲ့၍ တိုင်းပြည်သည် ကသီလင်တဖြစ်ခဲ့ရ၏။

ကြက်ရှသားနှင့်တူသော နိုင်ငံရေးပါတီဝင်တွေကို သုံးခဲ့၍ ပါလီမန်ဒီမိုကရေစီကြီးသည် အရုက်တကွဲအကျိုးနည်းဖွာဖြင့် သေဆုံးရခြင်းဖြစ်ခဲ့ပါ၏။

ရှင်ဘုရင်က တာသဲလုပ်လုပ် တရားတယ်။

သူသတ်ချင်သူကို သတ်ပစ်လျှင်တရားတယ်။

သူ့ကိုတရားစီရင်မည့်သူမရှိရဘူး။ ရှင်ဘုရင်ကိုသတ်ပစ်သူပေါ်လျှင် နောက်လူရှင်ဘုရင်ဖြစ်ရမည်ဟု ယူဆခြင်းမှာ "အသက်ဦးဆံပိုင် ရှင်ဘုရင်စနစ်"ဟူ၍ ခေါ်ပါ၏။

အရေခြုံပါတီဝင်တွေသည် အသက်ဦးဆံပိုင်စနစ် ခေါက်ခေါက်ကို ဦးလည်မသုန် လိုက်နာခဲ့ကြ၍ ပါလီမန်ဒီမိုကရေစီ ကျဆုံးရပါ၏။

■

[ ၁၆ ]

# ဘောကာပါလီမန် အမတ်အချို့မှာ လက်တွေ့အာဏာရှင်ဖြစ်ကြရပုံ

ပါလီမန်ဒီမိုကရေစီ ကျဆုံးနေသည်မှာကြာလှပါပြီ။ လက်တွေ့အားဖြင့် ကျဆုံးသော်လည်း တရားဝင်မကျသေးဘဲ ခံနေသည်မှာ ကြာလှပါပြီ။

ဘောကာပါလီမန် အမတ်က ရန်ကုန်မြို့သို့လာပြီး လက်ညှိုးထောင်အလုပ်ကို လုပ်ခဲ့ကြ၏။

**သူတို့အာဏာရှင်**

ရန်ကုန်မြို့က နယ်ရောက်သည့်တစ်ပြိုင်နက် အလိုလို အာဏာရှင်ဖြစ်နေကြသည်သာ များ၏။ လက်တွေ့ဝင်ငွေမှာ မြို့နေပါလီမန်အမတ်ထက် အဆပေါင်းများစွာသာ၏။

အာဏာရှင်ဖြစ်ပုံများကို အောက်တွင် ထင်ရှားပါဦးအံ့။

ရွာသားတစ်ဦးသည် ရွှေဆွဲကြိုးပျောက်လျှင် အမတ်ထံသွား၍ တောသားက တိုင်ရ၏။ "ငါလုပ်ပေးမယ်" ဟု ဆိုပြီး သူ့နိုးထံသို့သွား၏။ နောက်ဆုံး၌ "ဂါတ်မတိုင်နဲ့" ဆိုပြီး ငွေ ၅ဝဝိ တန်ကို ၃ဝဝိ လောက်ပြန်ပေးပြီး ကျန် ၂ဝဝိ ကို ဝေစားကြ၏။ ထိုဖွင့်ခြင်း၊ တစ်အိမ် စပါးတစ်တင်း တောင်းခြင်း၊ မိုက်ကြေးတောင်းခြင်းတို့မှာ ထုံးစံကြီးတစ်ခုဖြစ်နေခဲ့၏။

ဤတွင် မကသေးချေ။

နွားမသတ်ရ ဥပဒေတည်ရှိစဉ် နွားသတ်သော တဲတစ်တဲသို့ ခြောက်လုံးပြူးသေနတ် ခါးတွင်ထိုးပြီး အမဲသားတွေကိုဖမ်း၏။

"ဘယ် ဥပဒေကို ချိုးဖောက်ပါသလဲ"ဟု အချက်မသိသော သူတွေက ထင်ကောင်းထင်ကြပေမည်။

သိမ်းဆည်း၍ရသော အမဲသားတွေကို တစ်နေရာတည်းတွင် ချက်စား ကြ၏။ ချက်အရက်တွေကို အနီးပါတဲထဲတွင် သောက်ကြ၏။

အမဲသားပိုင်ရှင်တွေက သူတို့ကို ဘယ်တော့မှမကြည်ညိုတော့ချေ။

အကယ်၍ အမဲသားတွေကို မြေကြီးထဲမြှုပ်ပစ်ပြီး ချက်အရက်ကို သွန်ပစ်ကြလျှင် "ခေါင်မင်းကြီးသားတွေ တော်ပါပေတယ်"ဟု ချီးကျူး ကြရပေမည်။

**ဖောက်ဖျက်သူမှ ဥပဒေမရှိပါဘူး**

ကျွန်တော်တို့သည် တရားဥပဒေစိုးမိုးရေးကို အလိုရှိပါသည်ဟု ရေးခဲ့ပါ၏။

တရားဥပဒေ စိုးမိုးရေးအရ လုပ်မည်ဟု အဆိုရှိပါ၏။

သို့သော် တစ်ဦးဦးက ခံရ၍မှ မဖော်ရဲသျှ သက်သေမထွက်ရဲသျှ (ဝါ) သက်သေထွက်ရဲအောင် လူမှုအသိုက်အအုံကို မပြင်လေသျှ ဘယ် တော့မှ တရားဥပဒေစိုးမိုးရေး မရှိနိုင်ပါဟု ရေးပါရစေ။

တော်လှန်ရေးစိတ်ဓာတ်ကိုအားထား၍ ယနေ့ သတင်းစာတွေက ရေးနေကြရ၏။

**အနာမခံရဲတော့ လုပ်ပေမှာပဲ**

တစ်နေ့သည်၌ ပါတီတစ်ခု ဥက္ကဋ္ဌ၏သမီးသည် မီးရထားစီးရာ ကုန်ပစ္စည်းတွေကို ဥပဒေက ခွင့်ပြုသောအလေးချိန်ထက်ပို၍ သယ်သည် ဟု မီးရထားရုံပိုင်ကဆို၏။ မီးရထားဌာနက ဒဏ်တပ်၏။ သမီးက အဖေ ကို တိုင်ရာ အဖေက (ဟဲ့သမီး၊ နည်းဥပဒေအရ ပေးရတယ်)ဟု မဆိုချေ။

အဖေလုပ်သူက ဘူတာရုံသွား၍ ဒဏ်ငွေပြန်ပေးပါဟုဆို၏။

ဤနေရာတွင် ရုံပိုင်ကသာ "ကျုပ်မပေးနိုင်ဘူး" ဆိုလျှင် ပွဲကြီး

ပွဲကောင်းတစ်ခု ပေါ်ခဲ့ပေမည်။

ဆိုင်ရာမီးရထားဌာနအမှုထမ်းက မှလာကပေးပြီးသော ပြေစာကို ဆုတ်ပစ်ပြီး တပ်ပြီးသားဒဏ်ချွေကို ပြန်ချုပ်ပေးရ၏။

ခံချမည့်သူမရှိသရွေ့ ဘယ်တော့မှ ဥပဒေစိုးမိုးရေး မရနိုင်မှန်း ကျွန်ုပ်တို့ သိပါ၏။

အဘယ်မျှ ကိုယ်ကျိုးစိတ်သန်ပြီး စကားနိုင်လုတတ်ကြသလဲဆိုလျှင် ခံချသူပေါ်ပြန်လျှင် "နာမည်ကြီးချင်လို့" စသည်ဖြင့် မိန်းမလို မိန်းမလျှာ ပြောသေး၏။ သို့သော် တကယ်အနာခံမှန်းသိလျှင် တံခိုးလက်ဆောင်နှင့် ချီးကြပြန်သေး၏။

အပြစ်ကို မမှုမိဋ္ဌာန်သဘောလိုက်၍ရှာလျှင် အထက်ပိုင်းက ရောမ ခေါင်းဆောင်ကြီးတွေက သင်္ဂါယနာနှင့်ပြည်တော်သာလဲ၍ စားပုံတွေကို ညွှန်းကောင်း။

ဘာသာရေးနှင့်ဖလှယ်၍ စားပုံကိုလည်းကောင်းမြင်ကြသဖြင့် သူတို့ စားတော့ ငါလည်းစားတာပေါ့ကွ)ဟု ဆိုကြပေမည်။

အနည်းငယ်မျှ စုံသော သတင်းထောက်တွေကို နယ်ရှင်တွေက သတ်ပစ်ကြ၏။

ဂါတ်တစ်ဂါတ်က ထုတ်ပစ်သောအမှုထမ်းက အမတ်လုပ်ပြီးနယ်ရှင် ဖြစ်ခဲ့ရသော တိုင်းပြည်မျိုးမှာ ပါလီမန်ဒီမိုကရေစီမျိုးစေ့စိုက်ကြခြင်းမှာ ချုပ်ထဲရွာထဲရှိ မိန်းမကြီးတွေ ပြောလေ့ပြောထရှိသလို–

"အုံ့ပါရဲ့တော်" ဟု ရင်ဘတ်စည်တီးသာဖြစ်လိုတော့သတည်း။

ဂျာမနီစစ်ရုံးတွေကို စစ်ဆေးသော နူရင်ဘတ်မြို့ ခုံရုံးအကြောင်းကို ဆက်လက်ဖော်ပြပါဦးအံ့။

■

[၁၇]

## နှရင်ဘတ်မြို့နှင့် စစ်တရားခံများ

ကျွန်တော်တို့လူမျိုးတွင်မက ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းလိုလိုပင် ဖွေးကတည်းက ပုံသေမှန်သည်ဟု ယူဆလာသော ပုံသေအတွေးအခေါ်ကြီး တစ်ခု ပါလာခဲ့၏။

ထိုအတွေးအခေါ်မှာ အောက်ပါအတိုင်းဖြစ်၏။

အသက်ဦးဆံပိုင် ဘုရင်က လုပ်သမျှ အားလုံးမှန်ရမည်ဟူ၍ ယူဆ ခဲ့ကြ၏။

မိဖုရားတစ်ပါးကို ဆင်နှင့်နင်းသတ်စေဆိုလျှင် ရှင်ဘုရင်မှန်သည်ဟု ဆို၏။ အသတ်ခံရသည့်မိဖုရားက သေရမှာကြောက်၍ ဖြူဟ်တွေကို ကိုးကွယ်ခဲ့ကြ၏။

စလေဦးပုညကို ရှာသူကြီးက သတ်ပစ်ရာ ရှင်ဘုရင်က "လူကို ဖွေး သတ်တယ်"ဟု ဆိုရုံနှင့် ပြီးခဲ့၏။ အသေးစိတ်မရေးလိုပါ။

ရှင်ဘုရင်ကို မနိုင်လျှင် "ကံ" ကိုလွှဲချခဲ့ကြ၏။

ဥရောပတိုက်ရာဇဝင်တွင် အသက်ဦးဆံပိုင်ဘုရင်လုပ်သမျှ မှန်သည် ဟု ယူဆခဲ့ကြ၏။

ရှင်ဘုရင်က ထာဝရဘုရားသခင်နှင့်ကိုင်၍ပေါက်ခဲ့ကြ၏။

ပြင်သစ်ရာဇဝင်၌ "ဂျုံးအော့ပ်အာက်ခ်" အမည်ရှိသော ပြင်သစ်အမျိုး သမီးကလေး၏ စွမ်းပကားကြောင့် စစ်နိုင်ခဲ့၏။ နောက်ဆုံးတွင် အသို

ပျိုးသမီးကို စုန်းမဟု စွပ်စွဲပြီး မီးတင်ရှို့ခြင်းကိုခံခဲ့ရ၏။

အထက်ဖော်ပြရာပါ ဖြစ်ရပ်တွေကို အဘယ်ကြောင့်ပြသနေရသလဲ။

ဒီမိုကရေစီစနစ်ဟူ၍ အမန်တလဲလဲအနုလုံပဋိလုံ ရေရွတ်ခြည်တမ်းသော ဤမြန်မာနိုင်ငံ၌ "စစ်ဟူသည် နိုင်အောင်သာတိုက်၊ တရားတယ်" ချင်ရေးကြိုက်ရေးမှာ လုပ်ချင်တာလုပ်၊ တရားတယ်စသည်ဖြင့် လူတိုင်းလိုလို ယူဆခဲ့ကြ၏။

စစ်တိုက်လျှင် နိုင်လျှင်ပြီးစီးတာပဲ။ ရှုံးသူက ခံပေါ့ဟူသော အတွေးအခေါ်မှ တစ်ထစ်ကလေးပိုမို၍ ကျွန်တော်တို့ မယူဆတတ်ကြပါ။

စစ်တိုက်နေခဲ့သော စစ်ပြိုင်သူနှစ်ဖက်စလုံးက ဘုရင်တွေသည် အောင်ဆုရာနှင့် စစ်တိုက်ခဲ့ကြ၏။ ရှုံးသင့်၍ ရှုံးခဲ့ကြ၏။ နိုင်သင့်၍ နိုင်ခဲ့ကြ၏။ ဘယ်တုန်းကမှ အောင်က မကာယ်ခဲ့ဖူးချေ။

ကံတရားသည် ဗိုစားရယ်စားဘက်က အမြဲနေ၏။ ရှုံးလျှင် ကံကြောင့်၊ နိုင်လျှင် ကံကြောင့်ဟူ၍ ယူဆလာခဲ့ကြ၏။

ဤတွင်မကသေးပါ။

အာဏာရလာသော ပါတီတစ်ခုတက်လာလျှင် လုပ်ချင်တာလုပ်လျှင် တရားသည်ဟု ယူဆခဲ့ကြ၏။

တရားမျှတမှုသည် ရယ်စရာဖြစ်လာတော့၏။ လူတစ်ယောက်ကို သတ်ပြီးလျှင် ငွေ ၃၀ဝ နှင့် ကျေပါတော့လားဟု မြန်မာအချို့ ပြောဆိုလာကြကုန်၏။

**အတွေးအခေါ်တစ်ခု**

လူသားတွေသည် ခံရလွန်းမက ခံကြရသည့်အခါ လောကုတ္တရာနှင့် လောကီကိုခွဲ၍လာကြ၏။ ရိုးရိုးကလေး ပါးစပ်ကပြောပြီး ခွဲလာကြခြင်းမဟုတ်။ (Secular) လောကီဟူသော အင်္ဂလိပ်စကားတစ်ခုကို အလေးအနက်ပြုလာကြ၏။

အစဦးအလာနှင့်လည်းကောင်း၊ အကိုဥပဒေနှင့်လည်းကောင်း လောကီနှင့် လောကုတ္တရာကို ခွဲ၍လာကြ၏။ မခွဲလျှင် စစ်ဖြစ်မတတ် အန္တရာယ်များခဲ့၏။ မြန်မာရာဇဝင်တွင် ဤအစိတ်အပိုင်းမျိုး ထင်ထင်ရှားရှား မပေါ်

ခဲ့သေးချေ။ ဘာသာရေးနှင့် လောကီရေး ခွဲပါဟု ပြောခဲ့သမျှတွင် ပြောသူ တွေဘက်ကသာ ရှုံးခဲ့ကြ၏။

## ဟယ်ခနဲဖြစ်ခဲ့သော အစိတ်အပိုင်း

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် နာဇီ ဂျာမနီဘက်က တာဝန်ယူ၍ စစ်ကြီးတွင် ပါဝင်တိုက်ခိုက်ခဲ့ကြသော ခေါင်းဆောင်များကို စုံရုံးတင်၍ စစ်ဆေးမည်တဲ့ဟူသော သတင်းကို ကျွန်ုပ်တို့ကြားရာ "ဟယ်ခနဲ" ဖြစ်သွား ကြတော့၏။

စစ်လည်းရှုံးရသေးရဲ့၊ တရားခံလည်းဖြစ်ရသေးရဲ့။ အစိုးရလုပ်တာ မှာ ဘာပဲလုပ်လုပ် တရားတာပဲဟူ၍ ကျွန်တော်တို့သည် ယူဆခဲ့ကြ၏။

ဤအယူအဆအပြင် အခြားတိုးတက်သော အယူအဆဟူ၍ ကျွန်ုပ် တို့တွင် ဘာတစ်ခုမှ မရှိခဲ့ချေ။

## နူရင်ဘတ်မြို့

နူရင်ဘတ်မြို့သည် ဂျာမနီနိုင်ငံ၏ ပြည်နယ်တစ်နယ်ဖြစ်သော ဘာဗေးရီးယားပြည်နယ်တွင်ရှိသော မြို့တစ်မြို့ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် နာဇီခေါင်းဆောင်တွေကို စစ်တရားခံ အဖြစ် စစ်ဆေးကြရာတွင် အဘယ်ကြောင့် စစ်ဆေးကြရတာလဲဟူ၍ မေးသူတို့က မေးလာကြရာ ခုံအဖွဲ့ဝင်တစ်ဦးက လန်ဒန်မြို့ ဘီဘီစီ အသံ လွှင့်ရုံမှနေ၍ ပြောဆိုသံကို ကျွန်တော်တို့ ကြားကြရ၏။

တရားသူကြီးက အာဏာရှိသော အစိုးရကနိုင်းသမျှ လုပ်ခြင်းသည် မှန်ကြောင်း၊ သို့သော် ကန့်သတ်ချက် (Limit) ဟူ၍ ရှိကြောင်း၊ အင်္ဂလိပ် စစ်တပ်မှာဥပဒေရှိသည်ကို အင်္ဂလိပ်လူမျိုးတိုင်းသိကြောင်း၊ စစ်သားတစ်ဦး သည် ဆိုင်ရာကပေးသော အမိန့်ထက်ပို၍လုပ်လျှင် စစ်ရုံးကတရားစီရင် ရကြောင်း။

နာဇီဂျာမနီ၌ (ဂျူး)လူမျိုးတွေကို ညှဉ်းပန်းရာ ဘုရားရှိခိုးကျောင်း တစ်ကျောင်းလုံး မီးရှို့ပစ်ခြင်း၊ လူတွေကို သန့်နှင့်ရှိ၍သောဆောင် ဓာတ်ငွေ့ နှင့် လွှတ်ခြင်းစသည်တို့ကို လုပ်ကြောင်း၊ ကမ္ဘာ၏ဖြတ်ထုံးတစ်

မေးလျှင် လူတွေညည်းရာကျမည်ဟုအသံလွှင့်ရုံမျှပြောရာ ကမ္ဘာ၏အယူအဆသည် မော်တော်ကားဂီယာပြောင်းသလိုပြောင်း၍ သွားသည်ကို ပထမဦးစွာ ပြသပါရစေ။

နူရင်ဘတ်မြို့တွင် (အပြည်ပြည်ဆိုင်ရာစစ်ခုံရုံး)နေ့အပြီး ၁၉၄၆ ခု စက်တင်ဘာလ ၃၀ ရက်နေ့တွင် နာဇီခေါင်းဆောင် ၁၁ ဦးကို သေဒဏ် သေစေရန် အမိန့်ချမှတ်ခဲ့၏။

ဟာမင်ဂိုအာရင်းသည် သူ့ကိုယ်သူအဆိပ်သောက်၍ သေ၏။ ဟစ်တလာမှာ အဖမ်းမခံဘဲ သူ့ကိုယ်သူသတ်၍ သေလိုက်၏။

လူသားတို့၏လောက၌ ပြစ်မှုတစ်ခုကျူးလွန်လျှင် အပြစ်သဘော ဒဏ်ပေးလေ့ရှိကြ၏။

မြတ်စွာဘုရား၏ဝိနည်းသည် ဥပဒေကြောင်းအားဖြင့် လေ့လာသို့က လေ့လာသင့်ကြ၏။ အသေးအဖွဲ့အပြစ်ကလေးမျှကိုပင် အာပတ်ဖြေကြ၏။ ယနေ့အထိ သံဃာတော်တွေ အာပတ်ဖြေနေကြ၏။

ဝိနည်းကို ဂရုမစိုက်၍ သင်္ကန်းဝတ်တစ်ဦးသည် လုပ်ချင်တာလုပ်နိုင်ခြင်းကား တခြားပင်ဖြစ်၏။ ဝိနည်းဟူ၍ စာဖြင့်ရေးထားသည်မှာ အထင်အရှားရှိပါသည်ဟူ၍ ကျွန်တော်တို့က ဖော်ပြရခြင်းဖြစ်ပါ၏။

သွေးသားဖြင့် ရပ်တည်နေရသော လူသားတွေမှာ အဆုံးအဖြတ်သည် မမှားဘူးဟု မရှိခဲ့ချေ။ သို့သော် ရာဇဝင်က ခပ်ဆတ်ဆတ်ကလေး အရိုက်ခံရသော တိုင်းပြည်များ၌ (ဥပမာ) အင်္ဂလန်တိုင်းပြည်၌ သတင်းပေါက်ကြားရုံနှင့် မင်(န်)စတာ ရာထူးက ထွက်ခဲ့ကြ၏။

မစ္စတာ ဒါလ်တန်း၏အတ္ထုပ္ပတ္တိ၊ ပရိုင်းမင်(န်)စတားရမ်ဆေး မက္ကဘွန်နဲလ်၏ အတ္ထုပ္ပတ္တိကိုဖတ်ကြပါ။ အိန္ဒိယ၌ မီးရထားမှောက်ရုံနှင့် မင်(န်)စတာ တစ်ဦးသည် ရာထူးကထွက်ခဲ့၏။

မြန်မာနိုင်ငံ၌ ဘေဘူလသသင်္ဘောမှောက်စဉ်က ဆိုင်ရာမင်(န်)စတာ ရာထူးကထွက်ရန်ပြောရာ "ဘာဆိုင်လို့လဲ" စသည်ဖြင့် ပါတီဝင်တွေက ပြောခဲ့ကြ၏။

ပြည်သူများ၏ယုံကြည်မှုအတွက် ရာထူးကနုတ်ထွက်ကြပါတကား။ အင်္ဂလိပ်လူမျိုး အဋ္ဌမမြောက်အက်ဒဝပ်ဘုရင်သည် သူချစ်သောမိန်းမကို

မယူရလျှင် နန်းကို စွန့်မည်ဟုဆိုခြင်းမှာ ရူးသွပ်၍မဟုတ်ပါ။ ပြည်သူ ပြည်သားကိုရှိသေ၍ဖြစ်ကြောင်းကို လေ့လာသင့်ကြ၏။ ပြည်သူတွေ အားလုံး လူ့သမိုင်းဖြစ်စဉ်ကိုဖတ်ကြပါ၊ ရာဇဝင်အဖောင်ဖောင်ကို ဖတ် ကြပါဟူ၍ ကျွန်တော်တို့က ရေးသားလိုတော့၏။

■

[ ၁၈ ]

# ကျဆုံးသွားသော အခြေခံဥပဒေနှင့် ကျွန်တော်တို့ခံစားခဲ့ရမှုတွေ

အမျှယူတော်မူကြပါ ခင်ဗျားဟူသော အမျှပေးသောအစဉ်အလာကြီး တစ်ခုကိုယူ၍ သတင်းစာဆရာတွေသည် "အခြေခံဥပဒေရေ အမျှ . . . အမျှ" ဟူ၍ ဆောင်းပါးပေါင်းများစွာ ရေးခဲ့ကြပါပြီ။

ရေးသောမင်ပေါင်း ဂါလန်ပေါင်းများစွာသာကုန်ပေမည်။ အဖြေ နိုင်ငံရေးသမားတွေသည် "စွတ်" တရွတ် သွားမြဲသွားခဲ့ကြ၏။

သတင်းစာတိုက်တွေကို ရိုက်ချိုးခဲ့စဉ်ကလည်းကောင်း။

ပြည်နယ်တွေနှင့် အစိုးရဆက်ဆံရေး မပြေလည်စဉ်က လည်းကောင်း၊

နိုင်ငံတော် ဘာသာဆိုသော အရေးကိစ္စကြီးတစ်ခုပေါ်စဉ်ကလည်း ကောင်း "ဒီမိုကရေစီရေ . . . အမျှ . . . အမျှ"ဟူ၍ ကျွန်တော်တို့သည် ရေးသားလာခဲ့ရာ ၁၉၆၂ ခု မတ်လ ၂ ရက်နေ့ နံနက်ပိုင်းနေအရုဏ် ရောင်ခြည်ရိုးစါမှ အခြေခံဥပဒေကြီးသည် အနိစ္စသဘောနှင့် ကိစ္စချော ရာတော့သတည်း။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးသည် သေရှာလေပြီ။

အဘယ့်ကြောင့် သေသွားသလဲ၊ ပြီးစီးခဲ့သော ဆောင်းပါးနံပါတ် ၁ မှ ၁၇ အထိကို စာဖတ်ပရိသတ်သည်ဖတ်နိုင်ကြပါစေသတည်း။

အခြေခံဥပဒေကြီးကို ရေးဆွဲသူတွေကပါ ဥပဒေကိုသတ်ခဲ့ကြ၏။

အဖိုးအနဂ္ဃထိုက်တန်သောပတ္တမြားကြီး တစ်လုံးသည် လက်သို့

ရောက်ခဲ့ရာ လမ်းပေါ်ရှိ အုတ်နီခဲကြီးတစ်လုံးရသဟဆိုပြီး ခွေးလေးတွေကို ပဏ္ဍုမြားကြီးနှင့်လှမ်းပေါက်ရာမှ–

"ပဏ္ဍုမြားလည်းဆုံး

သားလည်းဆုံး

ယှကျုံးမရ ကျွန်တော်တို့ ဖြစ်ကြရတော့သတည်း။"

ရာဇဝင်၏ ရိုက်နှက်ခြင်းခံရပါပြီ။

ငါတို့လုပ်ချင်တာ လုပ်သကွ။ ။

ဘယ်ကောင်တွေကြောက်စရာရှိသလဲဟူသောစိတ်နှင့် အထက်ဆုံးသမ္မတနေရာယူသူကအစ အောက်ဆုံး သူကြီးအထိ လူမှုအသိုက်အအုံကြီးက စွဲမြဲယုံကြည်လာခဲ့ကြရာ ခံ၍ရရှိခဲ့သောသူတွေ ပေါ်မှန်းသိကြလေပြီ။ လူ့သမိုင်းက ကျွန်တော်တို့ကို ရိုက်နှက်ပါပြီ။ ရာဇဝင်က ဆုံးမခြင်းကို ကျွန်တော်တို့ခံကြရပါပြီ။ လူ့သမိုင်းသည် ဦးချိုပါသော နွားသဏ္ဌာန်၏ သမိုင်းမဟုတ်ပါ။ သဘာဝ၏လမ်းစဉ်ကို လူ့သမိုင်းဟု ခေါ်ပါသည်။ အရပ်ထဲက အရပ်သားတွေနားလည်ကြသော စကားအရ ရာဇဝင်ဟု ခေါ်ပါသည်။

**ဦးသိန်းဖေမြင့် ကြည့်ကြပါစို့**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်စောင်တစ်ဖွဲ့လုံးကို အာဂုံဆောင်လိုက ဆောင်နိုင်ကြပေမည်။ အာဂုံဆောင်ခြင်းသည် ဓာတ်ပြားသွင်းပြီး ဓာတ်ပြားထဲက အသံကိုဖွင့်သည်နှင့် တူပါ၏။ စာကိုဖတ်ကြည့်လျှင် ပျင်းစရာကောင်းလှပါသည်။ သို့သော် စကားလုံးတိုင်း၏ နောက်ကွယ်တွင် လူ့သမိုင်း၏ထုထည်သည် ကြီးမားလှပါသည်။ ပို၍ထင်ရှားအောင် ကျွန်တော်က ရေးရလျှင် လူတွေ၏သွေးသားတွေကို အခြေတည်၍ ဥပဒေစကားလုံး စကားဖန်တွေ ပေါ်လာခဲ့ကြပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးသည် လက်တွေ့အနေဖြင့် ပျက်စီးနေသည်မှာကြာခဲ့ပါပြီ။ သို့သော် တရားဝင်အောင် ပျက်သွားသည်မှာ ၁၉၆၂ ခု မတ်လ ၂ ရက်နေ့ကသာ ဖြစ်ခဲ့ပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း ၅ စာမျက်နှာ နံပါတ် ၁၁

ဥဒ်မ ၄၅ ကစ၍ အပျင်းပြေသဘော စာဖတ်ပရိသတ်သည် ဖတ်ကြည့်ကြပါ။

တခမ်းတနားဖွဲ့၍ရေးထားသည်ကို ဖတ်ကြရပေမည်။

အခြေခံဥပဒေက ပေးသောသမ္မတသည် တိုက်ရိုက်ဆန္ဒမဲနှင့် ရွေးကောက်သော သမ္မတမဟုတ်ပါ။ ပါလီမန်က ကြိုက်သောပုဂ္ဂိုလ်ကို တင်မြှောက်ခြင်းဖြစ်ပါ၏။

"ပါလီမန်" ကဆိုသောစကားကိုဖတ်ရလျှင် မြန်မာ့သမိုင်းစဉ် လေ့လာသူတို့က အစပထမတွင် အထင်ကြီးစရာရှိပေမည်။

ပျိုင်းမင်း(န်)စတော သို့မဟုတ် ဝန်ကြီးချုပ် ကြိုက်သူတစ်ဦးကို သမ္မတတင်မြှောက်နိုင်၏။

အပလီန်းညာဏ်ကို မကစားလျှင် တော်သေး၏။

တာဝန်ရှိသော ခေါင်းဆောင်တစ်ဦးက အမြင်ကျယ်ကျယ်နှင့် အနာခံ၍ ဆောင်ရွက်လျှင် ပုဒ်မ ၄၅သည် အရုက်တကွဲအကျိုးနည်း မဖြစ်သင့်ချေ။

အိန္ဒိယနိုင်ငံ သမ္မတရာဇင်ဒရာ ပရဆာဒ်နှင့် အိန္ဒိယနေရှင်နယ် ကွန်ဂရက်တို့ ဆက်ဆံကြရာ ယနေ့ထက်ထိ ကျက်သရေရှိလျက်ပင်ဖြစ်ပါ၏။

ကိုယ်ကျိုးဘက်ကရှုည်းနေ၍ကြည့်ခြင်း

ရွာထဲက မိန်းမကြီးတစ်ယောက်သည် ဘောလုံးပွဲတွင် နပျိုသော ယောက်ျားကလေးတွေ ဘောလုံးကစားနေကြသည်ကို ကြည့်ပြီး လွှတ်ခနဲ ပြောဆိုသောစကားကို ကျွန်တော်သည် ကြားရဖူး၏။

"သူတို့အစား ငါမောလိုက်တာဟယ်"

"ပိုက်ဆံလည်းမရဘဲနဲ့ အမောခံကြတယ်"ဟူ၍ ပြောလိုက်၏။

ပေါ်သရှုပြဿနာ ဟူသရွေ့ကို ကိုယ်ကျိုးဘက်ကနေ၍ ကြည့်သောဒီဇ ကျွန်တော်တို့တွေထဲတွင်ပါလာရာ တိုင်းပြည်အနာခံသူဟူသရွေ့ အရူးရည်ဟူ၍ ယူဆလာကြ၏။

ထိုနည်းအတူ နိုင်ငံရေးပါတီတစ်ခု အာဏာရလာလျှင် အခြေခံဥပဒေကပေးသော အာဏာကို ကိုယ်ကျိုးဘက်ကရှုည်းနေ၍ ကြည့်ပုံကလေးတွေကို စာဖတ်ပရိသတ်များ မှတ်မိကြပေလိမ့်မည်။

မာယာတစ်သိန်း အပလိန်းအနန္တရှိသူများ၏ လက်ထဲ အာထာ
ရောက်သွားခဲ့ရာ မိမိကြိုက်သော ပုဂ္ဂိုလ်၏ အမည်ကို ပိပိရိရိ ရွက်ထားပြီး-
"အမတ်တွေတိုင်ပင်ဦးမယ်"
ပါလီမန်သဘောပေါ့ ဟုရှုံမြောပုံမှာ တော်ကြပါပေ၏။

**တိတ်တိတ်ပုန်း အနုပ်ခံကြရသည်**

ငါတို့လက်ထဲ အာထာရောက်လာပြီ။
ငါတို့အကျိုးရှိအောင် ဘယ်လိုလုပ်ရပါ့မလဲ တွေးတောကြ၏။
သမ္မတရာထူးပေးတော့မလိုလိုနှင့် ရောမမြို့မှာကြီးတွေကို မျှားခဲ့ရာ
ရောမပုဂ္ဂိုလ်ကြီးတွေသည် တလိမ့်ခေါက်ကွေး လိမ့်ကျသွားကြ၏။ ရက်
ကြလွန်း၍ သူတို့သည် ဆိတ်ငြိမ်စွာခံကြရ၏။ ကျွန်တော်တို့ပင် ဖွင့်၍
မရေးရဲပါ။
ငါ့အိမ်လာပြီး မီးဖိုချောင်ထဲတွင် ငရုတ်သီးထောင်းပေးတဲ့သူကိုမှ
သမ္မတခန့်မည်ဟု တွေးတောကြပုံကို ကျွန်တော်တို့ ရိပ်စားမိကြရာ-
"ဘုရား . . . ဘုရား"
"သူ မွေးထားသော ပြာတာကလေးများ သမ္မတဖြစ်မှာလား" နှင့်
တထိတ်ထိတ်နေနေကြရတော့၏။
ဖဆပလ မကွဲမီ သမ္မတရာထူးမှာ ပြက်လုံးကြီးတစ်ခုဖြစ်ခဲ့၏။
လူတစ်ယောက်ကို ခြေထောက်နှင့် ကန်၍ မိုးပေါ်သို့ ပို့လိုက်
လျှင် (ဝါ) Kick Up လုပ်လိုလျှင် သမ္မတရာထူးပေးကြ၏။ ဗိုလ်ချုပ်
အောင်ဆန်းကို သမ္မတရာထူးပေးရန် ရည်ရွယ်ခဲ့ဖူး၏။ ဦးနုကိုပေးရန်
ကြံကြရာ (ကျုပ်မလုပ်ချင်ဘူး)ဟု ဖွင့်၍ပြော၏။ ဗိုလ်မှူးအောင်ကို သမ္မတ
ရာထူး ပေး၏။
မကွဲသော ဖဆပလဥက္ကဋ္ဌသည် သူ့အိမ်သွားပြီး ငရုတ်သီးထောင်း
ပေးသူ၏ စာရင်းကို သူ၏အိတ်ထဲထည့်၍ထား၏။
ဤမျှ သမ္မတရာထူးကို ဈေးပေါအောင်လုပ်ကြရာ ၁၄ နှစ်နှင့် ၂ လ
အခြေခံဥပဒေကြီး အသက်ရှည်ခဲ့သည်မှာ အံ့တစ်ပါးပင်ဖြစ်ခဲ့၏။
စေတနာ့ဝန်ထမ်းအောင်သွယ်စာရင်းတွင် ကျွန်တော်တို့ ပါဝင်ခဲ့ဖူး

ပါ၏။

ပသီပုံပြင်ဝတ္ထု၌ မိဖုရားကို ရှင်ဘုရင်က တစ်ညတည်းပေါင်းပြီး နောက်တစ်နေ့သတ်ပစ်သည်ဟု ရေးသောဝတ္ထုကိုဖတ်ရာ ဟုတ်နိုင်ပါ့မလားဟု တွေးတောမိ၏။ သတင်းစာတွေသည် မိဖုရားနှင့်တူကြောင်းကို ဆက်လက်၍ ဖော်ပြပါဦးအံ့။

[၁၉]

# သမ္မတသတင်းတွေ ရေးလိုက်ရသည်မှာ တမောကြီးပင်

သတင်းစာထုတ်ဝေခြင်း၏ ပင်ကိုသဘောတစ်ရပ်မှာ ပြည်သူ၏ ပါးစပ်ပေါက်တစ်ခုအနေနှင့် သတင်းစာတွင် တန်ဖိုးရှိလှပါ၏။

သတင်းစာဆရာတွေသည် ညှဲလိုကညှဲမည်။ ပြည်သူထဲက ရေးသား သောဆောင်းပါး သို့မဟုတ် သတင်းတစ်ခုခုကို ရေးသားသည်ကို တိုင်း ပြည်က ဖတ်ရသည်မှာ တကယ်အရသာပင်ဖြစ်၏။

**မှေးကြလေပြီ**

သမ္မတရွေးခါနီးအချိန်သို့ရောက်လျှင် သတင်းစာတို့၏အနံ့သည် မွှေး၍လာတော့သည်။ ရွေးလိုက်သည့်သမ္မတလောင်းတွေ တစ်ဦးမက သမ္မတလောင်းပေါင်းများစွာကို တွေ့ကြရ၏။

သတင်းစာက ခပ်ဆတ်ဆတ်ကလေး ထင်မြင်ချက်များရေးလျှင် သတင်းစာဟူ၍ ပေါ်နေခြင်းသည် ကပ်ဆိုးကြီးတစ်ခုဖြစ်ရပြန်တော့သလို ပြောဆိုကြ၏။ မွှေးလျှင်ပန်း နံလျှင်ပစ်ဘဝသို့ သတင်းစာတွေ လျှောကျ နောက်ဆုံးဖြစ်ရပြန်၏။

ပသီပုံပြင်ဝတ္ထုထဲတွင် ရှင်ဘုရင်က တစ်ညအိပ်ပြီးနောက် တစ်နေ့ အသက်ခံရသော မိဖုရားနှင့်သတင်းစာတွေသည် တူနေတော့၏။

ပြည်သူက အရှိအသေပြုလိုက်သောပုဂ္ဂိုလ်ဆိုလျှင် လမ်းစဉ်အားဖြင့်

ပြည်သူလူထုသည် ကျေနပ်သင့်ကြပေသည်။ တစ်ခါတစ်ရံမဟုတ်ပြန် ဘူးတဲ့ချို့ ။ လူမျိုးရေးက ပါလိုက်ရသေးတယ်ဟူသော စကားသံကို ပြည် သူတွေသည် ကြားရပြန်၏။

တိုင်းရင်းသားချင်းချင်းက ပေါက်ဖွားကြသမျှကို တရားဝင်မြန်မာ ဟုရ၍ အားလုံးက လက်ခံလာခဲ့ကြရာ ရှမ်းတစ်လှည့်၊ ကချင်တစ်လှည့် ဆိုသော ဆေးသံတွေကိုကြားလာသည့်နေ့ကစ၍ ရှိသေကိုင်းရှိုင်းစရာ မဏ္ဍိုင် ကြီးတစ်ခု ပြုတ်လာခဲ့၏။

**သမ္မတအစိုးရမဟုတ်ပါ**

သုံးလကျော်ကျော်ကလေးနှင့်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေး ဆွဲခဲ့ကြစဉ်က အခြေခံဥပဒေအရ အမေရိကန်ပြည်ထောင်စုမှာကဲ့သို့ သမ္မတ အစိုးရမဟုတ်ဘူးနော်။

ဖိလစ်ပိုင်ကျွန်းမှာကဲ့သို့ သမ္မတအစိုးရမဟုတ်ဘူးနော်ဟု ကျွန်တော် တို့က ရေးခဲ့ကြပါလျက်လည်းကောင်း၊ ပြောခဲ့ကြပါလျက်လည်းကောင်း သမ္မတဖြစ်လာရာ "သမ္မတလုပ်သူမှာ အာဏာမရှိလေခြင်း"ဟု ညည်းညူသံ တွေကို သတင်းစာတွေတွင် ထည့်သွင်းကြသေး၏။

ပျက်သွားသောအခြေခံဥပဒေသည် အင်္ဂလန်ကဲ့သို့ ကက်ဘိနက် အစိုးရသာ ဖြစ်သနော၊ အိန္ဒိယမှာကဲ့သို့ ကက်ဘိနက်အစိုးရလာဖြစ်သနော ဟု ကျွန်တော်တို့ နားလည်လာကြ၏။

အင်္ဂလန်မှာ နန်းဆက်မပြတ်ခဲ့သော ရှင်ဘုရင်နှင့် ဘုရင်မတွေကို သစ္စာမူ၍ ကက်ဘိနက်အစိုးရဖွဲ့လာကြ၍ ယနေ့ထက်ထိ အထမြောက် နေ၏။

အိန္ဒိယမှာ ဥပဒေကို တတ်ကျွမ်းသော ပုဂ္ဂိုလ်များကို သမ္မတနေရာ သို့မဟုတ် ဘုရင်ခံချုပ်နေရာ ထားခဲ့သဖြင့် ကက်ဘိနက်နှင့် သမ္မတဆက် ဆံရေးတွင် ကလန်ကဆန် တစ်ကြိမ်မှမဖြစ်ခဲ့ဖူးချေ။

သမ္မတမှာ အာဏာမရှိဟု ဆိုသူက နိုင်ငံရေးသိပ္ပံကို နားမလည်လို့ ဆိုလျှင်ခံနိုင်သေး၏။ လွန်ခဲ့သည့် ၁၄ နှစ်နှင့် ၂ လ ကာလအတောအတွင်း တွင် ရန်ကုန်တက္ကသိုလ်က(ဘီအေ)အောင်သော သမ္မတလုပ်သူက ပြော

၍ အုံ့ဩစရာကောင်းလှ၏။

အခြေခံဥပဒေကြီးကျိုးကျရပုံကို ထင်ရှားစေလို၍ ဤအစိတ်အပိုင်း တွေကိုဖွင့်၍ ကျွန်တော်တို့က ရေးနေရခြင်းဖြစ်ပါ၏။

ယုံကြည်ချက်သစ္စာသာရှိခဲ့ကြလျှင် သမ္မတနေရာယူသောပုဂ္ဂိုလ်တွေ တွင် တိုင်းပြည်ကိုကာယ်နိုင်သော အာဏာတကာယ်ရှိခဲ့ပါ၏။

ဝန်ကြီးချုပ်၏နေရာကိုယူသော ပုဂ္ဂိုလ်၏အလိုကိုမလိုက်ဘဲ တင်း တင်းကျပ်ကျပ်လုပ်ရဲလျှင် အခြေခံဥပဒေသည် ကျိုး၍ကျဖွယ်ရာ မရှိချေ။ နောက်ဆုံးတွင် သမ္မတကို ကဲ့ရဲ့ရှုတ်ချသောအဆိုသွင်းလျှင် ပါလီမန်နှင့် ရင်ဆိုင်မည်ဟူသော သစ္စာများရှိခဲ့လျှင် အခြေခံဥပဒေသည် မပျက်စီးနိုင် ခဲ့ချေ။

ရာထူးပြုတ်မှာကြောက်လို့ သစ္စာကြောင်ရပါသည်ဟုဆိုလျှင် နောက် ဆုံးအလှူတွင် ရာထူးပြုတ်မှာကြောက်လို့ အထောက်လူကြီးအတွက် အရေး ဝယ်ပေးရပါသည်ဆိုသော ရုံးစေပြာတာနှင့် ဘာခြားနားသေးသလဲ။ အခြေခံ ဥပဒေပုဒ်မ ၆၂ (၁)အရ သမ္မတ၏အာဏာကို မသုံးရဲ၍ ဥပဒေကြီး ကျိုးကျ ပုံကို မရေးလိုတော့ပါ။

အိမ်ပုံစံကောင်းပါရဲ့၊ ကျွန်းသစ်မရှိလို့ ကြက်ရှာသားနှင့်ဆောက်ရပါ သည်ဟုဆိုသကဲ့သို့ ဖြစ်တော့၏။

သတင်းစာတွေထဲက အပိုင်းခံ၍ရေးသော သတင်းစာဆရာတွေရှိ ခဲ့ပါ၏။

ပုဒ်မ ၆ဝ နှင့် ၆၃

ပုဂ္ဂိုလ်တစ်ဦးဦး၏ ကိုယ်ကျိုးဘက်မှနေ၍ ကြည့်သော "ဝိဇ" မျိုးမှ သာရှိနေလျှင် အခြေခံဥပဒေကြီးရေးနေ၍ အကျိုးမရှိနိုင်သည်ကို ကျွန်တော် တို့သည် မျက်ဝါးထင်ထင်တွေ့ရပါပြီဟူသော သဘောတစ်ရပ်ကို ဆက် လက်ထင်ရှားစေဦးအံ့။

အခြေခံဥပဒေပုဒ်မ (၆ဝ နှင့် ၆၃)ထက် ပြတ်သားသောဝေါဟာရ စကား ကျွန်တော့်အနေနှင့် ရှာ၍မတွေ့ချေ။ ဥပဒေမှာ မမှားချေ။

ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သော အခွင့်အရေးသည်

ပြီး ဆောက်သမ္မတ၌ တည်ရှိရမည်ဟုဆို၏။

ဤသဘောကို မည်သူကမဆို လက်မခံနိုင်စရာအကြောင်း ဘာမှ မရှိချေ။

သို့သော် ပုဒ်မ ၆၃ ကို ဖတ်လျှင် ပြည်ထောင်စုအစိုးရ၏ အကြံပေးချက်အရသာလျှင် သုံးစွဲဆောင်ရွက်ရမည်ဟု ရေးသား၏။

ပူပူနွေးနွေးအတွေ့မသေသော ကာလတွင် အစိုးရအဖွဲ့မသိဘဲ တရားစီရင်ဦးကို သမ္မတအမိန့်နှင့် လွှတ်ပစ်ခဲ့၏။ လွှတ်ပစ်ပုံမှာ ဤသို့ဖြစ်၏။

အစိုးရကို ပုန်ကန်သောပြစ်မှုနှင့် သေဒဏ်သေစေဟု အမိန့်ချမှတ်ပြီး သူကစ်ဦးကို ထောင်ဒဏ်ပြောင်းခြင်းမဟုတ်၊ ဤစကားကို အလေးအနက်ပြော၏။ ကွင်းလုံးကျွတ်လွှတ်စေဟု အမိန့်ပေးပြီးအပြီး အပြီးမ်း လွှတ်ပစ်ရာ သူသေလောကကြီးတစ်ဝန်းလုံး ငိုင်သွားတော့၏။ တပ်မတော် လောကတွင် ဂယက်ရိုက်သွား၏။

သဘာဝလမ်းစဉ်အရဆိုလျှင် သမ္မတကိုလွှတ်တော် ၂ ရပ်ခေါ်၍ ပြုတ်ချရပေမည်။

"ငါ၏အလိုကို သူလိုက်ပေတကား"

"သူ၏အလိုကို ငါလိုက်မှဖြစ်ချေမည်"

ဟူ၍ ယူဆလေသလော ကျွန်ုပ်တို့မသိပါ။ တုံကိုဘာဆဆိတ်ဆိတ်သာနေတော်မူခဲ့ကြ၏။ သို့သော် ထိုအပိုဒ်ကိုပြင်မည်ဟု ယခင် ပထမအစိုးရက ဆိုသွား၏။

ဝန်ကြီးချုပ်လုပ်သူ၏ အလစ်တွင် ကပ်လုံးကလေးရအောင် ဘယ်လိုများလုပ်သွားလေသည် ဆိုသောအချက်ကို နောင်ရေးမည့်ရာဇဝင်ကိုသာ စောင့်၍ဖတ်ကြပါစို့။ စောင့်၍ဖတ်ကြပါ။

**ကျွန်တော်တို့ အခွင့်ပါ၏**

ပြည်ထောင်စုတစ်ခုလုံးတွင် လူကောင်းလိုက်၍ရှာရာ တရားလွှတ်တော်ချုပ်ဝန်ကြီးချုပ်ထက် သင့်လျော်သော ပုဂ္ဂိုလ်မရှိဟု ကျွန်တော်တို့ ယူဆခဲ့ပါ၏။

ဤသို့ လုပ်ပါလေမှ၊ လွှတ်လပ်စွာတရားစီရင်ရေးကို ပြောင်းတလင်း

ကျကျထိနိုက်လာပါမှ "ဟ ငါတို့တော့ထိပြီ"ဟု ဟစ်အော်ကြ၏။

ထိလျှင်ခံရသောစိတ်မျိုး၊ မသိလျှင်မေးသော စိတ်ဓာတ်မရှိလျှ
တရားဥပဒေစိုးမိုးရေးမှာ အသို့လျှင် အဓိပ္ပာယ်ရှိစေမည်နည်း။ တရားဥပ
ကြီး တည်တံ့စေချင်လှန်း၍ ကျွန်တော်တို့က ပြည်သူတွေကို ကူညီ၍ မေ
ခြင်း ဖြစ်ပါ၏။

■

## [၂၀]

ကျွန်ုပ်တို့သည် လွတ်လပ်ရေးနှင့်ထိုက်တန်လို၍ ကျွန်ုပ်တို့၏အပြစ်တွေကို ဖော်ထုတ်၍နေပါ၏။

ထိုနည်းအတူ အခြေခံဥပဒေနှင့်ထိုက်တန်စေလို၍ ပြည်သူထံသို့ ဤသို့ ရေးသားတင်ဆက်နေရခြင်းဖြစ်ပါ၏။

အခြေခံဥပဒေနှင့်ကျွန်တော်တို့သည် ထိုက်တန်အောင် ဘယ်လို လုပ်ကြရမည်လဲ။ ပြည်သူတွေကို အားကိုးပါ၏။

တော်လှန်ရေးကောင်စီကို အားကိုးပါ၏။

အောက်ခြေကစ၍ ကိုယ်ကျိုးဘက်ကချည်းနေ၍ ကြည့်လွန်းကြသဖြင့် လည်းကောင်း၊ အထက်ဆုံးရှိ ခေါင်းဆောင်ဆိုသူတွေကပါ ကိုယ်ကျိုးဘက်ကချည်းနေ၍ ကြည့်ကြလွန်းရာမှလည်းကောင်း အခြေခံဥပဒေကြီး ကျိုးကျသွား၏။ စကားကိုကတ်၍ မေးသူတို့က မေးကြလိမ့်မည်။

နောင်ကောင်းဦးမှာလားဟု မေးကြလိမ့်မည်။ ထိုအမေးကို ယခု ဖြေပါရစေ။

ပြည်သူလူထု၏ အစိတ်အပိုင်းတွင်ပါနေသော ကျွန်တော်တို့အနာခံနိုင်သရွေ့ တိုးတက်ပါလိမ့်မည်။ ကျွန်တော်တို့တစ်တွေနှင့် ပြည်သူတွေ အချောင်လိုက်ပြန်လျှင် ပျက်စီးပါလိမ့်ဦးမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် "ဗုဒ္ဓဘာသာဝင်ဖြစ်မှ သမ္မတဖြစ်ရမည်"ဟု ရေးသည်ဟုဆိုကြပါစို့။

မနေ့က မှတ်ဆလင်ဘာသာ ကိုးကွယ်သူတစ်ဦးက ယနေ့ ဗုဒ္ဓဘာသာ ဖြစ်ပါပြီဟု ကြေညာဆိုပြီး သမ္မတရာထူးကိုလက်ခံသည်ကို ကျေနပ်သည်ဟု ဆိုကြပါစို့။ သမ္မတရာထူးက ထွက်လာပြီး မနက်ဖြန် ခလီရောက်ပြန် လျှင် "ကဲ ဘယ့်နယ်ရှိစ"ဟု မဆိုရဘူးလား။

လူတွေကသာ မရိုးသားလျှင် ဘယ်အခြေခံဥပဒေနှင့်မှ မထိုက်တန် ပါ ဘူးဟူ၍ ကျွန်ုပ်တို့က ရေးသားခြင်းမှာ လွန်လွန်းသလားဟု ကျွန်ုပ်တို့ က ယခုရေးသားနေရခြင်းဖြစ်ပါ၏။

ကျွန်တော်တို့ ဆိုလိုရင်းမှာ

ဖျက်စီးသွားသော အခြေခံဥပဒေတွင် သမ္မတခန့်သောအပိုဒ်သည် မမှားပါ။ သုံးသောလူတွေ မရိုးသား၍ ဥပဒေကြီးသည် စုန်းစုန်းကျပြီးကျ ခဲ့ရပါသည်ဟူ၍ ရေးနေပါ၏။

တူရကီပြည်တွင် အစိုးရအဖွဲ့ဝင်တွေကို တော်လှန်ရေးကောင်စီက ဖမ်းဆီးစစ်ဆေးရာအခြေခံဥပဒေကို ဖောက်ဖျက်သည်ဟူသော စွဲချက် တစ်ခု ပါဝင်ပါ၏။

သမ္မတသည် ပရိုင်းမင်း(န်)စတာလုပ်သူ၏ လက်ကိုင်တုတ် ဖြစ်နေ ခဲ့၍ အခြေခံဥပဒေကြီးသည် လျှောကျနောက်ဆုံးဖြစ်ခဲ့ပါသည်ဟု ကျွန် တော်တို့က ယခုစာဖြင့် သက်သေထွက်ဆိုနေရခြင်းဖြစ်ပါ၏။

ကျွန်တော်တို့တစ်တွေသည် အစ်ရကျပ်ပုံကိုလည်းကောင်း၊ ပြည်သူ တွေအနေရ ကျပ်ပုံကိုလည်းကောင်း ယခုရေးသားပါရစေ။

"အခြေခံဥပဒေကြီးကိုယ်ကအင်္ဂလိပ်ဆီက မိုးချထားတာကိုးကွ"

"ဗမာနည်းနှင့်လုပ်ပါလား" ဟုဆိုကြလိမ့်မည်။

ဤအသံမျိုးကို ကျွန်တော်တို့ ကြားချင်လှပါသည်။

"ဗမာနည်းက ဘယ်မှာလဲ" ဟူ၍ ကျွန်တော်တို့က မေးပါရစေ "ဗမာ နည်း"ကို စာရေး၍ ပို့ကြပါဟူ၍ ပန်ကြားပါရစေ။

ရုပ်သေးထဲတွင် မြင်ကြရသကဲ့သို့ . . .

မင်းကြီးများ . . .

ဘုရား . . .

ဟု ဘုရားထူးစေသော အသက်ဦးဆံပိုင် ရှင်ဘုရင်စနစ်ကို လိုချ

ကြလျှင် ဆောဆောစီးစီးကပြောကြပါဟူ၍ ကျွန်တော်တို့က ရေးသားပါ
ရစေ။

အင်္ဂလိပ်နည်း၊ ရုရှနည်း၊ ဗမာနည်းဟူ၍ ဤကမ္ဘာတွင် မရှိတော့ဘူး၊ တိုးတက်သမျှကို ယူကြရတာပဲမဟုတ်လား။

အင်္ဂလိပ်တွေ ကိုးကွယ်သောဘုရားသည် အင်္ဂလိပ်လူမျိုး မဟုတ်ဘူးနော။

ကျွန်တော်တို့ကိုးကွယ်သော ဗုဒ္ဓမြတ်စွာဘုရားသည် မြန်မာလူမျိုးမဟုတ်ဘူးနော ဟူ၍ ထပ်လောင်း၍ရေးပါရစေ။

အခြေခံဥပဒေကြီးတစ်ခုပြီးကျပြီး နောက်ထပ်ရေးသော ဥပဒေအကြောင်းတွေကို ပြည်သူတွေသည် လေ့လာကြလိုလျှင် ပါကစ္စတန်၏ နောက်ဆုံးအခြေခံဥပဒေကိုလည်းကောင်း၊ တူရကီပြည်၏ နောက်ဆုံးအခြေခံဥပဒေကိုလည်းကောင်း တရုတ်ပြည်သစ်၏ အခြေခံဥပဒေကိုလည်းကောင်း လေ့လာသင့်ကြပေသည်။

အီဂျစ်ပြည်မှာ ယနေ့ထက်တိုင် ငြိမ်ငြိမ်ရရ အခြေခံဥပဒေမရှိသေးချေ။

မည်သို့သော အခြေခံဥပဒေမျိုးကို ကျွန်တော်တို့သည် ရေးစေကာမူ ငိုးသားမှုတစ်ခုမရှိလျှင် အလကားပါပဲဟူသော အချက်ကိုအလေးအနက်ပြုပါရစေ၊ အမီကထားပါရစေဟူ၍ ဤသမ္မတခန့်အပ်ရေးကဏ္ဍကို နိဂုံးချုပ်ပါရစေ။

ဥပဒေအဆုံးအဖြတ်တစ်ခုလိုလျှင် တရားလွှတ်တော်ချုပ်ကို မတင်ဘဲ အိမ်ခေါ်၍ တရားဝန်ကြီးချုပ်ကိုမေးပြီးလုပ်သောအလုပ်မျိုး အကြောင်းကို အခြားပုဂ္ဂိုလ်များက ရေးသင့်ကြပါ၏။

ရိုးသားမှုကိုလိုလားကြလျှင် ပြည်သူတွေသည် အိပ်နေ၍ မရနိုင်ပါ။ ခိုင်အားထက်သန်သော လူငယ်များကပါ အစွာခံသောနည်းတစ်နည်းကိုသာ တွေ့ရပါ၏။

သမ္မတကဏ္ဍအပြီးတွင် "ပြည်ထောင်စု"၏ သဘောကို ကိုယ်တွေ့ဘတ္တုများကို ဖော်၍ရေးပါရစေ။

■

[ ၂၁ ]

# ပြည်ထောင်စုစစ်စစ်ဟူသောအသံမှ ပေါက်ကွဲခဲ့ရသည်

အင်္ဂလိပ်စကား "ဗီးအရဲလ်"ဟူသောအသံတစ်သံကို ၁၉၆၂ ခု မတ်လ ၂ ရက်နေ့ မတိုင်မီကစ၍ ကြားလာခဲ့ရလေသည်။ ဤအကြောင်းကို လ ပေါ်က လူတွေပင်မသိထားဘိ။ ပါလီမန်အမတ်တွေပင် မရိပ်စားမိကြ ပါလီမန်အမတ်ဟောင်းတွေပင် မသိထားဘိ။ အစိုးရ ကက်ဘိနက်အဖွဲ့ ဝင်တွေပင် သိကြမည်မထင်ချေ။ အာဏာရလျှင် ပြီးရောဟူသော ရည်ရွယ် ချက်တစ်ခုကို တရားသေထားခဲ့သောဦးနေဝင်းလျှင် ဖင့်နွှေးဖင့်နွှေးလုပ် ရ၏။ အချုပ်ခံနေရသူအကြောင်းမရေးသင့်၊ အချို့ကဆိုလျှင် ဘာမှမ ဘဲ နေဖို့သာသင့်၏။

"အို . . . ဖြစ်ချင်တာဖြစ် နောင်ခါလာ နောင်ခါရှေးပေါ့၊ မဖြစ် လည်း ပျက်ရုံပေါ့"ဟု ဆိုခဲ့ကြ၍ ယနေ့အခြေသို့ ဆိုက်ရောက်ရပါသည် ဟူ၍ကျွန်တော်သည် ဤကဏ္ဍ၏ ခြေဆင်းအဖြစ်ရေးသားပါရစေ။

**ကျွန်တော် သေညှိမှ ထင်ပါသည်**

ရေစ်သဏ္ဌာရာစ် ၁၉၅၂ ခုနှစ်မတိုင်မီက ဝတ်လုံဦးချန်ထွန်းနှင့်ပရိုင်း မင်း(န်)စတာ ဦးနုတို့သည် ပရိုင်းမင်း(န်)စတာ ညှိခန်းမြောက်ဘက် ဆောင်တစ်ဆောင်တွင် ဆွေးနွေးကြရာ ကျွန်တော်သည် အစအဆုံးနား ထောင်ခဲ့ပါ၏။ မှတ်တမ်းမှတ်ရာမရှိပါ။ မှတ်တမ်းမှတ်ရာမရှိ၍ ပြည်သူ

ပြန်ကြည့်လျှင် ထိုအချက်ကို ပယ်ရုံသာရှိ၏။

ပြည်နယ်ကောင်စီများတွင် အမတ်များရောကိုမင်း(န်)စတားရာထူး ပေးသော လမ်းစဉ်မှာမှန်သည်ဟု ကျွန်တော်ကပြော၏။ ဦးချန်ထွန်းက တိုင်းမင်း(န်)စတား သဘောတူသောသူကိုသာ မင်း(န်)စတားခန့်သင့်သည် ဟူ၍လည်းကောင်း၊ ဤသို့မလုပ်လျှင် တစ်နေ့သော် ပြည်မကခွဲထွက်လျှင် ဘယ်နှယ်လုပ်မည်လဲဟူ၍လည်းကောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အသွင်မှာ "ဖီးဒရယ်"ဖြစ်သော်လည်း လက်တွေ့မှာ "ယူနစ်ထရီ" (ဝါ) ဗဟိုတည်း လက်အောက်ခံဖြစ်သည်ဟူ၍လည်းကောင်း ပြောပြသည်ကို ကျွန်တော်သတိရမိတော့သည်။ ဤသို့မဟုတ်ရပါဘူးဟု တစ်နေ့ရာရာက ပြင်ဆင်ချက်ထုတ်လျှင် ကျွန်တော်သည် အနုးအညွတ်အမှားပြင်ဆင်ချက်ကို ထည့်သွင်းပေးရန် အသင့်ရှိပါ၏။

## ဘယ်တုန်းကမှ ဆန္ဒမပြုခဲ့ချေ

၁၄ နှစ်နှင့် ၂ လကျော်ပါမှ ဝမ်းနည်းဖွယ်ရာတွေကိုဖွင့်၍ ရေးနေရခြင်းမှာ ဝမ်းနည်းစရာဖြစ်ပါ၏။ ကက်ဘိနက်အစည်းအဝေးတွင် ဘယ်တုန်းကမှ ဆန္ဒမဲမခွဲခဲ့ချေ။ "သဘောတူသည်"ဟူ၍သာ တရားဝင်မှတ်တမ်းတွင်ရေးကြသည်။ အသေးစိတ်မှတ်တမ်းကို စက္ကရီတေရီ ဦးဝင်းဖေက ရေးသားရာ မှတ်တမ်းတွေသည် လူတစ်ရပ်မျှမြင့်မား၍နေ၏။ (ဤမှတ်တမ်းတွေကို သိမ်းထားသင့်၏။ အားလုံးအင်္ဂလိပ်ဘာသာဖြင့် ရေးထား၏။)

## တရားလွှတ်တော်ချုပ်မှ တရားဝင်ဖြတ်ထုံး

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် "ယူပုံဆပုံ" တစ်ခုခုလိုလျှင် တရားလွှတ်တော်ချုပ်ရုံး၏ တရားဝင်ဖြတ်ထုံးတစ်ခုယူခဲ့ဖို့သင့်၏။ ဤသို့မယူခဲ့သဖြင့် နောင်လာနောက်သားများက စာရင်းရှင်းရာတွင် ပြတ်ပြတ်သားသား မရှင်းနိုင်တော့ချေ။

ဝတ်လုံဦးချန်ထွန်း၏ အယူအဆသည် သူ၏ ပုဂ္ဂလိကထင်မြင်ချက်သာ ဖြစ်ခဲ့၏။ တရားလွှတ်တော်ချုပ်၏ ဖြတ်ထုံးမဟုတ်သည်ကို ကျွန်တော်တို့ သတိပြုသင့်ပေသည်။

**အုပ်ချုပ်ရေးညံ့သည်ဆိုသည်မှာ**

"သပိတ်မှောက်တာတို့ရှိနှင့် အစိုးရဖြစ်လာတာပေါ့ကွာ။ အုပ်ချုပ်ရေးဆိုတာ ဘာမှန်းမှမသိဘူး"ဟု လူကြီးတွေ ပြောခြင်းမှာ ညံ့နေရာတွင် မှန်နေတော့၏။

**သတင်းစာက ရေးခဲ့သည်**

အထက်ပါအကြောင်းကို ကျွန်တော်သည် ထွန်းနေ့စဉ်သတင်းစာတွင် ရေးခဲ့ရာ ထိုသဘောအတိုင်းကို အခြေတည်၍ ရှမ်းပြည်စော်ဘွားများက ဆိုလာကြတော့၏။ ကျွန်တော်တို့က ရေးချပ်ပင်လော၊ သို့တည်းမဟုတ် မတော်တဆ အတွေးအခေါ်ချင်း တူနေသလား ကျွန်တော်သည် မသိပါ။

**ကျွန်တော်၏အယူအဆ**

ကျွန်တော်တို့၏အယူအဆကို ထွန်းနေ့စဉ်သတင်းစာတွင် အတိအလင်းရေးခဲ့၏။ ပြည်နယ်များတွင် အမတ်များရာကို အစိုးရဖွဲ့စေခြင်းမှာ မှန်ကြောင်း၊ အကယ်၍ သူတို့က ခွဲထွက်ဖို့ ခြေလှမ်းပြင်လျှင် အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်ကို ဗဟိုအစိုးရက သိမ်းခဲ့သလို သိမ်းရမည်ဖြစ်ကြောင်းကို ကျွန်တော်တို့က ရေးခဲ့၏။ သတင်းစာရေးခွဲကို ကျွန်တော်အချိန်မရွေး ပြနိုင်သဖြင့် ဝမ်းနည်းပါ၏။

ပရိုင်းမင်း(န်)စတာလုပ်သူက ပုဂ္ဂိုလ်တစ်ဦးကို အိမ်ခေါ်၍မေးသော အစဉ်အလာဆိုးကြီး တစ်ခုကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပြိုကွဲခဲ့ရပါ၏။ တရားလွှတ်တော်ချုပ်သို့တင်၍ ဆုံးဖြတ်လျှင် သူ့အလိုနှင့် ဆန့်ကျင်မှာကို တွေး၍ကြောက်လေသလား ကျွန်တော်မသိချေ။

**ဗိုးအဲလ်အဓိပ္ပာယ်ကို ရှင်းကြဖို့**

ပထမဦးစွာ "ဗိုးအဲလ်"၏ ပင်ကိုအဓိပ္ပာယ်ကို ကျွန်တော်တို့က ရှင်းပါရစေ။

နောင်မှ ကိုယ်တွေ့သဘောတွေကို ရှင်းပါရစေ။

"ပြည်နယ်တွေ စုစည်းထားသမျှကို ဖိဒရေးရှင်းဟုခေါ်သည်" စသည်ဖြင့် ကျမ်းစာအုပ်များတွင် ရေးသား၍ထားပါ၏။ သာမန်အဘိဓာန်ကပင် ဤသို့ဆိုထား၏။

အမှန်မှာ ပြည်ထောင်စုဟူသော စကားမှာ (ဖိဒရဲလ်) ပင်ဖြစ်၏။

ရှမ်းပြည်နယ်မှ တင်သွင်းသောပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံကို အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းခေါ် အစိမ်းရောင်စာအုပ်တွင် "ပြည်ထောင်စု စစ်စစ်မှု" ဟူသောစကားကို သုံးနှုန်း၍ထား၏။

ပြည်ထောင်စုစစ်စစ်ကို ပျက်စီးသွားသောအခြေခံဥပဒေကြီးက ပေးထားခဲ့ကြောင်းကိုလည်းကောင်း၊

ဖော်ပြသွားတွေက ဤပြည်ထောင်စုစစ်စစ်ကို ပေးရမည်ဟူသော ဘာစသံကို အစိုးရထံသို့ပေးပုံကို ကျွန်တော်မြင်သရွေ့ ဆက်လက်၍ ဖော်ပြပါဦးအံ့။

[၂၂]

## ဒါမှပြည်ထောင်စုမဟုတ်လျှင် ဘာကို ပြည်ထောင်စုဟု ခေါ်ရမလဲ

"ပြည်ထောင်စုကို
အသက်ပေးလို့
တို့ကာကွယ်မလေ
ဒါတို့ပြည်
ဒါတို့မြေ
တို့ပိုင်နက်မြေ"

အစရှိသောနိုင်ငံတော်သီချင်းသံကို ယနေ့ထက်တိုင် ကျွန်တော်တို့အားလုံးသည် ကြားနေရကုန်၏။

အခန်း(၁)နိုင်ငံဖွဲ့စည်းပုံ ပုဒ်မ(၁)တွင် ပြည်ထောင်စုမြန်မာနိုင်ငံဟု ခေါ်ရမည်ဟူ၍ ရေးသားပြီးနောက် ပုဒ်မ (ဂ)အထိ ပြည်ထောင်စုတွင်ပါဝင်ရမည့် ပြည်နယ်များနှင့်ပတ်သက်၍ ဥပဒေရေးသားထားသည်ကို စာဖတ်ပရိသတ်များသည် လေ့လာနိုင်ကြပါစေသတည်း။

အခြေခံဥပဒေကိုဖတ်လျှင် နောက်ကြောင်းခံ အတ္ထုပ္ပတ္တိကလေးများမှာ အလိုလိုပေါ်လာတော့၏။

ပုဒ်မ ၂ (က)တွင် "ယခင်က မြန်မာပြည်ဘုရင်ခံမှတစ်ဆင့် ဗြိတိသျှဘုရင်မင်းမြတ် စီရင်အုပ်ချုပ်တော်မူခဲ့သော နယ်မြေအားလုံးနှင့် (ခ) ကရင်နီနယ်များပါဝင်ကြသည့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးသည် ပြည်ထောင်စု

မြန်မာနိုင်ငံတွင် ပါဝင်ရမည်ဟူ၍ ရေးထားၐ။

ထိုအပိုဒ်၏အဓိပ္ပာယ်ကို အကျယ်ရေးရလျှင် ရှည်လျားပေမည်။ အကျဉ်းမျှသာ ဖော်ပြပါရစေ။

အင်္ဂလိပ်လက်ထက်က "ပြည်" ဟုဆိုခြင်းမှာ အိန္ဒိယလက်အောက်ခံပြည်ဟူ၍ ဆိုခြင်းပင်ဖြစ်၏။ နိုင်ငံဟူသည် အင်္ဂလိပ်စကား (State) နှင့် အဓိပ္ပာယ်တူထား၍ ခေါ်ဝေါ်နေကြခြင်းပင်ဖြစ်၏။ ရှမ်းပြည်၊ ကရင်နီအစရှိသည်တို့ကို အင်္ဂလိပ်လက်ထက်က ချန်လှပ်ထားသောနယ်များ (Excluded Areas) ဟူ၍ ခေါ်ဝေါ်ကြ၏။

အင်္ဂလိပ်အစိုးရက ပဒေသရာဇ်နယ်များကို ပဒေသရာဇ်စော်ဘွားတွေက အုပ်ချုပ်စေခဲ့၏။ အုပ်ချုပ်ရေးအရ ထိုစနစ်သည် အောင်မြင်ပါ၏။

မြန်မာပြည်ဥပဒေပြုအဖွဲ့ ရွေးကောက်ပွဲကို ၁၉၂၂ ခုနှစ်က ပြည်မတွင် တောင်ကျင်းပခဲ့ရာ ရှမ်းပြည်အစရှိသည်တို့တွင် ရွေးကောက်ပွဲ မရှိခဲ့ချေ။

## လွတ်လပ်ရေး ကြေညာရာ

လွတ်လပ်ရေးကြေညာပြီးသည်နောက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ တစ်ရပ်တည်းသော ပါလီမန်သို့ ရှမ်း၊ ကချင်၊ ကရင် အစရှိသော ပြည်နယ်များမှ တိုက်ရိုက်ရွေးကောက်သောစနစ်အရ ရွေးကောက်တင်မြှောက်ခဲ့ကြ၏။

လူနည်းစုတွေက လူမျိုးစုလွှတ်တော်သို့ ကိုယ်စားလှယ်လွှတ်ကြ၏။

အထက်လွှတ်တော်၊ အောက်လွှတ်တော်ဟူသော အခြေခံတစ်ခုနှင့် ပါလီမန်ကို ဖွဲ့စည်းခြင်းမဟုတ်ခဲ့ပါ။ တန်းတူပိုင်ခွင့်များကိုပေး၍ လူမျိုးစုနှင့် ပြည်သူ့လွှတ်တော် ဟူ၍ဖွဲ့စည်းခဲ့ကြလေသည်။ ဘဏ္ဍာရေးတွင်သာ ပြည်သူ့လွှတ်တော်ကို အာဏာပေးခဲ့၏။

## အဆုံးပါသော ကက်ဗိနက်

ကက်ဗိနက်အစိုးရဟူ၍ဖွဲ့ရာ ချင်း၊ ကချင်၊ ရှမ်း၊ ကရင်၊ ကယားတို့အထဲမှ ကက်ဗိနက်မင်း(န်)စတာတွေကို ခန့်ခဲ့ကြ၏။ အဆိုပါ ကက်ဗိနက်အဖွဲ့သည်ပြည်ထောင်စုတစ်ဝန်းလုံးကို တာဝန်ယူခဲ့ကြ၏။

လက်တွေ့မှာ . . .

ပါလီမန်ဒီမိုကရေစီ ဟူသောစကားသည် ပြက်လုံးတစ်လုံးဖြစ်သည်ကို သက်သေသာဓကတွေမရှိစဉ်က မပေါ်ခဲ့ချေ။ တစ်စတစ်စ သက်သေသာဓကတွေစုပေါင်းပါမှသာ ပျက်စီးရချေသည်။

ဤနေရာတွင် ကျွန်တော်၏ ကိုယ်တွေ့ အတွေ့အကြုံကလေးတွေကို ညှပ်၍ ရေးလိုပါသည်။

အဘယ်မှု အရေးကြီးသောပြဿနာကြီးတစ်ခုကိုအခြေတည်၍ ဆွေးနွေးလင့်ကစား ပြည်နယ်က ကက်ဗိနက်နက်မင်း(န်)တွေသည် တစ်လုံးမှ ဝင်၍မပြောကြချေ။

အခမဲ့သည်ဆိုသော ပညာရေးကိစ္စတွင် သူတို့သည် ရောင့်နေကြ၏။ ကျွဲနွားသတ်ဖြတ်ရေးကိစ္စ ဘာမှမပြောချေ။ လယ်ယာမြေသိမ်းရေးတွင် ဘာတစ်ခုမှ ဝင်၍မပြောကြချေ။ ပြည်မတွင်အသက်ဝင်သော ဥပဒေသည် ပြည်နယ်တွင် မတည်နဲ့ချေ။

ဒီလိုကိုး

ဗဟိုကက်ဗိနက် အစည်းအဝေးတွင် ထိုင်ကြပြီးလျှင် ပြည်နယ်ရောက်လျှင် လုပ်ချင်တာလုပ်နိုင်သားပဲဟူ၍ မင်း(န်)တွေတစ်ချို့ယူဆကြကာ ဤသို့ တုဏှိဘာဝေဓာတ်ကိုခင်းကြ၏။ သူတို့၏ တင်လျှာများရှိလျှင် ဆွေးနွေးခြင်းမရှိဘဲ အတည်ပြုလိုက်ကြ၏။

ဗဟိုကက်ဗိနက်အဖွဲ့ဝင် မင်း(န်)တွေကလည်း . . .

"ခင်များတို့လည်း လုပ်ချင်တာလုပ်ကြပေါ့၊ ကျုပ်တို့လည်းလုပ်ချင်တာ လုပ်ကြမှာပဲ"ဟူ၍ ဆိုသလိုဖြစ်ခဲ့၏။ ပညတ်သွားရာဓာတ်သက်ပါဆိုသကဲ့သို့ ရုပ်သေးဓာတ်ပွဲထဲက ဝန်ကြီးတွေကဲ့သို့ ဝန်ကြီးချုပ်လုပ်သူမှ "မှန်ပါဘုရား"ဟု ဆိုနဲ့ကြ၏။

နိုင်ငံရေးဝေစားမှု စက်ယန္တရားကြီးသည် လွတ်လပ်သည့်နေ့က စတင်ခဲ့ပါသည်။ ဂိတ်က လွတ်ကတည်းက ဝေစားလိုက်ကြရာ ၁၉၆၂ ခု မတ်လ ၂ ရက်နေ့ရောက်မှသာ ဝေစားစက်ယန္တရားကြီး ရပ်သွားတော့၏။

"မြန်မာလူမျိုး" ဖြစ်ရခြင်းသည် ရှက်စရာများဖြစ်လေရော့သလား

သေးချေ။

ရန်ကုန်တက္ကသိုလ်က ဘီအေအောင်ပြီး အထက်တန်းစာရေးရာထူး မရနိုင်ကြသော်လည်း ကောလိပ်ကျောင်း၏ နှုတ်ခမ်းပေါ်သို့ တစ်ရက်၊ နေ့ရက်နှင်းမိသော လူနည်းစုအချို့က မနက်ဖြန်ကာက်ဝီနက် မင်း(နှ်)တော ဖြစ်ရတော့သည်။

"နိုင်ငံရေးဟာ ဒီလိုပဲ" ဟူသော စကားနှင့်မြန်မာတွေသည် အမျက် ကို ဖြေဆိုကြရ၏။

အခြေခံဥပဒေကတကယ် ပြည်ထောင်စုစနစ်ကိုပေးထား၏။ ဥပဒေ ကို အသေအချာဖတ်ကြပါ။

လက်တွေ့မှာ ပြည်ထောင်စုအစိုးရ၏ အာဏာတွင်မကပါ၊ ပဒေသရာဇ် အာဏာကို ကျပ်ပြည့်တင်းပြည့်ခံစားနေကြသည်မှာ စာတွေ့မဟုတ်၊ လူသိ ရှင်ကြားသိ ဖြစ်နေပါ၏။

နိဒါန်းတွေ

အင်္ဂလိပ်စာပေလိုက်စားသူတွေသည် ရှိတ်စပီးယားရေးသော ပြဇာတ် များကို ကိုးကားရှုသရုပ်ဖော်လေ့ရှိကြ၏။

အာဏာရှင် ဂျူးလီးယက်စ်ဆီဇာကို သူ၏အချစ်ဆုံးဖြစ်သော ဘရူး တပ်စ်က ဓားနှင့်ထိုးရာ—

"You Too Brutus"

"အသင်ကပင်လျှင် ငါ့ကိုလုပ်ကြံရသလား"

(ဝါ) မင်းတဲ့တောင် ငါ့ကိုကြံသကိုး ဟူ၍ဆိုသောအပိုဒ်ကို မကြာ မကြာ စာပေသမားများက ကိုးကားကြ၏။

မြန်မာဆိုသော စကားမှာ ရောင်ချစ်ရပြီး—

"ရခိုင်ကလည်း ပြည်နယ်ယူမယ်"

"မွန်ကလည်း ပြည်နယ်ယူမယ်"

"ချင်းကလည်း ပြည်နယ်ယူမယ်"

မှတ်ဆလင်ကလည်း ပြည်နယ်ယူမယ်စသောအသံတွေ လှည်းဝင်ရိုး သံ တညံညံပုဂံဘုရားပေါင်းထက် များလှစွာသောအသံများဖြင့် သောသော

ညံ့နေကြရာ ကြယ်ပွင့်ကလေး ၅ပွင့် ခြံရံထားသော ကြယ်ကြီးကို နိုင်ငံ
သေနတ်နှင့်ပစ်၍ချရန် ကြံစည်ပုံကိုလည်းကောင်း၊ နောင်နှစ် ၁၀၀ မှ တော်
မညှိဖြစ်ရပ်တွေအကြောင်းကိုလည်းကောင်း ခံစားကြရာ ရှမ်းပြည်တကော်
အင်အားစုတစ်စုက လှည့်ပြီးလျှင် အသင်းကပင် ငါ့ကိုလုပ်ကြသလောဟူ
ဆိုကာ တော်လှန်ရေးတစ်ခုပေါ်ခဲ့ရ၏။ ဤအကြောင်းကို ဆက်လက်၍
ရေးသားပါဦးအံ့။

■

[ ၂၃ ]

## အမြဲတောတည်နေသော ပဒေသရာဇ်နှင့် အမြဲတောတည်လုတည်ဆဲ ပဒေသရာဇ်စနစ်

ကျွန်းစာအုပ်များတွင် Under Current ခေါ် အခြေခံကိုမသိဘဲနှင့် ဘဝင်ရေးကြနှင့်သည်ဖြင့် ရေးသားသည်ကို ကျွန်တော်သည်ဖတ်ခဲ့ရပါသည်။

ကွယ်လွန်သူဓမ္မတာဂျေအက်စ်ဖားနီးဗောလ်သည် ထိုစကားကိုမကြာခဏပြောလေ့ရှိခဲ့ပေသည်။ ကျွန်တော်တို့သည် အစဉ်အလာအားဖြင့် အမှမ်းတင်ရာဇဝင်ကို အသားပေးလွန်းလှပါ၏။

**နှမ်းချည်နှင့် ကိုယ်တွေ့**

ကျွန်တော်၏လက်ဝယ်တွင် ပင်လုံစာချုပ်ရှိပါ၏။ နယ်ခြားဒေသဆိုင်ရာ အစီရင်ခံစာရှိပါ၏။

ထိုထိုသောစာအချုပ်စာတမ်းတွေအပြင် ရှမ်းပြည်နယ်မှတင်သွင်းသော အခြေခံဥပဒေပြင်ဆင်ရေးစာတမ်းတစ်စောင်ရှိပါ၏။

ထိုစာစောင်တွေနှင့် ပတ်သက်၍ နောက်မှပင် ကျွန်တော်သည် ဆက်သက်၍ရေးသားပါရစေ။

ပါလီမန်ဒီမိုကရေစီစနစ် အဘယ်ကြောင့် ကျဆုံးရသလဲ ဟူသောအချက်သည် ကျွန်တော်၏တစ်ခုတည်းသော ရည်မှန်းချက်ဖြစ်ပါသည်။

ကိုယ်ကျိုးဘက်ကရှည်းနေ၍ကြည့်သော ဝေလုထုံးစံသည် ကျွန်တော်

တို့၏ သွေးထဲတွင် ပါလာခဲ့ပါသည်။ ကျွန်တော်၏အဖေ၊ ဘကြီး ဘိုးဘေးက စ၍ ဤဓိစပေါလာပါသည်။ ဆိုလိုရင်းကို ထင်ရှားစေရန် ရေးရသော် ကိုယ်ကျိုးမရှိလျှင် ဘာမှမပြောနှင့်ဟူသော သဘောသက်ဝင်လာခဲ့ပါသည်။

"ပြည်သူ၏သဘော" သို့မဟုတ် Public Opinion ကို အမှီသဟဲ တံကဲပြုတတ်မှ ဒီမိုကရေစီအဆောက်အအုံတစ်ခုဆောက်လုပ်နိုင်သည်ဟူသော စီးပွါးရေးအသစ်ကမ္ဘာတွင်ပေါ်လာပါမှ လူသားတွေသည် မှန်ကန်မှုကို ရေးရှု၍လည်းကောင်း၊ ထောင်ကျခံ၍လည်းကောင်း ဖွင့်၍ ပြောခြင်း၊ စာအုပ်ရေးခြင်းတို့ကို ပြုလုပ်လာကြလေသည်။

အဆိုပါပတ်ဝန်းကျင်တွင် ကျွန်တော်တို့သည် ရောက်ခဲ့သဖြင့် အင်္ဂလိပ်စကား Objective မြန်မာစကားရည်မှန်းချက်၏အကျိုးကို ရှယ်ကိုး၍ ဆောင်းပါးများကို ရေးသားလာကြ၏။

**ကျွန်တော်သည် သတင်းထောက်တစ်ဦးဖြစ်ပါသည်**

လူထုခုံရုံးရှေ့တွင် သက်သေထွက်ဆိုသော သက်သေတစ်ဦး အနေနှင့် ကျွန်တော်သည် ယခုရေးသားနေရခြင်းဖြစ်ပါ၏။

လူထုပညာရေးတီထွင်စဉ်က ကျွန်တော်သည် မင်း(န်)စတာတစ်ဦးအဖြစ် ရှမ်းပြည်သို့ ရောက်ခဲ့ဖူး၏။ (ယနေ့ လူထုပညာရေးသေသွားပါပြီ)

မင်္ဂလာခုံလေဆိပ်သည် ကမ္ဘာ၏ပတ်ဝန်းကျင်ကို ပေးသောလေဆိပ်တစ်ခုဖြစ်၏။ ထိုလေဆိပ်မှ ရှမ်းပြည် ဟဲဟိုးလေယာဉ်ကွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ပတ်ဝန်းကျင်သည် ရုတ်ချင်းပင်ပြောင်းသွားတော့၏။ တောတောင်ရေမြေရှုခင်းကို ကျွန်တော်မဆိုလိုပါ။ လူတွေ၏အတွေးအခေါ်သည် သိသိသာသာကြီး ပြောင်း၍သွားတော့၏။

ဟဲဟိုးလေယာဉ်ပျံကွင်းမှ စောထွန်းအေးတို့အိမ်သို့ ကျွန်တော်သည် ရောက်သွားပြီမှ သီးခြားအိမ်သို့ ကျွန်တော်သည် ရောက်သွားခဲ့ပါသည်။

ပြင်ပသို့ထွက်သည်နှင့်တစ်ပြိုင်နက် ဒေသခံထောက်တို့၏ အရိပ်အောက်တွင် ကျွန်တော်နေခဲ့ရပါ၏။ အချိန်သည် ၁၉၅၀ ခုနှစ်အချိန် ဖြစ်

သည်ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော်၏ အစည်းအဝေးတွင် ပြောချက်တွေကို ဆိုင်ရာပြည်နယ်မင်း(န်)စတာထံသို့ ပို့ရသည်ဟူ၍ ကျွန်တော်သိရ၏။ ကက်ဘိနက်အဖွဲ့၏ တွဲဖက်တာဝန်ယူရေးမှာ ရယ်စရာကြီးဖြစ်ခဲ့ရ၏။

ရောက်လေရာအရပ်တွင် ကျွန်တော်နှင့်တွေ့ဖူးသူများက စော်ဘွားဆန့်ကျင်ရေးစကားကို ပြောကြ၏။ ပအိုဝ်လူမျိုးခေါင်းဆောင်များမှာ တကယ်မြန်မာတွေပင်ဖြစ်ကြ၏။

ယနေ့ ရေဦးယိုမှအသံလွှင့်နေသော ခေါင်ချိုကြိန်တို့၏ အိမ်သို့ ကျွန်တော်တို့သည် ရောက်ခဲ့ကြ၏။

လူထုပညာရေး လုပ်ငန်းအရ "တောကလူတွေကို စာသင်ပေးတာ လူပါးဝအောင်လုပ်ပေးတာနှင့်အတူတူပဲ"ဟူသော စကားပိုဒ်တစ်ပိုဒ်ကို ကျွန်တော်သည် ကြားခဲ့ရ၏။

### ဟိမဝန္တာတောင်ကြီး

စော်ဘွားများနှင့် ရှမ်းပြည်လူထု၏ စပ်ကြားတွင် ဟိမဝန္တာတောင်ကြီး ခြားနားနေသကဲ့သို့ ရှိတော့၏။ မြန်မာလူမျိုး ရဲအရာရှိတစ်ဦးသည် ကျွန်တော့်ကို အကာအကွယ်ပေးနေရာ တစ်နေ့လုံးနေ၍ ရဲအရာရှိသည် စကားတစ်လုံးမှမပြောဘဲနေရာမှ တစ်ခွန်းတစ်ပါဒကလေးမျှ ပြောမိပြန်လျှင် စော်ဘွားဆန့်ကျင်ရေးစကားကို ကြားရ၏။ ကျွန်တော်နှင့် အကျွမ်းဝင်နေသော ပုဂ္ဂိုလ်များမှာ စော်ဘွားကြီးတွေဖြစ်နေကြ၍ ကျွန်တော်သည် တုံ့ပြန်ပြောဆိုခြင်းမရှိခဲ့ချေ။

တောင်ကြီးမြို့မှ ကျေးရွာများသို့ ကျွန်တော်တို့ရောက်ရာ မှန်းခြေအားဖြင့် မြေဧရိယာ ၁မိုင်လျှင် လူတစ်ယောက်လောက်သာ တွေ့ခဲ့ရ၏။ ဆောက်ဆိုင်းရွာအထိ ကျွန်တော်ရောက်ခဲ့၏။ မြန်မာလိုချည်ဝတ်ဆင်လျှင် စော်ဘွား၏အညှဉ်းကို ခံရပုံတွေကို ကြားရ၏။ ၎င်းထက်ပို၍ ကျွန်တော်မရေးလိုတော့ပါ။ (ထိုအခါက ဦးအောင်မင်းမြို့မ)နှင့်အတူ ကျွန်တော် ရှမ်းပြည်သို့ ရောက်ခဲ့ပါ၏။

အမြဲတော တည်နေပြီ

ကျွန်တော်၏အယူအဆကို ယခုကျွန်တော်ရေးပါတော့မည်။

ရပ်ထဲရွာထဲတွင် လက်နက်အားကိုးမိုက်ကြေးခွဲခြင်း၊ မိုက်ကြေးခွဲရာမှ ဒေသ၏ခေါင်းဆောင်ဖြစ်ခြင်း၊ ဒေသခေါင်းဆောင်ဖြစ်ရာလူတွေ၏ ယဉ်ကျေးမှုတွေကို တစ်ဦးတည်းပိုင်အဖြစ်သုံးခြင်း၊ ၎င်းကမှတစ်ဆင့် ပဒေသရာဇခေါ် ပဒေသရာဇ်ဖြစ်ခြင်း၊ ပဒေသရာဇ်ဖြစ်ရာ လယ်မြေတွေပိုင်ခြင်း ၎င်းနောက်ဧကရာဇ်ဖြစ်ခြင်း၊ ဧကရာဇ်အဆင့်သို့ရောက်လာရာ "ဘုန်းရှင်ကံရှင်"ဘွဲ့ကို အလိုလိုရခြင်း၊ ဘုန်းရှင်ကံရှင်ဖြစ်လာရာ လူတွေကို နွားရောင်းသလို ရောင်းစားနိုင်ခြင်း ဖြစ်လာရာ လူ၏ဖြစ်စဉ်များသည် အစီအရီ တသီတတန်းကြီး ကျွန်တော်၏ဦးနှောက်တွင် ပေါ်လာတော့ သတည်း။

တော်လှန်ရေးတည်းဟူသော စက်ယန္တရားကြီးသည် ရှင်ဘုရင်အာဏာကို ဖြုန်ခွင်းခဲ့ရာ အင်္ဂလန်၌ ရှင်ဘုရင်တွင် အာဏာမရှိဘဲ ပြည်သူကိုယ်စားလှယ်တံဆိပ်ကြီးဘဝသို့ ယနေ့ရောက်ရပြီ။

လူတွေကို ကျွဲနွားတွေပမာ ရောင်းစားခြင်းကို တော်လှန်၍ အမေရိကန်၌ ငွေဝယ်ကျွန်စနစ်သည် အမြစ်ပြုတ်လာခဲ့လေပြီ။

ရှမ်းပြည်တွင် အမတော သို့မဟုတ် အမြဲတော တည်နေသော စော်ဘွားစနစ်တည်ရှိခဲ့ရာ သဘာဝအလျောက် ဘယ်တော့မှ သူတို့သည် နေရာဖယ်ပေးမည်မဟုတ်ဟု ကျွန်တော်၏စိတ်တွင်စွဲခဲ့လေသည်။

၁၉၅၈ ခု စက်တင်ဘာလ ၁၆ ရက်နေ့က မြန်မာနိုင်ငံတွင် အာဏာလွှဲပြောင်းပြီးနောက်–

"စော်ဘွားတွေထံမှ စော်ဘွားအာဏာသိမ်းသော ဥပဒေကို အတည်ပြုခဲ့လေပြီ။ စော်ဘွားတွေအား လျော်ကြေးပေးခဲ့လေပြီ။ ခရစ်သက္ကရာဇ် ၁၉၆၄ ခုနှစ်သို့ ရောက်လျှင် စော်ဘွား၏အရှိန်အရေးမရှိတော့ဘဲ လူသား၏ပိုင်ခွင့်အရ အရွေးခံကြရတော့မည်"

ရှမ်းပြည်၏သမိုင်းသည် စော်ဘွားတွေ အာဏာအပြောင်းခံရသည့်နေ့ကစ၍ တစ်မျိုးဖြစ်ခဲ့သည်ကို လမ်းပေါ်ကလူတွေ မမြင်ကြချေ။

"ပြည်မ"ဟူသော စကားတစ်ရပ်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ရေး၍မထားပေ။ ရှမ်းပြည်နယ်မှ တင်သွင်းသော စာတမ်းတွင်

(ပြည်မ) ဟူသောစကား နေရာတိုင်းတွင် ပါပါ၏။

အချောင်စိတ်ဝင်ပုံခြင်းမှာ မြန်မာနှင့်ရှမ်းနှင့်အတူတူပင်ဖြစ်ပါ၏။

သို့သော် အသိဉာဏ်အဆင့်အတန်းမှာ မှုမ်းမှုကြေးအားဖြင့် မြန်မာက သိသိသာသာကြီး သာနေ၏။

ဆိုက်ကားမောင်းသော မြန်မာလူမျိုးသည် ရှမ်းလူမျိုးသာမန်လူစား ထက်သာ၏။

သို့သော် ရှမ်း၊ မြန်မာဟူ၍ မြန်မာက မခွဲခြားတော့ချေ။ ဇော်ဘွား တွေကသာ ခွဲခြား၍နေ၏။

ရန်ကုန်မြို့တွင် ရှမ်းစစ်စစ်တွေများစွာရှိ၏။ ကုလားပညာတတ်ပါ သွင် မြန်မာဖြစ်လာကြ၏။ မိန်းမပျိုကလေးကို ဇော်ဘွားကကောက်နိုင် သောအာဏာသည် ဇော်ဘွားတွင်ရှိနေ၏။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အညွှန်ပိုင်းကိုယူ၍ မြန်မာနိုင်ငံရှိ ဆိုင်များ၌ မြန်မာဇော်ဘွား၏ပဋိသန္ဓေစွဲနေစဉ်တွင် မတ်လ ၂ ရက်နေ့ တော်လှန်ရေးကြီး ပေါ်လာရ၏။ ချွတ်ယွင်းချက်ပုဒ်မတွေကို ဆက်လက် ဖော်ပြပါဦးအံ့။

■

[၂၄]

# မြန်မာစော်ဘွားစနစ်
# တရားဝင်ပေါက်ဖွားခါနီးတွင်

ရှမ်းပြည်တွင် စော်ဘွား၏ အခွင့်အရေးကို ရွှန်လွှတ်သည်ဟု ဆို
ကာ မှုလည်းကောင်း၊ ရာထူးကိုဖြုတ်ပစ်သည်ဟူ၍ ဆိုစေကာမူလည်း
ကောင်း မည်သို့ပင်ဖြစ်စေ ပဒေသရာဇ်စနစ်ကို ဖြုတ်၍မရကြောင်း
ထင်ရှားစေဦးအံ့။

လူတွေ၏ စီးပွားရေးအခြေအနေညံ့ဖျင်းခြင်း၊ အသိဉာဏ်ခေါင်
ခြင်း တည်းဟူသော ရွံ့နွံထဲတွင်စော်ဘွားတည်းဟူသော သစ်ပင်တွေ ပေါ
ကြရ၏။

အလွှန်တရာပင် တောတောင်တို့၏ရှုခင်းသည် ရှုမငြီးသော ရှမ်းပြ
ကို နိုင်ငံခြားသားများသည် နှစ်သက်လှ၏။

မြန်မာဘုရင်တို့၏ နန်းတော်တွင် စားခဲ့ဖူးသော စော်ဘွားစေ
ညီလာခံဝင်ခဲ့ဖူးကြသည့်မျိုးစေ့သည် ရှမ်းပြည်တွင် ပေါက်ဖွားခဲ့၏။ မြန်
ဘုရင်တွေ၏ မျိုးစေ့မှာ ပျက်သွားသော်လည်း စော်ဘွားမျိုးစေ့မှာ အောင်
လျက်ရှိနေ၏။

စော်ဘွားတို့၏ အာဏာ အထွတ်အထိပ်ရောက်စဉ်က မြေပြန့်
မြန်မာတွေမယုံကြည်နိုင်အောင်ဖြစ်ပုံကို ဖော်ပြပါအံ့။

အင်္ဂလိပ်အမှုထမ်းတစ်ဦး မြန်မာလူမျိုးအငြိမ်းစားသမတစ်ဦးလည်း
စော်ဘွားအိမ်သို့သွား၍ ကပြရာ စော်ဘွားက တစ်ချိန်တည်းတွင် အတ

အုပ်သမားတွေကို အိမ်သို့ပြန်လွှတ်ပြီး အငြိမ့်သမကလေးကို သိမ်းပိုက်ခဲ့၏။ အရပ်စကားအရ "ကောက်" လိုက်၏။

အကောက်ခံရသူက (ငါ့ကိုကောက်တယ်)ဆိုပြီး ဂုဏ်ယူသေး၏။ ခြုံ မချတတ်သမျှ တရားဥပဒေစိုးမိုးရေးဆိုသည်မှာ အလကားပါပဲဟူ၍ ကျွန်တော်တို့ရေးခဲ့သည်မှာ များလှပါပြီ။ အဆိုပါဓော်ဘွားအကောက်ခံရသော မြန်မာအမျိုးသမီးမှာ ယနေ့ထက်တိုင်ရှိနေပါ၏။

ပဒေသရာဇ် ကောရာဇ်စနစ်ဟူသည် ဘယ်တုန်းကမှ အလျှော့မပေးခဲ့ကြ၊ လေ့လာလိုလျှင် အီဂျစ်ဘုရင် (ဖရောက်)ဘုရင်၏ အတ္ထုပ္ပတ္တိကို ဖတ်ရှုနိုင်ကြပါစေသတည်း။ Revolt on the Nile (All Wingate, London)

**မြန်မာစော်ဘွား**

မြန်မာဓော်ဘွားဟူ၍ ဤနိုင်ငံ၌မရှိပါ။ သို့သော်တရားဝင်ဓော်ဘွားမရှိသော်လည်း လက်တွေ့ဓော်ဘွားအဆင့်ကို မီသောအဆင့်ကို အရေးပြိုင်ရေးသမားတွေက မွေးဖွားထုတ်ခဲ့၏။

သက်သေမပြနိုင်၍ ကျွန်တော်တို့သည် အရှုံးပေးရချေမည်။ လူကိုသတ်နိုင်သောအာဏာ၊ လူသတ်ပြီး ငွေ ဥစ္စာ နှင့် အကျေနိုင်းနိုင်သောအာဏာ၊ ခရိုင်တွင် အခွန်ကောက်နိုင်သောအာဏာမျိုးကို မြန်မာတွေရခဲ့၏။ သူတို့သာလျှင် ပါလီမန်အမတ်ဖြစ်ခဲ့ကြ၏။ ဒေသဆိုင်ရာကနယ်ရှင် ပယ်ရှင်ဖြစ်ပါမှ ဆန္ဒမဲပေးလိုကြသဖြင့် ဒီမိုကရေစီ၏အခြေခံ လုံးဝပျက်ခဲ့ချေ။ နာမည်တွေကိုဖွင့်၍ ရေးရန်မလိုပါ။

လက်တွေ့မှာပြည်ထောင်စုမြန်မာနိုင်ငံသည် ခရိုင်အသီးသီးရှိ နယ်ရှင်ပယ်ရှင်အုပ်ချုပ်မှုပေါ်တွင် တည်နေခဲ့၏။

သို့သော် ရှမ်းဓော်ဘွားများကဲ့သို့ ပြောင်တလင်းကျသောတရားဝင်ပဒေသရာဇ် မဟုတ်ခဲ့ကြချေ။ တိတ်တိတ်ပုန်းပဒေသရာဇ်ဘဝတွင် တော်တော်ခရေကြီးပေါ်လာ၍ မြန်မာဓော်ဘွားဟူ၍ တရားဝင်မဖြစ်ခဲ့ချေ။

အမြတ်တော်ကြေးဌာနသည် သူတို့မှန်းခြေနှင့်သတင်းစာတိုက်တွေထံမှ အမြတ်တော်ကြေးကောက်ခံကြသော်လည်း မြန်မာနယ်ရှင်များထံမှ တစ်ကြိမ်တစ်ခါမှ အခွန်မကောက်ရခဲ့ကြချေ။

အင်္ဂလိပ်လက်ထက်က ဒီစထြိတ်တိုင်းတွင် အမတ်ရှိပါ၏။ သို့သော် အမတ်က (ဒီအက်စ်ပီ) ခေါ် ရာဇဝတ်ဝန်၏ဩဇာကို မယှဉ်ရဲခဲ့ချေ။ ဤခေတ်၌ နယ်ရှင်ပယ်ရှင်က လက်တွေ့အားဖြင့်အရေးပိုင်ထက် တန်ခိုးကြီးခဲ့၏။ ခရိုင်ဝန်ထက် တန်ခိုးကြီးခဲ့၏။

အခြေခံဥပဒေကြီး ပြိုကျပျက်စီးသွား၍ ကျွန်တော်တို့ဝမ်းသာပါ၏။ သို့သော် ဘယ်လိုအခြေခံဥပဒေမျိုးနှင့်ကျွန်တော်တို့သည် ထိုက်တန်သလဲ ဟူ၍ မေးခွန်းထုတ်လျှင် တကယ်ပင် ရင်လေးစရာကောင်း၏။

**ခြိမ်းခြောက်သောနည်း**

လူတွေကိုခြိမ်းခြောက်၍ အုပ်ချုပ်သောနည်းတစ်နည်းသည် အကောင်းဆုံးဟုဆိုလျှင် လက်တွေ့အားဖြင့် မှန်နေပေမည်။ သို့သော် တရုတ်ပြည်ကြီးတွင် မင်းမဲ့တိုင်းပြည်ဖြစ်ခဲ့စဉ်က . . .

"တစ်နယ်တစ်မင်း ထီးတစ်စင်း" ဖြစ်ခဲ့ခြင်းသည် နယ်ရှဲ့ကို လက်ယပ်ခေါ်သလို ဖြစ်မှာသေချာ၍ အဆိုပါ "မက္ကီယာဗယ်လီ" နည်းကို မသုံးရဲကြချေ။ ဘယ်လိုဥပဒေမျိုးနှင့် ထိုက်တန်သလဲ ပြည်သူတွေကသာ စဉ်းစားကြပါတော့ဟူ၍ ကျွန်တော်တို့က ပန်ကြားလိုတော့၏။

**ဇော်ဂျာချိုသနာ**

ကိုယ်ကျိုးအတက်ကချည်းနေ၍ ကြည့်သော ဘီလပ်ပြန်ဝတ်လုံတော်ကလေးတွေကို ဥပဒေပါရဂူထင်မိ၍ အခြေခံဥပဒေကြီးသည် အရှက်တကွဲ အကျိုးနည်းစွာ ကျိုးကျခဲ့ရ၏။ ကျွန်တော်တို့ပါ "ဘဝင်နိမ့်" ရောဂါစွဲခဲ့၍ သူတို့ကိုအထင်ကြီးမိသမျှမှာ တက်တက်စင်မှားခဲ့၏။

တစ်နေ့သော် ဥပဒေရေးမည့်ပုဂ္ဂိုလ်တွေပေါ်ရပေဦးမည်။

ယူနိုင်တက်ကင်းဒမ်းခေါ် လူမျိုးစုံပါဝင်သော ဂရိတ်ဗြိတိန် အစိုးရသည် တစ်ဖက်တည်းခံစနစ်ကို သုံးသည်မဟုတ်လော။ နာမည်ကိုရေရှုံ့မပြည့်စုံပါ။ တပ်မတော်တစ်ခုတည်းပင် ၂မဟုတ်လော။ စကော့တလန်တပ်နှင့် ဝေလတပ်ဟူ၍ ရှိကြသလား။

အမေရိကန်ပြည်ထောင်စုမှာ စာတွေ့မဟုတ်၊ ငါတွေ့ဖြစ်နေပါ၏။

တပ်မတော်တစ်ခုတည်းမဟုတ်လော။ ရွှေငွေစသည်ဖြင့် တန်ဖိုးထား၍ သိုးသောစက္ကူ (ဝါ) ငွေစက္ကူတစ်ခုတည်းပင် မဟုတ်လော။ နိုင်ငံခြားရေး ပေါ်လစီတစ်ခုတည်းထားကြသည် မဟုတ်လော။ အစိတ်အပိုင်းတစ်ခုဖြစ်သော ပြည်နယ်တစ်နယ်က ရုရှကိုထောက်ခံ၍ အခြားပြည်နယ်က အင်္ဂလိပ်ကို ထောက်ခံသလော—

အိန္ဒိယနိုင်ငံမှာ တပ်မတော်တစ်ခုတည်းပင်မဟုတ်လော။ နိုင်ငံခြားရေးပေါ်လစီမှာ တစ်ခုတည်းပင်မဟုတ်လော

အသွင်အားဖြင့် ပြည်ထောင်စုဖြစ်သော်လည်း အနှစ်သာရအားဖြင့် (ယူနစ်ထရီ)ဟူသော စကားမျိုးမပေါ်ထိုက်ချေ။

ပြည်နယ်တွေကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးခြင်းသည် အနှစ်သာရတစ်ခုပင် မဟုတ်လော။ သို့သော်လူဦးရေ ၆ ယောက်နှင့်တစ်ပိုင်းကို ပြည်နယ်ပေး၍ အဘယ်မျှ ရှက်စရာကောင်းသလဲ၊ ကိုယ်တွေ့မဟုတ်ကြဘူးလော။

လက်တွေ့သဘောတွေကို မေးပါရစေ။

■

[၂၅]

# တည်ဆဲဖြစ်ရပ်တွေကို လေ့လာကြပါစို့

စာပေလောက၌ ယုံတမ်းစကားပြောနည်းဟူ၍ ရှိခဲ့၏။ ယုံတမ်းစကား ပြောကြရာမဖြစ်နိုင်သမျှကိုကြံ၍ ပြောကြ၏။ အင်္ဂလိပ်စကားအရ (Believe it or not) ဟူ၍ ရေးသားကြ၏။

မူလအခြေခံဥပဒေရေးဆွဲသော ၁၁၁ ဦး ခန့်စဉ်က လေ့လာခဲ့သူတစ်ဦး အနေနှင့်လည်းကောင်း၊ ၇၅ ဦးကော်မတီအဖွဲ့ဝင်တစ်ဦးအနေနှင့်လည်း ကောင်း ကျွန်တော်သည် သက်သေထွက်ခြင်းပင်ဖြစ်၏။

ယုံချင်နေ မယုံချင်နေ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို ၃ လ နှင့် ၁၀ ရက်နှင့်အပြီးအစီးရေးခဲ့၏။ ရေးဆွဲပုံမှာ လူတစ်စုက မူကြမ်း တစ်ခုရေးသည်ကို ဝိုင်း၍ ပြင်ဆင်ကြခြင်းပင်ဖြစ်၏။

မြန်မာလူမျိုးမှာ အတွေးအခေါ်မနက်ဘူးဟုဆိုလျှင် ထိုစကားမှန်၏။

သို့သော်ပါးနပ်သည့်နေရာတွင် သူများနှင့်မတူ ထူးကဲလှပါ၏။

ဥပဒေကြမ်းရေး၍ မပြီးမီ မည်သူက သမ္မတနေရာယူတော့မယ်။ မည်သူက တရားဝန်ကြီးချုပ်နေရာ သေချာနေပြီ။ အမယ်လေး သံအမတ် ရာထူးတစ်နေရာရစေမယ်ဟု ကတိစကားရနေသူတွေက တစ်ပုံတစ်ခေါင်း ကြီး ထိုအခါက ရှိတော့ရှိ၏။

အထူးသဖြင့် ရှမ်းလူမျိုးနှင့်မြန်မာတွေ အသင့်မြတ်ဆုံးဖြစ်ခဲ့ကြ၏။

ကြာ ဤသို့ဖြစ်ခဲ့သည်

အိန္ဒိယ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ မြန်မာပြည်ကို အုပ်ချုပ်ပုံကို ကျွန်တော်တို့ တွေ့ဖူးခဲ့ကြပါ၏။

မဒရတ်ပြည်နယ်၊ ဘုံဘေပြည်နယ်၊ ဘင်္ဂေါလ်ပြည်နယ်တို့တွင် ဥပဒေပြုအဖွဲ့များ ရှိခဲ့ကြ၏။ ပြည်နယ်တိုင်းမှာ ပရိုင်းမင်း(န်)စတား (ဝန်ကြီးချုပ်)နှင့် မင်း(န်)စတားတွေ ရှိခဲ့ကြ၏။ လူဦးရေမှာ မြန်မာပြည်ထက် များခဲ့၏။

ဗဟိုဥပဒေပြုအဖွဲ့ (ပါလီမန်)အတွက် သီးခြားရွေးကောက်ပွဲတွေ ကျင်းပခဲ့ကြ၏။ မှတ်မိကြပါလိမ့်မည်။ မြန်မာပြည်မှ ဦးတုတ်ကြီး၊ ဝတ်လုံဦးကွန်း၊ ဦးရွှေ၊ မန္တလေးဦးလှ၊ သူကြီးဂေဇက် ဦးခင်မောင်တို့ပင် အိန္ဒိယဗဟိုဥပဒေပြုအဖွဲ့သို့ မြန်မာကိုယ်စားလှယ်များအဖြစ် တက်ရောက်ခဲ့ကြ၏။

သဘောမှာ ယနေ့ထက်ထိ အိန္ဒိယ၌ ဤအတိုင်းသာတည်ရှိနေ၏။ အိန္ဒိယနိုင်ငံသည် တစ်ဗဟိုတည်းခံ အစိုးရ၏လက်အောက်ခံပင်ဖြစ်ခဲ့၏။

ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ယခုဖော်ပြပါအံ့။

ရှမ်းပြည်၌ ဘယ်တုန်းကမှ ဥပဒေပြုလွှတ်တော်မရှိခဲ့ပေ။ ကချင်ပြည်နယ်၌ ဘယ်တုန်းကမှ ဥပဒေပြုလွှတ်တော်မရှိခဲ့ပေ။

ထိုပြည်နယ်တွေသည် အုပ်ချုပ်ရေးတွင် ချန်လှပ်ထားသောနယ်တွေသာ ဖြစ်ခဲ့ကြ၏။

အခြေခံဥပဒေရေးဆွဲရာ ဆိုင်ရာပြည်နယ်တွေအတွက် သီးခြားရွေးကောက်ပွဲမထားဘဲ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်အတွက်ရွေးကောက်ပွဲ ကျင်းပ၍ပေးခဲ့၏။

ပါလီမန်အမတ်ဖြစ်ပြီးမှ ကချင်ကောင်စီ၊ ရှမ်းကောင်စီဟူ၍ ပေါ်လာခဲ့၏။

ဤသို့ဖန်တီးပေးသော နည်းမှလွဲ၍ တခြားနည်းတီထွင်ရန် နည်းသမ်းကို ကျွန်တော်မမြင်ပါ။ (သို့သော် မြင်သူတွေရှိလျှင် ထင်မြင်ချက်ပေးသင့်ကြပါ၏။)

ရှမ်းပြည်သည် စော်ဘွားတွေ၏ပြည်နယ်ဟူ၍ များသောအားဖြင့်မြင်ကြ၏။ ဘုရားထူး၊ ဒူးတုပ်၊ သမီးဆက်သော အလေ့မကုန်ခဲ့၍ ဥပဒေ

ရေးထွဲစဉ်က ရှမ်းပြည်သူများဘက်မှ ထက်ဝက်၊ စော်ဘွားဘက်မှ ထားရမည်ဟူ၍ ရေးခဲ့ကြ၏။ နောင်မှစော်ဘွားတွေကို ဥပဒေအရ လျော် ကြေးပေး၍ ဖြုတ်ခဲ့ကြ၏။

စော်ဘွား၏ အဆောင်အယောင်ကိုဖြုတ်သောနေ့သည် စော်ဘွား ၏အသည်း ကျွဲဝင်စော်သောနေ့ပင်ဖြစ်၏။

သို့သော် ရုတ်တရက်နာကြည်းမှုန်းကို မြန်မာတွေသည် မမြင်ကြ

**ဖွဲ့မိုးပမာ**

ဖွဲ့မိုးပမာ တဖွေ့ဖွေ့လောင်နေကြ၏။

မြန်မာနိုင်ငံ၌ ပြုတ်သားရဲသော ပရိုင်းမင်း(နဲ့)စတာသာ အုပ်ချုပ်ခဲ့ လျှင် ယနေ့အခြေအနေသို့ ရောက်မည်မဟုတ်ချေ။

(၁) ပြည်နယ်ကောင်စီတွင်အမတ်များရာကို အမိုးရဖွဲ့စေလျှင် ဤသို့ ဆိုးမည်မဟုတ်ချေ။

(၂) ရှမ်းပြည်ကောင်စီတွင် ဥက္ကဋ္ဌနေရာနှင့် ကက်ဘိနက်ဝန်ကြီး နေရာ ပူးတွဲ၍ပေးခဲ့သည့်အတွက် သဘောကွဲလွဲခဲ့ကြ၏။

(စောခွန်ချိုအကြောင်းလေ့လာပါ)

(၃) ပြည်မက ရှမ်းပြည်အတွက် ဘတ်ဂျက်ငွေစာရင်းတွင် ထောက် ကြေးပေးရခြင်းမှာ ဒ်ဘ္ဘါကြပါ၏။

(၄) ရှမ်းပြည်ကိစ္စမှာ ရှမ်းပြည်လူထုကိစ္စ ဟူ၍ တစ်ခွေးသားမှ မပါဘဲ စော်ဘွား၏သား၊ တူ၊ မောင်နှမ ဆွေမျိုးသားချင်းတို့၏ အရေးသာ ဖြစ်တော့၏။

ဤကိစ္စကို ယနေ့ ရှမ်းပြည်ဦးစီးအဖွဲ့ ဦးထွန်းအေးနှင့် ဦးအုန်းမောင်တို့ က ပို၍သိကြ၏။

လောလောဆယ် အာဏာရဖို့ကိုသာ အလေးအနက်ဖြုကြပြီးနောင် ခါလာနောင်ခါရေးလုပ်ခဲ့မိကြ၍ ယနေ့ ကျွန်တော်တို့ ခံကြရ၏။

အဘယ်မျှ ကျွန်တော်တို့တစ်တွေ အမြင်မကျယ်ခဲ့သည်ကို ဆက်လက် ၍ ဖော်ပြပါဦးအံ့။

■

[ ၂၆ ]

ပြည်ထောင်စုမြန်မာနိုင်ငံအခြေခံဥပဒေ ရေးပြီးသည့်နောက် ပြင်ဆင်ချက်ပေါင်းများစွာကို အတည်ပြုပြီးခဲ့ကြလေပြီ။

အခြေခံဥပဒေစာအုပ် ပထမနှိပ်ခြင်းမှစ၍ ရေတွက်သော် ပုံနှိပ်ထုတ်ဝေသော အကြိမ်ပေါင်းမှာ များလှပါပြီ။

နောက်ဆုံးတွင် ပုဒ်မ ၂၁ ကို ပြင်ဆင်ပြီး၍ နှစ်ဝက်အကျော်တွင် ဆော်လှန်ရေးစိတ်ဓာတ်တွေသည် ပေါ်ပေါက်၍လာခဲ့ပါသည်။

အခြေခံဥပဒေကို လေ့လာသော အလေ့အထဟူ၍ နိုင်ငံရေးပါတီများတွင် မရှိခဲ့ကြပါ။ အကြင်သူတစ်ဦးသည် အခြေခံဥပဒေစကားကလေးတစ်ခွန်းနှစ်ခွန်းပြောမိလျှင် အရေးကြီးနိုင်ငံရေးခေတ်တွင် အမြင်ကတတ်ခံရမည်မှာ ဘာကယ်သေချာခဲ့ပါသည်။

ဝတ်လုံတော်ရ ဒေါက်တာမောင်မောင်သည် စာတ်ပုံများနှင့်တန်ဆာဆင်၍ "တို့ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ"ဟူ၍ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဦးမောင်မောင်သည် တက်သမျှအစိုးရ၏ကျေးဇူးအတွက် စာအုပ်ထုတ်ဝေခဲ့သည်ကို ကျွန်တော်တို့တွေ့ခဲ့ရသည်။

အခြေခံဥပဒေကို မရိုသေခဲ့ကြခြင်း၊ တစ်နည်းအားဖြင့်ဆိုလျှင် အခြေခံဥပဒေကို မလေ့လာခဲ့ကြခြင်းတို့မှာ ကျွန်တော်တို့၏ အပြစ်တစ်ခုဖြစ်ခဲ့ပါသည်။

အခြေခံဥပဒေကြီးတွင် ကျွန်တော်တို့သည် အပိုဒ်များကိုထည့်သွင်းခဲ့စဉ်က အန္တရာယ်မရှိပါဘူးဟု ယူဆခဲ့ကြပါ၏။ ဘာကယ်သုံးစွဲကြည့်ရာ

အနွယ်ရာလ်များနဲ့ပုံကို ယခုကျွန်တော်တို့က တင်ပြပါရစေ။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအပိုဒ် ၆ "ပြည်နယ်သစ်များ" ဟူသောကဏ္ဍတွင် အောက်ပါအတိုင်းရေးသား၍ ထားပါ၏။

× × ×

ပုဒ်မ ၁၉၉။ ။ပါလီမန်သည် ပြည်နယ်သစ်က လိုက်နာရသည့် စည်းကမ်းသတ်မှတ်ချက်များ ပါဝင်သော အက်ဥပဒေဖြင့် ပြည်နယ်သစ်တစ်ခုကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုနိုင်သည်။ ထိုသတ်မှတ်ချက်များတွင် ထိုပြည်နယ်မှ ပါလီမန်သို့ ကိုယ်စားလှယ်အမတ်ဦးရေ မည်၍မည်မျှ ရွေးကောက်တင်မြှောက်နိုင်သည်ဟူသော အချက်လည်း ပါဝင်ရမည်။

ထို့ပြင် ပုဒ်မ ၂၀၀ ကို ဆက်၍ စာဖတ်ပရိသတ်သည် ဖတ်နိုင်ကြပါသေးသတည်း။

ပုဒ်မ ၂၀၀ ။ ။ (က) ပြည်ထောင်စုအဖွဲ့တစ်ခု ဖွဲ့စည်းခြင်း။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်တစ်ခုခု၏ အကျယ်အဝန်းကို တိုးချဲ့ခြင်း။

(ဂ) ပြည်ထောင်စုအဖွဲ့ဝင်တစ်ခုခု၏ အကျယ်အဝန်းကို လျှော့ခြင်း။

(ဃ) ပြည်ထောင်စုအဖွဲ့ဝင် တစ်ခုခု၏ နယ်နိမိတ်များကို ပြောင်းလဲခြင်းကို နယ်နိမိတ်ပြုပြင်ခြင်းခံရသောပြည်နယ်တိုင်း၏ ကောင်စီက သဘောတူညီပါက ပါလီမန်သည် အက်ဥပဒေဖြင့် ပြုနိုင်သည်။ ထို့ပြင် ထိုကဲ့သို့သော သဘောတူညီချက် ရရှိပါက ပါလီမန်သည် လိုအပ်သည်ဟု သို့တည်းမဟုတ် သင့်လျော်မည်ဟု ထင်မြင်ယူဆသော ထပ်ဖြည့် ပြဋ္ဌာန်းချက်၊ အကြောင်းသင့် ပြဋ္ဌာန်းချက်နှင့် နှီးညီပြဋ္ဌာန်းချက်ကို ပြုနိုင်သည်။

အရပ်သုံးစကားနှင့် ရေးရသော် "ဘယ်အချိန်မဆို ပြည်နယ်သစ်ထောင်းနိုင်သကွာ"ဟူ၍ အခြေခံဥပဒေက ခွင့်ပြုထား၏။

**ကျွန်တော်တို့ မမြင်ခဲ့ရ**

ကိုယ်ကျိုးဘက်ကနေ၍ကြည့်သော အလုပ်ကို ကျွန်တော်တို့သွေး ဆဲတွင် မည်မျှပါလာသလဲ။ ယခုမှဖွင့်၍ရေးရသော် "အာဏာကို အရင်ရအောင်ယူကြကွာ၊ နောက်မှ စာရင်းရှင်းတာပေါ့" ဟူ၍သာ ယူဆခဲ့ကြလေသည်။

**အခု ရိပ်မိသည်**

"လူမိုက်နောက်မှ အကြံရ" ဟူသော မြန်မာစကားသည် တကယ်မှန်သ၏။ ကျွန်တော်တို့သည် ဘာမှမသိခဲ့ကြချေ။ ကျွန်တော်တို့သည် တဝကြီးခံပြီးမှ သဘောသဘာဝများကို ရိပ်စားမိကြတော့သည်။

ပြည်နယ်ရောဂါထခြင်းမှာ မဆန်းပါဘူးဟုဆို၍ အမျက်ဖြစ်နိုင်ကြပါ၏။ သို့သော် ဖဆပလတပ်ဦးသည် မြန်မာနိုင်ငံ၏ကာယကံရှင်ကြီးအဖြစ် မားမားမတ်မတ်ရပ်တည်နိုင်စဉ်က "ပြည်နယ်မပေးဘူး" ဟု နှုတ်ဖြင့်တစ်မျိုး၊ စာဖြင့်တစ်မျိုး၊ သစ္စာအဓိဋ္ဌာန်ပြု၍တစ်မျိုး ပြတ်ပြတ်သားသား ဆိုခဲ့ကြသော ပုဂ္ဂိုလ်များက "ပြည်နယ်ပေးမည်" ဟု ဂီယာကြီးကို ဝုန်းခနဲ ပြောင်းလိုက်သည်နှင့် တစ်ပြိုင်နက် ငါတို့သည် ဘယ်ဥပဒေမျိုးနှင့်မှမထိုက်တန်မှန်းသိလာကြတော့၏။ ဦးနုသည် ပြည်နယ်မပေးဘူးဟု ပြတ်ပြတ်သားသားဆိုခဲ့၏။ သူသည်ပင် ပြည်နယ်ပေးမည်ဟု ကတိပေးခဲ့၏။

လောကဓာတ်ပညာ၏အတွေ့များမှာ ပြောင်းနိုင်၏။ ဥပမာ မြေကြီးအထက် ၅မိုင်သာ လေထုရှိသည်ဟု တွေ့ကြုံလာရာ လေထုသည် နောင်အတွေ့အကြုံများကိုမှီ၍ မိုင် ၂၀၀ အထိ ရှိသည်ဟု ဆိုနိုင်ကြ၏။

မြတ်စွာဘုရားမပွင့်မီက သစ္စာဖောက်ခြင်းနှင့် ဤခေတ်သစ္စာဖောက်ခြင်းမှာ ဘာမှမခြားနားချေ။ သဘောမှာ အတူတူပင်ဖြစ်၏။

ရခိုင်ပြည်နယ် လိုချင်တယ်၊
မွန်ပြည်နယ် လိုချင်တယ်၊

မွတ်ဆလင်ပြည်နယ် လိုချင်တယ် ဟုဆိုကြခြင်းမှာ ပုဒ်မ ၁၉၄၉ က ခင်းပြုထား၍သာဖြစ်သည်ဟု ကျွန်တော်တို့သည် နောင်မှ သိလာကြ၏။

**မြန်မာဆိုသောစကား ကွယ်ဝါးနီးတွင်**

နိုင်ငံခြားက နယ်ချဲ့ကိုကြောက်ရခြင်းထက် အချင်းချင်းတစ်ဦး၏ အညံ့ပိုင်းကို အသားလှူ၍ နယ်ချဲ့ခြင်းက ပို၍ဆိုးသည်ဟု ကျွန်တော်တို့က မကြာမကြာရေးခဲ့ပါ၏။

မြန်မာလူမျိုးစစ်စစ်ဖြစ်သော ရောမဝတ်လုံတော်ရကြီးများ၊ ဘီလပ်ပြန် ဥပဒေပါရဂူကြီးများနှင့် မြန်မာလူမျိုးစစ်စစ်၏သန်းပေါင်းများစွာ ကြွယ်ဝနေသောပုဂ္ဂိုလ်ကြီးများ၏ ရှေ့မှောက်တွင် "မြန်မာ"ဟူသော ပေါဟာရစကား ကွယ်ပျောက်လုနီးနီးတွင် တော်လှန်ရေးတစ်ခုပေါ်လာရတော့၏။ ပြည်နယ်ပေါ်ပေါ်ဟူသော အသံကြီးနှင့် လက်ညှိုးပေါင်းများစွာသည် ပြည်မဘက်သို့ ထိုးနေစဉ်တွင် တော်လှန်ရေးတစ်ခု ပေါ်ရ၏။

ရာစုဝင်အဆက်ဆက်က ခေါင်းဆောင်လာသော၊ အငတ်လာကြသော၊ အနာခံကြကုန်သော လူဦးရေများသောတရားဝင်သုံးဖြစ်သည့် "မြန်မာ"ဟူသော စကား(ဝါ) Burman ဟူသောစကား ပျောက်ကွယ်ခါနီးတွင် ပြည်သူ့လှုပ်ရှားမှုတစ်ခုပေါ်ရ၏။

ခြောက် . . . လူဦးရေများ၍ အမှန်းခံရသနေ့ဟူသော သဘောတစ်ရပ်မှာ သမိုင်းစဉ်ရှိင်းလေခြင်းဟူ၍ စိတ်နာသူတွေပေါ်လာခဲ့ရ၏။

အရှင်ဦးဥတ္တမဘက်သို့ ကျွန်တော်တို့က လှည့်ပြီးလျှင် အရှင်ဘုရား အရှင်ဘုရားတို့ မိုက်လို့အနာခံခဲ့ကြသတဲ့ ဘုရား

အရှင်ဦးဝိစာရဘုရား၊ အရှင်ဘုရားသည် အ လို့ အစာတော်ခံသတဲ့ ဘုရား။

ဆရာစံဝင်ရှား၊ ဆရာကြီးမိုက်လို့ ကြိုးပေးခံရသတဲ့ ဆရာရဲ့ ဟူ၍သာ ရေးသားလိုတော့သတည်း။ ရာစုဝင်ရိုင်းလေခြင်းကျွာဟု တောက်ခေါက်သံကြီးတွေကို ကျွန်တော် ကြားယောင်မိတော့သတည်း။

ဦးပေါ်ဦး လျှောက်ထုံးထဲက လျှောက်ပုံကို ကျွန်တော်သည် သတိရမိတော့၏။

ဆင်ဖြူစစ်မစစ် ဟူသောမေးခွန်းကို ဦးပေါ်ဦးကို ရှင်ဘုရင်ကမေးရာ နှစ် ၆၀ ကြာလျှင် ဖြူပါလိမ့်မည် ဆင်ဖြူတော်အစစ်ပါဘုရားဟု လျှောက်ထား၏။ နန်းတော်အပြင်သို့ရောက်ရာ ဦးပေါ်ဦးက "နှစ် ၆၀ လည်း ရောက်

ထားရော ငါလည်းသေရောပေါ့" ဟု ရယ်စရာအဖြစ် ပြောခဲ့ဖူး၏။ အသက် ဦးဆံပိုင်ဘုရင်ကို ဝန်ကြီးက တစ်ပတ်ရိုက်ပုံ၊ ပရိယာယ်လုပ်ပုံတွေကို ဦးသော်ဦးလျှောက်ထုံးတွင် ရေးထား၏။ အခြေခံဥပဒေကို မသိုးသက်နိုး နုတ်သကဲ့သို့ ရေးခဲ့စဉ်က "နှစ် ၆၀ လည်း ကျော်ရော ငါတို့လည်း မရှိပါဘူး" ဟုတွေးမိခဲ့ကြသလို ကျွန်တော်တို့သည် ဖြစ်ခဲ့ကြပါ၏။

ယနေ့ ပြည်နယ်တောင်းစရာတွေ ကုန်ပါပြီ။ ပြု ပြည်နယ်မတောင်း ကြခြင်းမှာ အထက်သားတွေသည် အားနာ၍ဖြစ်ဟန်တူပါ၏။

ကမ္ဘာ၏ လောလောဆယ် ဖြစ်ရပ်တွေမှာ မကောင်းလှပါ။ နေ့ချင်း ညချင်း ပြည်နယ်တောင်းပြီး နောက်တစ်နေ့ ကုလသမဂ္ဂထဲသို့ ရောက်ခဲ့ သော အစဉ်အလာတွေကို တွေ့ကြရာ အုတ်အသည်းထဲကတုန်၍ နာလောက် အောင် ဆိုးကြောင်းကို ဆက်လက်ဖော်ပြပါရစေ။

[ ၂၇ ]

## စလေယ်ဝင် ဖင်မမည်းဗီက ကွဲရလေတယ်

ရုံဖန်ရုံခါ စာတ်သဘင်များ၌ လူပြက်တွေ ပြက်လုံးဖောက်ခြင်းသည် လောကကြီးကို ပြောင်လှောင်သည့်နှင့် တူနေတော့၏။

"မနက်ဖြန် ရှင်ဘုရင်ဖြစ်လိမ့်မယ်။ သန်ဘက်ခါ သေလိမ့်မယ်" ဟူ၍ ပြက်လုံးထုတ်သည်ကို ကျွန်တော်တို့သည် ဤစာရေးရင်းသတိရမိတော့သည်။

လွှတ်လပ်ရေးကြီးကို မင်းတို့တစ်တွေ မနက်ဖြန်ယူကြတော့၊

သို့သော် သန်ဘက်ခါမင်းတို့ သေကြပေါ့ဟု ဆိုဘိသကဲ့သို့ အခြေခံဥပဒေပုဒ်မ (၁၉၉ နှင့် ၂၀၀) ကို ကျွန်တော်တို့ လက်ခံလာကြ၏။

အသင်တို့ခွဲထွက်လိုလျှင် ရှေ့ဟာ၊ ဤသေ့နှင့်ဖွင့်၍ ခွဲထွက်ကြပါ။ သော့နံပါတ်မှာ ပုဒ်မ ၁၉၉ နှင့် ၂၀၀ ဖြစ်သည်ဟု အခြေခံဥပဒေတွင် ကမ္ဘည်းထိုးထားခဲ့ကြ၏။

ဖွဲ့စည်းပြီးသော ပြည်ထောင်စုကြီးထဲမှ ပြည်နယ်တွေကခွဲ၍ ထွက်ခြင်းကို ခံရရုံမကသေးပါ၊ လက်ရှိထဲက ပြည်နယ်အသစ်တောင်းလိုက တောင်းနိုင်သေးသဟုဆိုပြီး ပုဒ်မ ၁၉ အရ ပြည်နယ်တွေ တောင်းလာကြ၏။ ရက်စက်သော ဒီဂရီသည်အမြင့်ဆုံးသို့ ရောက်ခဲ့၏။ လက်ဝဲဆိုသောအင်အားစုထဲက ပဲခူးမြို့ကို မွန်မြို့တော်လုပ်မည်ဟု ဆိုရဲလာပြန်တော့၏။

**ဆင်းလုံကျွန်တရင်**

အထက်ဖော်ပြပါ အချက်များတွင် မကာသေးပါ။ ဆက်လက်၍ ကျွန်တော်တို့က ရေးပါရစေ။

ဒုတိယပင်လုံညီလာခံတွင် ရေးထားသောစာချုပ် အချက်အလက် နံပါတ် ၅တွင် ဤသို့ရေးထား၏။

"(၅) လွတ်လပ်ရေးရပြီးသည်နောက် မြန်မာပြည်ထောင်စုမှ ကျွန်ုပ်တို့ ခွဲထွက်လိုလျှင် ကျွန်ုပ်တို့သဘောကျသည့်အချိန်တွင် ခွဲထွက်နိုင်ခွင့် ရှိစေမည်"ဟူ၍ ရေးသားထား၏။

လွတ်လပ်ရေးကြေညာစာတမ်းက ရှမ်းစော်ဘွားတွေသည် ၁၀ နှစ် ကျော်လျှင် ပြည်မကြီးမှ ခွဲထွက်မည်ဟု အတိအလင်းပြောခဲ့ကြ၏။

ကျွန်တော်တို့သည် မျက်နှာကြက်တွင် ဆွဲဆင်ထားသော ပန်ကာခေါင်မှာ အသိုက်လုပ်သောစာကလေးတွေနှင့် ဘာမှမခြားနားလှပါ။

ဝေလုတ်နိုင်၍ ပန်ကာကြီးလည်လျှင် စာကလေး၏အသိုက်သည် လွင့်စဉ်သွားမည်မှာ အမှန်ပင်ဖြစ်၏။ ဝေလုတ်မနိုင်မီသူ၏လောကကြီးသည် နိစ္စကြီးဟုယူဆပြီး တပျော်တပါးကြီး အသိုက်လုပ်နေကြ၏။

စာကလေးတွေမှာ မသိ၍ပျော်ကြ၏။ ကျွန်တော်တို့မှာ ရှမ်းစော်ဘွားတွေသည် တစ်နေ့ခွဲထွက်မှာပဲဟု သိကြလျက်နှင့် သစ္စာမဲ့ခွာနံလေးချက်ကို ရွတ်ဆို၍နေခဲ့ကြ၏။ သစ္စာမဲ့ခွာနံလေးချက်ကို ယနေ့ရွတ်ကြပါဦးဟု ကျွန်တော်သည် ဆိုလိုပါ၏။

သို့သော် ခွဲမထွက်ရအောင် အုပ်ချုပ်ရေးတွင် ကိုင်နိုင်လျှင် တော်မည်ဟု ယူဆကာ ၁၀ နှစ်ကျော်မျှ နေခဲ့ကြပါ၏။

**အသည်းထိတ်ရာမကျန်သေးပါ**

အထက်ပါအတိုင်းသာဖြစ်လျှင် တော်သေး၏။ "မြန်မာဟူသော ဘရားဝင်စကားကို သုံးနေကြသောသူတို့သည် (ကျွန်တော်၏အမြင်အားဖြင့်)ဘာမှမသိကြချေ။

ကုလသမဂ္ဂကြီးရှိနေ၍ ကျွန်တော်တို့၏အားကိုးစရာတစ်ခု ဖြစ်နေသည်ကား မှန်ပါ၏။

သို့သော် ခက်ခနဲရှိ ပြည်မကြီးမှခွဲထွက်ပြီး ကုလသမဂ္ဂထဲဝင်မယ်တဲ့ မြေတာပြင်ပြင် လက်တပြင်ပြင်ရှိခဲ့ကြ၏။ မျက်စိအောက်တွင် အစ္စရေး တိုင်းပြည် ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်ပုံ၊ ဆီးရီးယားတိုင်းပြည်တွင် သူပုန်ထကြွ နောက်တစ်နေ့ ကုလသမဂ္ဂထဲဝင်ရန်ကြံစည်ပုံတို့ကို မြင်နေကြ၍ ရှမ်း ပြည်သည် ပြည်မကြီးကခွဲထွက်ပြီး ဘန်ကောက်မြို့တွင် ဖွင့်ထားသော ဆီးတိုးခေါ် အာရှအရှေ့တောင်ပိုင်းစာချုပ်ဝင် အစည်းအရုံးထဲဝင်မည် တကဲကဲဖြစ်သော သတင်းများကို ကျွန်တော်တို့သည် ကြားနေကြရ၏။

အဆိုပါအချက်သည် တရားဝင်သက်မရှိ၍ တပ်အပ်မှန်သည်ဟု မဆိုနိုင်ပါ။ သို့သော် တစ်နေ့သော် ရာဇဝင်က သက်သေခံပါလိမ့်မည်။

**မှန်ကန်မှုကို တကယ်ကြောက်ကြသည်**

ကော အင် ဒီ ဆို မထကြွမီက ပဲခူး၊ ရောင်လေးပင်နှင့် မြစ်ဝကျွန်း ပေါ်ကို တောင်းနေစဉ် အာဏာရအစိတ်အပိုင်းသည် ဂုဏ်ဘာဝေ ဆိတ် ဆိတ်နေခဲ့ကြ၏။ နောက်ဆုံးတွင် အင်းစိန်ကို ကောအင်ဒီဆိုက သိမ်းခဲ့၏။ အသက်ပေါင်းများစွာ အသေခံ၍ အင်းစိန်ကို ကျွန်တော်တို့ သိမ်းခဲ့ရလေ သည်။

၁၉၆၁ မှ စက်တင်ဘာလလောက်ကစ၍ ရှမ်းပြည်နယ်မှ စာအုပ် စိမ်းကလေး ထုတ်ဝေခဲ့၏။

"ချဲလင့်ချ်" လုပ်သော အဆိုပါစာအုပ်စိမ်းကလေးကို သတင်းစာ တိုက်တွေသို့ ဝေပြီးနောက် အင်္ဂလိပ်စကားအရ "ဗီးဒရဲလ်" ခေါ် မှုကို ပွဲထုတ်ခဲ့ကြ၏။

ကိုယ်တွေ့အဖြစ်အပျက်ကို ကျွန်တော်သည် ထည့်၍ရေးရပါရစေ။

သမ္မတဟောင်း စဝ်ရွှေသိုက်နှင့် ကျွန်တော်သည် နိုင်ငံတော်ဘာသာ ဆိုသော အရေးတွင် အတိုက်အခံပြုရန် သဘောတူခဲ့ကြ၏။ ဆရာတော် သံဃာတော်များရှေ့တွင် သမ္မတဟောင်း စဝ်ရွှေသိုက်က နိုင်ငံတော် ဘာသာသာအတူကြီးပါဘုရားဟု လျှောက်ခဲ့၏။

စော်ဘွားတွေအပေါ်တွင် ပြင်ပတွင် စွပ်စွဲချက်တွေကို ကျွန်တော်က အကုန်ဖွင့်၍ သမ္မတဟောင်းကိုပြောရာ သမ္မတဟောင်းစဝ်ရွှေသိုက်က

...ကိုးနှင့် မဆက်လိုကြောင်းကိုလည်းကောင်း၊ ပြည်ထောင်စုကို ရှိသော ...ကြောင်း၊ စောခွန်ချိုနှင့် သူတို့သည် တပူးတပေါင်းတည်း ညီညွတ်ကြမည် ...ည်ဖြင့် ကျွန်တော့်ကိုပြောပြပါ၏။

...ကြီ

"ဒီဒရဲလ်"ဆိုတာ ဘာလဲ။ ပြည်ထောင်စုပင် မဟုတ်လားဟု ကျွန်တော် ...ခ်ိသောက်တည်းကပြောရာ ကျွန်တော်သည် အူကြောင်ကြောင်ဖြစ် ပြန်၏။

...ီးသကြတော့သူ

နိုင်ငံရေးလောကတွင် ပါးစပ်ကပြောရုံနှင့် ဝမ်းထဲကကြိတ်၍ ကြံစည် ...တွေမှာ မှုမမှန်ကြတော့ချေ။ လက်ဝဲအင်အားစုဝင်ဆိုသူတွေကအစ "ဒီဒရဲလ်"မှ မှန်သည်ဟုဆိုလာကြ၏။

ပတ်ဝန်းကျင်အဖြစ်အပျက်များကို စိစစ်၍ကြည့်ရာ နယ်ကလေးတွေ ...း အာဏာရသူများကို ကျောသပ် ခေါက်ဖြတ်ကာ မြေအောက်လော ...မှ အာဏာသိမ်းဖို့ ရည်ရွယ်ကြသတဲ့ဟူသော တိုးတိုးပြောသံကလေး ...တွေကို ကျွန်တော်တို့သည် ကြားလာကြရ၏။

အကြပ်ကိုင် ဆန်ကောလောက်မှ ခေါက်မနက်၍ ပါလီမန် ...မိုကရေစီသည် ရုပ်ဆင်းပျက်စွာဖြင့် ကျဆုံးခဲ့ရလေ၏။ နိုင်ငံခြား ပဒေသာ ...တွေကို ရှောင်၍ မရနိုင်သလောက် ဖြစ်လာတော့၏။

တရားဝင်သက်သေပြပါဟု သတင်းစာဖတ် ပရိသတ်ကဆိုလျှင် ကျွန်တော်သည် မပြနိုင်ပါဟု ရေးပါရစေ။

မပြနိုင်၍ မယုံဘူးဟုဆိုလျှင် နေနိုင်ကြပါ၏။

ပမညတသည် မူလစတင် ထူထောင်စဉ်က ရုပ်တည်မှုတစ်ခုနှင့် အနာခံ၍ ရပ်တည်ရဲကြလျှင် ပါလီမန်ဒီမိုကရေစီသည် မကျဆုံးနိုင်ပါ။

...ဘီလ တစ်ရက်နေ့တွင်

ရှမ်းပြည်နီးနေ့ဖလှယ်ပွဲကို ကျွန်တော်တို့ အာရုံစိုက်ခဲ့ကြ၏။ ...ဘီလ ၁ ရက်နေ့ညတွင် စောခွန်ချို၏အသံလွှင့်ချက်သည် မီးပွင့်

တော့သည်။

ပြည်မကို ပြည်နယ်သဘောထားပုံ၊ ပါလီမန်လွှတ်တော် ၂ ရပ်တွင် အာဏာတူပေးရမည်ဆိုပုံတွေကို မြန်မာသံပီပီသသနှင့်ပြောရာ နေ့တ တစ်နေ့နံနက် မတ်လ ၂ ရက်နေ့ နံနက် ၂ နာရီတွင် ဒုတိယတော်လှန်ရေ ပေါ်ချိန်သည်။

ကျွန်တော်တို့သည် စာဖြင့်ရေးရာတွင် တစ်ကောင်တည်းပြေးသော မြင်းနှင့်တူနေပါ၏။ မျက်နှာချင်းဆုံ၍မေးပြီး ကျွန်တော်တို့မှားလျှင် ရှေ့ တွင်ဝန်ခံရန် အသင့်ရှိပါ၏။

စလယ်ဝင်ဖင်မမည်းခင်က ကွဲကြရပုံတွေကို ဆက်လက်ရေးသား ပါရစေ။

■

[ ၂၈ ]

ဤဆောင်းပါးများမှာ အခြေခံဥပဒေနှင့် ကျွန်တော်၏ကိုယ်တွေ့ ကြုံဟူ၍သာ သဘောထားပြီး ဖတ်ကြပါဟူ၍ ကျွန်တော်သည် စာဖတ် ပရိသတ်ကို တောင်းပန်ပါရစေ။

"သတင်း" ဟူသည် ၂ မျိုးရှိကြောင်းကို ယခုတင်ပြပါရစေ။

တရားဝင်သတင်းမှာ အစိုးရနှင့် ပြည်သူအားလုံးက မှန်ပြီဟူ၍ လက် ခံရသောသတင်းကို ဆိုလိုပါ၏။

အောက်ခြေတွင် တိတ်တိတ်ပုန်းပေါ်နေသော သတင်းကို တရား မဝင်သော သတင်းဟူ၍ ခေါ်ပါသည်။

အင်းစိန်ဈေးထဲတွင် တိုင်းရင်းသားအမျိုးသမီးတစ်ဦးက "နင်တို့တော့ ဒီခေမယ်ဟဲ့" ဟု ဆိုပြီး မကြာမီ အင်းစိန်မြို့တွင် တိုက်ပွဲဖြစ်ခဲ့၏။ ထို သတင်းကို တရားမဝင်သောသတင်းဟု ဆိုလိုက ဆိုကြပါ။

### သတင်းစာဆရာအသင်းတိုက်၌

ရန်ကုန်မြို့ ပန်းဆိုးတန်း ၂၂၊ ၂၄ နံပါတ် ဘီ ရှေ့ အေ ခေါ် သတင်းစာ ဆရာအသင်းတိုက်တွင် မြန်မာသတင်းထောက်ကလေးတွေနှင့် ကွယ်လွန် သူ ဓာဘဦးကြီးသည် တွေ့ဆုံခဲ့ကြ၏။ တက္ကသိုလ်ဘောလုံးသင်းတွင် နာမည်ရခဲ့သော ဓာဘယ်လီတစ်ယောက် ပါလာတော့၏။

သတင်းထောက်ကလေးတွေသည် လက်နှစ်ဖက်ကို ပါးပေါ်တွင် ထောက်လျက် ဓာဘဦးကြီးကို စိုက်၍စိုက်၍ကြည့်နေကြသည်ကို ကျွန်တော်

သည် မှတ်မိပါ၏။

"ကဲဗျာ ကျွန်တော်ကပဲစပြီး လက်ဆွဲနှုတ်ဆက်ပါ့မယ်"ဟု ဓောဓာ ဦးကြီးက မြန်မာစကားနှင့်ပီပီသသဆိုကာ သတင်းထောက်ကလေးတွေ ၏လက်ကို ဆွဲ၍နှုတ်ဆက်၏။ ဘယ်မေးခွန်းကိုမျှ သတင်းထောက်တွေ က မမေးကြချေ။

ဆိတ်ဆိတ်နေခြင်း၏အဓိပ္ပာယ်သည် ဓောဓာဦးကြီး၏စိတ်တွင် စွဲသွားဟန် တူ၏။ သတင်းထောက်ကလေးတွေ၏ နာမည်တွေကို ကျွန်တော် သည် မှတ်မိပါ၏။

ထို့နောက် ၎င်းနောက် မကြာမီပင် တိုက်ပွဲသတင်းကို ရေးကြရသော သည်။ အချို့သတင်းထောက်များမှာ သူပုန်၏ဖမ်းဆီးခြင်းကို ခံကြရ၏။

**တရားဝင်ဝေါဟာရစကား**

အင်္ဂလိပ် (ဝါ) English ဟူသည် တရားဝင်ဝေါဟာရစကားဖြ ဘိသကဲ့သို့ "မြန်မာ"ဟူသည် တရားဝင်ဝေါဟာရစကားမျှသာ ဖြစ် သည်။ ထိုစကားမှာ အနော်ရထာဘုရင်လက်ထက်က ပေါ်လာခဲ့ပါသည်။

တိုင်းရင်းသား၏သွေးတွေသည် မြန်မာလူမျိုးတွင် ရောစပ်လျက်ရှိ ပါ၏။ ပျူ၊ ကမ်းယံ၊ သက်၊ ရှမ်း၊ ချင်း၊ ကချင်၊ တိဘက်တို့၏ သွေးတွေ ဖြစ်ပါ၏။ ဤသဘောကို ကျွန်တော်သည် အလေးအနက်ပြု၍ ရေးနေပ ၏။

၁၉၆၂ခု မတ်လ ၂ ရက်နေ့မတိုင်မီကစ၍ မြန်မာအမည်ခံကလေး တွေသည် ရှမ်းပြည်မှ ရန်ကုန်မြို့သို့ ပြန်လာကြ၏။ များသောအားဖြင့် အစိုးရအမှုထမ်းကလေးတွေ ဖြစ်ကြ၏။

သူတို့သည် လူမျိုးခွဲခြားရေးအသံတွေကို ကြားလာခဲ့ကြ၏။ တရား မဝင်သေးသောသတင်းတွေကို ကျွန်တော်တို့သည် ကြားခဲ့ကြ၏။

**၎င်းနောက်ပြဿနာများ**

၁၉၄၈ ခုနှစ် ဇန်နဝါရီတွင် မြန်မာသတင်းထောက်ကလေးတွေနှင့် ဓောဓာဦးကြီး တွေ့ခဲ့ကြသကဲ့သို့ ၁၉၆၂ ခုနှစ်ဦးတွင် ဓောဝဏ္ဏတို့က

သတင်းထောက်တွေနှင့် တွေ့ခဲ့ကြ၏။ ဤစာတိုအိမ်စာတိုကွက်တစ်ခုတွင် ကျွန်တော်မပါနိုင်တော့ပါ။

(မှတ်ချက်။ ။ ကာရင်နီမှ ကယားလုပ်ပေးပါဆို၍ ကယားဖြစ်အောင် ဆောင်ရွက်သူများတွင် ကျွန်တော်တစ်ဦး ပါဝင်ခဲ့၏။)

နောက်တစ်နေ့ သတင်းစာတွေကို ကျွန်တော်ဖတ်ကြည့်ပါ၏။

"ပြည်မကိုပါ ပြည်နယ်လိုသဘောထားမယ်"ဟူသော စကားကို ကျွန်တော် ဖတ်ရပါသည်။

"ပြည်မကိုပါ ပြည်နယ်လို သဘောထားမယ်"ဟူသော စာကြောင်းကို ကျွန်တော် ၃ ကြိမ်လောက်ဖတ်ကြည့်ပါသည်။

"ဒီစကား အဖျားမည်းတယ်"ဟု၍ ကျွန်တော်သည် ယူဆပြီးလျှင် ရှမ်းပြည်က ထုတ်ဝေသော စာအုပ်စိမ်းကလေးကို ဖတ်ပါသည်။

တို့လူမျိုးမှာ အခြေခံမရှိလေတော့

ဟုမ္မရုံးနှင့် ဒိုင်အာခီရန်ဖြစ်ခဲ့ကြရသည်။ တွဲရေးနှင့်ခွဲရေး ရန်ဖြစ်ခဲ့ကြရသည်။

သန့်ရှင်းနှင့်တည်မြဲ ရန်ဖြစ်ခဲ့ကြရသည်။

သခင်နှင့် ဦးနိုလ် ရန်ဖြစ်ခဲ့ကြရသည်။

ယခု "ဗီးဒရဲလ်"နှင့် ရန်ဖြစ်ကြရပြန်သည်။ ။ ဤစကား၏ အဓိပ္ပာယ် ကဘာလဲ။

မိမိ၏ထင်ကြေးကို မပေးဘဲ ပြည်သူများအား ကျမ်းအကိုးအကားကို ယခုပင် တင်ပြလိုတော့သည်။

"ပြည်မကို ပြည်နယ်လိုသဘောထားတယ်" ဆိုသောစကားကိုဆိုရာ ဘာအားကိုးကြီးနှင့်များ သူတို့သည် ပြောရက်ကြသလဲ။ အနာဂတ်ရာဇဝင်ဆရာတွေက ရေးကြပါလိမ့်မည်။ ကျွန်တော်တစ်ဦးမှာ မသိ၍ မသိပါဘူးဟု၍သာ ဖြေပါရစေ။

**အကိုးအကား**

ယနေ့ အိန္ဒိယနိုင်ငံသမ္မတဖြစ်နေသော ဒေါက်တာ ရာဂျင်းဒရား ပရဆတ်က "အိန္ဒိယဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အနှစ်အရာဘာများ"

(Essentials Of The Indian Constitution) ခေါ် စာအုပ်တွင် အောက်ပါအတိုင်း ရေးထား၏။

ဘာသာပြန်ချက်။ ။ အိန္ဒိယဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတန်းအစားကို အဘယ်မည်သော ပေါင်းကွက်ထဲသို့ ထည့်ရမည်လဲဟူသော မေးခွန်းသည် ပထမမေးခွန်းတစ်ခုပင်ဖြစ်သည်။ တံဆိပ်ကြီးတပ်ခြင်းကို ကျွန်ုပ်အလေးအနက် မပြုလိုပါ။ အသင်သည် ဖီဒရယ်လ်စနစ်ဟူ၍ ခေါ်ဝေါ်ကာမူလည်းကောင်း၊ ယူနစ်တာရီစနစ်ဟူ၍ ခေါ်ဝေါ်ကာမူလည်းကောင်း သို့တည်းမဟုတ် အဘယ်မည်သော နာမည်နှင့်ပင်ခေါ်ဝေါ်ကာမူလည်းကောင်း ကျွန်ုပ်အလေးအနက်မပြုလိုပါ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ရည်ရွယ်ချက်နှင့် ကိုက်ညီသမျှ မည်သည့်နာမည်ကိုပင် သုံးစေကာမူ ခြားနားခြင်းမရှိလှပါ။

ကမ္ဘာ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများနှင့် အံကိုက်မှ မှန်ရမည်ဟု ကျွန်ုပ်တို့သည် တရားသေထား၍ မယူနိုင်ပါ။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏သမိုင်းရာဇဝင်ကပေးသော ဖြစ်ရပ်တွေကိုယူရပေလိမ့်မည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟူသည် ရာဇဝင်၏ ဖြစ်ရပ်များကို အခြေတည်ရပေမည်"ဟူ၍ ရေးသားထား၏။ ထိုကောက်နုတ်ချက်မှာ အရေးကြီးလှပါသည်။

ဒေါက်တာ ရျှင်းဒရားပရဆာတ်က အိန္ဒိယနိုင်ငံသည် "ဒီပတ်ဘလစ်" နိုင်ငံသို့ ရှိတက်နေကြောင်းကို ဆက်လက်ရေးသား၍ထား၏။

ကျွန်တော်သည် "ဖီဒရယ်" ကိုပြည်ထောင်စုဟူ၍ ဘာသာပြန်ပါ၏။

ယူနစ်တာရီကို တစ်ပေါင်းတည်း၏ လက်အောက်ခံစနစ်ဟူ၍ ဘာသာပြန်ပါ၏။ unit မှာတစ်ခုပင်ဖြစ်၏။ ထို့အတွက် တစ်ပေါင်းတည်းလက်အောက်ခံဟူ၍ ကျွန်တော်သည် ဘာသာပြန်ဆိုပါ၏။

**ရှမ်းပြည်က ယူနစ်တာရီကိုထောက်ခံခြင်းသင် မဟုတ်လော**

၁၉၆၁ ခု ဖေဖော်ဝါရီလ ၂၅ ရက် ၁၃၂၂ ခု တပေါင်းလဆန်း ၁၂ ရက် စနေနေ့၌ တောင်ကြီးမြို့တွင် ကျင်းပသော ပြည်လုံးကျွတ်ညီလာခံကြီးမှအတည်ပြုသော "အခြေခံဥပဒေ ပြင်ဆင်ရေးစာတမ်း"

စာမျက်နှာ နံပါတ် (၁) အပိုဒ် (၄) တွင် အောက်ပါအတိုင်း ဖော်ပြ ၍ထား၏။

(၄) ဗဟိုပြည်ထောင်စုအား အောက်ပါဌာနများလွှဲအပ်ပြီး ကျန်ရှိသော အာဏာများနှင့်အခွင့်အရေးများကို ပြည်နယ်များသို့လွှဲအပ်ရန်။

(က) နိုင်ငံခြားဆက်သွယ်ရေး၊ (ခ) ပြည်ထောင်စုကာကွယ်ရေး၊ (ဂ) ပြည်ထောင်စုဘဏ္ဍာရေး၊ (ဃ) ငွေဒင်္ဂါးနှင့်ငွေစက္ကူထုတ်လုပ်ရေး၊ (င) စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး၊ (စ) မီးရထား၊ လေကြောင်း၊ ရေကြောင်းဆက်သွယ်ရေး၊ (ဆ) ပြည်ထောင်စုတရားစီရင်ရေး၊ (ဇ) ပင်လယ်ဆိပ်ကမ်းခွန် ကောက်ခံရေး။

(၅) ပြည်ထောင်စုဘဏ္ဍာတော် တရားမျှတစွာ ခွဲဝေရေးဟူ၍ ရေးသားထား၏။ ကျန်ဌာနများ၏ စာရင်းဟူသည်မှာ ဘာတွေလဲ ကျွန်တော်သည် ဘွက်၍ဝေဖန်ရိုန် မရသေးပါ။

(အထက်ဖော်ပြပါ ရေးသားချက်များကိုဖတ်ခြင်းအားဖြင့် ရှမ်းပြည်က တင်သွင်းသွားသောစနစ်သည် "ယူနစ်ထရီ"ခေါ် တစ်ဗဟိုတည်းစိနစ်ပင် မဟုတ်ဘူးလော၊ စာဖတ်ပရိသတ်က ဆုံးဖြတ်ကြပါ)

ပြည်မကို ပြည်နယ်လိုသဘောထားမည်ဆိုသော စကားသည် ဆန့်ကျင်ဘက်စကားတစ်ရပ်ပင် ဖြစ်၏။ သူတို့ကပင် တစ်ဗဟိုတည်း သက်အောက်ခံထားပြီး (ပြည်မ)နှင့် ပြည်နယ် အတူတူပဲဆိုကြပြန်၏။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် "ပြည်မ" ဟူ၍မရှိပါ။ သို့သော် လူဦးရေအလိုက်၊ လုပ်အားအလိုက် ပါလီမန်တွင် ပြည်မကြီးက ပါလီမန်အမတ်ဦးရေ များနေခဲ့၏။

အတွင်းကျိတ် ဘာတွေဖြစ်နေမှန်း ကျွန်တော်တို့မသိနိုင်ကြဘဲ ဒုတိယ ဘော်လှန်ရေး ပေါ်ရတော့၏။

စလယ်ဝဝ် ဖင်မမည်းမီက ကွဲကြရတော့၏။

■

## [ ၂၉ ]

ယနေ့ ရှမ်းပြည်နယ်မှတင်သွားသော ပြင်ဆင်ရေးစာတမ်းအကြောင်းကို ကျွန်တော်သည် ဆက်လက်၍ တင်ပြလိုပါသည်။

အင်္ဂလိပ်လက်ထက်စဉ်က လူနည်းစု၏ ပိုင်ခွင့်များဟူသောအသံကို ကျွန်တော်တို့သည် ကြားရလာခဲ့ပါသည်။

အင်္ဂလိပ်စကားအားဖြင့် (Rights Of Minorities) ဟူ၍ ရှမ်းကချင်းကျကျ ပြောဆိုသံများကို ကျွန်တော်တို့ အဖန်ဖန်တလဲလဲ ကြားရပါသည်။ သဘောမှာ အကာအကွယ်ပေးမည့်သူမရှိတဲ့ အခြေအနေ ရှည်နဲ့နေသူများကိုဆိုလိုပါသည်။

လွတ်လပ်ရေးကြေညာပြီးသည့်နောက်ပိုင်းတွင် ဤမြန်မာနိုင်ငံ၌ လူနည်းစုများ၏ပိုင်ခွင့်ဟူသော အသံကိုကြားရရုံမက ကျွန်တော်နှင့်လူနည်းစုတွေသည် နဖူးတွေ့ ဒူးတွေ့ တွေ့ခဲ့ရပါ၏။

**ကလေးတက်ခင်ရပါသည်**

လွှတ်တော်ပညာရေးတွင် ပညာရေးမှူးတွေ ရွေးချယ်ခန့်ထားစဉ် မြန်မာဆိုလျှင် ခေါင်ခေါင်မြည် ၁၈ တန်းနှင့် အင်္ဂလိပ်မြန်မာ ဟိုက်စကူးခိုင်နယ်ကိုမှ ကျွန်တော်တို့က ရွေးချယ်ကြရာ ကရင်အမျိုးသားများမှာ လူနည်းစုဖြစ်၍ ၇ တန်းအောင်လျှင် လွှတ်ပညာရေးမှူးအဖြစ် ရွေးချယ်ခဲ့ကြရ၏။

လောကကြီးသည် ရယ်စရာအကွက်တွေနှင့် မကောင်းနိုင်မှန်း နောက်မှ

သိကြရ၏။ ကရင်လုပ်လိုလျှင် ကရင်ဖြစ်လိုက်၊ ဗမာဖြစ်ချင်လျှင် ချက်ချင်းဖြစ်လိုက် ဆိုသလိုလုပ်နိုင်ကြသည်ကို ကျွန်တော်တို့သည် တွေ့ရပြန်၏။

မရှေးမနှောင်းကာလတွင် ဦးဖိုးစိန်ဇာတ်ခင်းကျင်း ကပြရာ လူပြက်ကြီး တောင်လုံးကျော်က သားကလေးအဖြစ် သရုပ်ဆောင်၏။ ဇာတ်ခင်းသမီးငယ်ငယ်လေးက အမိအဖြစ် ကပြခဲ့၏။ တောင်လုံးကျော်အမည်ခံ လူပြက်က "အမေ့နို့စို့ချင်တယ်"ဟူ၍ ပြောရာ ပရိသတ်သည် မွဲကျလှသည်ကို ကျွန်တော်သည် တွေးမိသည်။

လက်တွေ့အဖို့မှာ ဇာတ်မင်းသမီး၏ အမေအရွယ်က ကလေးဖြစ်ရသောသည်။

လူနည်းစု လူနည်းစုဆိုသမျှကို ကျွန်တော်တို့က အနုးအညွတ်ခံခဲ့ကြရာ လူနည်းစုမှာ ရနေသောအခွင့်အရေးတွေမှာ သိသိသာသာကြီးများလှချေသည်။ လူနည်းစုလည်းဆိုသေး၏၊ လူများစုထက်လည်း သာသေးသည်ကို တွေ့ကြရပေသည်။

မျှောတည်းက ၁၅ တော့တန်းရသော လူများ

ပြင်မြင်းလောကတွင် သုံးသောဝေါဟာရစကားကို ကျွန်တော်တို့က သုံးပါရစေ။

ကိုယ့်ကိုယ်ကိုယ် "မြန်မာ" ဟုယူဆကြသောသူများအဖို့မှာ မျှောကတည်းက ဟင်းဒီကာတ်ခံပေးစနစ်အရ ၁၅ တော့တန်း၍ ပြေးရသူများနှင့် တူနေကြတော့၏။ "မြန်မာ" ဟူသော နာမည်ကိုလက်ခံ၍နေလျှင် သမ္မတရာထူးရဖို့ပင် အတော်ခက်ခဲပါ၏။

ကျွန်တော်တို့ပါ တကယ်ညွှန်ကြောင်းကို တော်လှန်ရေးခေတ်တွင် ဖွင့်၍ယခု ရေးပါရစေ။

တစ်ခါတစ်ရံ ဘာသာရေးလောကပြက်လုံးတွေကို ပြေး၍ ကျွန်တော် သတိရမိတော့၏။

ရှစ်ပါးသီလတွင် ဝိဘူသနာဌာနာ ဝေရာမဏီ ဟူ၍ဆိုရာ "ဆီးဖြူသနပ် ဌာန ဝေရာမဏီ" ဟု နားလည်ပြီး တစ်သက်လုံး ဆီးဖြူသနပ်ကို မစားဘူးဆိုသော အမယ်ကြီးတစ်ယောက်၏အကြောင်းကို ကျွန်တော်သည်

ပြေး၍သတိရမိတော့သည်။

တကယ်လေ့လာရကြလျှင် ဥပုသ်စောင့်သူတွေသည် တန်ဆောင်ခြင်း၊ သာသနာခြင်းတို့မှ ရှောင်ကြဉ်အပ်သော သိက္ခာပုဒ်ဟူ၍မည်သူမဆို သိနိုင်ကြပါ၏။

သူများက လူနည်းစုဆို၍ ကျွန်တော်တို့ကပါ လူနည်းစုတွေပဲဟု သံယောင်လိုက်ကြ၏။

"မြန်မာ" ဖြစ်ရခြင်းမှာ ရှက်စရာလိုလိုဖြစ်ခဲ့ရတော့၏။

ရခိုင်အမျိုးသား အရှင်ဦးဥတ္တမသည် မြန်မာနိုင်ငံကို ခေါင်းဆောင်းတင်ခဲ့စဉ် ဦးဥတ္တမကို မြန်မာခေါင်းဆောင်ဟူ၍ ကျွန်တော်တို့က ကိုင်းရှိုင်းခဲ့ကြ၏။ အတန်ကြာရာ ရခိုင်ပြည်နယ်တောင်းလာရာ သူတို့က မြန်မာမဟုတ်ပြန်သလိုလိုဖြစ်ကြပြန်၏။ လူမျိုးစာရင်းပြောင်းဖို့မှာ ငွေ ၂ ကျပ်သာ ကုန်၏။ အရေးပိုင်ရုံးသွား၍ လက်မှတ်ယူလျှင် ရနိုင်ပါ၏။

ငါတို့သည် မွန်လူမျိုးများထံမှ ယဉ်ကျေးမှုတစ်ခုရလာ၍ မွန်လူမျိုးတွေကို ရိုသေခဲ့ကြ၏။ ဦးချစ်လှိုင်၊ ဆာကျော်အေး ဦးမောင်ကြီး၊ ဝတ်လုံ ဦးဘသွန်းတို့သည် မွန်လူမျိုးများဖြစ်ပြကြ၏။ အတန်ကြာရာ မွန်ပြည်နယ်တောင်းလာကြပြန်၏။

ဘယ်သူတွေက တောင်းသမျှကိုပေးရမှာလဲဟူသော အမေးကိုပင် ကျွန်တော်တို့သည် မဖြေတတ်တော့ချေ။ မြန်မာစစ်စစ် ဤနိုင်ငံ၌ တစ်ယောက်မှ မရှိပါဘူး။ မြန်မာဟူသည် ပျူ ကမ်းယံ၊ သက်လူမျိုးတို့ကို ပေါင်း၍ တရားဝင် ရုံးသုံးဝေါဟာရစကားသာဖြစ်ပါသည်ဟု ကျွန်တော်သည် ရေးရဖန်များလှပါပြီ။

ပရိုင်မင်း(န်) တော ဘဆက်ဆက်၏ဆွေမျိုးစာရင်းကို လေ့လာကြစမ်းပါဟု ကျွန်တော်က ပန်ကြားပါရစေ။

ကျွန်တော်တို့သည် ကလေးပြဓာတ်တစ်ခုကို ခင်းကျင်းနေသည်နှင့် တူနေ၏။ အဘယ်မျှ ရယ်စရာကောင်းသလဲရေးရသော် သံဃာထုထဲတွင် ရခိုင်ဆရာတော်များ၊ ကရင်ဆရာတော်များနှင့် ရှမ်းလူမျိုးဆရာတော်များ ရှိနေကြပါ၏။ ဘွဲ့တော်တွေကို ဖွင့်၍မရေးပါရစေနှင့်။ ဘယ်တုန်းကမှ လူမျိုးမခွဲခဲ့ပါဘဲလျက်နှင့် တော်လှန်ရေးခေတ်မတိုင်မီက ဘုန်းတော်ကြီးရှင်

လူမျိုးခွဲလာကြ၏။ အဘယ်မျှ အစံရကျပ်သလဲ ဖော်ပြရသော် မန္တလေး ဟောပြတ်မှုနိဘူရားကို လိုချင်သလိုလို ပြုလုပ်နေကြ၏။ အသက်ဦးဆံပိုင် တော်က ရာဇဝင်ရှိင်းကွက်တွေရှိခဲ့ပါ၏။ အကျယ်ဆက်လက်၍ မရေးလို သောပါ။

**အုပ်စိမ်းကလေး**

ရှမ်းပြည်နယ်မှ တင်သွင်းသောစာအုပ်စိမ်းကလေးတွင် ပြည်ထောင် စုပါလီမန်လွှတ်တော် ၂ ရပ်အား အာဏာတူပေးရေးဟူ၍ စာမျက်နှာ နံပါတ် ၃၀ တွင် အောက်ပါအတိုင်းရေးသားထား၏။

× × ×

**ပါလီမန်ဖွဲ့စည်းပုံ**

ပြည်ထောင်စုပါလီမန်များတွင် အထက်လွှတ်တော်နှင့် အောက်လွှတ် တော်ဟူ၍ လွှတ်တော် ၂ ရပ် ဖွဲ့စည်းကြစမြဲဖြစ်သည်။

အောက်လွှတ်တော်ကို ဦးရေပေါ်အခြေခံတည်၍ ရွေးကောက်တင် မြှောက်ကြသည်။ ပြည်နယ်များသည် လူဦးရေအချိုးအစားအလိုက် အမတ် ဦးရေ စေလွှတ်ခွင့်ရကြသည်။ အထက်လွှတ်တော်ကိုမူ ပြည်နယ်များ ကြီးသည်၊ ငယ်သည်မဟူ တူညီသော အမတ်ဦးရေစေလွှတ်ကြရသည်။ အထက်လွှတ်တော်သည် ပြည်နယ်ကြီးက ပြည်နယ်ငယ်များအား ကြီးနိုင် ငယ်ညှဉ်းဆဲ နည်းမျိုး မပြုနိုင်ရန်နှင့် အောက်လွှတ်တော်အား မဲတင်း ချုပ်ကိုင်နိုင်ရန် ထိုသို့ဖွဲ့စည်းခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်ထောင်စု တွင် ပါဝင်သောပြည်နယ်တိုင်း တန်းတူညီမျှစေရန်နှင့် ပြည်နယ်ငယ် များ၏ အခွင့်အရေး ကာကွယ်စေရန်အတွက် အထက်လွှတ်တော်ကို ထိုသို့ ဖွဲ့စည်းကြခြင်းဖြစ်သည်။

ယို့ပြင်လွှတ်တော် ၂ ရပ်ကို မူအားဖြင့် တန်းတူရှယ်တူ အခွင့် အာဏာတူ ထားကြသည်။ ယခုလက်ရှိ ပြည်ထောင်စု မြန်မာနိုင်ငံ ပါလီမန် ၏ အထက်လွှတ်တော်ဖြစ်သော လူမျိုးစုလွှတ်တော်သည် အောက် လွှတ် တော်ဖြစ်သော ပြည်သူ့လွှတ်တော်နှင့်အခွင့်အာဏာတူ မရှိချေ။ ပြည်နယ်

များကလည်း ညီမျှသော ကိုယ်စားလှယ်ဦးရေ စေလွှတ်ခွင့်မရကြပေ။ ပြည်ထောင်စု အစိုးရကလည်း လူမျိုးစု လွှတ်တော်အား တာဝန်မခံဘဲ ပြည်သူ့လွှတ်တော်ကိုသာ တာဝန်ခံထားလေရာ လူမျိုးစုလွှတ်တော်သည် အလွန်တရာမှဂုဏ်သိက္ခာချို့ငဲ့နေလေသည်။ ပြည်နယ်များ၏ အခွင့်အရေးကိုလည်း ကာကွယ်နိုင်စွမ်းမရှိချေ။

ထို့ကြောင့် အခြေခံဥပဒေတွင် ပါလီမန်ဖွဲ့စည်းပုံကို ပြင်ရပေမည်။ လူမျိုးစုလွှတ်တော်သည် ပြည်သူ့လွှတ်တော်နှင့် တန်းတူအာဏာရှိရမည့်အပြင် ပြည်နယ်တိုင်း ညီမျှသော ကိုယ်စားလှယ်ဦးရေ စေလွှတ်ခွင့်ရှိရပေမည်။

× × ×

အထက်ပါ စာတမ်းတွင် "ပြည်နယ်ကြီးက" ဟူသောစကားနှင့် "ပြည်နယ်ငယ်များအား" ဟူသော စကားရပ်များကို စာဖတ်ပရိသတ်က ဂရုပြုကြပါလေ။

အမှန်မှာ "ပြည်နယ်ကြီး"မရှိပါ။ ဗဟိုပါလီမန် (Central Legislature) ဟူ၍ တကယ်ရှိခဲ့ပါ၏။ ခေါင်းဆောင်က ၎င်းကိုအကြောင်းပြု၍ ပြည်မကို ပြည်နယ်ဟူ၍ သဘောထားတယ်ဟု ဆိုပေသကိုး။

၃ လ နှင့် ၁၀ ရက် အခြေခံ ဥပဒေ မူကြမ်းတစ်ခုကို ရေးတွင်ချ၍ ပြင်ဆင်စဉ်က ကျွန်တော်တို့နှင့်အတူ ရှမ်းစော်ဘွားတွေပါဝင်ခဲ့ပါ၏။

အထက်လွှတ်တော်၊ အောက်လွှတ်တော်သဘော ဘယ်အခါကမှမရှိခဲ့ပါ။ အချင်းချင်း ဆွေးနွေးခဲ့ကြစဉ်က ဤအတိုင်းပင် ပြောခဲ့ကြပါသည်။ သို့သော် မှတ်တမ်းမရှိခဲ့ပါ။ အတည်ပြုပြီး မူကြမ်းကိုသာ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဤသဘောကို မှားသည်ဟု ငြင်းချက်ထုတ်လျှင် ထုတ်နိုင်ကြပါသည်။

တစ်ဖက်နှင့် တစ်ဖက် အကျိုးအကြောင်း ပြသကြရာတွင် Premises ခေါ် အခြေခံကာ၍ ကျွန်တော်တို့ သဘောမတူနိုင်ပါ။

"တန်းတူ အာဏာရှိရမည်–ဟူသော ဝါကျတစ်ပိုဒ်ကို အခြေတည်၍ ယခု ဖော်ပြပါရစေ။

ပထမဦးစွာ အင်္ဂလိပ်ပါလီမန်အကြောင်း လေ့လာကြပါစို့။

ယနေ့ (ဟောက်စ်-အော့ လော့ဒ်စ်) ခေါ် အထက်လွှတ်တော်တွင် အာဏာမရှိပါ။ သို့သော် အတွေ့အကြုံများသော ပရိုင်းမင်း(န်)တော ဟောင်းတွေပါနိုင်၍ သူတို့၏ထင်မြင်ချက်ကို လေးစားကြရပါသည်။ ရှေးက ကာလီမင့်အကက်တာလီသည် ယနေ့အထက်လွှတ်တော်တွင် ရောက် နေပါပြီ။

"အားလ်"ဘွဲ့ကိုရနေပါပြီ။ အိန္ဒိယနိုင်ငံတွင် လွှတ်တော်နှစ်ရပ် ရှိနေ ပါ၏။ အောက်လွှတ်တော်တွင်သာ အာဏာရှိပါ၏။

မြန်မာနိုင်ငံ၌ လူမျိုးတွေ စုထား၍ လူမျိုးစုဟူ၍ ခေါ်ထား၏။ လူမျိုးစု လွှတ်တော် ထင်မြင်ချက်ကို ပြည်သူများက အလေးအနက် ပြုခဲ့ကြ၏။

လူမျိုးစုလွှတ်တော်၊ အစည်းအဝေးတွင် အနိုးရအဖွဲ့ဝင်မင်း(န်)တော ဘွ တက်ရောက်ခဲ့ကြ၏။

## တန်းတူဆိုလျှင်

တန်းတူ အာဏာပေးစတမ်းဆိုလျှင် လူမျိုးစု လွှတ်တော်က အင်္ဂလိပ် အမေရိကန် အုပ်စုထဲ မြန်မာနိုင်ငံဝင်ရန် ဆုံးဖြတ်လျှင်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကတရုတ်နိုင်ငံနှင့်ပေါင်းရန် ဆုံးဖြတ်လျှင်လည်းကောင်း၊ ထိုဆုံးဖြတ်ချက်များအရ ဆောင်ရွက်ကြရမည်လား၊ ပြည်ထောင်စုထဲတွင် နေ နှစ်ခင်းတွက်သည်ကို ခံရမည်လား စသဖြင့် ကျွန်တော်တို့က မေးခွန်း ထုတ်ပါရစေ။

## အမှန်ရှိရေးပါရစေ

ယနေ့အရေးမှာ Feudal Lords ခေါ် ပဒေသရာဇ် မှူးမတ်များက တစ်ဖက်၊ ပြည်သူပြည်သားများကတစ်ဖက် ပဋိပက္ခဖြစ်ခြင်းပင် ဖြစ်သည် ဟု ကျွန်တော်တို့က အရဲစွန့်၍ ထင်မြင်ချက်ပေးပါရစေ။

ပြည်သူတွေဘက်မှ တော်လှန်ရေးကောင်စီက ခံ၍ချရခြင်းပင် ဖြစ်၏။ ဤစကားမှာ ကွန်မြူနစ် လေသံမဟုတ်ပါ။

**အင်္ဂလိပ်ရာဇဝင် ဖတ်ပါ**

လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀ နီးပါးတွင် ပထမမြောက် ချားလ်
ဘုရင်နှင့် စတင်၍ ပဋိပက္ခဖြစ်ရာ ဘုရင်သည် မည်သူနှင့် ဖြစ်ခဲ့သလဲ ....
ဖြေကြပါ။

တပ်မတော်နှင့် ပဋိပက္ခဖြစ်ခဲ့သည် မဟုတ်လော–အင်္ဂလိပ်ရာဇဝင်
ဖတ်ကြပါ။

အင်္ဂလန်တွင် ပါလီမန် အက်ဥပဒေမပေါ်မီ ပထမမြောက်ချားလ်ဘုရ
သည် အောက်ပါလီမန်ဘက်ကနေခဲ့သည်မဟုတ်လော ရာဇဝင်ကို ဖတ်ကြ
ပါ။

မြန်မာနိုင်ငံ၌ ဘော်ဘွားများ၏အရိုက်အရာကို လျော်ကြေးပေး
ထွက် စေသောအခါကစ၍ ဤပြဿနာပေါ်ရသည် မဟုတ်လော ပဋိပ
ဖြစ်ချင်း ဖြစ်လျှင် ပထစပ အစိုးရအဖွဲ့နှင့်သာ ဖြစ်ရချေမည်။

■

[ ၃၀ ]

# ကိုယ်ကျိုးဘက်မှနေ၍ကြည့်လွန်းသော အနာပဆုပ်ရောဂါ

ယခင်က ရေးသားဖော်ပြခဲ့ရာတွင် ပဒေသရာဇ် မှူးမတ် (Feudal Lords) က တစ်ဖက်၊ ပြည်တွေကတစ်ဖက် ပဋိပက္ခ ဖြစ်ကြောင်း ပြည်သူ့ဘက်မှ တော်လှန်ရေးကောင်စီ ပေါ်လာရကြောင်းများကို ကျွန်တော်သည် ရေးခဲ့ပါပြီ။

ပဋိပက္ခဖြစ်ချင်းဖြစ်လျှင် အာဏာရ နိုင်ငံရေးပါတီနှင့်သာ ဖြစ်သင့်သည်ဟု ကျွန်တော်တို့က ရေးခဲ့ပါပြီ။

"လမ်းစဉ်အားဖြင့်" ဟူသော စကားကို နိုင်ငံရေးလိုက်စားသူတိုင်း သုံးလျှင်မဖြစ်ချေ။ အင်္ဂလိပ်စကား (On Principle) ကို သုံးကြရ၏။

"လမ်းစဉ်အားဖြင့်" ကူးဒီတား လုပ်ခြင်းသည်မမှန်ချေ။ သို့သော် ဘယ်တုန်းကမှ(လမ်းစဉ်) Principle ကို လွှတ်လပ်ရေးရပြီးသည်ခေတ်တွင် နိုင်ငံရေးပါတီတွေ မလိုက်ခဲ့ကြ၍ တော်လှန်ရေးကောင်စီပေါ်ခဲ့ရ၏။

ယခမြောက် များလိမ်ဘုရင်သည် ခက်ထန်လွန်း၍ တပ်မတော်နှင့် အင်္ဂလန်တွင် ပဋိပက္ခဖြစ်ခဲ့ရသည်။ အင်္ဂလိပ်လူမျိုးတွေ၏ လေးနက်မှုကြောင့် ဘုရင်၏ အာဏာကို ကန့်သတ်ပြီး ယနေ့ထက်ထိအာဏာကိုကန့်၍ ပေးထားသော ဘုရင်စနစ်အင်္ဂလိပ်လူမျိုးတွင် ကျန်နေသေး၏။

နီပေါလ်တိုင်းပြည်၌ ရှင်ဘုရင်ကစ၍ "ကူး"သဖြင့် ဝန်ကြီးချုပ်သည်

ယနေ့အထိ အကျယ်ချုပ်နှင့် နေခဲ့ရ၏။ သို့သော် ယုံကြည်ချက်မရှိဘဲနှင့် တော်လှန်ရေးလုပ်၍ မရနိုင်သည်ကို သတိပြုသင့်ကြ၏။

"လမ်းစဉ်"ဆိုသော စကားကို သုံးကြပါနို့။

(၁) ပြည်နယ် မပေးပါဘူးဟု ဆိုခဲ့သော မူလ ဖဆပလတွေက ပြည်နယ်ပေးမည်ဟု ကတိကို ပြောင်းခဲ့ရာ ဘယ်မှာလဲ လမ်းစဉ်ဟူ၍ မေးကြရလေမည်။

(၂) ပေးလိုက်သော ပြည်နယ်က တစ်နယ်တည်းမဟုတ်။ ရခိုင်ပြည်နယ်ရောဟ၊ မွန်ပြည်နယ်ပါရောဟ၊ ပြည်နယ်တွေယူကြပေဟု ဆိုခဲ့ကြလေပြီ။ ဘယ်မှာလဲ လမ်းစဉ်ဟူ၍ မမေးရဘူးလော။

(၃) မွန်နှင့်ရခိုင်အပြီးတွင် မွတ်ဆလင်ပြည်နယ်တောင်းရန် ပါးစပ်ပြင်နေကြချေပြီ။ ဘယ်မှာလဲလမ်းစဉ်ဟူ၍ မမေးရဘူးလော။

(၄) ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ ဟူသော အမျိုးသားသီချင်းကို တရိုတသေ အတည်ပြုသူတွေက . . .

"ဒီးဒရဲလ်"မှုကို ထောက်ခံကြပါတော့ ဟူသော လေသံကို ပစ်ကြလေပြီ။ ဘယ်မှာလဲ လမ်းစဉ်–

လမ်းစဉ်ကို သစ္စာ ဖောက်ခြင်းသည် သူတို့၏ နောက်ဆုံး မိုလွဲဗား တစ်နယ် မဟုတ်လော–ဟု ပြည်သူတွေက မမေးကြရဘူးလော။ ဤပြဿနာကိုဖော်စဉ်က မြန်မာသတင်းစာ ခေါင်းကြီးပိုင်းတွေကို ပြန်ဖတ်သင့်ကြ၏။

**ကိုးကားပါရစေ**

ဒုတိယ တော်လှန်ရေး ခေါင်းစီး ၇ လ ကာလတွင် (၁၉၆၁–ခု ဩဂုတ်လ ၅ ရက်နေ့တွင်) ပြည်သူ့အစေခံ အစည်းအရုံးက သတင်းစာဆရာများကို တင်ပြသောစာတမ်းစာချက်နာခံပါတ် ၇ တွင် အောက်ပါအတိုင်း ရေးသားထား၏။

"မျက်ဝါးထင်ထင် တွေ့ကြုံနေကြရသော နိုင်ငံရေးရောဂါတစ်ခုကို ကျွန်တော်တို့ ရှောင်ကွင်း၍ မဖြစ်ပါ။ ငွေမက်သော လူယုတ်မာတစ်ဦးသည် သူငွေလိုချင်၍ သူ၏နမကို ပြည့်တန်ဆာအိမ် ရောင်း၍

တားသကဲ့သို့ နိုင်ငံရေးသမားတစ်ဦးသည် အာဏာလိုချင်၍ ချမှတ်ထားသော လမ်းစဉ်ကို ရှောင်တားခြင်းမှာ အဆိုးဆုံးရောဂါတစ်ခုဖြစ်ပါသည်" × × ×

…၌ ရေးသားထားသည်ကို ယခုကိုးကား ထုတ်နုတ်ဖော်ပြလိုက်ပါ၏။ …မ်းစဉ်" ဆိုသောစကားကို ဂရုပြုပါ။

**…ဘက်မှနားမလည်လျှင်**

မြန်မာလူမျိုး၏ အတွေးအခေါ်တွင် "ကိုယ်ကျိုးဘက်က နေ၍ တွေး…ခြင်းသာရှိသည်။ ရည်ရွယ်ချက်၏ အကျိုးဘက်ကနေ၍ မတွေးတတ်" …သောသဘောကို ယနေ့မှ နားမလည်လျှင် (ဝါ) ဦးနှောက်ထဲတွင် မစွဲ…င် ဘယ်တော့မှာ နားလည်မည်မဟုတ်သည်ကို ပြည်သူတွေသည် သတိပြု…ကြပါစေ။

(က) လူတစ်ယောက်ကို အကြင်သူတစ်ဦးက သတ်ပစ်ရာ "ငါသတ်ချင်လို့သတ်တယ်"ဆိုလျှင် သူ၏ အကျိုးကျေးဇူးဘက်က မှန်နေသားပဲမဟုတ်လား။ ၎င်းကို ကိုယ်ကျိုးဘက်ကနေ၍ ကြည့်နည်းဟု ခေါ်၏။

(ခ) အကြင်သူ တစ်ဦးက တိုင်းပြည်ကိုလိမ်လျှင် "ငါအကျိုး ရှိလို့ လိမ်တယ်ဆိုလျှင် သူအမှန်သားပဲ။ ၎င်းကို ကိုယ်ကျိုးဘက်က နေ၍ ကြည့်၍ တွေးနည်းဟု ဆို၏။

(ဂ) လူတစ်ယောက်သည် အပြစ်မဲ့သော မိန်းကလေးကို မုဒိမ်းကျင့်ပြီး (ငါ–ကျင့်ချင်လို့ ကျင့်တယ်) ဟုဆိုလျှင် သူမှန်နေ၏။ ၎င်းကို ကိုယ်ကျိုးဘက်ကနေ၍ ကြည့်ခြင်းဟု ခေါ်၏။ အင်္ဂလိပ် စကား Subjective ဟူ၍ ခေါ်၏။

ရည်မှန်းချက်၏အကျိုး(ဝါ) Objective ဟူ၍ဆိုနေကြရာ လူမှု…ပိုက်အဖွဲ့၏ အကျိုး သို့မဟုတ် ပြည်သူ၏ အကျိုးကို ကျွန်တော်တို့ဆို…ပီ၏။

အိန္ဒိယဥ္စမဟာဗ္ဗာရကန်ိအသေတ်ခံခဲ့ရာ "ဒီအတိုင်းကြီးမိုက်လို့ ခံရတာ…င်ဟ"ဟု ဆိုခြင်းတွင် (ကိုယ်ကျိုးဘက်ကနေ၍ကြည့်နည်း)ဟု ခေါ်၏။

မဟာတ္တမကန်သည် သူ့လူမျိုးအတွက် အသေခံပါတကားဟု ဆိုတာ ခြင်းသည် "ရည်မှန်းချက်အကျိုး (Objective) ဟူ၍ ခေါ်၏။

ကျဆုံးသွားသော အာဏာရ ပါတီကြီးက ယူဆပုံတွေတွင် အချို့မှာ မှတ်တမ်းမှတ်ရာရှိ၏။

အချို့မှာ တာဝန်မဲ့ တိတ်တိတ်ပြောပုံတွေကိုသာ ကြားကြရ၏။ တရားပင်ပြောခြင်းမဟုတ်၊ မပြရဘူးဟုဆိုလျှင် ကျွန်တော်မှားပါ၏။

ဤအကြောင်းမှ ရှမ်းပြည်ပြဿနာကို ကျွန်တော်သည် ဆက် ရေးပါမည်။

(၁) ၁၉၅၈ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် အာဏာလွှဲပြော ပြီးခါစက(ပထစ)ဥက္ကဋ္ဌသည်တက္ကသိုလ်ကျောင်းသား တွေအား (ကျွ ခြောက်လုံးပြူးနှင့် ခြိမ်းခြောက်တယ်ဆိုတာ မဟုတ်ပါဘူး။ အဲဒီလို လျှင် ရာဇဝင်တစ်မျိုးဖြစ်မှာပေါ့)ဟု ပြောခဲ့ဖူး၏။

အခြေခံဥပဒေပုဒ်မ ၁၁၆ ကို ရမည်ရှာပြီး အာဏာလွှဲစဉ် "ဗိုလ် ကြီးနေဝင်း–ဝန်ကြီးချုပ် လုပ်ဖူးပါတယ်"ဟု ပြောခဲ့၏။

မြင်ပုံ

သူ၏ တပည့်တွေပြောပုံကို တစ်ခုပြီးတစ်ခု ယခုဖော်ပြပါအံ့။

အာဏာပြောင်းခြင်းက လူတွေသောကနဲမှာကြောက်လို့တဲ့။

အချို့က ယကြာ အခြေမှားလို့တဲ့ သေညီဖြင့် ပြောဆိုကြ၏။ တချို့ "ကြိတ်မှိတ်ပြီး ထည့်လွှတ်လိုက်တာပါ"ဟု ပြောရက်ကြ၏။ ဗီဗီသသ ကျွန်တော် မရေးလိုပါ။

သချိုင်းစောင့်၏ ကြိမ်းဝါးသံ

သချိုင်းစောင့်က သူ့အမြင်ကတော်သူတွေအား တစ်နေ့ကျ ငါ့ခြေ သောက်ရောက်မှာပေါ့ကွာဟု ဆိုခြင်းကို ကျွန်တော်တို့သည် သတိမူ

ကိုယ်မနိုင်တိုင်း သူများသေမှာကို လက်ချိုး၍ ရေတွက်ပြီး သူ လည်း တစ်နေ့ကျွဲမှာပါပဲဟု ဆိုနေခြင်းသည် နိုင်ငံရေးမဟုတ်ချေ။ ကျိန် ခြင်းသည် နိုင်ငံရေးမဟုတ်ပါ။

သေခြင်း–ရှင်ခြင်းသည် နိုင်ငံရေးလောကနှင့် ထည့်၍ မတွက်စကောင်း
ဘူး၊ တိုင်းပြည်အကျိုးမှာ လမ်းစဉ်အတိုင်း သွားကြရစမြဲပင်တည်း။

## ဘယ်မှုဆိုသလဲ

အကယ်၍ နယ်ချဲ့တွေ မြန်မာနိုင်ငံတွင်းသို့ ချဉ်းနင်းဝင်ရောက်လာ
ကြလျှင်(သေကုန်မှာစိုးလို့ လက်နက်ချလိုက်တယ်)ဟု ဝန်ကြီးချုပ်လုပ်
သူတစ်ဦးကဆိုလျှင် မှန်ရတော့မှာလား–

ကပ္ပလီတွေ မြန်မာနိုင်ငံထဲ ဝင်လာ၍ ကပ္ပလီနှင့်ပလူးပြီး ဝန်ကြီးချုပ်
ကပြန်လျှင် ဆေးဒင်ဆရာက "ကံကောင်းလာပြီး ဘုန်းရှင်ကံရှင်ပဲ"ဟု ပော
ဦးမှာလား။ တာရွှေ မှင်စာထုသည် အဘယ်မျှယုတ်ကန်းသလဲ။ လေ့လာ
ကြပါ။ "နိုင်ငံရေးသေပါပြီ" ဟု ကျွန်တော်တို့သည် သတောရိုးရေး နေစဉ်
"ဒီးဒုံလ်" မှုကို လောက်စံကြတော့မည့်ဆဲဆဲတွင် ပါလီမန် ဒီမိုကရေစီ
ကြီး ပြိုကျသွားလေသတတ်။

(ဤအချက်တွင် ပြင်းချက်ထုတ်လျှင် ကျွန်တော်တို့က ကျေးဇူးတင်
ကြပေမည်။)

## ဘယ်ကိုကာကွယ်ရမှာ

ပြည်ထောင်စုအစွန်တော်နှင့် ဘဏ္ဍာတော်ခွဲဝေရေးနှင့် ပတ်သက်၍
ပြည်နယ်ပြည်မှတင်သွင်းသော ပြင်ဆင်ရေးစာတမ်း စာအုပ်စိမ်းကလေးစာမျက်
နှာ နံပါတ် ၃၁ တွင် ရေးသားထားရာ

ပုဒ်မ ၉၆ ခြွင်းချက်အရ ပြည်ထောင်စုမှပေးကမ်းသော ထောက်ပံ့
ငွေကိုသာ ပြည်နယ်များမှီခိုနေရလေသည်။ ပြည်ထောင်စုဘဏ္ဍာခွဲဝေရေး
ကိစ္စတွင် ပြည်နယ်များမကျေနပ်ဖြစ်နေသည်မှာ လွတ်လပ်ရေးရသည့်
အချိန်မှ ယနေ့တိုင်ဖြစ်သည်ဟူ၍ ရေးသားထား၏။

ထောက်ပံ့ငွေကို သူတို့က အားမကိုးချင်ဘူး၊ ကိုယ်ပိုင်အုပ်ချုပ်ရေး
ရချင်တယ်ဟု ဆိုခြင်းပင်ဖြစ်၏။

လမ်းစဉ်အားဖြင့် ဤတောင်းဆိုချက်သည်မှန်၏။ သို့သော် (ပြည်
နယ်များ)ဟု ဆိုရာ မည်သူတွေက ပြည်နယ်လဲဟု မေးရပေလိမ့်မည်။

သူတို့သည် ရှမ်းလူထုကိုယ်စားပြုလျှင် သူတို့သည်မှန်၏။

ကိုယ်တွေ့၊ လက်တွေ့၊ နဖူးတွေ့၊ ဒူးတွေ့အရ ရေးရသော် သူ သည် ဘယ်တုန်းကမှ ရှမ်းလူထုကို ကိုယ်စားမပြုခဲ့ချေ။ ဤစကား သည်ဟုဆိုရဲလျှင် ဆိုကြပါ။

"စိတ်တော့မဆိုးပါဘူး၊ ကျွဲမြီးတိုလို့ပါ" ဟူသော မြန်မာစကားပုံ စုအရ ဓော်ဘွားတ၏ အရိပ်အရောက်ကိုဖြတ်ရာမှရ၍ ကျွဲမြီးကြီးကို ဓားနှင့် သကဲ့သို့ (ဒီဒရဲလ်) ပြဿနာသည် ပေါ်လာရခြင်းဖြစ်၏။

မြန်မာအခေါ်ခံရသူတွေ ညံ့သောအစိတ်အပိုင်းကရှိနေ၏။ မြန် တွေက ရှမ်းတိုင်းရင်းသားတွေကို ဗမာဟုယူဆပြီး (ရှမ်းကြီးလျှင် ဗမာ) ဆိုကြ၏။ ရှမ်းဓော်ဘွားက ဗမာကို တိုင်းရင်းသားချင်းချင်းဟု မယူဆ ချေ။ ရှမ်းရိုးရိုးတွေက ဗမာနှင့်သင့်မြတ်ကြ၍ ရှမ်းရွာတွေ မြေပြန့်တွ ထူထောင်ကြ၏။ ရှမ်းလူမျိုး ဝတ်လုံကြီးတွေ ရန်ကုန်မြို့တွင်ရှိ၏။

ကိုယ်ပိုင်အုပ်ချုပ်ရေးပေးသောနည်းသည် မှားအမှန်ဆုံးဖြစ်၏။ သို့သော် ပဒေသရာဇ်ကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးခြင်းမှာ ကျားကြီးကို ငါးပါးသိ ပေးသည်နှင့် တူပေမည်။

မြန်မာလူမျိုး ပဒေသရာဇ်တွေအကြောင်းကို ကျွန်တော်တို့ရေးခဲ့ပါပြီ

ရွာသူရွာသားတွေသည် မျက်မွေးမော်၍ မကြည့်ရဲသောလူတွေ ကိုယ်ပိုင်အုပ်ချုပ်ရေးစကားပြောကြရာ ရယ်စရာကြီးတစ်ခုဖြစ်ခဲ့သည် ရွေးကောက်ပွဲကာလတွင် ဝဝလင်လင်သိခဲ့ကြပြီ မဟုတ်လော။

လူများစုရှိရာတွင် စာသင်ကျောင်းမှမဖွင့်ရဲသော ရှမ်းနှင့်မြန်မာ က ကိုယ်ပိုင်အုပ်ချုပ်ရေးအကြောင်း ပြောခဲ့သမျှသည် မှားကုန်ကြ၍ လှန်ရေးတစ်ခုပေါ်ရသည် မဟုတ်လော။

■

[ ၃၀ ]

## ခေါင်းဆောင်မှုကျဆင်းတယ်ဆိုတာ ဘာလဲ၊ ပြည်နယ်၏ဘတ်ဂျက်

"မြန်မာ"ဟူ၍ အခေါ်ခံကြရသူတွေသည် ခေါင်းဆောင်မှုညံ့ဖျင်းလာကြသည့်အခါ အကြွင်းခင်ပွန်းသည်တစ်ဦးသည် မိန်းမနှင့်ကွဲလို၍ ဟင်းခွက်သဲ ဆားခတ်၍ရိုက်သည်ဟူသော မြန်မာစကားပုံတစ်ခုအရ ရှမ်းပြည်နယ်ဆော်ဘွားများက "ဆားခတ်၍ရိုက်ပုံ"ကို ကျွန်တော်တို့သည် တော်ပြ၍ ပြီးခဲ့ပါပြီ။

ပြည်ထောင်စု စစ်စစ်လိုချင်သည်ဟူ၍လည်းကောင်း၊

ပြည်မကို ပြည်နယ်သဘောထားမည်ဟူ၍လည်းကောင်း၊

ပင်လုံစာချုပ်အရ အချိန်မရွေး ရှမ်းပြည်ကခွဲထွက်နိုင်သည်ဟူ၍လည်းကောင်း၊

သမ္မတရွေးလျှင် အလှည့်ကျရွေးရမည်ဟူ၍လည်းကောင်း၊

ကိုယ်ပိုင်အုပ်ချုပ်ရေးပေးပါဟူ၍လည်းကောင်း၊

ကာကွယ်ရေးစသော ဌာနများကိုတော့ ဗဟိုသို့ လွှဲမည်ဟူ၍လည်းကောင်း၊

အစွန်တော်ခွဲဝေရေးတွင် မကျေနပ်ဟူ၍လည်းကောင်း လိုသမျှ ဝက်အူတစ်ဆုံးနှိပ်၍ ရှမ်းပြည်စော်ဘွားများက တောင်းဆိုနေကြ၏။

မွေးကတည်းက ရရှိသော ရှမ်းပြည်နယ်၏အခွင့်အရေးတစ်ခုကို အောက်တွင် ကျွန်တော်တို့က ဖော်ပြလိုပါသေး၏။

ဖွံ့ဖြိုးဆုပ်ချုပ်ပုံအခြေခံဥပဒေကို ပုဒ်မ ၁၆၄ (၁)(၂) လုံးဝစွပတ်ချေမဖော်ပြပါရစေနှင့်။

သဘောလောက်ကိုသာ ကျွန်တော်တို့က ဖော်ပြပါရစေ။

မှန်းခြေငွေစာရင်းနှင့် အသုံးမှန်းခြေငွေစာရင်းကို ပြည်နယ်ကောင်စီသို့ သွင်းခြင်း၊ ပြည်နယ်ဘတ်ဂျက်ကို ပြည်နယ်က အတည်ပြုပြီး အဆိုပါဘတ်ဂျက်ကို ပြည်ထောင်စုဘတ်ဂျက်နှင့် ထည့်သွင်းတင်ပြခြင်း ပြုလုပ်နိုင်၏။

ထိုမျှအထိ ကျွန်တော်တို့က ကန့်ကွက်စရာမဟုတ်ချေ။

ပါလီမန်တွင် အဆိုပါဘတ်ဂျက်နှင့် စပ်လျဉ်း၍ တစ်ခါဖူးမှဆွေးနွေးခွင့်မရခဲ့ချေ။ ပါလီမန်ဥက္ကဋ္ဌလုပ်သူက စည်းကမ်းအရ ဆွေးနွေးမှုကို အစဉ်ပိတ်ပင်ခဲ့၏။

လက်တွေ့ဖြစ်ရပ်များမှာ ရှင်းနေ၏။

ပြည်နယ်ကောင်စီဟူသည် ပဒေသရာဇ် မှူးမတ်များ၏ကောင်စီသာဖြစ်၏။

**သူတို့၏မှန်သောအမြင်တစ်ခု**

ပဒေသရာဇ် မှူးမတ်များ၏နေရာကို ယူသော ရှမ်းဖော်ဘွားများသည် မြန်မာ အခေါ်ခံသူတွေထက်သာသော အစိတ်အပိုင်းတစ်ခုရှိ၏။

မြန်မာနိုင်ငံရှိ အခြေခံ နိုင်ငံရေးသမားတွေတွင် ခေါင်းဆောင်မှု ကျဆင်းခြင်း၏ ရေချိန်ကို ပြည်နယ်တွေက အမြဲယူနေ၏။

ခေါင်းဆောင်မှု ကျဆင်းသည် ဆိုသည်မှာ ဘာလဲ . . .

ယနေ့ဖွင့်၍ ရေးပါရစေ။

အထက်ဂိုဏ်း၊ ဘိုးဘိုးဂိုဏ်းစသော ဂိုဏ်းတွေ ထူထောင်ပြီး နတ်ကတော်တွေနှင့် တဝုန်းဝုန်းဖြစ်နေသည်ကို သူတို့မြင်ခဲ့ကြ၏။

တိုင်းရင်းသား အမျိုးသမီးတွေပါ အဆိုပါ ဂိုဏ်းတွင်ပါဝင်မှန်း သူတို့သည် သိလာကြ၏။

ဤအခါမျိုးတွင် မြန်မာနိုင်ငံတွင် ခေါင်းဆောင်မှုမရှိမှန်းကို သူတို့သိလာကြ၏။ ဤအခါမျိုးတွင် ပြည်နယ်တွေက ထောင်းရျင်တာ ထောင်နိုင်မှန်း သူတို့သိကြ၏။ သူတို့သည် ထောင်းချင်သလို ထောင်းဆိုနေကြစဉ်

အောက် ဝန်ကြီးချုပ် ဦးနုက ၁၉၆၂ ခုနှစ် မတ်လ ၁ ရက်နေ့ညတွင် သူ၏အသံလွှင့်ချက်ကို အသံလွှင့်ရုံမှနေ၍ အသံလွှင့်ခဲ့၏။ ထိုမိန့်ခွန်းတွင် “ယမနေမယ်” ပြဇာတ်ကို ပြန်၍ခင်း၏။ ကျွန်တော်သည် “ယမနေမယ်” ဇာတ်ကိုပြန်၍ ပြပါဦးဟု ရေးခဲ့စဉ်က ပထာစသည် နဝေတိမ်တောင် ပြုလုပ်နေခဲ့၏။

ယမနေမယ် ဇာတ်ကို အစအဆုံး ရှင်းလင်းပြသောအသံကို ဖွင့်၍ပြီး နာရီ ၃၀ အကြာတွင် အားလုံး ယမနေမယ်ဘဝမှာသစ်တုံးဘဝသို့ ပြန်၍ရောက်ခဲ့ကြ၏။

ဝတ္ထုအကျဉ်းအချုပ်မှာ

ဒိသာပါမောက္ခ ဆရာကြီးထံသို့ ပညာတော်သင်များ သွားရောက်ကြ၏။ ဒိသာပါမောက္ခ ဆရာကြီးက ပညာတော်သင်တစ်ဦးကို လေးအတတ်ကို သင်၏။ အခြားသူတစ်ဦးကို ပန်းချီအတတ်ကိုသင်၏။ အခြားသူတစ်ဦးကို အသက်သွင်းသောအတတ်ကိုသင်၏။

ပညာတော်သင်များသည် ဆိုင်ရာတိုင်းပြည်များသို့ ပြန်အလာတွင် ယမနေတုံးကြီးကို ပူးပေါင်းဆောင်ရွက်သောနည်းဖြင့် ယမနေမယ်ဖြစ်အောင် ပြုလုပ်ခဲ့ကြ၏။

နောက်ဆုံးတွင် တွဲဖက် တာဝန်ယူသော စိတ်ဓာတ်ဖြင့် အသက်ဝင်နေသော ယမနေမယ်ဖြစ်နေရာ “ကိုယ်ကျိုးဘက်ကနေ၍ ကြည့်သောစိတ်” နှင့် အထအန ကောက်ကြ၏။ နောက်ဆုံးတွင် အချင်းချင်းအချွတ်ကိုက်ကြရာ ယမနေမယ်ဘဝမှ ယမနေသစ်တုံးကြီးဖြစ်သွား၏။ ၎င်းသည် ဒဏ္ဍာရီပင် ဖြစ်၏။ သို့သော် သဘောတရားကို ဝတ္ထုဆင်၍ ရေးသားခြင်းပင် ဖြစ်၏။ ထိုဝတ္ထုကို ကျွန်တော်သည် ပွဲထုတ်ခဲ့ပါသည်။

ပြည်သူများအဖို့ ဟူသော သဘောတစ်ရပ် သိသိသာသာကြီး ကျဆုံးပြီး အရေးကြီးနိုင်ငံရေးသမားတွေသည် ဖွတ်တရွတ်အချွတ်ကိုက်နေကြစဉ် ယမနေမယ် ပြဇာတ်ပြဖူးသနော်ဟု ကျွန်တော်တို့က သတိပေးရာ သတိပေးသူတွေကို သတ်မပစ်ခဲ့သည်မှာ ကံကောင်းသည်ဟု ဆိုရပေမည်။

ပြည်နယ်ကောင်စီများတွင် အမတ်များရာ အစိုးရခန့်ပါစေလားဟု ဆိုရာ မရခဲ့ချေ။ တရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်တစ်ခါမှ မယူခဲ့

[illegible] ဝန်ကြီးချုပ်လုပ်သူ၏ သဘောသဘောအတိုင်း ဝန်ကြီးတွေခန့်ပြန် စော်ဘွားချင်း သဘောကွဲကြပြန်၏။ စော်ဘွား၏ အရိုက်အရာကို လေ ကြေးပေး၍ ဖြုတ်ပစ်ရာ ဤသို့ပြုလုပ်ခြင်းမှာ အနာဆုံးသော ဒဏ် ဟူ၍ ဆိုကြပြန်၏။ ၎င်းနောက် (ပင်လုံ)သဘောတူညီချက်ကို ဖြ ကောက်ပြီး ပြည်မထဲမှခွဲထွက်ရန် ကြံစည်ကြပြန်၏။ ကိုယ်ပိုင်အုပ်ချု ရေးကို ထောင်းသည်ကား မှန်၏။ သို့သော် ကယားပြည်နယ်မှာကဲ့သ စောဝဏ္ဏသည် ပြည်နယ်၊ ပြည်နယ်သည် စောဝဏ္ဏ ဖြစ်သကဲ့သို့ စော်ဘွ သည် ရှမ်းပြည်၊ ရှမ်းပြည်သည် စော်ဘွား ဖြစ်နေပြန်၏။ သမ္မတနေ တွင် အလှည့်ကျစနစ်ကိုသုံးပုံ။ ဘတ်ဂျက်ရန်ပုံငွေအရေးတွင် ဗဟိုပါလီမ က မဆွေးနွေးရဟုဆိုပုံ၊ ပါလီမန်လွှတ်တော် ၂ ရပ်တွင် လူမျိုးစုလွှတ်တော တွင် အာဏာတူပေးရမည်ဟု ရှမ်းပြည်က စာအုပ်စိမ်းကလေးတွင် ရေးသာ ထားပုံများကို အေးအေးဆေးဆေး လေ့လာကြရာ–

မြန်မာဆိုသော နံမည်ကို တပ်ထားသူတွေအဖို့မှာ ဘာများကျန်သေ သလဲ . . .၊ ဘာတစ်ခု ကျန်သေးသလဲ ဟူ၍ မေးရဘူးလော အကြော ပေါ်မှ ရေးရခြင်းဖြစ်ပါ၏။

နိုင်ငံခြားများသို့ သံအမတ်အဖြစ် လွှတ်ထားသော သံရုံးများသို့ သွား၍ လည်ကြစမ်းပါ။ ပြည်နယ်ကလူတွေ အလုပ်ရနေကြ၏။ "ခြော– မြန်မာအမည်ကို ခံမိလေသမျှ တန်ဆာခံသက်သက်သာဖြစ်ပါတကား" ဟု တွေးမိပါ၏။

မြန်မာ အမည်ခံက လူမျိုးရေးအကြောင်းရေးလျှင် လူမျိုးခွဲခြားရေ ပုဒ်မနှင့် ညှဉ်းကြ၏။ မြန်မာ မဟုတ်ဟု ဆိုသူက လူမျိုးခွဲရာ "လွှတ်မြေ မောင်မင်း"ဟု ဆိုကြပြန်၏။

စကားနာထိုး စတမ်းသာ ဆိုလျှင် ၁၀ နှစ်နှင့် ပြော၍ မကုန်အောင် စကားနာထိုးတာတပ်ပါ၏။

## ဆောင်ကြီးနှင့် ဆော်ဝယ်

ကွယ်လွန်သွားသူ ကျောက်ဆည် အမတ် ဦးစိန်က ပြောသော စ ကို ကျွန်တော်သည် သတိရမိပါ၏။

မောင်ကြီးနှင့်မောင်ငယ်တို့ ညီအစ်ကိုနှစ်ယောက် နွားမကြီးကို အမွေခွဲကြ၏။

မောင်ကြီးက ခေါင်းပိုင်းကိုယူရ၏။ မောင်ငယ်က နောက်ပိုင်းကို ယူရ၏။

မောင်ကြီးက တစ်နေ့လုံး မြက်ကျွေးရ၏။ နွားနို့ကို မောင်ငယ်က နေ့စဉ်နေ့တိုင်း ညှစ်၍စား၏။

မောင်ကြီးက "သယ် ငါကကျွေးရတာယ်၊ နွားနို့ကို ငါ မသောက်ရပါဘကား"ဟု တွေးတော၏။ မောင်ကြီးက နွားမ၏ ချိုကောင်းကို ဝါးရင်းဘုတ်နှင့် ရိုက်ရတော့၏။ နွားမကြီးက ကန်တော့မှ မောင်ငယ်သည် ထွက်ပြေးရတော့၏။

ဤခေတ်၌ မောင်ကြီးက ဝါးရင်းတုတ်ကိုသုံးရသလို ၁၉၆၂ ခု၊ မတ် ၂ ရက်နေ့က တော်လှန်ရေးပေါ်ရခြင်းပင်ဖြစ်၏။

(မှတ်ချက်။ ။ ဦးစိန်ဘသည် အိန္ဒိယနှင့်ခွဲရန် တရားဟောစဉ်က ဤဝတ္ထုကို ထည့်၍ပြောသွား၏)။

ခံစရာရှိ မြန်မာအစည်းခံတွေက ခံကြရ၏။ ဆရာစံ၊ ဦးဥတ္တမ အစရှိသည်တို့အကြောင်း ရေး၍ပြီးပါပြီ။

အမိုကင်းသော တရားစီရင်ရေးစနစ် မရှိခဲ့ပုံကို ဆက်လက်၍ ဖော်ပြပါဦးအံ့။

■

[ ၃၂ ]

# တရားစီရင်မှုနှင့် ဤနိုင်ငံ

ဖျက်သိမ်းလိုက်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် တရားစီရင်ရေးကဏ္ဍတွင် ရေးသားထားပုံမှာ အားရဖွယ်ရာ အကောင်းဆုံးဖြစ်၏။ ချစ်စရာအကောင်းဆုံး ဖြစ်၏။

ဤမျှလောက်ကိုယ်နှင့်တူသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီး၏ ချွတ်ယွင်းချက်တွေကို ကျွန်ုပ်တို့အားလုံး မမြင်နိုင်ကြပါ။ ကျွန်တော်တို့မြင်နိုင်သမျှသာ ရေးနေရခြင်း ဖြစ်ပါ၏။

ကျွန်တော်တို့ဘဝ ခံစားမှုနှင့် တိုင်းထွာ၍ ရေးနေကြရာ ကျွန်တော်တို့ထက် ခံရသောသူတွေ များစွာရှိပေဦးမည်။

ပုဒ်မ ၁၄၁

အခြေခံဥပဒေပုဒ်မ ၁၄၁ မှာ အောက်ပါအတိုင်းဖြစ်ပါ၏။

၁၄၁။ ။ တရားသူကြီး အားလုံးသည် ဤအခြေခံဥပဒေနှင့် တရားဥပဒေများကိုသာ လိုက်နာ၍ မိမိတို့၏ တရားစီရင်မှု အလုပ်ဝတ္တရားများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရမည် . . .

အထက်ပါ မြန်မာစကားများတွင် "Independent" ကို လွတ်လပ်စွာဟူ၍ မူလက ဘာသာပြန်ဆိုထား၏။

မူလဘာသာပြန်သူတို့သည် သမားရိုးကျနည်းကို လိုက်ခဲ့ကြ၏။

စကားတစ်လုံးကိုကွန့်၍ ဘာသာပြန်လျှင် လွဲမှားမည်ကို သူတို့သည် စိုးရိမ်ကြ၏။

ကျွန်တော်တို့က လွတ်လပ်စွာဆိုသောစကားအစား "အမိုကင်းစွာ" ဟူ၍ ဘာသာပြန်လိုက်၏။

**အမိုကင်းခဲ့ကြ၏**

နိုင်ငံရေးပါတီဝင်တွေနှင့် နိုင်ငံရေးနှင့်မကင်းသော (ဝါ) နိုင်ငံရေးနှင့် ပတ်သက်သော အမှုများမှတစ်ပါး ကျန်အမှုများတွင် တရားသူကြီးတွေ သည် အမိုကင်းနိုင်သလောက် ကင်းကြသည်ဟု ကျွန်တော်တို့ ယူဆပါ၏။

နိုင်ငံရေးပါတီတွေ၏ ခေတ်တွင် ပါတီဝင်တွေသည် စည်းစောင့် တတ်ကြလျှင် ဤလွတ်လပ်စွာတရားစီရင်ရေးဟူသော စကားမျိုးသည် မပေါ် ထိုက်ချေ။

**အစိုးရင်ခံစာသာ ရေးခဲ့ကြလျှင်**

နယ်က ပါတီခေါင်းဆောင်က တရားသူကြီးအခန်းထဲဝင်ပြီး ကျုပ် အမှုရုပ်သိမ်းပေးပါဟု ပြောပုံတွေ။

ကက်ဗိနက်အဖွဲ့ဝင်တွေ ဂါတ်သွားပြီးတရားခံကိုခေါ်ပုံတွေမှစ၍ လူကြားမကောင်းအောင် ဖြစ်သမျှတွေကို ကျဆုံးသွားသော အစိုးရလက် ထက်က အစီရင်ခံစာတွေသာ ထုတ်ဝေခဲ့ကြလျှင် ကျွန်တော်တို့အဖို့ ကိုးကား စရာတွေ များစွာရနိုင်ခဲ့ပေမည်။

ရန်ကုန်တက္ကသိုလ်မှ တော်ပေ့ဆိုသော လူငယ်ကလေးတွေသည် တရားဌာနသို့ ဝင်ခဲ့ကြ၏။ သူတို့တွင် ချီးမွမ်းလောက်အောင် အရည်အချင်း တွေရှိသည်ဟု ကျွန်တော်ဆိုရပါ၏။

နိုင်ငံရေးပါတီဝင်တွေ၏ စော်ကားခြင်းကို ခံရသည့်အခါ "ပြတ်ပြတ် သားသား တရားစီရင်ပါတော့လား"ကို ကျွန်တော်သည် အခါအခွင့်ရတိုင်း တရားသူကြီးများနှင့် စကားပြောကြည့်ရာ "ထမင်းအိုး ကွဲလိမ့်မယ်"ဟူ၍ တစ်သံတည်းထွက်ကြ၏။

လူ ၁၀၀ လျှင် တစ်ယောက်တည်းက ခံ၍ချရဲခဲ့လျှင် အမိုကင်းသော

တရားစီရင်ရေး ပေါ်ရပေမည်။ ခံ၍မရျရဲသဖြင့် အမှိုက်ကင်းသည်ဆိုသော စကားမှာ ရယ်စရာကြီးတစ်ခုဖြစ်ခဲ့ရပါ၏။

**ယုံကြည်ချက်ခြင်း ကွာလှ၏**

အင်္ဂလိပ်လူမျိုးတွေ နယ်ချဲ့စဉ်က နယ်အချဲ့ခံရသူတွေ၏ အညွှန့်ပိုင်းကို သူတို့က ဖော်ပြ၍ နယ်ချဲ့ကြ၏။ ကျွန်တော်တို့က သူတို့ကို တိုက်ခိုက်ခဲ့ကြရာ သူတို့၏အညွှန့်ပိုင်းကို ဖော်၍ တိုက်ခဲ့ရ၏။

သူတို့တရားစီရင်ရေးတွင် သူတို့သည် တရားမျှတမှုကို ရှိသကြောင်း ထိုအရေးတွင် သူတို့ဂုဏ်ကြောင်းကို အမြဲဖော်ပြလေ့ရှိကြ၏။ မျက်နှာကြီး ချင်းချင်း ထမင်းအိုးအကွဲခံ၍ တိုက်ခဲ့ကြ၏။

မြတ်စွာဘုရား၏ဖြစ်တော်စဉ်ကို ကဗျာလင်္ကာနှင့်ရေးသော ဆာအက် ဒဝင်အားနိုးလ်၏ သားတစ်ယောက်သည် ရန်ကုန်တွင် သတင်းစာထောင် ပြီး အင်္ဂလိပ်လူမျိုးတစ်ဦး၏ ရမ်းကားမှုကို ဖွင့်၍ ရေးသဖြင့် ချက်ချင်း ဘိလပ်သို့ ပြန်၍ပို့ခြင်းကိုခံခဲ့ရ၏။

(မှတ်ချက်။ ။ Light of Asia "အရှေ့၏အလင်းရောင်" ခေါ် ကဗျာပိုဒ်များကို အက်ဒဝင်အာနိုးလ်ရေးခဲ့၏)။

"The Soul Of The People" (ပြည်သူ့-ဝိဉာဏ်) ခေါ် စာအုပ် ရေးသော ဖီလ်ခင်း-ဟောလ်၏ သားသည် ရန်ကုန်မြို့တွင် တာဝန်ရှိ အတွင်းဝန်အဖြစ် ဆောင်ရွက်နေစဉ် ဂျပန်ဝင်ခါနီး အရှုံးထောင်ကို ဖွင့်ပေး ဟု အမိန့်ပေးမိသဖြင့် သူကိုယ်သူ သတ်၍ သေသွားခဲ့၏။

မောရစ်(စ်)-ကောလစ်(စ်)သည် ရန်ကုန်ဒီစကြိတ်ရာဇဝတ်တရား သူကြီးဘဝနှင့် အိန္ဒိယခေါင်းဆောင် မဟတ္တာဂန္ဒီဂုပတားကို ထောင်ဒဏ် ၇ ရက်ပေးရာထိုခေတ်က ဆာရှေအမောင်ကြီးအစိုးရက ၇ ရက်တည်း အပြစ်ပေးခြင်းမှာ နည်းလွန်းသည်ဟုဆိုပုံကို (Trials In Burma) (မြန်မာ နိုင်ငံမှုခင်းများ) ခေါ်စာအုပ်တွင် ဖွင့်၍ရေးသား၏။ ယနေ့ သူသည် ဝတ္ထုရေး ဆရာ ဖြစ်နေ၏။

အင်္ဂလိပ် စစ်ဗိုလ်တစ်ယောက်သည် ပြည်လမ်းနှင့် ဟယ်လ်ပင်လမ်း ထောင့်တွင် ခရီးသည်မြန်မာတစ်ဦးကို မော်တော်ကားနှင့်တိုက်မိ၍ ခရီး

သည့်တစ်ဦး သေဆုံးရာ အင်္ဂလိပ်တရားသူကြီးက အင်္ဂလိပ်တရားခံကို အပြစ်ပေး၏။

တရားခံကို အပြစ်ပေးပြီး ထိုတရားခံကိုဘိလပ်သို့ပြန်၍ ပို့ခဲ့ကြ၏။ အသေးစိတ်ကို သိသော မြန်မာတွေရှိသေး၏။

အင်္ဂလိပ်အရှင်းရှင်း ပြီးပြင်ခြင်းခံ၍ တရားစီရင်ခဲ့၏။ ရည်ရွယ်ချက်တစ်ခုအတွက် အနာခံရဲသော စိတ်ဓာတ်မှာ အင်္ဂလိပ်ကမြန်မာထက် သာသည်ဟု ကျွန်တော်ယူဆပါ၏။

မြန်မာနိုင်ငံ၌ ရည်ရွယ်ချက်အတွက် အနာခံသွားသော လူတန်းစားမှာ ကောင်းသူလယ်သမားများနှင့် ရဟန်းတော်များအပြင် နိုင်ငံရေးသမားများသာ ရှိခဲ့၏။

စက်ရှင် တရားသူကြီးဘဝမှ နုတ်ထွက်ပြီး ဦးနုအစိုးရကိုခံချသော တရားသူကြီးဟောင်း "တစ်ဦးသာ" ကျွန်တော်သည် တွေ့ခဲ့ရဖူး၏။

အချို့မှာ နိုင်ငံရေးထဲ ဝင်လာသော်လည်း ဖြစ်သမျှဖွင့်၍ မရေးခဲ့ကြချေ။

ထိုတရားစီရင်ရေးအကြောင်းကို ကျွန်တော် ရေးသားရာတွင် ပိုင်ပိုင်နိုင်နိုင် မရှိဘူးဟု ဆိုသူရှိလျှင် ပိုင်ပိုင်နိုင်နိုင်ရှိသူတွေထွက်ကြပါ။ သတင်းစာတွင် ဆောင်းပါးရေးလျှင် ထည့်သွင်း၍ပေးရန် ကျွန်တော်တို့အသင့်ရှိပါ၏။

တရားဥပဒေ မဏ္ဍိုင်တစ်ခုကို ဗိုလ်သေရှင်လွှန်း၍ ဤအကြောင်းကို ကျွန်တော်သည် ဆက်လက်ရေးပါဦးအံ့။

[၂၂]

# တရားမျှတမှုဆိုတာ ဘာလဲ

၁၄ နှစ်နှင့် ၂ လ နည်းပါးကာလ အတိုင်းအတာကြီးကို စာတ်ခွဲရုံကြီး
တွင် စမ်းသပ်ကြည့်ခဲ့ရာမှ ပေါ်လာသောအချက် အလက်တွေကို ကျွန်တော်
သည် စွန့်၍ ယခုရေးနေရခြင်း ဖြစ်ပါ၏။

ဤအကြောင်းအရာတွေကို ကျွန်တော်ရေးသားနေရာကိုယ်တွေ့တွေ
ကိုရှောင်၍ မရသဖြင့် ရေးနေရခြင်း ဖြစ်ပါ၏။ ကိုယ်တွေ့တွေ့ကလေးများ
ကို ဖော်ပြပြီးမှသာလျှင် "တရားမျှတမှု"ဆိုသည်မှာ ဘာကိုဆိုလိုသလဲ-
ဟူသော မေးခွန်းကို ဖြေဆိုပါရစေ။

**အထင်ကြီးမှုက ပေါ်သည်**

စာရေးသမားဟူသည် သူတစ်ထူးကိုသော်လည်းကောင်း၊ လေးစား
သမှုပြုရာမှလည်းကောင်း၊ ပုဂ္ဂိုလ်ကြီးတွေကို ရှိသေ၍လည်းကောင်း
ပညာအရပ်ရပ်ကို လေ့လာကြပါ၏။

(Justice) တရားမျှတမှု–ဟူသော စကားကို ကြားလျှင် အကြော
တွင် စိမ့်၍ ရှိသေလာကြ၏။ တရားဝန်ကြီးဟု ဆိုလျှင် "ဪ သူသည်
တရားမဏ္ဍိုင်ကြီးပါတကား"ဟု ယူဆပြီးလျှင် သူ၏အနားသို့ ရောက်သွား
လျှင် ကျုံ့၍သွားခဲ့ကြ၏။

အလွန်တရာ ဝေးကွာလှသော အင်္ဂလန်ကနေ၍ မြန်မာနိုင်ငံကို

အုပ်ချုပ်စဉ်က "တရားမျှတမှုကို ဘယ်လိုများချယ်လှယ်နေကြသလဲ" ကျွန်တော်တို့သည် မမြင်ခဲ့ပါ။ မကြည့်တတ်ခဲ့ပါ။

လူမှုအသိုက်အအုံ၏ အောက်ပိုင်းတွင် "ငါကြီးလျှင် တရားသူကြီး လုပ်ချင်တယ်။ လာဘကောင်းသတဲ့။ ငါတရားသူကြီးကတော့်ဖြစ်ချင်တယ်" ဟူသော အသံလောက်သာ ကျွန်တော်တို့သည် ကြားကြရ၏။

မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ ကိုယ်ကျိုးတက်ကနေ၍ ကြည့်တတ်သော ပညာဟူ၍များရှိလျှင် ကျွန်တော်တို့ လူမျိုးသည် မညံ့ပါဘူး ဟု၍ ကျွန်တော်သည် ယူဆပါ၏။

အဝေးကြီးက လှမ်း၍ကြည့်လျှင် အထင်ကြီးစရာဖြစ်၍ အနီးက ကပ်၍ ကြည့်လျှင် အထင်သေးလာ၏။ တကယ်အခြေခံကို လိုက်စားတတ်လျှင် အထင်ကြီးနေစရာ မလိုပါဘူး။ အထင်သေးနေစရာ မလိုပါဘူး။ မှန်ကန်မှုသည် မှန်ကန်မှုပါပဲဟု ယူဆတတ်ကြ၏။ ဤအဆင့်သို့မရောက်နိုင်မှန်း ကျွန်တော်တို့သိကြပါ၏။ အတွေ့အကြုံ ထုထည်ကြီးမားလာပါမှ လူတွေသည် သိက္ခာကိုထိမ်းသိမ်းတတ်ပါသေးသည်ဟု ယနေ့မှ သိခါစရှိသေး၏။

အခြေခံ ဥပဒေကြီး မကျဆုံးမီက တရားလွှတ်တော်ချုပ်၏ တရားဝန်ကြီးချုပ်များကို ပါလီမန်ကရွေးချယ်ပုံတွေကို ကျွန်တော်တို့သည် မြင်လာခဲ့ကြရ၏။ သူတို့ကို ကျွန်တော်တို့က အားကျမိပါ၏။

"တရားမျှတ"

"လွတ်လပ်ခြင်းနှင့် မသေ့"

"တို့ပြည်"

တို့မြေ . . .

ဟူသော နိုင်ငံတော် သီချင်းတစ်ပုဒ်ကို ဆိုကြရာတွင် အရသာရှိလှပေသည်။

တရားမျှတရေးဆိုသည်မှာ ကျွန်တော်တို့က ဘာမှန်းမှမသိကြချေ။ အားကိုးစရာကြီးပါတကား၊ တရားမဏ္ဍိုင်ကြီးတစ်ခုပါတကား ဟူသလောက်ကိုသာ ကျွန်တော်တို့ သိလာခဲ့ကြပါသည်။

မှဆိုးကိုစိုင်ကီသင်လာတော့သည်။

ကျွန်တော်တို့၏ ခံစားမှုထဲမှ အဖြေထွက်လာတော့သည်။

လမ်းပေါ်က လူတစ်ယောက်အနေသာ ကျွန်တော်သည် ဖြေတတ်

ပါသည်။

အဖြေမှာ။ ။ "တရားမျှတမှု"ဟူသော စကားကိုပါးစပ်က ရွတ်ဆို ပြီး အကြင်သူတစ်ဦးသည် လုပ်ချင်သမျှလုပ်တိုင်း လူတွေက ကောင်းပါ သည်ခင်ဗျာဟု ပြောနေကြလျှင် သူသည် အစဉ်မှန်နေပေလိမ့်မည်။

လက်နှစ်ဖက်ကို ဓားနှင့်ဖြတ်၊ မျက်လုံးကိုဖောက်၊ လူကိုပါ သတ်ပစ် သည့်တိုင်အောင် ဘာတစ်ခုမှ မပြောလျှင် ထိုသူသည် မှန်နေသည်-ဟု ကျွန်တော်ယူဆလာ၏။

ဤကမ္ဘာကြီး တိုးတက်လာသမျှမှာ တရားစည်ကို မြင်၍၊ တရား စည်ကို တီးရဲ၍သာ တိုးတက်လာပါတကား။ တရားစည်ကို တီးသည် ဆိုသည်မှာ တင်စား၍ရေးသော စကားသာဖြစ်၏။ တိုင်တာမ်းရဲခြင်းကို တရားစည် ဟူ၍ ခေါ်၏။

ပဋိပက္ခနှင့် ရင်ဆိုင်ရဲ၍သာ "တရားမျှတမှု" ရှိလာပါတကား။

မှန်ကန်မှုဟူသည် ဘဝအတွေ့အကြုံမှ ကျွန်တော်တို့ရလာပါတကား ဟု ရေးရေးမျှပင်ဖြစ်လင့်ကစား အသင့်အတင့်မြင်၍လာတတ်ကြပါ၏။

တရားမျှတမှုတစ်ခုအတွက် ကမ္ဘာ၏ Jurists တရားမျှတရေးသမား များ၏ အစည်းအရုံးရှိကြပေတကားဟူ၍ ကျွန်တော်တို့ သိလာကြ၏။

သို့သော် မြန်မာနိုင်ငံက ဤသဘောကို အလေးအနက်မပြုကြပါ။ တော်ရွာစကားလုံးတစ်လုံးကို ကိုးကား၍ရေးရသော် "အောက်ဆိုက်မင်း နီးကလေးရမှလုပ်ချင်တယ်" ဟူသော စကားမှာ ယနေ့ထက်ထိ တာစား နေကြ၏။

**မီးတစ်ပွင့် ပွင့်ခဲ့စဉ်က**

မျက်နှာချင်းဆုံ၍ စကားပြောမဖြစ်နိုင်အောင် သဘောကကွဲသော ပုဂ္ဂိုလ်တွေကို သံယာထုထဲတွင် ကျွန်တော်တွေ့ရ၏။ သို့သော် စံရောက် သမျှ ခံကြပြီး စိတ်အားထက်သန်စွာအပြောဆုံးသောပုဂ္ဂိုလ်များမှာ သံယာ တော်များထဲကပင် ဖြစ်ကြ၏။

ခက်ခနဲ့ရှိ နားခွက်က မီးအတောက်ဆုံးမှာ သံယာလောကထဲက ဖြစ်ခဲ့၏။

ဒကာကြီး ခရစ်ယာန်ဖြစ်သွားပြီ။

ဒကာကြီးက ကွန်မြူနစ်ဖြစ်နေသကိုးဟူသော အသံကိုကြားရပြီး နောက်–

ဒကာကြီးရေ ကျုပ်ကို ကွန်မြူနစ်ဆိုကုန်ကြပြီ။

ဒကာကြီးရေ အင်္ဂလိပ်လက်ထက်ကလောက် မလွတ်လပ်ဘူးဟု ပြော်ပြတ်သားသားအပြောဆုံးသည် ဆရာတော်ကလေးတွေဖြစ်ကြ၏။

ဤမျှသာ ရေးပါရစေ၊ မည်သည့်ပုဂ္ဂိုလ်တွေက အမိန့်ရှိသည်ကို အသေအချာ ကျွန်တော်သည် ရေးနိုင်ပါ၏။

၁၉၆၁ ခု နိုဝင်ဘာလ ၁၄ ရက်နေ့ ညဥ့်အချိန်၌ သံဃာတော်တွေ နှင့် အင်အားစုတစ်ရပ်သည် ဥက္ကလာပမြို့တွင် ပဋိပက္ခဖြစ်ခဲ့ကြခြင်းမှာ နောက်ဆုံး သံဃာတော်များ၏ မီးတစ်ပွင့်ဟု ကျွန်တော်ရေးလိုပါ၏။ ဤ မီးပွင့်မှာ အကြီးဆုံးဖြစ်၏။

"တရားမျှတမှု" ဘယ်မှာလဲ ဟု မေးလျှင် အဖြေမှာ ဝါကျတစ်ကြောင်း တည်းနှင့် ရေး၍မဖြစ်ပါ။ လူမျိုးတစ်မျိုး တိုးတက်လေလေ တရားမျှတမှု အကောင်အထည်သည် ပေါ်လေလေပင် ဖြစ်ပါ၏။

**ကျွန်တော်စိတ်အပျက်ဆုံး အစိတ်အပိုင်း**

ကျွန်တော် စိတ်အပျက်ဆုံး အစိတ်အပိုင်းတစ်ခုမှာ ညက အိပ်မက် မက်တာကို မှန်ကန်မှုတစ်ခုဟု ယူဆခြင်းမှာ စိတ်ပျက်ရာကောင်းပါ၏။

သူ့ဘာသာသူ မက်ချင်သည့်အိပ်မက်ကိုမက်ပြီး တကယ် တရားမျှတမှု ကြီးလိုလို လိမ်လည်ကာ လူတွေကိုနိုင်းခြင်းကို စိတ်ပျက်မိပါ၏။

အိပ်မက်နှင့်ဗြိမ်းခြောက်သူကို လူအချို့က ဘုန်းရှင်ကံရှင်ဘွဲ့ကိုပေး ကြ၏။

ဤသို့ရေးသား၍ ကွန်မြူနစ်ဟု ကျွန်တော့်ကိုဆိုလျှင် ဤသို့ဆိုခြင်း ကို အရသာရှိစွာနှင့်ခံလိုပါ၏။

အာဏာစက်အင်အားနှင့်တိုင်းပြည်အုပ်ချုပ်ရာ တရားမျှတမှုထိန်းပါ မှ ထိုအုပ်ချုပ်မှုတည်မြဲနိုင်၏။ အတွေးအခေါ် သိမ်ဖျင်းသူတွေ အုပ်ချုပ်လျှင် ဤတော်လှန်နေသော ကမ္ဘာ၌ ပျက်ရစမြဲဖြစ်ပါ၏။

တရားလွှတ်တော်ချုပ် တရားဝန်ကြီး ဦးထွန်းဖြူ မကွယ်လွန်မီ
ကျွန်တော့်အတွက် စုဆောင်း၍ပေးသော ကောက်နုတ်ချက်များအကြောင်း
တရားလွှတ်တော်ချုပ်က ပုဒ်ရိုလ်ကြီးကို သမ္မတရာထူးပေးခဲ့ရာ
ဖြစ်ပေါ်ပုံတွေအကြောင်းကို ကျွန်တော်သည် ဆက်လက်တင်ပြပါရစေ

■

## [ ၃၄ ]

မြန်မာနိုင်ငံသည် လွတ်လပ်ပါပြီဟူ၍ တညီတညွတ်တည်း ကြေညာ
ီးနောက် လွတ်လပ်ရေးကိုသတင်းစာဆရာတွေကအစ နိုင်ငံသူနိုင်ငံသား
ားသည် ကြည်ညိုခဲ့ကြ၏။ သို့သော် ကျွန်တော်တို့ မသိသော မမြင်သော
ွန်း နလွန်းသော အစိတ်အပိုင်းတွေများစွာရှိ၏။

ဒေါက်တာဘဦးကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်စဉ်က ကျွန်တော်
ို့သည် ဝမ်းမြောက်ခဲ့ကြ၏။ ထိုအခါက အရှင်ဦးဥတ္တမကို တရားစီရင်ခဲ့
ာဖြစ်ရပ်တွေကိုလည်းကောင်း၊ ဆရာစံကိုအပြစ်ပေးခဲ့သော အစိတ်
ိုင်းတွေကိုလည်းကောင်း ဖဆပလအတွင်းတွင် ပြောဆိုခဲ့ကြ၏။

တန်ခိုးအကြီးဆုံးဖြစ်သော တရားလွှတ်တော်ချုပ်မှ တရားဝန်ကြီး
ျုပ် ဖြစ်သူတစ်ဦးကို နိုင်ငံတော်သမ္မတရွေးချယ်ရာတွင် သင့်လျော်သော
ရာတွင် သင့်လျော်သောပုဂ္ဂိုလ်တစ်ဦးတော့ ရပြီဟု ယူဆသူတွေ ဒ သင့်
ာင့် ရှိခဲ့ပါ၏။

တရားလွှတ်တော်ချုပ်က ပုဂ္ဂိုလ်ကို သမ္မတခန့်သော အစဉ်အလာ
ီးမှာ မကောင်းဘူးနော၊

"အမိုကင်းသော တရားစီရင်မှု" မရနိုင်ဘူးနောဟူသော ထင်မြင်ချက်
င်ခုကို နောက်မှကျွန်တော်တို့ ရခဲ့ကြသည်။

"အမိုကင်းသည်၊ မကင်းသည်" ဟူသောစကားကို ကျွန်တော်တို့
ည် မစွဲလှချေ။ တစ်နည်းအားဖြင့်ဆိုလျှင် ကျွန်တော်တို့သည် ဗဟုသုတ

နည်းမှန်းကို သိကြရပါ၏။

ကျွန်တော်သည် အမှုတစ်မှုတွင် တရားခံဖြစ်ခဲ့ရာ ၃ ကြိမ်တိုင် တရားလိုများ ရုံးသို့မလာကြ၍ တရားသူကြီးက အမှုကိုပယ်ချခဲ့ပါသည်။ ထိုအမှုကို နောက်ထပ်ဖွင့်သည့်တိုင်အောင် တရားလိုတွေသည် ရုံးသို့ မလာ ခဲ့ကြပါ။ ဤအကြောင်းကို ရေးရခြင်းမှာ နိုင်ငံရေးပါတီဝင်တွေသည် တရား ရုံးကို မရိုသေတတ်ကြသည်ကို ထင်ရှားစေလို၍ ရေးသားရခြင်းဖြစ်ပါ၏။

အင်္ဂလိပ်လက်ထက်က ဟိုက်ကုတ်တရားသူကြီးချုပ်သည် မော်တော် ကား တိုက်မှုတစ်မှုတွင် သက်သေတစ်ဦးဖြစ်နေခဲ့၏။ အဆိုပါသက်သေ သည် နာရီဝက်နောက်ကျရာ အင်္ဂလိပ်တရားသူကြီးက "ဘာကြောင့် နောက်ကျသလဲ"ဟု မေးရာ တရားသူကြီးချုပ်က "အကျွန်ုပ်တောင်းပန် ပါတယ်"ဟု ဆိုမှ အမှုကို ဆက်လက်စစ်ဆေး၏။

အသေးစိတ်ကို ကျွန်တော်မရေးလိုပါ။

တရားဥပဒေဟူသည် ရိုသေတတ်ရန်လိုကြောင်းကို ကျွန်တော် ပြသ ခြင်းဖြစ်ပါ၏။

လွတ်လပ်သော လူမျိုးဖြစ်ဖို့မှာ မလွယ်ကြောင်း။

လွတ်လပ်သောတိုင်းပြည်တစ်ပြည်ဖြစ်ဖို့မှာ မလွယ်ကြောင်း။

ပုဂ္ဂိုလ်အချင်းချင်း တော၍ မထားကြောင်းကို သိစေလို၍ ဤဆော ပါးများကို ရေးနေရခြင်းဖြစ်ပါ၏။

ပါလီမန်ဒီမိုကရေစီ တည်တံ့ဖို့မှာ တရားမဏ္ဍိုင်ခိုင်ခံ့ဖို့လိုကြောင်း များကို စာဖတ်ပရိသတ်စွဲလျှင် ကျွန်တော်သည် ကျေနပ်ပါ၏။

**ကောက်နုတ်ချက်တွေ**

မြန်မာနိုင်ငံ တရားလွှတ်တော်ချုပ်တရားဝန်ကြီး ဦးထွန်းဖြူ မကွယ် လွန်မီက "အမိုက်ကင်းသော တရားစီရင်ရေး"နှင့် စပ်လျဉ်း၍ လေ့လာ ကောက်နုတ်ချက်တွေကို ကျွန်တော့်ထံသို့ ပို့ခဲ့ဖူးပါ၏။

(၁) ဩစတြေးလီးယား တိုင်းပြည်၏ ရာဇဝင်မှတ်တမ်းရေးသူ ဖရ ဆစ်(စ်)ဖို့ရ်ဘဲစ် (Francis Forbes.)

(၂) ဘော့(စ်)ကိုဓ ပါင်း(ဒ်)၏ "တရားဥပဒေ၏အရေးမှု၍ Jame

Avery Joyce ရေးသော ကျမ်းစာအုပ်များမှ ကောက်နုတ်ချက်တွေကို ကျွန်တော်ထံသို့ ပို့ပါ၏။

× × ×

ထိုအချက်များကို တင်ပြနေရခြင်းမှာ အမိုင်အလုံအကိုးအကားရှိကြောင်းကိုထင်ရှားစေလိုသော ရည်ရွယ်ချက်တစ်ခုသာရှိပါ၏။ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာဖြစ်လျှင် အကိုးအကားတွေကို မူအတိုင်းဖော်ပြနိုင်ပါ၏။

အခြေခံနှစ်ခုသည် ဤခေတ်ကမ္ဘာတွင် အနောက်အုပ်စု၊ အရှေ့အုပ်စု ကွဲနေသကဲ့သို့ တရားမျှတမှုမှာ အောက်ဆုံးအခြေခံတွင် ကွဲနေပြန်၏။

ကျွန်တော်တို့ ယခုတင်ပြခဲ့သမျှမှာ အနောက်ဒီမိုကရေစီ၏ အခြေခံတွေသာဖြစ်၏။

ကွဲလွဲပုံများကို ကျွန်တော်သည် ဆက်လက်၍ ဖော်ပြပါဦးအံ့။

ထိုသဘောကို မဖော်ပြမီ ကောက်နုတ်ချက်အချို့ကိုဆက်လက်၍ ဖော်ပြပါအံ့။

၁၄ နှစ်နှင့် ၂ လကာလမှ ကျော်လာပြီး တော်လှန်ရေးခေတ်သို့ ပြန်၍ရောက်လာရာ

လေးလေးနက်နက်မတွေး၍ မဖြစ်ပါ။ လေးနက်သောစာတွေကို မဖတ်၍မဖြစ်ဘူး။

ဘူ၍စာဖတ်ပရိသတ်ကို သတိပေးပါရစေ။

လူတိုင်းလူတိုင်း အာရုံမစိုက်လိုက ခွင့်ပြုနိုင်၏။ သို့သော် ခေါင်းဆောင်ပိုင်းက ပုဂ္ဂိုလ်တွေသည် လေးနက်သောလမ်းစဉ်များကို စိတ်ဝင်စားလိုက်ပါပြီဟူ၍ ကျွန်တော်တို့က ရေးသားဖော်ပြလိုက်ပါ၏။

■

[၃၅]

## တရားမျှတမှုဆိုတာ ဘာလဲ

"တရားမျှတမှု" ဟူ၍ ကျွန်ုပ်တို့ယခုရေးသားနေရာ လောက၏ တရားမျှတမှုကို ရေးနေရခြင်းဖြစ်ပါ၏။

လောကုတ္တရာနှင့် ကျွန်ုပ်တို့မဆိုင်ပါဟူသော မှတ်ချက်ကို အခြေတည်၍ ရေးနေပါသည်။

တရားမျှတမှု၏ ထုထည်ကိုပြည်သူတွေက ဆောက်လုပ်နေကြ၏။

အင်္ဂလိပ်လူမျိုး၏ယူဆပုံကို နမူနာတစ်ခုအဖြစ် ဆောက်တွင်ဖော်ပြပါအံ့။

Benard Odonnall's

ဘားနက်အိုဒိုးနဲလ်ရေးသားသော "တရားမျှတမှု"ဟူသော ကျမ်း၏ နဒါန်း။

× × ×

"ကျွန်ုပ်တို့တွင် ဥပဒေနှင့် ဥပဒေအရ တည်ငြိမ်ရေး စနစ်တစ်ခုရှိ၏။ ထိုစနစ်မှာ ကောင်းလှချေ၏ဟု ဂုဏ်ယူစရာမရှိလှချေ။

ရာပေါင်းများစွာသော ကာလကချ၍ ကျွန်ုပ်တို့၏စနစ်မှာ လူရိုင်းတွေ၏ စနစ်ဟု ခေါ်ရလောက်အောင် ရှေးကျခဲ့၏။ ရှေးက တရားစီရင်နည်းမှာ လူမဆန်အောင် ကြမ်းတမ်းခဲ့ကြ၏။

ဤခေတ်သည် ကုန်လွန်ပါပြီ။ ကျွန်ုပ်တို့၏ ဥပဒေသည် တရားမျှတပါပြီ။

ကမ္ဘာ့ တရားမျှတမှုကို ဆောင်ခဲ့သော တိုင်းပြည်များတွင် အင်္ဂလန်တိုင်းပြည်က အခြားတိုင်းပြည်ထက်သာပါ၏။

ကျွန်ုပ်တို့၏ စနစ်သည် အမေရိကန် ပြည်ထောင်စုသို့ပင် ပျံ့နှံ့နေပါပြီ"ဟူ၍ ရေးသားထား၏။

အနီးကပ်ဆုံး မှန်နိုင်သလောက် မှန်ရန် ဘာသာပြန်ထား၏။ တိုက်ရိုက်ပြန်ခြင်းမဟုတ်ပါ။

ထိုပုဂ္ဂိုလ်ကြီးက ဆက်လက်၍ရေးသားထားရာ "ကျွန်ုပ်တို့၏စနစ်သည် စကော့တလန်တိုင်းပြည်၏စနစ်မဟုတ်ပါ။ နှစ်တိုင်းနှစ်ပြည်စလုံးက ဥပဒေကိုလက်ခံ၍ထားပါသည်။ စကော့တလန်တိုင်းပြည်၏ဥပဒေမှာ ရောမတိုင်းမှယူသောလက္ခဏာများကိုတွေ့ကြရပါ၏"ဟူ၍ ရေးသားထား၏။

ကျွန်တော်တို့က အသေးအနက်ပြု၍ ရေးနေခြင်းမှာ

တရားမျှတမှုဟူသည် အုတ်ချပ်ကလေးများကဲ့သို့ တည်ဆောက်ရကြောင်းကို ဖော်ပြနေရခြင်းဖြစ်ပါ၏။

ဤသို့လူသားတွေက အသေးအနက်ပြုနိုင်ကြ၍ ဖြတ်ထုံး(Ruling) ဟူ၍ ရှိနေကြ၏။

ဖြတ်ထုံးတွေကို ညှိပြီးလျှင် တရားမျှတရေးသမားများက တရားမျှတမှုစနစ်ဟူ၍ ဤကမ္ဘာ့ပေါ်ရစေခြင်းဖြစ်၏။

**လေးစားလိုက နေနိုင်၏**

မည်သူကမဆို အထက်ပါသဘောများကို မလေးစားလိုဘူးဟု ဆိုလိုက ဆိုနိုင်ကြပါ၏။

လူမှန်လျှင် ခေါင်းပေါင်ကျိုးသွားရမယ်ဟု မည်သည့်အစိုးရကမဆို အက်ဥပဒေလုပ်နိုင်၏။ ဤအက်ဥပဒေကို မရှိသောလျှင် မရှိသောသူကို ဖမ်း၍ သတ်နိုင်ကြ၏။

ဤသို့ဆိုလျှင် ဘယ်အချိန်အထိများ တရားမဲ့နိုင်ကြမည်လဲ။

နောက်ဆုံးတွင် လူ့အများ၏ကောင်းကျိုး လူ့မှုအသိုက်အဝန်း၏အတွက် တရားမျှတမှု ဟူသောစကားသည် ပေါ်ရသည်ကို စာဖတ်ပရိသတ်က စဉ်းစားစေလို၏။

ဤကမ္ဘာတွင် လူတွေကိုလိမ်၍ အုပ်ချုပ်လျှင်ရသည်ဆိုသောသဘောကို လာမည့်ခေတ်က လက်ခံကြမည်လား၊ လက်မခံကြဘူးလား ကျွန်ုပ်တို့ မသိနိုင်ပါ။

အနည်းငယ်ရှဲ့ထွင်၍ ကျွန်တော်တို့က ရေးပါရစေ။

တရားမျှတမှုသည် အိပ်မက်ထဲကရသည်ဟု ဆိုကြပါစို့။

ပုဂ္ဂိုလ်တစ်ဦး အိပ်မက် တကယ်မက်သလား၊ မမက်ဘူးလား ဘယ်သူက ဆုံးဖြတ်ရမှာလဲ။

အိပ်မက်မက်တယ်ဟုလိမ်၍ လူတွေကိုနိုင်းတိုင်းရလျှင် ထိုနည်းမှာ (မက္ကီယာဗယ်လီ)နည်းပင် ဖြစ်၏။ ဤနည်းမှာ လူလည်လုပ်သော နည်းတစ်နည်းပင်ဖြစ်၏။ အိပ်မက်မက်ရာမှ (တရားမျှတမှု)တစ်ခုရသည်ဆိုပြီး လျှင်ပြည်သူကို နားတွေလိုနိုင်၍ရသော တိုင်းပြည်တစ်ပြည် ဤကမ္ဘာ၌ ရှိလျှင် ထိုတိုင်းပြည်သည် အလကားတိုင်းပြည် ဖြစ်ရပေမည်။

တရားမျှတမှု စနစ်တစ်ခုခုကိုမှ မရှိသောတတ်လျှင် ထိုသို့ မရှိသောတတ်သော လူမျိုးသည် အာဏာရှင်စနစ်နှင့်သာထိုက်တန်ပေမည်။

အာဏာရှင်စနစ်နှင့် အုပ်ချုပ်၍ မအောင်မြင်ပြန်လျှင် တစ်ပါးသော လူမျိုးခြား၏ ကျွန်လူမျိုးသာ ဖြစ်ရပေမည်။

[ ၃၆ ]

## ဘယ်လိုတရားမျှတမှုနှင့် ကျွန်တော်တို့ ထိုက်တန်ကြသလဲ

အမိုက်ကင်းသော တရားစီရင်မှုဟူသော သဘောမှာ အခြေခံဥပဒေတွင် မည်သို့ပင်ကောင်းအောင် ရေးသားနိုင်သော်လည်း ဥပဒေကိုလက်ခံသော လူမျိုး၏ဇိတ် ညံ့လျှင် ဥပဒေတခြား၊ လုပ်ရပ်တခြားဖြစ်ရပေမည်။

အရင်းရှင်စနစ်အပေါ်တွင် အုတ်မြစ်ချသော အမေရိကန် ပြည်ထောင်စုတွင် တရားလွှတ်တော်ချုပ်သည် "အမိုက်ကင်းသည်"ဟု သမိုင်းစဉ်ရေးသော သူများက ရေးသားကြ၏။

**အမေရိကန်ပြည်ထောင်စု၌**

အမေရိကန် ပြည်ထောင်စု၌ ၁၉၄၈ ခု ဇွန်လ ၅ ရက်နေ့ထုတ် အက်ဥပဒေအရ တရားလွှတ်တော်ချုပ် တရားဝန်ကြီးများကို ခန့်အပ်ခဲ့သည်။

အနည်းငယ် အကျယ်ချဲ့၍ရေးရလျှင် "ဆီးနိတ်"လွှတ်တော်၏ အကြံပေးချက်အရလည်းကောင်း၊ ဆီးနိတ် လွှတ်တော်၏ သဘောတူညီချက်အရလည်းကောင်း သမ္မတက တရားဝန်ကြီးများကို ခန့်အပ်ရ၏။

လက်တွေ့မှာ သမ္မတကြီးသဘောသူ့သူများကို ခန့်အပ်ကြ၏။

**အလိုကိုမလိုက်ကြချေ**

လူဖြူလူမည်းခွဲခြားရေး ပြဿနာတစ်ရပ်ပေါ်လာရာ တရားဝန်ကြီးများက စစ်တိုက်ရာတွင် အသေခံစရာရှိစဉ်က လူဖြူတွေနှင့် လူမည်းကွဲ၍ အသေခံကြပြီးမှ အိမ်သို့ပြန်ရောက်ရာ လူဖြူနှင့်လူမည်း အတူတွဲ၍ ထမင်းမစားရဘူးဆိုသည်မှာ မမှန်ကြောင်း။ ဖော်ပြပြီးလျှင် အဖြူအမည်းအတူနေစေရန် ဖြတ်ထုံးပေးခဲ့ကြ၏။

သမ္မတအိုက်ဆင်ဟာဝါက သူတို့နှင့် သဘောမတူသော်လည်း တရားလွှတ်တော်ချုပ်၏အမိန့်ကို မပယ်ခဲ့ချေ။

သူတို့ တိုင်းပြည်တွင် (ထမင်းအိုးကွဲသောပြဿနာ) မပေါ်ချေ။

**အင်္ဂလန်၌**

ဗြိတိသျှ ဒီမိုကရေစီတွင် ရှေ့နေချုပ်(အတော်နီဂျင်နရဲလ်)သည် အစိုးရနှင့် တရားရေးဌာန စပ်ကြားတွင် ဆောင်သွယ်လုပ်၏။

(ကက်ဘိနက်အဖွဲ့ဝင်တစ်ဦး၏သားကို သစ္စာဖောက်မှုနှင့် သေဒဏ်ပေးစေရန် ဗြိတိသျှတရားရုံးက အမိန့်ချမှတ်ရာတွင် အစိုးရက ကက်ဘိနက်အဖွဲ့ဝင်က ဝင်၍ မရှုပ်ရဲခဲ့ချေ။)

**မြန်မာနိုင်ငံ၌**

မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏သဘောမှာ ဗြိတိသျှကက်ဘိနက်စနစ်အရ သုံးစွဲခဲ့သည်ဟု ကျွန်ုပ်တို့ယူဆပါ၏။

တရားစီရင်ရေးဌာန၏ ဖြတ်ထုံးဟူ၍ မည်မည်ရရ တစ်ခုမျှ ကျွန်ုပ်တို့ မတွေ့ခဲ့ရချေ။

မြန်မာနိုင်ငံ၌ အစိုးရပိုင်းမှလွှတ်တော်ချုပ်သို့ အဆုံးအဖြတ်တောင်းသော အစဉ်အလာတစ်ခုမျှ ကျွန်တော်တို့သည် မတွေ့ခဲ့ကြရချေ။

ပရိုင်းမင်(န်)စတားလုပ်သူက တရားဝန်ကြီးချုပ်ကို အိမ်ခေါ်၍ တိုင်ပင်သော အစဉ်အလာသာ ရှိခဲ့၏။

မြန်မာပါလီမန် မှတ်တမ်းကို ဖတ်ပါ။

မြန်မာနိုင်ငံနယ်နမိတ် သတ်မှတ်ရေးတွင် တရားလွှတ်တော်ချုပ်က

ဖြတ်ထုံးပေးခွင့်ရခဲ့လျှင် အနာဂါတ်သမိုင်း သို့မဟုတ် ရာဇဝင်ရေးသူတို့ အဖို့မှာ များစွာအကူအညီရပေမည်။

နိုင်ငံတော် ဘာသာကိစ္စတွင် အစိုးရကို ကြည်ညိုရွှဲလည်းကောင်း၊ ဥပဒေကိုရှိသေ၍လည်းကောင်း တရားလွှတ်တော်ချုပ်သို့တက်၍ အဆုံးအဖြတ်တောင်းခဲ့၏။(တရားလွှတ်တော်ချုပ်တွင် မှတ်တမ်းရှိပါ၏)။

တရားလွှတ်တော်ချုပ်မှ ဖြတ်သားသော ဖြတ်ထုံးမရခဲ့ချေ။

ရှေ့နေတစ်ဦးက "နာမည်ကြီးချင်လို့ အစိုးရကို တရားစွဲသည်"ဟုပင် ဘရားလို ၅ ဦး၏ရှေ့နေကို ဆိုသေး၏။

လွှတ်လပ်ရေးတိုက်ပွဲများတွင် ကိုယ့်အရေး ကိုယ်တိုင်ဆုံးဖြတ်လိုသည်ဟု ကျွန်တော်တို့ဆိုခဲ့ကြ၏။

**(Self determination)** ပေးပါဟု ကျွန်တော်တို့က ဆိုခဲ့ကြပါ၏။

တော်လှန်ရေးမပေါ်မီက မြန်မာနိုင်ငံကို မြန်မာတိုင်းရင်းသားအချင်းချင်း အုပ်စိုးကြရာ ကိုယ့်အရေးကို ကိုယ်တိုင်မဆုံးဖြတ်ခဲ့ကြပါဘူး။ မင်းလိုလိုက်မင်းကြိုက်လုပ်သော ဘဝမှ အခြေခံ ဥပဒေကြီး ကျိုးကျခဲ့ရပါသည်ဟု ပြည်သူတွေကို ကျွန်တော်က တင်ဆက်ပါစေ။

ဤကမ္ဘာ၌ တရားမင်း ၂ မင်း ပေါ်နေကြောင်း၊ အဘယ်မည်သော ဘရားမျှတမှုစနစ်ကို လက်ခံကြမည်လဲဟူသော အမေးကို ဆက်လက်၍ ဆော်ပြပါဦးအံ့။

■

## [၃၇]

နိုင်ငံရေးပညာသည် တကယ်ကျယ်ဝန်းသော သိပ္ပံတစ်ရပ်ဖြစ်ကြောင်းကိုလည်းကောင်း၊ နိုင်ငံတိုင်း၌ နိုင်ငံရေးသမားသည် တကယ်ရှိအပ်ကြောင်းကိုလည်းကောင်း။ ဤစာရေးနိုင်သောခေတ်၌ "နိုင်ငံရေးသမား"တွေကို အထင်သေးနေကြရခြင်းမှာ လမ်းစဉ်ကိုမရှိသေးကြဘဲ "အရေးကြီး"ကြလွန်း၍သာဖြစ်ကြောင်းကို ကျွန်တော်တို့သည် ထပ်တလဲလဲ ရေးသားခဲ့ပြီးခဲ့ပါပြီ။

ကမ္ဘာ၏နိုင်ငံရေးလောက၌ ဒီမိုကရေစီနှစ်မျိုး ပေါ်နေသကဲ့သို့ ဤခေတ်၌ "တရားမျှတမှု"နှစ်မျိုး ဖြစ်နေကြောင်းကိုပါ ကျွန်ုပ်တို့က ထင်ရှားစေလို၏။

အဆိုပါတရားမျှတမှုများမှာ (၁) အနောက် ဒီမိုကရေစီကပေးသော တရားမျှတမှုနှင့် (၂) အရှေ့ ဒီမိုကရေစီက ပေးသောတရားမျှတမှုဟူ၍ ၂ မျိုးရှိနေ၏။

အထက်ပါအတိုင်း ရှင်းလင်းရုံမျှနှင့် စာဖတ်ပရိသတ်သည် နားလည်နိုင်ကြသေးမည်မဟုတ်ချေ။

ပစ္စည်းများကို ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ပေးသည့်စနစ်ကို အခြေတည်သော ဒီမိုကရေစီကို အနောက် ဒီမိုကရေစီဟူ၍ ခေါ်၏။

ပစ္စည်းများကို ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်မပေးဘဲ နိုင်ငံတော်က ပိုင်ဆိုင်ခြင်းကို အခြေတည်သော ဒီမိုကရေစီကို အရှေ့ဒီမိုကရေစီဟု ခေါ်၏။

ထိုနည်းအတူ အနောက်နိုင်ငံတရားမျှတမှုနှင့် အရှေ့နိုင်ငံ တရားမျှတမှုဟူ၍ ကွဲပြားနေ၏။

အသေးစိတ်ရေးသားရန် ကျွန်ုပ်တို့မရည်ရွယ်ပါ။ တရားမျှတမှု စနစ်အကြောင်းကိုသာ ကျွန်ုပ်တို့က အလေးအနက်ပြု၍နေပါ၏။

တရားမျှတမှုစနစ်သည် တော်လှန်ရေး၏ နောက်လိုက်ဟူ၍လည်း ဆိုနိုင်၏။ တစ်နည်းအားဖြင့်ဆိုလျှင် တရားမျှတမှုသည် တော်လှန်ရေးတွေ၏ ခေါင်းဆောင် ဖြစ်သည်ဟူ၍လည်း ဆိုနိုင်ကြ၏။

ပူပူနွေးနွေး ဥပမာကိုကျွန်တော်တို့က ဖော်ပြရသော် ၁၉၆၂ ခု မတ်လ ၂ ရက်နေ့တွင် ဘာသာရေးနှင့် ပြည်နယ်အရေးတွင် တရားမျှတမှုမရှဲ့ကြ၍ မြန်မာနိုင်ငံ၌ တော်လှန်ရေးပေါ်ရခြင်းပင်ဖြစ်၏။

အချောင်လိုက်သောစိတ်နှင့် မှိန်းနေကြစတမ်းဆိုလျှင် အဘယ်မည်သော တော်လှန်ရေးမျိုးမှ ဤနိုင်ငံ၌ မလိုချေ။ ကျွန်ဖြစ်လျှင် တညီတည်း ကျွန်ဘဝနှင့် ပျော်ပျော်နေလျှင်ဖြစ်နိုင်ကြပါ၏။

## ဘယ်ဘက်လိုက်မည်လဲ

တရားမျှတရေးစနစ် ၂ ခုတွင် မည်သည့်ဘက်ကိုလိုက်မည်လဲ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးသားကြမည့် ပုဂ္ဂိုလ်တွေသည် ဆုံးဖြတ်ကြရပေမည်။ ဆုံးဖြတ်လျှင် ပြတ်ပြတ်သားသား ဆုံးဖြတ်ကြရပေမည်။

## အနောက်နိုင်ငံဘက်သို့ ပါရမည်

ကျွန်တော့်အဖို့မှာ စောစောက ကြိုတင်၍ ဆုံးဖြတ်ရပေလိမ့်မည်။

ဤသို့ဆုံးဖြတ်ရာတွင် ဘဝခံစားမှုတစ်ရပ်ကို အခြေတည်၍ ဆုံးဖြတ်ခြင်းဖြစ်ပါ၏။

"ဘဝခံစားမှု"ဟူသော ဝေါဟာရစကားလုံးမှာ ဝါးတားတားနိုင်လှပါသည်။

အရှေ့ဒီမိုကရေစီက ကိုးကားသော အခြေခံစာအုပ်မှလည်းကောင်း၊ အနောက်ဒီမိုကရေစီသမားများက ကိုးကားသော ကောက်နုတ်ချက်များကို ကျွန်တော်တို့က ဆက်လက်၍ ကိုးကားပါရစေ။

ကိုးကားသော စာအုပ်များမှာ မနိုင်လှံဘူးဟု စာဖတ်ပရိသတ်က ယူဆလျှင် ပိုမိုနိုင်လှံသောကျမ်းစာအုပ်များကို ပြသကြပါဟု ကျွန်တော်တို့က ကြိုတင်၍ တောင်းပန်ပါရစေ။

စာအုပ်ကို ကိုးကားရုံမက ကျွန်တော်၏ ကိုယ်တွေ့ကိုလည်းကောင်း စာဖတ်ပရိသတ်၏ ကိုယ်တွေ့ကိုလည်းကောင်း ဆက်လက်၍ ဖော်ပြပါမည်။

**စနစ်ကို မရှိသေးရဲလျှင်**

တရားမျှတမှုစနစ်ဟူသည် စက္ကူပေါ်မှာရေး၍ထားကြ၏။ စနစ်ကို မရှိသေးရဲလျှင် အခြေခံဥပဒေကြီးကို ရေးနေခြင်းမှာ အပိုကြီးတစ်ခုသာ ဖြစ်နေပေမည်။

အဘယ်မည်သော စနစ်တစ်ခုခုကိုမျှ မလိုက်နာချင်ဘူးဟု ဆိုလျှင် အသက်ဦးဆံပိုင် ဘုရင်စနစ်သည် အကောင်းဆုံးဟု ကျွန်တော်ထင်မြင်ပါ၏။

အသက်ဦးစံပိုင်စနစ်ကို လက်တွေ့သုံးကြ၍ ၁၉၆၂ ခု မတ်လ မတိုင်မီ ကာလကတည်းက အရေးကြီးနိုင်ငံရေးပါတီတွေ ကျဆုံးရသော ဖြစ်ရပ်များကို မှောင်မရှာဘဲ လေ့လာကြစေလို၍ ယခုဤအခန်းကို ဖွင့်၍ ရေးသားရခြင်းဖြစ်ပါ၏။

၃၅

## ဘယ်လိုတရားမျှတမှုစနစ်နှင့် ကျွန်တော်တို့ ထိုက်တန်သလဲ

တရားစီရင်ရေးဌာန အဖွဲ့ကောင်းမှာ စီရင်နိုင်ဖို့မှာ အခြေခံဥပဒေ ကောင်းဖို့ထက် ကျင့်သုံးသော သူတွေက အနာမခံရကြလျှင် မဖြစ်ကြောင်း ကို လည်းကောင်း။

ကျွန်တော်တို့ကမ္ဘာကြီး အနောက် ဒီမိုကရေစီ တိုင်းပြည်များက သုံးစွဲ သော တရားမျှတမှုစနစ်ဘက်ကနေ၍ ဆန့်မပေးရလိမ့်မည်ဟု အတိ အလင်း ပြတ်ပြတ်သားသား ယခင်က ရေးသားဖော်ပြခဲ့ပါပြီ။

**အကိုးအကားများ**

ဂျွန်ရော့စ်(စ်) (Ph.D) သည် (ဆိုဗီယက်အခြေခံသဘောတရား)ဟူ သော စာအုပ်ကို ၁၉၃၅ ခုနှစ်က ရေးသားခဲ့၏။

ထိုစာအုပ် စာမျက်နှာနံပါတ် ၁၉၂ ၌ ဆိုဗီယက် ရုရှားနိုင်ငံ၌ လွတ်လပ် ခွင့်၏ အဓိပ္ပာယ်ကို ပေးထား၏။

အရင်းရှင်တို့၏ လွတ်လပ်ခွင့်မျိုး ရုရှား၌မရှိကြောင်း၊ မြေညီးပိုင်ဆိုင် သူတို့၏ လွတ်လပ်ခွင့်မျိုးမရှိကြောင်း၊ အရင်းရှင်တို့ အမြတ်ထုတ်သော သတင်းစာတို့၏ လွတ်လပ်ခွင့် မရှိကြောင်း၊ လူများစုအပေါ်ကိုစွဲ စီးသော လူတန်းစားတစ်ခု၏ လွတ်လပ်ခွင့်မရှိကြောင်းများကို စာအုပ်ရေး သူက ရေးသားထား၏။

အင်္ဂလိပ်စာမူရင်းကို ကျွန်ုပ်တို့ မဖော်ပြနိုင်ရေ။ အကယ်၍ လိုအပ်ပါ က အင်္ဂလိပ်စာမူကို တင်ပြရန် အသင့်ရှိပါ၏။

ဆိုဗီယက် ရုရှားသည် လူတန်းစားမရှိသော လူမှုအသိုက်အအုံကြီး ၏ ကျယ်ပြန့်သော လွတ်လပ်ရေးကို လိုကြောင်းကို ရေးသား၍ထား၏။

ထိုစကားများမှာ တကယ်ကြည်ညိုစရာကောင်း၏။ ၁၉၃၅ ခုနှစ်က သာ ကျွန်တော်တို့အား အဆုံးအဖြတ်တောင်းလျှင် ထိုစကားများကို အကြွင်းမဲ့ ကျွန်တော်တို့သည် ထောက်ခံခဲ့ပေမည်။

အသေအချာတွေး၍ ကြည့်လျှင် "ငါသား၊ ငါ့မယား၊ ငါကိုယ် ဟူသော သက္ကာယဒိဋ္ဌိ"ကို ပယ်ဖျက်ရန်ဟူ၍ဆိုလျှင် ထိုစကားကို ကြားသူတွေ မကန့်ကွက်ရဲသလို ဖြစ်နေကြ၏။

## ၁၄ နှစ်ကျော် သုံးကြည့်ရာ

လူသားတွေ၏ စိတ်ဓာတ်ကို ခွဲစိတ်၍ကြည့်သော ဓာတ်ခွဲရုံနှင့်ရှု သည့် ၁၄ နှစ်နှင့် ၂ လ ကာလျှကြာသောအပိုင်းအခြားကြီးကို မြန်မာနိုင်ငံ တွင် စမ်းသပ်ကြည့်ရာ အဘယ်မည်သော မှာက်စ်လီနင်ဝါဒမျှ မြန်မာတို့ ကို ဖြူစွင်းခြင်းငှာ မတတ်နိုင်ခဲ့ချေ။

ကိုယ်ကျိုးဘက်မှနေ၍ ကြည့်သော စီးတော်စနသည် ကွန်မြူနစ် လောကထဲသို့ပင် ဝင်ရောက်ပြီး မူလ ကွန်မြူနစ်တွေ အသေခံ၍ တိုက်ခဲ့ သော ဥပါဒါန် အင်အားစုကြီးနှင့်ပင် သူတို့သည် မရှက်မကြောက် မှုးထောင် ကြကတည်းက ရုန်လူးဝစ်(စ်)၏အယူအဆနှင့် ယနေ့ မြန်မာတွေ၏ အကျင့်သည် မကိုက်ညီသည်ကို ကျွန်တော်တို့ တွေ့ကြရ၏။

လွတ်လပ်ရေးသည် မည်မည်ရရအနှစ်အရသာဟူ၍မရှိ။ လူတွေ၏ အစွဲအလမ်းကြီးတစ်ခုဟု ယူဆကြလျှင် ကျွန်တော်တို့သည် ဘာမှမလုပ် ကြဘဲ မလုတ်နိုင်လျှင် ပန်ကာကဲ့သို့ လည်ပါမည်ဘုရား၊ အကနိုင်းလျှင် ကပါ မည်ဘုရား ဟူ၍ ဆိုရုံသာရှိကြတော့၏။

ဤအဆင့်ထက်ပို၍သွားလိုလျှင် ရေးဆွဲလတ္တံ့သော ဖွဲ့စည်းအုပ်ချုပ် ပုံ အခြေခံဥပဒေတွင် လွတ်လပ်ရေး ဟူသည် အစွဲအလမ်းကြီးတစ်ခု (Illusion) ပါဟု ထည့်၍ရေးရုံသာရှိ၏။

ဗုဒ္ဓဘာသာသတို့၏ လောကုတ္တရာ တရားနှင့်ကြည့်လျှင် ပိုင်သည်၊ ဆိုင်သည်ဟူသော စကားမျိုးသည် သက္ကာယဒိဋ္ဌိတွေပင် ဖြစ်၏။

ကျဆုံးသွားသော အခြေခံဥပဒေကြီးသည် ပစ္စည်းပိုင်ဆိုင်ခွင့်အပေါ်တွင် အခြေတည်၍ ရေးသားခဲ့ကြ၏။ သက္ကာယဒိဋ္ဌိကို အခြေတည်၍ ရေးသား၏။

ကွန်မြူနစ်တိုင်းပြည်များ၌ လူတိုင်းလူတိုင်း၏ပိုင်ခွင့်တွေကို နိုင်ငံတော်က(ဝါ) State က ချုပ်ချယ်ပြီး နိုင်ငံကြီးပွားအောင် လုပ်နေကြ၏။ ထိုသည် ဤသို့ပြုလုပ်ရာတွင် အောင်မြင်သည်ဟု ကျွန်ုပ်တို့ ယူဆပါ၏။

အနုမြူဗုံးကို သူတို့ပိုင်နေ၍ သူတို့ပေါ်လစီကို ထိမ်းထားနိုင်ကြ၏။

ကျွန်တော်တို့၏ အယူအဆအားဖြင့် ပစ္စည်းပိုင်ခွင့်ကို မပေးသော တရားမျှတမှုတစ်ခုကို အခြေတည်၍ ဆုံးဖြတ်လျှင် မြန်မာတိုင်းရင်းသားတို့က ခံနိုင်ကြမည် မထင်ရေ။ အကယ်၍ ခံနိုင်ကြောင်းကို သက်သေထင်ရှား ပေါ်လာလျှင် ကျွန်တော်၏ အယူအဆ မှားသည်ဟု ယူဆကြပါတော့ဟု ရေးပါရစေ။

## ဘယ်တွေတွေ့တွေ

မြန်မာနိုင်ငံ၌ ရုံးဆေကလေးများသည် မပိုင်သော စက်ဘီးဖြစ်၍ တမင်ချိုးပစ်ကြ၏။ စက်ဘီးကို မဖျက်လျှင် ဖျက်အောင်စီးကြ၏။ သူပိုင်ဆိုင်လျှင် စက်ဘီးကို တသသနှင့် အရိပ်ကြည့်နေကြသည်ကို ကျွန်တော်တို့သည် တွေ့ကြရ၏။

တော်လှန်ရေး ခေတ်မပေါ်မီက ဆိုရှယ်လစ်ပန်းတိုင် ချီတက်ကြမည်ဟု သစ္စာအဓိဋ္ဌာန်ပြုကြသော ခေါင်းဆောင်တွေသည် နိုင်ငံတော်၏ နာမည်ကြီးနှင့် နတ်ကွန်းဆောက်လုပ်သောဖြစ်ရပ်တွေကို တွေ့နေကြရကတည်းက သူတို့၏ ဆိုရှယ်လစ် ပန်းတိုင်သည် ရွှေလှနန်းနှင့်ရွှေကျား သက်ကယ်ဆိတ်သွားသော ဒဏ္ဍာရီတစ်ခုသာ ဖြစ်နေတော့၏။ မဟုတ်ပါဘူးဟု ငြင်းဆိုကြမ်းပါဟု ကျွန်တော်တို့က ရေးပါရစေ။

ဤအကြောင်းတွေကို ရေးနေရခြင်းမှာ အခြားကြောင့် မဟုတ်ရေ။

အခြေခံဥပဒေရေးလျှင် ဤသဘောတွေကို မထည့်ရှိမဖြစ်သဖြင့် ရေ
ခြင်းဖြစ်ပါ၏။

ရွှန်လူးဇစ်(စ်)အမည်ရှိသော စာရေးဆရာမ ဆိုဗီယက်ယူနီယ
"ဆိုဗီ ယက်-ဇစ်လိုဆိုဗီ" ခေါ် စာအုပ်ရေးရာတွင် Super-natu
အင်အားစုကို တိုက်ရန်လိုကြောင်းကိုရေးရာ ထိုသဘောကို ဗုဒ္ဓဘာသာ
တွေက လက်ခံကြရပေမည်။

ကမ္ဘာကို ဖန်ဆင်းသောအယူကို ဗုဒ္ဓက ပယ်ခဲ့၏။

သို့သော် တော်လှန်ရေး မပေါ်မီက အစိမ်းသေ၊ နတ်တွေ ပူဇော်
အလေ့အထကြီးသည် ခေါင်းထောင်လာခဲ့ကြ၏။

ကျွန်ုပ်တို့သည် လူ့သမိုင်းက ပေးသောဖြစ်ရပ်တွေကိုဖြစ်ရပ်
လက်ခံ၍ ရေးနေပါ၏။

ပိုင်ဆိုင်မှုမပေး၍ ထွက်ကုန်လုပ်ငန်းတွင် ကုန်ပစ္စည်းတွေ ပျော
လာကြောင်းကို ကွန်မြူနစ်ပါတီမှ ထုတ်ပစ်ခြင်း ခံရသူတွေက ရေးသာ
လာကြ၏။ အကျယ်မရေးလိုပါ။

လောက၌ ပတ်ဝန်းကျင် ဟူသရွေ့သည် လေနှံ ဓားထစ်တရား
အဖြစ်တည်၍ မနေကြောင်း၊ အစဉ်ပြောင်းရွှေ့နေကြောင်းကို ကွန်မြူ
တွေက ရေးနေရာသူတို့စကားအရသုံးရလျှင်-

"ကွန်မြူနစ်" စနစ်သည် တစ်နေ့သော် ခေတ်နောက်တွင်ကျ
သော စနစ်ကြီးတစ်ခု ဖြစ်ပါလိမ့်မည်ဟု ကျွန်တော်ယူဆပါ၏
အခါတစ်ပါးက ကျွန်တော်တို့သည် ဘဝင်နိမ့်ခဲ့၍ ကွန်မြူ
တိုင်းပြည်များကို နယ်ချဲ့တွေဟု မဆိုရဲခဲ့ကြချေ။

ယနေ့သူတို့သည် နယ်ချဲ့ခေါက်ခေါက်တွေ ဖြစ်သည်ဟု ပြော
ကြချေပြီ။ သူတို့နယ်ချဲ့ခြင်းကိုပင် အချို့ကကြိုဆိုနေကြလေပြီ။

လူသားတွေ၏ လွတ်လပ်ခြင်းကို ကိုးကွယ်သော စနစ်ကြီးတ
အဖြစ်(ဝါ)ဘာသာတရားကဲ့သို့ ယူဆလာသော သူများတွင် ကျွန်
ပါဝင်ပါ၏။ ပေါက်လွှတ်ပဲစားခြင်း(ဝါ) Liscense နှင့် လွတ်လပ်
တခြားစီထား၍ ယူဆကာလူ့မှုအသိုက်အအုံကို တည်ဆောက်၍ လေ
ရ၏။

လူမှုအသိုက်အအုံကို ပညာပေး၍တစ်မျိုး၊ တော်လှန်၍တစ်ဖုံ ပြင်ဆင်ရာနဲ့ရသည်မှာ မြတ်စွာဘုရား မပွင့်မီက ဖြစ်ခဲ့ပါသည်။ ကမ္ဘာ့သမိုင်းစဉ်ည် ဘုရားမပွင့်မီက စခဲ့ပါသည်။ လွတ်လပ်ခြင်း၏ အရသာကို အကိုးကားနှင့်တကွ ဆက်လက်၍ ကျွန်တော်တို့က ဖော်ပြပါဦးအံ့။

■

[၃၄]

နိုင်ငံသည် လွတ်လပ်ပါပြီဟူ၍ တညီတညွတ်တည်း ကြေညာလွတ်လပ်ရေးကိုသတင်းစာဆရာတွေကအစ နိုင်ငံသူနိုင်ငံသားသည်ညီခဲ့ကြ၏။ သို့သော် ကျွန်တော်တို့ မသိသော မမြင်သောနိုးသော အစိတ်အပိုင်းတွေများစွာရှိ၏။

ဘာဘာဦးကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်စဉ်က ကျွန်တော်ပြောက်ခဲ့ကြ၏။ ထိုအခါက အရှင်ဦးဥတ္တမကို တရားစီရင်ခဲ့တွေကိုလည်းကောင်း၊ ဆာဂျစ်ကိုအပြစ်ပေးခဲ့သော အစိတ်ကိုလည်းကောင်း၊ ဖဆပလအတွင်းတွင် ပြောဆိုခဲ့ကြ၏။

အကြီးဆုံးဖြစ်သော တရားလွှတ်တော်ချုပ်မှ တရားသူကြီးတစ်ဦးကို နိုင်ငံတော်သမ္မတရွေးချယ်ရာတွင် သင့်လျော်သောသင့်လျော်သောပုဂ္ဂိုလ်တစ်ဦးတော့ ရပြီဟု ယူဆသူတော့ ရှိသင့်ပါ၏။

လွှတ်တော်ချုပ်က ပုဂ္ဂိုလ်ကို သမ္မတနေရာသို့ အစဉ်အလာကောင်းတော့နေ့။

ကြောင်းနေသော တရားစီရင်မှု" မဲနှင့်တုံးဆေးသတ္တုသော ထင်မြင်ချက်နောက်မှကျွန်တော်တို့ ရခဲ့ကြသည်။

ကြောင်းသည်၊ မကောင်းသည်" ဟူသောစကားကို ကျွန်တော်တို့ချေ။ တစ်နည်းအားဖြင့်ဆိုလျှင် ကျွန်တော်တို့သည် ပေးပိုးခဲ့

[၃၉]

ပြည်ထောင်စုမြန်မာနိုင်ငံအတွက်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပ

တစ်ခုတော့ မရေးရှိမဖြစ်ပါ။

ဤတာဝန်ကြီးမှာ လက်ရှိတော်လှန်ရေးအစိုးရ၏ တာဝန်ကြီးတ

ဖြစ်နေပါ၏။

တစ်နည်းအားဖြင့်ဆိုလျှင် လက်ရှိတော်လှန်ရေးအစိုးရ၏ သာသနာ

လုပ်ငန်းကြီးတစ်ခု ဖြစ်နေ၏။ တစ်နည်းအားဖြင့် ထပ်လောင်း၍ ကျွ

တို့ကရေးရလျှင် Mission ကြီးတစ်ခု ဖြစ်နေ၍ ဤ "အဘယ်ကြော

ပါလီမန် ဒီမိုကရေစီ ကျဆုံးရသလဲ" ဟူသော အကြောင်းကို ဆောင်

ရှည်အဖြစ် ယခုရေးနေရခြင်းဖြစ်ပါ၏။

**လွတ်လပ်ခြင်း၏အင်အား**

ရွှန်လူးဝစ်(စ်)အမည်ရှိသော စာရေးဆရာက လွတ်လပ်ခြင်းတွ

အရင်းရှင်၏ လွတ်လပ်ခြင်း၊ ပစ္စည်းမဲ့တို့၏လွတ်လပ်ခြင်းဟူ၍ ခွဲ

သည်ကို ကျွန်တော်တို့ လက်မခံနိုင်ကြောင်းကို ယခုရေးနေရခြင်းဖြ

သည်။

ကျွန်တော်တို့အယူအဆမှာ လွတ်လပ်ခြင်းမှာတစ်မျိုးတည်းသာ

သည်ဟု ယူဆပါ၏။

**အကိုးအကားတစ်ခု**

ဟာတ်ချစ်ဆန်၏ နိုင်ငံအချင်းချင်းဆက်သွယ်ရေးဆိုင်ရာ ကျမ်းပြုဆရာများ၏ လီမိတက်–

(Hutchinson International Authors Ltd) မှ ထုတ်ဝေသော "လွတ်လပ်စွာ ထုတ်ဖော်ခွင့်" ဟူသော စာအုပ်မှ လိုအပ်သော စာပိုဒ် တစ်ပိုဒ်ကို ကျွန်တော်တို့က ကိုးကားလိုပါ၏။

ဘာသာပြန်ချက်ကို ပထမဦးစွာ ဖော်ပြပါရစေ။ ဘာသာပြန်ချက်ကို တင်ပြပြီးမှ မူလစာကို ဖော်ပြလိုပါ၏။

လူသားတွေ၏ စိတ်ဓာတ်အင်အားကို အပြည့်အဖြိုးသုံးလိုလျှင် စိတ်ဓာတ်သည် လွတ်လပ်ရမည်။ တိုးတက်ပေါက်ဖွားရန် လွတ်လပ်ရမည်။ ပင်ကိုစိတ်ကို လွတ်လပ်စွာ ဖော်ထုတ်ရမည်။ မှားယွင်းဖို့ရန်ပင် လွတ်လပ်ရမည်။ အမှားကိုလုပ်ပြီးလျှင် မှန်အောင် ထပ်မံကြိုးစားရမည် . . . ဟူ၍ ရေးသားထား၏။

မူလ စာကိုယ်မှာ–

" . . . The human mind, If it is to devote to the full measure of its potentialitles,must be Free: Free to grow Free to express Itself free to blunder to make mistakes and try again . . ."

× × ×

အထက်ပါသဘောကို လက်ခံ၍ တရားမျှတမှုစနစ်တစ်ခုရေးလျှင် အနောက်ဒီမိုကရေစီ၏တရားမျှတမျှစနစ်ကိုယူပါဟု ကျွန်ုပ်တို့ ရေးသားနေခြင်း ဖြစ်ပါ၏။

ဥပမာတစ်ခုကို ဆက်လက်၍ ကျွန်တော်သည် ဖော်ပြပါအံ့။

ကွန်မြူနစ်နိုင်ငံများ၌ မိုးမှုရှိ၏။ သို့သော် ပြည်သူ့ပစ္စည်းကို မိုးလျှင် မိုးမှုဖြစ်၏။ ပုဂ္ဂလိကပိုင် ပစ္စည်းကိုမိုးလျှင် မိုးမှုမဟုတ်ချေ။ အားလုံးသော ပစ္စည်းများကို အစိုးရက သိမ်းထားရကား–ပုဂ္ဂလိကပိုင် ပစ္စည်းဟူ၍ ကွန်မြူနစ်နိုင်ငံများ၌ မရှိသလောက်ဖြစ်နေ၏။

ကျွန်တော်တို့ တိုင်းပြည်သည် ကွန်မြူနစ်တိုင်းပြည်ဖြစ်သွားလျှင် ပစ္စည်းမဲ့လူတန်းစားတို့၏ တရားမျှတမှုစနစ်ကို သုံးရပေမည်။ အမှန်မှာ ဤစကားမျိုးကို ရေးနေရန်မလိုပါ။ အုန်းသီးဝယ်လျှင် အုန်းရည်ပါရမြဲဖြစ်ပါ၏။

**ပြည်သူပိုင်မလုပ်ကိုရှုံးမဟုတ်**

ဤသို့ရေးနေရာ ပစ္စည်းဟူသရွေ့ ပြည်သူပိုင်လုပ်ခြင်းကို ကျွန်တော်တို့က ကန့်ကွက်နေ၍မဟုတ်ချေ။

ပြည်သူပိုင်လုပ်ဖို့မှာ သုစ်ပင်ကလေးများပမာ ဖြစ်စရှိယူရသော ကမ္ဘာသမိုင်းကို မော်ပြပါရစေ။

ကမ္ဘာ၏ စာတိုက်ဌာနသည် မူလက ပုဂ္ဂလိက လုပ်ငန်းပင် မဟုတ်လော။

အရပ်သုံးစကားအရ ကြိကြိဖန်ဖန် စကားအသုံးအနှုန်းကို ယူ၍ ရေးရသော် လူတစ်ယောက်က အခွန်တော်ပြီးစာတွေကို မြင်းနှင့်ပို့ပြီး အခကြေးငွေယူသည်မှစ၍ စာတိုက်ဌာန ပေါ်လာရသည် မဟုတ်လော။

လူသွားလမ်းတွေကို ပုဂ္ဂလိကပိုင်လုပ်၍ ရသလော။

ပါလီမန်သတင်းယူသောအလုပ်မှာ မူလက လူတစ်ယောက်၏အလုပ် မဟုတ်လော။ ယနေ့ အစိုးရက သိမ်းထားပြီးမဟုတ်လော။

မီးရထားအလုပ်မှာ ကုမ္ပဏီတစ်ခု၏ အလုပ်မဟုတ်ခဲ့ဘူးလော။ ယနေ့ အစိုးရ အလုပ်ကြီးတစ်ခုဟု ဖွဲ့နေကြပြီမဟုတ်လော။

ဤသို့ သိမ်းနိုင်သည့် အခါတွင်ပင် ပုဂ္ဂလိကပိုင်ခွင့် ရှိနေသေး၏။

ကမ္ဘာကြီးသည် ပြားသည်ဟု လွတ်လပ်စွာယူဆလာကြ၏။ နက္ခတ်တာရာကိုကြည့်သော မှန်ပြောင်းတွေ ပေါ်လာရာမှ လွတ်လပ်စွာတွေး၍ ကမ္ဘာကြီးလုံးနေ၏ သိလာကြရပြီ မဟုတ်လော။

လွတ်လပ်စွာ မတွေးရဘူးဟု တရားသေကြိုးလုပ်ထားခဲ့သမျှ မှားခဲ့ကြပြီ မဟုတ်လော။

လွတ်လပ်စွာ တွေးသော နိုင်ငံသားစိတ်ကို ချုပ်၍မထားလိုသဖြင့် လွတ်လပ်ခြင်းကို ဘဝသာရေး အယူအဆကြီး တစ်ခုပမာ ကျွန်တော်တို့

ပြုသလောကြ၏။ ၎င်းသည် ကုန်လွန်ခဲ့ပါပြီ။ ကျွန်ုပ်တို့၏ ဥပဒေသည် တရား

ကွန်မြူနစ်စံနစ်လောကထဲမှ အကြိမ်ကြိမ်ထောင်ကျခံ၍လွတ်လပ်စွာ

တွေးနေသူတွေသည် ယူဆနေ့အဖို့မှာ များနေ၏။ အရင်းရှင်လောကထဲမှ

လွတ်လပ်စွာတွေးတောခြင်း လက်ခံကြ၏။ ထောင်ရှိသူတွေမှာ အဘယ်မျှ

အနာခံကြရသလဲ။ ၎င်း၏ စနစ်သည် အမေရိကန် ပြည်ထောင်စုသို့ပင် ပျံ့နှံ့

ယနေ့ သိနေကြပြီ မဟုတ်လော။

လွတ်လပ်စွာ တွေးတောခြင်းကို အခြေခံသည့်သော တရားမျှတမှုစံနစ်

သည် အကောင်းဆုံးပါဟု ကျွန်တော်တို့က ရေးပါရစေ။

တရားမျှတမှုစနစ်ကို အုတ်မြစ်ချလျှင်အနေနှင့် ဒီမိုကရေစီ၏

တရားမျှတမှုစနစ်ကို ကျွန်တော်တို့ ဆွေးနွေးရပေမည်။ ၎င်းနှင့်ပြည်စလုံး

ကိုလက်ခံ၍ထားပါသည်။ အကောက်တွန်းနိုင်ငံပြည်၏ဥပဒေမှာ

[illegible] ပြည်သူတို့ကျင့်သုံးရသောအရာများ[redacted]ကိုတွေ့ကြရပါ၏ ဟူ၍ ရေးသား

[illegible]

ကျွန်တော်တို့က အစလေးအနက်ဖြစ်၍ ရေးနေခြင်းမှာ

တရားမျှတမှုဟူသည် အုတ်ချပ်ကလေးများကဲ့သို့ တည်ဆောက်ရ

[illegible] မောင်ဖြစ်နေရခြင်းဖြစ်ပါ၏။

ဤသို့လူသိများတွေက အစလေးအနက်ဖြစ်နိုင်ကြ၍ ဖြတ်သုံး(Ruling)

ရကြ၏။

[illegible]ကိုတွေကို ညှိပြီးလျှင် တရားမျှတရေးသမားများက တရားမျှ

[illegible] ဤကမ္ဘာ့ဖွံ့ပေါ်ရာမြဲဖြစ်၏။

[illegible]

[illegible] နေနိုင်၏

[illegible]သူတို့မှာ အထောက်ပါသောသောများကို မလေးစားလိုဘူးဟု ဆိုလို

[illegible]နိုင်ကြပါ၏။

[illegible]လျှင် မြို့တော်ပေါင်းကိုးသွားရမယ်ဟု မည်သည့်အစိုးရကမဆို

[illegible]ပြောနိုင်၏။ ဤအကြောင်းဥပဒေကို မရှိသေးလျှင် မရှိသေးသူကို မစ်၍

[illegible]ကြ၏။

ဤသို့ဆိုလျှင် ဘယ်အချိန်အထိများ တရားမှုနိုင်ကြမည်လဲ။

[၄၀]

# အရှယ်ရောက်သူတိုင်း ဆန္ဒမဲပေးခွင့်ရခဲ့ကြရာမှ ဘာတွေပေါ်လာကြသလဲ

ဤစာရေးနေသော အချိန်သည် တော်လှန်ရေးကောင်စီအစိုးရ ပေါ်လာရာ (၂)လ စေ့ဖို့ရန် ၅ ရက်သာ လိုပါတော့သည်။

ဤအတောအတွင်းတွင် လက်ရှိနိုင်ငံရေးပါတီများမှ ထောက်ခံကြ သည်ဟူသော အသံများကိုသာ သတင်းစာတွင် ဖတ်ကြရပါသည်၊

သို့သော် လျှို့ဝှက်ပြောဆိုသံများကို ကြားလည်း၊ မကြားစကောင်း ဈေး။ ကြားသည့်တိုင်အောင် အသိအမှတ်မပြုသင့်ပါဟု ကျွန်ုပ်တို့ ယူဆပါ၏။

သို့သော်

“သို့သော် ပြီးစီးခဲ့တာတွေကို ဘာကြောင့် စမြုံ့ပြန်နေရသလဲ” ဟူသော အသံများကိုပေးလျှင် ကျွန်ုပ်တို့က ထိုလေသံကိုစောစောက ကြိုတင်၍ ဖြေရပေလိမ့်မည်။

ထိုလေသံသည် မည်သည့်ဥပမာနှင့်တူနေသလဲ ဖြေရပေလိမ့်မည်။

လူတစ်ယောက်ကိုသတ်ပြီးသည့်နောက် “သတ်ပြီးတာ ပြီးပလေ့စေ ပေါ့။ ဘာကြောင့် စမြုံ့ပြန်နေရတာလဲ”ဟု ဆိုပုံနှင့်တစ်ထေရာတည်း တူနေတော့၏။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီး ကျိုးကျသလား၊ မကျိုးဘူးလား ဖြေကြပါ။

ကျိုးကျလျှင် ဒီအတိုင်းလက်ပိုက်ကြည့်နေကြရမှာလား။

နောက်ထပ် အခြေခံဥပဒေမရေးကြရတော့ဘူးလား။

အခြေခံဥပဒေမှ မရေးရသေးဘူး ရွေးကောက်ပွဲလာလျှင် ငါတို့ပါရအောင်ဆိုပြီး နယ်ထွက်ပြီး မဟုတ်က ဟုတ်က အတင်းပြောခြင်းသည် တရားသလောဟူသော မေးခွန်းကိုကျွန်တော်တို့က မမေးကြရဘူးလား။

အာဏာရတိုင်း မှန်ခဲ့သလောဟူသော မေးခွန်းကို မမေးဘူးလား။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံတစ်ခုဖြစ်မြောက်ရန် မည်မျှကြိုးစားအားထုတ်ကြရသည်ကို လေ့လာရန်အထူးသဖြင့် ဖဆပလဥက္ကဋ္ဌ ချုပ်မှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော The New Burma in the new World ခေါ်စာအုပ်ကို ပြန်၍လေ့လာကြရပေမည်။

မြန်မာဘာသာဖြင့် ပြန်ဆိုလျှင် "ကမ္ဘာသစ်ရှိ မြန်မာနိုင်ငံသစ်"ဟူသော အဓိပ္ပာယ်ကို ရပေသည်။

ထိုစေတ်က ပြဿနာမှာ အင်္ဂလိပ်အစိုးရနှင့် မြန်မာနိုင်ငံအာဏာလွှဲပြောင်းပုံကို ရေးသားထားၡ၏။ ဖြစ်ရပ်များကို စုဆောင်းသော မြန်မာတွေယနေ့ထက်တိုင် ရှိနေကြ၏။

**ယနေ့အရေးမှာ**

ယနေ့ ကျွန်တော်တို့နှင့်ရင်ဆိုင်သောအရေးမှာ အင်္ဂလိပ်နှင့် ဆက်ဆံရေးအလျှင်းမပါတော့ချေ။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားများသည် အဘယ်မည်သောအခြေခံအုပ်ချုပ်ရေးစနစ်နှင့် ထိုက်တန်ကြသလဲဟူသော အမေးကိုဖြေရန်သာ ရှိသော့၏။ လွတ်လပ်ရေးမှာ ကျွန်ုပ်တို့လက်ဝယ်တွင်ရှိနေ၏။ လွတ်လပ်ရေးမှာ မဆုံးရှုံးချေ။ သို့သော် မူလရေးဆွဲသော အခြေခံဥပဒေသာ ကျဆုံးနေသည်ကို ကျွန်တော်တို့ ယနေ့ တွေ့နေကြ၏။

လွတ်လပ်ရေးကို တော်လှန်ရေးကောင်စီက ယနေ့ထိန်းသိမ်းထား၏။ ဤဖြစ်ရပ်မှာ ငြင်း၍မရသော ဖြစ်ရပ်တစ်ခုဖြစ်နေ၏။

မရေးလျှင်မဖြစ်သော အခြေခံဥပဒေနှင့် စပ်လျဉ်းသောအစီတ်အပိုင်းများကို ယခု တင်ပြနေရခြင်းဖြစ်ပါ၏။

**နေသူရိန်**

လွှတ်လပ်ရေးမရမီက အင်္ဂလန်ဘာရာကြည်ညီဖွယ်ရာဟု ကျွန်တော်တို့ ဖွဲ့လာခဲ့သော စကားလုံးကလေးများကို ကြားခဲ့ကြရ၏။ မှတ်ခဲ့ကြရ၏။

စောဖော်သူများသည် ဤအရပ်ဆက်နေရင်း မှတ်မိကြပါလိမ့်မည်။

ယခုနေ့ သူသာနိုင်ငံဖြစ်နေသော ကိုယ်မင်းကိုယ်ချင်းလက်အမှတ် ၈ မှလာသော လမ်းမကြီးခရီးနှစ်ချပ်၏ အရှေ့ဘက်ကန်တော်ကြီး၏ အနောက်ဘက် ရွှန်းမြို့ကလေးပေါ်တွင် ရုပ်ရှင်ရုံတစ်ရုံရှိခဲ့၏။

(ယခုနေ့မရှိတော့ပြီ)

ဤရုပ်ရှင်ရုံတွင် ၁၉၄၅ ခုနှစ်ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးကြီးမှာ နိုင်ငံရေးလမ်းစဉ်တွေကို ချမှတ်ခဲ့၏။

ထိုခေတ်က သတင်းစာများက နေသူရိန်အဆုံးအဖြတ်များကို ပြည်သူ့ကာယံစာင်ရေးစာချုပ်ကြီး Magna Carta ဟုချီးပင့် ရေးသားထား၏။

ထိုအစည်းအဝေးတွင် စစ်ဗိုလ်များက သယ်ချ၍သွားကြ၏။ ထိုအစည်းအဝေးကို တက်ရောက်သူများထဲမှ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်သွားခဲ့၏။

ထိုအစည်းအဝေးကြီးမှ "အရွယ်ရောက်သူတိုင်း ဆန္ဒမဲပေးနိုင်ခွင့် ကိုယ့်အစိုးရ ကိုယ်ဆုံးဖြတ်ခွင့်" ဟူသော စကားများမှာ ကြည်ညီလေးစားဖွယ်ရာ အကောင်းဆုံးဖြစ်ခဲ့၏။

အဆိုပါလမ်းစဉ်များကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် တရိုတသေ ထည့်သွင်းပြီးသားဖြစ်ခဲ့၏။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၇၆ (၁)(၂)(၃)(၄)တွင် အကျယ် ထည့်သွင်းနိုင်ခဲ့ပါ၏။

နေသူရိန် အောင်မြေကိုနင်း၍ တိုက်ခဲ့သသူ ပြည်သူတွေသည် အောင်မြင်ခဲ့ကြပါ၏။

မအောင်မြင်သော အစိတ်အပိုင်းများကို ကျွန်တော်တို့တွေ့ခဲ့ကြရပါပြီ။ ရိုးရိုးဂုဏ်လေးတွေ့ခဲ့ကြခြင်းမဟုတ်၏ ဆွေးစိမ်းသွင်သွင်စီးယိုကျသော ဘဝခရီးမှုနှင့် သိခဲ့ကြရပါသည်။

ဘယ်လိုများပြင်ဆင်ကြမှာလဲ။ မိုင်း သို့မဟုတ် ရာဇဝင်ရေးသူတို့
မိမိတို့ယုံကြည်ချက်ကို ဖွင့်၍ရေးပါရစေ။ ကျွန်တော်တို့၏ ထင်မြင်
ချက်သည် မှားလျှင် မှန်အောင်မြင်ချက်ကို ပေးကြပါဟု ပန်ကြားပါ
ရစေ။ ...ရှိသေ၍လည်းကောင်း တရားလွှတ်တော်ချုပ်သို့တက်၍ အဆုံး
...ကောင်းခဲ့၏။ (တရားလွှတ်တော်ချုပ်တွင် မှတ်တမ်းရှိပါ၏)။
...ရားလွှတ်တော်ချုပ်မှ ပြတ်[redacted]သေသော ဖြတ်ထုံးရေးခဲ့ရေး။
...နေတာစိဦးက "နာမည်ကြီးချင်လို့ အမိုးရကို တရားစွဲသည်"ဟုပင်
...၅-ဦး၏ရေ့နေကို ဆိုသေး၏။
...တ်လပ်ရေးတိုက်ပွဲများတွင် ကိုယ့်အရေး ကိုယ်တိုင်ဆုံးဖြတ်လို
... ကျွန်တော်တို့ဆိုခဲ့ကြ၏။
(Self determination) ပေးပါဟု ကျွန်တော်တို့က ဆိုခဲ့ကြပါ၏။
...တော်လှန်ရေးမပေါ်မီက မြန်မာနိုင်ငံကို မြန်မာတိုင်းရင်းသားအချင်း
...စိုးကြရာ ကိုယ့်အရေးကို ကိုယ်တိုင်ဆုံးဖြတ်ခဲ့ကြပါသွား။ မင်းလို
...ကြိုက်လုပ်သောဘုရင် အရေးမဲ့ ဥပဒေကြီး ထိုးကျခဲ့ရပါသည်
...သူတွေကို ကျွန်တော်က ထင်ဆက်ပါစေ။
...ဤတချွက်၌ တရားမင်း ၂ မင်း ပေါ်နေကြောင်း၊ အဘယ်မည်သော
...တမှုစနစ်ကို လက်ခံကြမည်လဲဟူသော အမေးကို ဆက်ပေါက်၍
...အဲ့။

[ ၄၁ ]

# ကြမ်းပေါက်ကြားထဲက ဖဲ ၃ ချပ်ကို ထိုးပေးသော အစိတ်အပိုင်း

ကျွန်တော်တို့အားလုံး ဦးလည်မသုန်တညီတညွတ်တည်း အရွယ်ရောက်သူတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိရမည်ဟူသော သဘောကို အခြေခံဥပဒေတွင် ထည့်သွင်းခဲ့ပါပြီ။

ပုဒ်မ ၇၆ (၁)၌ အသက် ၂၁ နှစ်ပြည့်သည့်အပြင် ဤအခြေခံဥပဒေက သော်လည်းကောင်း၊ တရားဥပဒေကသော်လည်းကောင်း လိုအပ်သော အရည်အချင်းချို့ငဲ့သည်ဟု ပြဋ္ဌာန်းထားခြင်းမခံရသော နိုင်ငံသားတိုင်းသည် ပါလီမန်အမတ်အဖြစ်ဖြင့် အရွေးခံခွင့်ရရှိရမည်ဟူ၍ ရေးသားထား၏။

အရပ်စကားအရ ရေးရသော် ရူးမသွပ်လျှင်လည်းကောင်း၊ သတ်မှတ်ထားသော ရာဇဝတ်မှုမကျူးလွန်လျှင်လည်းကောင်း၊ ရုံးက အပြစ်ပေးခြင်းမခံရလျှင် အသက် ၂၁ နှစ်ရှိလျှင်၊ ငွေ ၂၀၀ တင်သွင်းလျှင် ပါလီမန်အမတ်အဖြစ် အရွေးခံနိုင်သည်ဟု ဆိုလိုရင်းပင်ဖြစ်၏။

ပုဒ်မ ၇၆ အပိုဒ်ငယ် (၂)တွင် ဖော်ပြထားပုံမှာ၊

အသက် ၁၈ နှစ်ပြည့်၍ တရားဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သည့်ပြင် ပါလီမန်အတွက် အမတ်ရွေးကောက်ခြင်းတွင် တရားဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော နိုင်ငံသားတိုင်းသည် ပါလီမန်

အတွက် ရွေးကောက်ပွဲတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိရမည်ဟူ၍ ရေးသားထား၏။

ဤနေရာတွင် အင်္ဂလိပ်စာမူ (Right) ကို ပိုင်ခွင့်ဟူ၍ ဘာသာပြန်ဆိုထား၏။

အရပ်သုံးစကားအားဖြင့်ရေးရသော် ရွေးမသွပ်လျှင်လည်းကောင်း၊ သတ်မှတ်ထားသော ရာဇဝတ်မှုတစ်ခုခုကျူးလွန်၍ အပြစ်ပေးမခံရလျှင်လည်းကောင်း မဲဆန္ဒပေးနိုင်သည်ဟု ဆိုလိုရင်းပင်ဖြစ်၏။

အပိုဒ်ငယ် (၃)၌ ပါလီမန်အမတ်ဖြစ်နိုင်ရေးအတွက်သော်လည်းကောင်း၊ ပါလီမန်အမတ်ရွေးကောက်ပွဲတွင် မဲဆန္ဒပေးနိုင်ရေးအတွက်သော်လည်းကောင်း ဖွဲ့စည်းပုံအခြေခံအရည်အချင်းမျိုး မထားရှိရဟူ၍လည်းကောင်း ရေးသားထား၏။

အရပ်သုံးစကားအရ ရေးရသော် ချမ်းသာ၊ ဆင်းရဲနွမ်းပါးသည်ဖြင့် ပေးနိုင်သူတွေမဟုတ်၊ လူမှန်လျှင် ဆန္ဒမဲပေးနိုင်သည်ဟု ဆိုလိုရင်းပင်ဖြစ်၏။

အပိုဒ်ငယ် (၄)တွင် ပါလီမန်ဖြစ်နိုင်ရေးအတွက် မည်သည့်နိုင်ငံသားကိုမျှ ကျား၊ မ ဘာဝကိုသော်လည်းကောင်း၊ ကိုးကွယ်ရာဘာသာကိုသော်လည်းကောင်း အကြောင်းပြု၍ လိုအပ်သောအရည်အချင်းချို့ငဲ့အောင် ဥပဒေမပြုရ သို့တည်းမဟုတ် ဆက်လက်၍အတည်မဖြစ်စေရ။ ပါလီမန်ရွေးကောက်ပွဲများတွင် မဲဆန္ဒပေးနိုင်ရေးအတွက်လည်း မည်သည့်နိုင်ငံသားကိုမျှ အထက်ပါ အချက်များကိုပင် အကြောင်းပြု၍ လိုအပ်သောအရည်အချင်းပျက်ပြွင်းအောင် ဥပဒေမပြုရ၊ သို့တည်းမဟုတ် ဆက်လက်၍အတည်မဖြစ်စေရဟူ၍ရေးသားထား၏။

အရပ်သုံးစကားအရ ရေးရသော် ဥပဒေအရ မြန်မာဖြစ်လျှင် (ဝါ) နိုင်ငံသားဖြစ်လျှင် ဆန္ဒမဲပေးနိုင်သည်။ အိန္ဒိယသား၊ တရုတ်လူမျိုးတွေ နိုင်ငံသားဖြစ်လျှင် ဆန္ဒမဲပေးနိုင်သည်။ အမျိုးသမီးတွေ ဆန္ဒမဲပေးနိုင်သည်။ ခရစ်ယာန်၊ မူဆလင်တွေ ဆန္ဒမဲပေးနိုင်သည်ဟု ဆိုလိုရင်းပင်ဖြစ်၏။

ထိုအပုဒ်အကြောင်းကို ရာဇဝင်ရေးလျှင် ရှည်လွန်းပေမည်။ ဥပဒေဟူသည် ရာဇဝင်က ပေါက်ပွားရခြင်းဖြစ်၏။

လူ့ပိုင်ခွင့်ဟူသည်မှာ ရှေးဟာ အကျန်ယူ ဟူ၍ ဥပဒေက ဆိုထား၏။

အချုပ်ရုံးသရေစါ

မြန်မာတိုင်းရင်းသားတွေမှာ ရိုင်းစွင့်တွေကို အရေးတော်ရွ

တန်ဖိုးတစ်ခြားသောမှ မရှိခဲ့သည်ကို ကျွန်တော်တို့တွေ့ကြရ၏။

ကမ္ဘာ့သန္နိဋ္ဌာန်ဆိုင်ရာ ရှေတွေ ဆန္ဒမဲပေးပိုင်ခွင့်တစ်ခုရရှိရေး ထွ

သောခဲ့ကြရ၏။ တိုက်ပွဲဖြစ်ခဲ့ကြ၏။

သူများနိုင်ငံက ပိုင်ခွင့်တွေကို ကျွန်တော်တို့က နှိုး၍ချခဲ့ကြရာ လုံးဝ

တစ်ထည်နှင့် မဲတစ်မဲ ရနိုင်ခဲ့ကြ၏။

အမျိုးသမီးတွေ ဆန္ဒမဲပေးပိုင်ခွင့်ရစေရန် အမျိုးသမီးတွေ အငြ

အထန် တိုက်ခဲ့ကြ၏။ မြန်မာနိုင်ငံ၌ တိုက်ခိုက်ရေး မလိုခဲ့ရ။ အ

ရခဲ့ကြ၏။

အခြေခံ၊ ပုဒ်မ (၇၆)တွင် ခြွင်းချက်တစ်ခု ရေးထား၏။

သဘောမှာ သံဃာတွေ ဆန္ဒမဲပေးနိုင်ရန် မဲစာရင်း၏ ""သ

ဝန်ထမ်း""များ ဆန္ဒမဲပေးရန် သို့မဟုတ် အမတ်ဖြစ်စေရန် ရေးသာ

၏။

အထက်ပါအတိုင်း အခြေခံဥပဒေပုဒ်မတွေကို ဖော်ပြပြီးပါပြီ။

ထိုပိုင်ခွင့်တွေကို ရခါစက ""ငါတို့ အောင်ပြီ၊ တကယ်အောင်ပြီ"" 

ကျွန်တော်တို့ ယုံကြည်ကာ စိတ်၏ ကျေနပ်မှုတစ်ခုရခဲ့ကြပါ၏။

လွှတ်တော်၏ လက်ဝယ်သို့

ဂါထာလေးတေးဖြစ်ကြခဲ့ရလေပြီ။ ကျွန်တော်တို့သည် ပထ္ထမြ

တစ်လုံးကိုကိုင်ပြီး ရွေးလေတွေကို ပေါက်ခဲ့ကြလေပြီ။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးတစ်ခုလုံး၏ အပျော်ပိုင်

ထိုအပိုင်းမင် ဖြစ်ရလေပြီ။ ကိုးမီးမဲပိုင်းတွင် ကုလားသုံးစီးမဲချပ် ၃ ချ

ကြမ်းပေါ်က ထိုး၍ပေးသော ဥပမာအရ ထိုပုဒ်မကိုကိုင်၍ လွှတ်

သည် လိမ်ခဲ့ကြလေသည်။ ဖြိမ်းခြောက်ခဲ့ကြလေပြီ။

အခြေခံဥပဒေကြီးတွင် တော်လှည်းသံကြီးပေး၍ ပြကျခဲ့ရာ ညှ

မှ စ၍ ကမ္ဘာကိုအသိပေး၍ ပြခဲ့လေပြီ။

မည်သူကိုမျှ လက်ညှိုးထိုး၍ အပြစ်မတင်ဘဲ မူလအပြစ်အနာ

ဘို့ရှာပြီးမှ အခြေခံဥပဒေကို ပြည်သူ့ကိုယ်စားလှယ်တွေက ရေးစေလို၍ ဤအပိုင်းကို ပုံကြီးချဲ့၍ ကျွန်တော်တို့က ရေးပါရစေ။

ရောဂါတစ်ခုကို ဆရာဝန်ကကုသရာ ဆေး၏သတ္တိနှင့်မရလျှင် လူနာ နေထိုင်သောအိမ်၏ရာသီဥတုကိုလိုက်ရ၏။ ရာသီဥတုပြောင်း၍ ရောဂါ မသက်သာပြန်လျှင် လူနာ၏စိတ်ဓာတ်ကို အကဲခတ်ရ၏။ ဤနည်းမှာ သိပ္ပံနည်းဟူ၍ ခေါ်ကြ၏။ တစ်နည်းအားဖြင့်ဆိုလျှင် (Law Of Induction) ပတ်ဝန်းကျင် ဖြစ်ရပ်ကိုရှာဖွေသော နည်းဟူ၍ ခေါ်ကြ၏။

ကျွန်တော်တို့ ဘာတွေချွတ်ယွင်းနေသလဲ–အသေးစိတ် ဆွေးနွေးကြပါစို့။

■

[၄၂]

## အရွယ်ရောက်သူတိုင်း ဆန္ဒမဲပေးခွင့်ရခဲ့ကြရာမှ ဘာတွေပေါ်လာကြသလဲ

အရွယ်ရောက်သူတိုင်း မဲဆန္ဒပေးစေသော ပိုင်ခွင့်တစ်ခု ရကြသဖြင့် ကျွန်တော်တို့ ဝမ်းမြောက် ဝမ်းသာဖြစ်ကြောင်းကို ဖော်ပြခဲ့ပြီးပါပြီ။

အဘယ်ကြောင့် ထိုသဘောကိုလက်ခံခဲ့ကြသနည်း . . .။

ထိုအခါက ယူဆချက်ကို ယနေ့ (၁၉၆၂–ဧပြီလ)ကနေ၍ ပြန်လည်သုံးသပ်ပါရစေ။

ပြဿနာတစ်ခုပေါ်လာလျှင် လူတိုင်းကို အသိပေးသောမှာ အစဉ်သဖြင့် မှန်သည်ဟူသောသဘောကို ယနေ့ထက်ထိ ကျွန်တော်တို့ လက်ခံပါ၏။

ထို့ပြင် "ငါတို့မှာ ဖဆပလအစည်းအရုံးကြီးတစ်ခုရှိသားပဲ"ဟု ကျွန်တော်တို့အားကိုးခြင်းမှာ အမှန်ပင်ဖြစ်၏။

ပြည်သူ၏ ထင်မြင်ချက်အင်အား (Public Opinion) ဟူသည် လူနည်းစုတစ်စုက ဖန်တီးယူရတာပဲ ဟူသော အတွေးအခေါ်များပေါ်တွင် စုံရပ်၍ ကျွန်တော်တို့သည် အရွယ်ရောက်သူတိုင်း ဆန္ဒမဲပေးစေခြင်းကို လက်ခံ၍ လာခဲ့ပါ၏။

ထိုအခါက ဝေဖန်သူအချို့က အခွန်ပေးနိုင်မှ ဆန္ဒမဲပေးစေသောနည်း၊ ထို့ပြင်စာဖတ်တတ်မှ ဆန္ဒမဲ ပေးစေသောနည်းများ အကြောင်းကို ပြောပြပါ၏။ ၎င်းဆန္ဒရှင်များအား ၁၈ နှစ်နှင့် ဆန္ဒမဲပေးနိုင်ခွင့် ပေးထား

၁၈ နှစ်ဆိုသော အသက်မှာ မငယ်လွန်းဘူးလားဟူ၍ မေးကြသေး၏။

၁၈ နှစ်မှ နှစ် ၂၀ အထိ တိုးမြှင့်လျှင်လည်းကောင်း၊ အမတ်ဖြစ်စေသောအသက်ကို ၂၁နှစ်မှ ၂၅နှစ်အထိတိုးမြှင့်လျှင်လည်းကောင်း၊ ထူးခြားနိုင်မည်ဟု ကျွန်တော်တို့မထင်ခဲ့ပါ။ ဤအချက်ကလေးတစ်ခုပေါ်တွင် ဆွေးနွေးလိုက ဆွေးနွေးနိုင်ကြပါ၏။

**ဥပဒေရေးခါက မမြင်သောရောဂါများ**

ကျွန်တော်၏ စွမ်းဆောင်နိုင်မှုကို အားကိုးသမျှသဲထဲရေသွန်ဖြစ်ခဲ့ကြ၏။ ထိုသို့ဖြစ်၍ ဆန္ဒမဲပေးပိုင်ခွင့်ကို ရုပ်သိမ်းကြစေဟုဆိုပြန်လျှင်လည်း ကျွန်တော်တို့သည် ချမှတ်ထားသောလမ်းစဉ်မှ သွေဖည်သူဖြစ်ပေဦးမည်။

ရောဂါတွေကို ကျွန်တော်တို့ ရှာကြည့်ကြပါစို့။ ရှာကြည့်ပြီးလျှင် ဘယ်နည်းနှင့်ရောဂါကို ကုစားကြမည်လဲ၊ ကျွန်တော်တို့အချင်းချင်း ကုစားနိုင်မှသာ ဆရာဝန်ခေါ်သလို လေ့လာထားသော ပါရဂူများကို ခေါ်ကြပါစို့။

အဘယ်မျှဆိုးသလဲ ဆက်လက်ဖော်ပြကြပါစို့၊ ငွေ ၂၀၀ ရုံးသို့ သွားပြီး တင်လျှင် ရွေးကောက်ပွဲဝင်နိုင်သဟာ–ဟူသော အသံကြီးတစ်သံ ဤနိုင်ငံ၌ ပေါ်လာခဲ့၏။

တကယ်ပြည်သူ့ဝန်ကို ထမ်းလိုသော စိတ်နှင့်နိုင်ငံရေးကို လေ့လာလိုကြလျှင် အမတ်လောင်းစာရင်းတွေကို စုဆောင်းနိုင်ပါ၏။ သတင်းစာတိုက်တိုင်းလိုလိုပင် အမတ်လောင်း စာရင်းကိုထည့်သွင်းခဲ့ကြ၏။

အစိုးရပြန်တမ်းတွေ(ဝါ)ဘားမားဂေဇက်တွေကို ရန်ကုန် မော်ကွန်းတိုက်တွင် သားရေဖုံးနှင့်ချုပ်၍ထားပါ၏။

ဘယ်တုန်းကမှ ရပ်ရေး ရွာရေးတွင် မပါဖူးသော . . .၊

ဘယ်တုန်းကမှရပ်သူ ရွာသားတွေ ဂရုမစိုက်သောသူတွေကိုပါ ကျွန်တော်တို့ မြင်ခဲ့ကြ၏။ လူတွေ၏ ပိုင်ခွင့်အရလုပ်ကိုင် ဆောင်ရွက်ခြင်းကို လက်ခံကြရမှာပဲဟူ၍ဆိုကာ ကျွန်တော်တို့သည် ကိုယ့်ကိုယ်ကိုယ်နှစ်သိမ့်ခဲ့ကြရ၏။

အဘယ်မျှခံကြရသလဲ ဆက်လက်ဖော်ပြပါရစေ။ မြန်မာစာကို

ကောင်းကောင်းမတတ်သူတွေပါ အမတ်လောင်း ဖြစ်လာကြ၏။

ထိုသို့သောသူများမှာ ပိုင်ခွင့်ရှိ၍ လုပ်ခြင်းသာ ဖြစ်သည်။ တသီး ပုဂ္ဂလတွေသာ ဖြစ်သည်ဟုဆိုမည်ကြံရာ ဤသို့မဟုတ်ပါ၊ တကယ် နိုင်ငံရေး ပါတီကြီးတွေ၏လက်ရွေးစင် အမတ်လောင်းထဲတွင် အဆိုပါပုဂ္ဂိုလ်များပါဝင်နေကြ၏။

အဘယ်မျှ အခံရကျပ်သလဲ ဖော်ပြပါရစေ။

ကွန်မြူနစ်ဟူသော အမည်နှင့်အမတ်လောင်းနာမည်တင်သွင်း၍ ကွန်မြူနစ်စနစ်အကြောင်း နားလည်မည်ဟု ယူဆလျှင်ထိုသို့ ယူဆချသည် အလိုလိုမှားဖြစ်ရပြန်၏။

ကွန်မြူနစ်ဆိုတာ ရှိနှင့်လားဟုမေးသူက ကွန်မြူနစ်အမတ်လောင်း ဖြစ်နေပြန်တော့၏။

နိုင်ငံရေးကို လေးလေးနက်နက် လိုက်စားလျှင် တစ်ခါတစ်ရံ ရယ်စရာလည်း ကောင်းလှ၏။

အဘယ်မျှ ဆိုးသလဲ ဖော်ပြရလျှင် အမတ်လောင်းနာမည်စာရင်းသွင်းပြီး ပိုက်ဆံများများရလျှင်နာမည်ကို ရုပ်သိမ်းမယ်"ဟု ဆိုသော အလေ့အထကြီးတစ်ခု ဤနိုင်ငံ၌ ပေါ်နေပြန်၏။ ရွေးကောက်ပွဲတိုင်း အမတ်လောင်း စာရင်းသွင်းပြီး ရုပ်သိမ်းသော ပုဂ္ဂိုလ်တွေယနေ့ထက်ထိ ကျန်းမာနေကြသေး၏။ နာမည်တွေဖွင့်၍ ရေးစရာမလိုပါ။

အဘယ်မျှဆိုးသလဲ . . . ဆက်လက်၍ ဖော်ပြရသော် . . . ရွေးကောက်ပွဲနှင့် အမြတ်ထုတ်သောအလေ့အထကြီး ပေါ်လာ၏။

ငါးတွေကိုမွေးကာ ရေကန်ကြီးတစ်ကန်ထဲ လှောင်ထားပြီး ငါးတွေကိုဖမ်း၍ ပိဿာချိန်နှင့် ရောင်းစားသကဲ့သို့ လူတွေကို လက်သပ်မွေးပြီး ရွေးကောက်ပွဲရောက်လျှင်တစ်မဲလျှင် ၅ ကျပ်နှင့် ရောင်းစားသော အလေ့အထကြီးပေါ်လာရာ "အပြီးသတ်တော့ ဆန္ဒမဲ အလောင်းအစားပွဲကြီးကိုကွ။ ရန်ကုန်မြင်းပွဲမှာထက် ဆိုးပါသေးကလား"ဟု လူတွေက နားလည်လာကြ၏။

အဘယ်မျှဆိုးသလဲ ဆက်လက် ဖော်ပြရသော် ပြိုင်မြင်း ၄ ကောင်ပြေးနေရာ ဖေးဘရိတ်မြင်းကိုချဲ့ပြီး အပိုင်ထုတ်သောမြင်းကို တစ်ပေါက်

ဘည်း အလောင်းအစားပြုသလို နိုင်ငံရေးအားဖြင့် ရန်သူဖြစ်သော အမတ်လောင်းကို တိတ်တိတ်ပုန်း မဲပေးပြီး ကိုယ့်အမြင်ကတ်သူကိုရှုံးအောင် လုပ်ခဲ့ကြ၏။

နိုင်ငံရေးလမ်းစဉ်သမားတို့မှာ နွားဖြစ်ရခြင်းကား သက်သာသေး၏။ ခွေးလုံးလုံးဖြစ်ကြရ၏။ တောနယ်တွေမှာ စားပြဲတိုက်ဖူးမှ လူတွေက ကြောက်တယ်ဆိုသော လေသံကို လှွင့်လိုက်ရသေး၏။

စားပြဲတိုက်ဖူးသည် မတိုက်ဖူးသည်ကို ရုံးမင်း၏ စီရင်ချက်ကို နယ်က မကိုးကားကြချေ။ သူတို့အရပ်သားတွေက ဘယ်တုန်းက ဘယ်အိမ် စားပြဲ တိုက်စဉ်က ဘယ်သူပါတယ်ဟု အတပ်ပြောကြ၏။ ဥပဒေအရဆို လျှင် သောင်းဒဏ်ခံဖူးမှ စားပြဲဖြစ်ဖူးသည်ဟု ခေါ်ရ၏။ အပြစ်မရသော စားပြဲ တွေ ဤနိုင်ငံ၌ ခုနှင့်ချီပေ၍ ဖြစ်ခဲ့၏။

"ရွေးကောက်ပွဲဆိုတာ ဒီလိုပဲ"ဟု သက်ပင့်ကြီးချ၍ ဆိုနိုင်ကြပါ၏။

အဘယ်မျှ ဆိုးသလဲဟူသော ကာက်တာလောက်ကြီး မကျန်သေးပါ။ ဘာကယ်ယူနီတာဆစ်တီခေါ် တက္ကသိုလ်ကြီးတွေက ဒီဂရီရသူတွေစင်မြင့် ပေါ်မှနေ၍ ဟောသုံ ပြောပုံတွေကို အားလုံးကြားဖူးကြပါ၏။

လောက၌ "တရားမင်း" ဆိုတာမရှိဘူးကွ၊ လိမ်ပြောသနိုင်တယ်ဆိုတာ အလကားတွေဟု ဆိုဘိသည့် အလား ပုပ္ပနွေးနွေးပြောပုံတွေကို သုံးသပ် လို၍(ဝါ) Review လုပ်လို၍၊ ဤ "အရွယ်ရောက်သူတိုင်း ဆန္ဒမဲပေး သောစနစ်"အကြောင်းကို ဆက်လက်ဖော်ပြပါရစေ။

[၉၃]

## ဘယ်အထိဆိုးသလဲ ကက်တလောက်ကြီး

အရှုယ်ရောက်သူတိုင်း ဆန္ဒမဲပေးခွင့်ရခဲ့ကြသည်မှစ၍ အဘယ်
အထိ ဆိုးသလဲ ဆက်လက်ဖော်ပြပါရစေ။

စာမတတ်သူနှင့် ရုပ်ထဲရွာထဲတွင် ညံ့ဖျင်းဆိုသောသူက အမ
လောင်းဖြစ်သည်ထက် ဆိုးသော အပိုင်းကရှိသေး၏။

ပုလိပ်ဂါတ်ထဲတွင် အလုပ်လုပ်နေစဉ် အလုပ်ထုတ်ပစ်ခြင်းကို ခံရသော
သူက အမတ်အလောင်းအဖြစ် အရွေးခံနိုင်ကြ၏။

ယခု ကျွန်တော်ရေးနေသော သဘောမှာ ပြီးစီးခဲ့သမျှ ပြန်လည်
သပ်သော အလုပ်ပင်ဖြစ်၏။

ဤသို့ ဝေဖန်သောအလုပ်ကို နိုင်ငံရေးပါတီတွေက လုပ်ကြရ၏။
မြန်မာနိုင်ငံ၌ ဘယ်တုန်းကမှ (ရီဗြူး)လုပ်သော ထုံးစံမျိုးမရှိခဲ့ချေ။

နိုင်ငံရေးပါတီဝင်တွေက (ရီဗြူး) မလုပ်လိုလျှင် ရှိစေဦးတော့
သတင်းစာတွေက ရဲရဲမဝေဖန်ရဲကြချေ။ ဝေဖန်လျှင် ရိုင်းနယ်များ၌ ဝေဖ
ကို သတ်ပစ်လေ့ရှိကြ၏။

အင်္ဂလန်၌ ပါလီမန်အမတ်များ၏အကြောင်းကို ဝေဖန်ကြ
လန်ဒန်မြို့ (ဘီဘီစီ)က မကြာမကြာ ဝေဖန်လေ့ရှိပါ၏။

အဘယ်မျှဆိုးသလဲ ဆက်လက်၍ဖော်ပြပါရစေ။

ရွေးကောက်ပွဲတစ်ခု မကျင်းပမီက ကြိုတင်၍ လူသတ်ပွဲတွေ ဖြစ်လိမ့်မည်ဟု သတိပေးကြ၏။

ရွေးကောက်ပွဲတွင် တကယ်ပင် လူသတ်ပွဲဖြစ်ခဲ့ကြ၏။

အမတ်လောင်းချင်း သတ်ကြသည် မဟုတ်ပါ၊ တပည့်ချင်း သတ်ကြ၏။

မင်းလှလူသတ်ပွဲ၊ ငါးစွန်လူသတ်ပွဲ၊ တောင်ကြီးမြို့ လူသတ်ပွဲ အကြောင်းများကို သတင်းစာတွင် သတင်းအဖြစ်ရေးသားခဲ့ကြ၏။ အင်းစိန်မြို့တွင် သတင်းထောက်စရိုးအသတ်ခံရသေး၏။

ဘက်မလိုက်သော စိတ်ထားနှင့် လေ့လာလိုကြလျှင် ဆိုင်ရာ ရာဇဝတ်ရုံးမှ စီရင်ချက်တွေကိုတောင်း၍ လေ့လာနိုင်ကြ၏။

အဆိုပါရုံးမင်းများ၏ စီရင်ချက်တွေသည် မြန်မာ့ဝေါဟာရသိုက်စာလောက် အရေးကြီးလှပါ၏။

အသက်ဦးဆံပိုင်ဘုရင်စနစ်အရ "ရှင်ဘုရင်သတ်လျှင် ရှင်ဘုရင်ဖြစ်သည်"ဟု ဆိုကြသကဲ့သို့ ဤဒီမိုကရေစီဆိုသောအသက်ကို ပေးပြီး လိမ်သောခေတ်တွင် "လူကိုသတ်လျှင် အမတ်ဖြစ်တာပဲ"ဟု ကမ္ဘာ့ညီးတိုးရမလိုဖြစ်တော့၏။

## ဓာတ်တစ်ချက်ကလေးပင် မသပ်မိကြချေ

လွန်ခဲ့သော ၁၄ နှစ်နှင့် ၂၀ အတောအတွင်းတွင် လူသတ်မှုတင်းသော ပါတီဟူ၍ တစ်ပါတီမှမရှိခဲ့ချေ။

လူသတ်မှုတစ်ခါဖြစ်လျှင် လူသားတွေ၏ယဉ်ကျေးမှုစနစ်အရ ဝမ်းနည်းကြရ၏။ ဤနိုင်ငံ၌ ဓာတ်ကလေးတစ်ချက်မှပင် မသပ်ခဲ့ချေ။

အဘယ်မျှဆိုးသလဲ ဆက်၍ဖော်ပြပါရစေ။

ပါတီဝင်တစ်ဦးလူသတ်မှုဖြစ်လျှင် ဆိုင်ရာပါတီက ကူညီသင့်ပါ၏။ သို့သော် ဆိုင်ရာရုံးမှ အပြစ်မရှိဟု မဆိုလေသမျှ ပါတီစာရင်းမှ ထုတ်ပစ်ရ၏။

ဤနိုင်ငံ၌ ဤအစဉ်အလာကို မသုံးကြချေ။

**ဘာကြောင့် ဤမျှဆိုးသလဲ**

တောနယ်၌ နိုင်ငံရေးလူသတ်မှုတွေဖြစ်ရခြင်းမှာ နိုင်ငံရေးခေါင်းဆောင်မှုမရှိ၍ပင် ဖြစ်၏။

ခေါင်းဆောင်မှုမရှိဟုဆိုလျှင် နားလည်ကြမည်မဟုတ်ချေ။

သက်သေပြမှ နားလည်ကြပေမည်။

ကတိဟူသည် ကိုယ်ကျိုးရှိသလို ပြောင်း၍နေခြင်းကို ဘယ်သူကမှ မတားမြစ်ခဲ့ကြချေ။

ကျွန်တော်၏မိတ်ဆွေတစ်ဦးသည် ရခိုင်ပြည်နယ်ပေးရေးကို ကန့်ကွက်ခဲ့၏။ အတန်ကြာလာရာ ထိုသူကပင် ရခိုင်ပြည်နယ် ပေးရမည်ဟူ၍ ဆိုကာ ရခိုင်တိုင်းသို့သွား၍ ရွေးကောက်ပွဲဝင်ခဲ့၏။

ခေါင်းဆောင်ကြီးတွေကပင် "မနေ့ကတော့ ပြည်နယ်မပေးဘူး ယနေ့ ပြည်နယ်ပေးမယ်" ဆိုနေရာ (ငါက ဘာကြောင့်လူတွေကို မလိမ်ရမှာလဲ)ဟု ဆိုပေလိမ့်မည်။

ဆန္ဒပေးသူမှန်သမျှသည် ၁၈ နှစ်အရွယ်တွင် ဆန္ဒမဲပေးခွင့်ရထားပြီး အခြေခံဥပဒေကြီး ပျက်စီးရတာလား။

ခေါင်းဆောင်မှုညံ့၍ အခြေခံဥပဒေကျိုးကျသလား။ ရာဇဝင် ရေးသူတွေသည် ဆုံးဖြတ်ကြရပေလိမ့်မည်။

လူသားတွေတွင် လိပ်ပြာသန့်စင်မှုကိုမှ မရှိသေလျှင် ထိုလူစားမျိုးမှာ ဘယ်အခြေခံဥပဒေမျိုးနှင့်မှ မထိုက်တန်ပါဘူးဟူ၍ ကျွန်တော်တို့က အဆုံးအဖြတ်ပေးပါရစေ။

**ဖြစ်ရပ်တွေကို နားလည်ပေးကြပါ**

ကျွန်တော်တို့မှာ ဆေးနည်းတွေ များစွာရှိပါ၏။

ဖြစ်ရပ်တွေကို စုဆောင်းပြီး အဆုံးအဖြတ်ပေးသော လောဂျစ်နည်း (ဝါ) ယေတုဗေဒနည်းရှိပါ၏။

အပြန်အလှန်တွေးတောသောနည်း။ (Dialectic) နည်းဟူ၍ရှိ၏။

အထက်ပါဖြစ်ရပ်တွေကို လေ့လာရာရွေးကောက်ပွဲသည် ပဓာနကျ၏ တို့၏ အာဏာလုပွဲဟူ၍ နားမည်ပေးပါရစေ။ ပထဝီပညာအရ ဆန္ဒရှင်များ

သည် ပဒေသရာဇ်စနစ်ကို ဖျော်နေကြ၏။

အဘယ်မည်သော ဒီမိုကရေစီ၏အနှစ်သာရမျိုးမှမရှိကြောင်း၊ ဒေသအခြေအနေက ပဒေသရာဇ်စနစ်ကို အားပေးနေကြောင်း။ ဤအခြေအနေမျိုးတွင် ဘယ်လိုဥပဒေမျိုးရေးကြမှာလဲ ဆက်လက်၍ရေးပါဦးအံ့။

■

[ ၄၄ ]

## ပဒေသရာဇ်အခြေခံကြီးကို ဒီမိုကရေစီပြောင်း၍ဖြစ်မည်လား

ကျွန်တော်သည် ဤဆောင်းပါးကိုရေးသားရာတွင် စွန့်၍ရေးနေရခြင်း ဖြစ်ပါ၏။ မည်သို့စွန့်စားရသည်ကို အလျဉ်းသင့်၍ အနည်းငယ် ရေးပါရစေ။

ကိုယ်ကျိုးမရှိဘဲ မှန်ကန်မှုကို ဖွင့်၍မရေးစကောင်းဘူးဟု ယူဆခဲ့ကြသည်မှာ ၁၄ နှစ် ကျော်လာပေပြီ။

**ပုံစံက ပဒေသရာဇ်ပုံစံသာဖြစ်ပါသည်**

ကျွန်တော်တို့ ပထဝီဝင်ပညာမှ ပေးသောဖြစ်ရပ်ကို ဦးစွာပထမတောင်ပြပါရစေ။

ပထဝီဝင်ပညာက ပေးသောဖြစ်ရပ် (Geographical-Factor) ဟူသည် စစ်တိုက်သည့်အခါ ထည့်သွင်း၍ တွက်ရပါသည်။ ဤအချက်ကို ဖဆပလသည် မတွက်ခဲ့ပါ။ ပမညတသည် မတွက်ခဲ့ပါ။ ပထစပ သည် ဤအချက်ကို အကာအကွယ်ယူ၍ လုပ်ချင်သလို လုပ်ခဲ့ပါသည်။

ပထဝီဝင်၏အကာအကွယ်ကို ယူတတ်သူများမှာ ယနေ့ လက်နက်မချသေးသော သောင်းကျန်းသူတို့ပင် ဖြစ်တော့သည်။

**သက်တွေ့ပဒေသရာဇ်ပြည်နယ်များ**

ကျွန်တော်တို့လူမျိုးမှာ ရှေးကတည်းကဖြစ်ရပ်နှင့် ဒဏ္ဍာရီမခွဲနိုင်ကြ၍ တစ်စုံတစ်ရာအကြောင်းကို ရေးလျှင်သော်လည်းကောင်း၊ ပြောလျှင်သော်လည်းကောင်း လက်တွေ့ဖြစ်ရပ်တွေကို မမြင်ရကြချေ။

ဥပမာအဖြစ် ယခုတင်ပြပါရစေ။

မင်္ဂလာအခမ်းအနားတွင် ရွှေရည်ငွေရည်လောင်းကြရာ တကယ် ရွှေကိုအရည်ကျိုခြင်းမဟုတ်ပါ။ ရေထဲသို့ လက်စွပ်တစ်ကွင်းချပြီး ရွှေရည်ဟူ၍ ခေါ်ခဲ့ကြခြင်းသာဖြစ်၏။ အခေါ်အဝေါ်နှင့် လက်တွေ့မှာ တခြားစီဖြစ်လာကြ၏။ ကျွန်တော်တို့၏လူမှုအသိုက်အအုံမှာ ဤချွတ်ယွင်းချက်ကြီးတစ်ခု အမြဲရှိနေ၏။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပြည်နယ်များမှာ ဥပဒေအရ ရှမ်းပြည်နယ်၊ ကချင်ပြည်စသော ပြည်နယ်များသာရှိ၏။

လက်တွေ့မှာ ၃၅ ခရိုင်စလုံးသည် တကယ်ပြည်နယ်များ ဖြစ်နေကြ၏။

ပြည်နယ်တစ်နယ်တွင် ပဒေသရာဇ်နယ်ရှင်တစ်ဦးကျစီရှိခဲ့ကြ၏။

ရွေးကောက်ပွဲတစ်ကြိမ်ကျင်းပလျှင် နယ်ရှင်၏တပည့်ချင်းချင်းသတ်ကြ၏။ ဘယ်တုန်းကမှ လူသတ်ခြင်းကို တားဆီး၍မရခဲ့ချေ။

တော်လှန်ရေးကောင်စီကို အကြံပေးလိုပါ၏။

ရာဇဝတ်တရားရုံးများ၏ နိုင်ငံရေးလူသတ်မှုမှတ်တမ်းတွေကို တောင်းယူလျှင် ဆိုင်ရာက ဝမ်းပန်းတသာပေးကြပါလိမ့်မည်။ မင်းလှ ၄ လောင်းပြိုင်လူသတ်မှု၊ ငါးစွန်းလူသတ်မှု၊ လယ်ဝေးလူသတ်မှု၊ တောင်သာလူသတ်မှု၊ မဟာမြတ်မုနိဘုရားဝင်းတွင် ရဟန်း ၂ ပါး သတ်သောအမှုမဖြစ်မီ ဖြစ်ပွားသော လူသတ်မှုစီရင်ချက်များကို တောင်းယူနိုင်၏။

ပဒေသရာဇ်စနစ် (ဝါ) ဖြူဒါလစ်စနစ်၏ အမွေအနှစ်သက်သေသာဓကတွေကို စီရင်ချက်တွင်တွေ့ရပါလိမ့်မည်။

အင်းစိန်မြို့ သတင်းထောက်စရားကိုသတ်သော အမှု၏စီရင်ချက်ကိုပါ တောင်းယူရန် ကျွန်တော်တို့က အကြံပေးပါ၏။

× × ×

တရားခံတွေကိုလွှတ်ပစ်ခြင်း၊ အပြစ်ပေးခြင်းထက် သက်သေထွက်ဆိုချက်တွေကိုဖတ်လျှင် ပဒေသရာစ်ပုံစံတွေကို မြင်ကြပါလိမ့်မည်။

**ပဒေသရာစ်အိုးချိုကို ချွဲ့ရှုပြပါရစေ**

အခြေခံဥပဒေမရေးမီ မြန်မာတိုင်းရင်းသားတို့၏ဒေသများသို့ အလည်အပတ်သွားကြပါနို့။

ရန်ကုန်ဘူတာကြီးသို့ အကြင်သူတစ်ဦးရောက်သွားလျှင် မိမိ၏အဆင့်အတန်း ပြုတ်သွားပြီး လူမြင်လျှင်တန်းတူ မယှဉ်ဆဲ၍မဖြစ်ရေးတောနယ်များသို့ စိတ်ကူးနှင့်သွား၍ ကြည့်ကြပါနို့၊

မော်လမြိုင် မုဒုံလောက်ရောက်လျှင် ပဒေသရာစ်စော်နံလာ၏။ လွတ်လပ်စွာပြော၍မရ။ ကျွန်တော်တို့သည် ဤဓနရာမျိုးတွင် ဘယ်အချိန်မဆို ပြန်ပေးဆွဲ၍ရမှုန်းကို သိကြ၏။

ရန်ကုန် မန္တလေးအသွား၊ ကူမဲဘူတာမှဆင်းလျှင် အိတ်ထဲတွင် ငွေ ၅၀၀ လောက် ပါလာလျှင် စောစောအိတ်ကို စမ်းကြည့်ကြ၏။ လူမိုက်ကလေး ဘာကလေးဖြစ်ဖူးမှ လူတွေ၏ ရှိသေခြင်းကို ခံလာကြ၏။

ကူမဲဘူတာနှင့် ကူမဲရွာမှာအတော်ဝေး၏။ ကူမဲရွာသို့ရောက်လာလျှင်ပင် လွတ်လပ်စွာ ပြော၍မရ၊

ရွှေဘို–တောနယ်သို့ရောက်လျှင် မြင်းကွန်းမြင်းခုံတိုင်ခေတ်က မင်းညီ မင်းသားလာလျှင် ကြိုဆိုရန်အသင့်ပြင်သလို ရွာသားတွေက ပြင်ဆင်ကြ၏။ လိုင်စင်မယူဘဲ သေနတ်ထားရှိသော သူတွေမှာ လက်တွေ့နယ်ရှင်ပင်ဖြစ်၏။

ချောင်းဖျားမြို့မှ တောသို့ သွားကြည့်လျှင် "ပဒေသရာစ်စနစ်အရ အုပ်ချုပ်ခြင်းသည် အကောင်းဆုံးပါတကား"ဟု နားလည်လာကြ၏။

ဟသ်ာတစရိုင် လေးမျက်နှာသို့ရောက်လျှင် "ဒီနိုကရေစီဆိုတဲ့ စကားကြီးကိုသုံးခြင်းမှာ ကျွန်တော်တို့ကို စော်ကားတာပဲ"ဟူ၍ နားလည်လာကြ၏။

မြန်မာနိုင်ငံ၏ ပထဝီဝင်က ပဒေသရာစ်အခြေအနေကိုသာ ဖေးနေပါတယ်ဟု ကျွန်တော်က တင်ပြနေခြင်းဖြစ်ပါ၏။

ကျေးရွာတွေသည် စည်းနိုးတွေ ကာထားရသေး၏။ ဝမ်းတွင်းမြို့ ဘွင် စည်းနိုးဖြုတ်သည်မှာ မကြာသေးချေ။

အထက်မြန်မာနိုင်ငံပုပ္ပါးဒေသ၊ ဝဲလောင်း၊ တောင်သာ၊ နွားထိုးကြီး၊ မြင်းမူ၊ ချောင်းဦး၊ ဆယ်ရွာ၊ ကန့်ဘလူ၊ ရှမ်းပြည်အစရှိသည်ကို ကျွန်တော် ရောက်ဖူးပါ၏။

လက်တွေ့မှာ ကျွန်တော်တို့ နိုင်ငံသည် ပဒေသရာဇ် ပုံစံတွေတည် နေသော တိုင်းပြည်ဖြစ်ပါ၏။

ပက်ပက်စက်စက်ဝေဖန်သည်ဟုဆိုလျှင် ကျွန်တော်ခံပါမည်။ အသက်ဦးဆံပိုင်စနစ်၏ အမွေအနှစ်ကို နှစ်ပေါင်း ၉၀၀ က ရလာခဲ့ပြီးနောက် (၁၄ နှစ်နှင့် ၂ လ) ဒီမိုကရေစီစနစ်ကိုစမ်းကြည့်ရာ ပဒေသရာဇ်၏ ဓာတ် ရှပ်မှာ ပေါ်လာရတော့သည်။

တောသားခေါက်ခေါက်က ပဒေသရာဇ်စနစ်ကို ကြည်ညိုခြင်းမှာ အံ့သြစရာမရှိပါ။

ဘိုးအကြီးတွေ၊ ဘိုးအိုးဒီကြီးတွေနှင့် ဘိလပ်ပြန်ကြီးတွေသည် ဘိုင်းတားမင်းကြီးလက်ထက်ကကဲ့သို့ပင် သူတို့တစ်တွေ ပြောကြပုံတွေကို ဆက်လက်ဖော်ပြပါအံ့။

ကျွန်တော်သည် ဒီမိုကရေစီစနစ်ကို မမုန်းပါ၊ ဘိလပ်ကပေးသော နည်းနှင့် ၁၈ နှစ်အရွယ်တိုင်းဆန္ဒမဲပေးခဲ့ကြ၏။ ပုပ္ပါးတောင်မှာနတ်ကွန်း ဆောက်ပါမှ "တောင်ပို့ကြီးမှန်း သိရ၍ အမေစိုကာန် ဥပဒေ၊ ကွန်မြူနစ်ဥပဒေ တွေနှင့်ပတ်သက်၍ ဆွေးနွေးလိုသဖြင့် ဤအကြောင်းကို ရေးနေရခြင်း ဖြစ်ပါ၏။

■

[ ၄၅ ]

# ပဒေသရာဇ်အခြေခံကို ဒီမိုကရေစီစနစ်သို့ ပြောင်းရှဲရသောနည်း

၁၉၆၂ ခု၊ မတ်လ ၁ ရက်နေ့တွင် ကျွန်တော်သည် ဤဆောင်းပါးကို ရေး၍ နေပါ၏။ ဤနေ့တွင် တော်လှန်ရေးကောင်စီက ဝါဒသဘောထား ကြေညာချက်တစ်ရပ် ထုတ်ပြန်လေပြီ။ ထိုကြေညာချက်တွင် ပြည်သူ ထင်မြင်ချက်မရင့်ကျက်၍ မြန်မာနိုင်ငံတွင် ပါလီမန်ဒီမိုကရေစီတို့ ထိပ်ချ ကြောင်းများကို ဖွင့်ဟသွားလေပြီ။ ဤအကြောင်းကို ကျွန်ုပ်တို့ဆက်၍ မရေးလိုပါ။

**ပဒေသဇင်အခြေခံ**

ကျွန်တော်တို့သည် အချို့နေရာများတွင် အရဲကိုး၍ ထင်မြင်ချက်ကို ပေးလေ့ရှိခဲ့၏။ အချို့မှာမှန်၏။ အချို့မှာမှားခဲ့ပါ၏။ သို့သော် မှားသော ထင်မြင်ချက်မှ အမှန်ကိုကူးနိုင်ခဲ့ကြပါ၏။

ဖျာပုံခရိုင်၊ မိတ္ထီလာ၊ လယ်ဝေး၊ မြင်းခြံ၊ မုခုံ စသော ဒေသများမှာ လက်တွေ့မှာ ပဒေသရာဇ်နယ်ကလေးတွေဖြစ်ကြ၏။

၁၉၆၂ ခု မတ်လ ၂ ရက်နေ့ မတိုင်မီအထိ ပါလီမန်အမတ်ဖြစ်ခဲ့သော ဝုဏ္ဏိုလ်များကလွဲ၍ မည်သူတို့သည် ဩဇာလွှမ်းမိုးနိုင်မည်နည်း။

မြို့ကြီးတွေက ပညာတတ်ကြီးတွေသည် ဖျာပုံမြို့ပေါ်ကလွဲ၍ တော နက်ထဲသို့ မည်သူတွေ သွားရဲကြမည်နည်း။ နိုင်ငံရေးလှုပ်ရှားမှုဖြစ်သော

ါးစွန်ရှာသို့ အဘယ်မည်သော နိုင်ငံရေး ခေါင်းဆောင်တွေရောက်ဖူးခဲ့ သနည်း။

ချောင်အကျဆုံး နေရာများတွင် လူသတ်မှု ဖြစ်သည်သာ များ၏။

ပထဝီဝင် အခြေခံသည့် ဒေသရာဇ်စနစ်ဘက်သို့ အစဉ် မဲပေးနေ၏။

စိတ်ကူးယဉ်နှင့် ရေးလေ့ရှိသော သူတွေသည် ဖြစ်ရပ်ကို ဖြစ်ရပ် အဖြစ် မြင်ကြပါနိုး။

နာမည်တွေကိုဖွင့်၍ မရေးပါရစေနှင့်၊ ပါလီမန်အမတ်တွေကို ကျွန်ုပ်တို့က(နယ်ရှင်ပယ်ရှင်အမတ်)ဟု ခေါ်ဆိုခဲ့ပါ၏။ သူတို့နယ်သို့သွားကြည့်လျှင် နယ်သားတွေက နယ်ရှင်အမတ်ကိုမှ နှစ်သက်ကြ၏။

နယ်ရှင် အမတ်တွေသည် ဖော်ကျွားတွေကဲ့သို့ အမျိုးကလေးတွေကို မကောက်သေး၍ ဖော်သေး၏။

အဘယ်မျှဆိုးသလဲ ဖော်ပြပါရစေ။ ဖော်ပြသည့်အခါ ပြည်သူ့အကျိုး ဖြစ်၍ ဖော်ပြရခြင်းဖြစ်ပါသည်။

အဆိုပါ ဒေသရာဇ် နယ်တိုင်းမှာ ပုလိပ်ဂါတ်တွေရှိပါ၏။ ဂါတ်က ဘာမှမတတ်နိုင်ချေ။ မတတ်နိုင်ရုံမက သတင်းတစ်ခုဖြစ်လျှင် ပါလီမန် အမတ်ထံ ရဲသားကပြေး၍ သတင်းပေးသေး၏။

တစ်နေ့သောအခါ ရွာတစ်ရွာ၌ လူသုံးယောက်ကို နယ်ရှင်က ပစ်၍ သတ်ခဲ့၏။

အသတ်ခံရသူတွေမှာ ဓားပြတွေပင်ဖြစ်၏။ ပြည်သူ့ဘက်မှ အနေရ ချပ်ပုံကို ဖော်ပြပါရစေ။

ဓားပြတွေဖြစ်၍ ပစ်သတ်ခြင်းမှာ တရားသည်ဟုဆိုလျှင် အခြားသူ တွေကို မှန်း၍ ပစ်သတ်ပြန်လျှင် မှန်နေဦးမှာလား။

ပစ်သတ်သူတွေသည် ဓားပြဟောင်းတွေပင် မဟုတ်လော။

တရားဥပဒေ စိုးမိုးရေး၏ အသက်သည် တိုင်တန်းရဲသော သတ္တိ အပေါ်တွင် တည်နေပါ၏။

လယ်ဓား လူသတ်မှုအကြောင်းကို အခြေခံဥပဒေရေးမည့် သူတွေ သိလာရချေမည်။

“မှန်ကန်မှု” တစ်ခုကိုလိုက်ရဲသူတွေမှာ လူအမုန်းခံရစမြဲပင် ဖြစ်၏။

ကျွန်ုပ်တို့က ဤပဒေသရာဇ်ရောဂါကို ကုစားလို၍ရေးသားနေခြင်း ဖြစ်ပါ၏။

အင်္ဂလန်တွင်(ပထဝီဝင်၏အခြေခံ)က ပါလီမန်ဒီမိုကရေစီကို ထောက်ခံနေ၏။

မီးရထားလမ်းများမှာ ပိုက်ကွန်ဖြန့်ထားသကဲ့သို့ တည်ရှိနေ၏။ အင်္ဂလန် ကျွန်းကလေးမှာ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသလောက်သာ ရှိနေ၏။

အမေရိကန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲထားသကဲ့သို့—

ဆန္ဒမဲ နယ်တစ်နယ်တွင် ဂါဗာနား ခေါ်အုပ်ချုပ်ရေးမှူးများကို ရွေးကောက်ပွဲကျင်းပသည်နှင့်တစ်ပြိုင်နက်ရွေးချယ်ထားသောနည်း (ဝါ)နော်ဝီ နေရှင်း ပြုလုပ်သောနည်းတစ်နည်းသည် မြန်မာနိုင်ငံနှင့် မသင့်တော်ဘူးလား . . . ဟူသော မေးခွန်းကို ကျွန်တော်က မေးပါ ရစေ။

× × ×

နယ်တစ်နယ်တွင် ရွေးချယ်သော အမတ်ကတစ်ဦး၊ ရွေးကောက်ပွဲနှင့် တင်မြှောက်သော အမတ်က တစ်ဦးစီထားသောစနစ်မှာ အမေရိကန်စနစ် ပင်ဖြစ်၏။

အခြေခံဥပဒေအရ ရွေးကောက်ပွဲကျင်းပလျှင်လည်းကောင်း၊ လက်ရှိ နည်းအတိုင်းထားလျှင်လည်းကောင်း၊ ၄ နှစ်တစ်ကြိမ် လွှတ်ပွဲကျင်းပ ရန် ခွင့်ပြုထားသကဲ့သို့သာ ဖြစ်ချေမည်။

ကျွန်တော်တို့သည် ဒီမိုကရေစီနှင့် ထိုက်တန်ချင်လွန်း၍ ဤသို့ ရေးသားနေရခြင်းဖြစ်ပါ၏။

တစ်ခုခုမှ မလုပ်လျှင် အသက်ဦးဆံပိုင်စနစ်ဘက်သို့သော်လည်း ကောင်း၊ ယိုင်ရပေမည်။

သို့တည်းမဟုတ် ကွန်မြူနစ် အာဏာရှင် စနစ်ဘက်သို့ လည်းကောင်း ယိုင်ရပေမည်။

ဤသို့မဖြစ်စေလို၍ ဤသို့ရေးနေရခြင်းဖြစ်ပါ၏။

အသက်ဦးဆံပိုင် စနစ်နှင့် ကွန်မြူနစ် ၂ ခုကို ကြိုက်ရာရွေးပါဟု ဆိုလျှင် ကျွန်တော်သည် ကွန်မြူနစ်အာဏာရှင်စနစ်ဘက်သို့ ယိုင်ရပေမည်။

လူသားတွေ၏ လွတ်လပ်သောစိတ်ကို မချိုးဖဲ့လို၍ မြန်မာတွေနှင့် တန်သောအုပ်ချုပ်ရေးတစ်ခုရေးစေရန် ရည်ရွယ်၍နေပါ၏။

[ ၄၆ ]

# ပဒေသရာဇ်အခြေခံကြီးကို ဒီမိုကရေစီပြောင်း၍ ဖြစ်မည်လော

ပထဝီဝင် အခြေအနေအားဖြင့်လည်းကောင်း၊ ရှေးရာဇဝင်ကာလ
သော စနစ်အရလည်းကောင်း ရှမ်း၊ ကချင်စသော ပြည်နယ်တွေသ
ပြည်နယ်များမဟုတ်ပါ ဖျာပုံ၊ မန္တလေး၊ လယ်ဝေး၊ မြင်းခြံစသော ခရိုင်
တွေသည်ပင် ပြည်နယ်၊ သို့မဟုတ် ပဒေသရာဇ်ပြည်နယ် (Feuda
States) တွေ ဖြစ်နေပါသည်။

ဝေါဟာရက မည်သို့ပင် ဖေါ်ဖေါ်ဘကာသာမူ လက်တွေ့မှာ ပဒေသရာ
တွေပင် ဖြစ်ပါသည်ဟု လက်တွေ့သာဓကတွေကို ကျွန်တော်တို့က
ပြနေပါ၏။

မြန်မာ ပြက္ခဒိန်တွင် လပြည့်ဟု ဝေါဟာရ ဆိုသော်လည်း တကယ်
လကြီးက မပြည့်လျှင် ဝါကြီးထပ်ခြင်းအားဖြင့် တကယ်လပြည့်နိုင်
တကယ်ပြည့်သောလနှင့် ဝေါဟာရ လပြည့်သည် ကိုက်ညီနိုင်ခဲ့ပါ
သို့သော် . . . အမြဲ လက်တွေ့နှင့် ဝေါဟာရသည် မကိုက်ညီနိုင်ပါ။

**အဘယ်ကြောင့် ပဒေသရာဇ်ဖြစ်နေသနည်း**

အဘယ်ကြောင့် မြန်မာနိုင်ငံတွင် ပဒေသရာဇ်ခရိုင်တွေ ပေါ်နေရသလ
ယခုပင် ဖြေပါရစေ။

အင်္ဂလန်တွင် ရွာကလေးတွေရှိပါ၏။ ထိုရွာကလေးတွေတွင် ကော်လီဖုန်း လမ်းပန်းဆက်သွယ်ရေး အစရှိသည်တို့မှာ မြို့အတိုင်းပင် ဖြစ်နေ၏။ ထို့ပြင် စက်မှုလုပ်ငန်းကို ရွာသားတွေမှီခိုနေကြ၏။ လယ်ယာ လုပ်ငန်းပင်လျှင် စက်မှုလုပ်ငန်းစာရင်းထဲသို့သွင်းနိုင်၏။

သူတို့တိုင်းပြည်၌ စက်မှုတော်လှန်ရေးခေတ် Industrial Revolution ၏ ဆိုးကျိုး၊ ကောင်းကျိုး နှစ်ရပ်စလုံးကို ခံစားခဲ့ရကြ၏။ အလွယ်ဆုံး ဥပမာကို ပြပါရစေ၊ စာမတတ်လျှင် စက်ရုံတွင် အလုပ် လုပ်မဖြစ်ချေ။ လုပ်သားတွေက အချိန်မမှန်လျှင် စက်ကိရိယာသည် လည်၍မရချေ။ စက်ရုံရှိရာတွင် အစိုးရက ကာကွယ်မှုပေးထားရ၏။

မြန်မာနိုင်ငံ၌ လယ်ယာလုပ်ငန်းသည် စက်မှုစာရင်းထဲသို့ ထည့်သွင်း၍ မရသေးချေ။

ပဒေသရာဇ် စာရင်းထဲသို့ မထည့်လျှင် မဖြစ်ချေ။

အခြေခံဥပဒေ ရေးဆွဲသူတို့သည် ဖျာပုံ အောင်ပင်လယ် ဦးသိန်းမေ အစတ်ဖြစ်သော ကျေးရွာများသို့လည်းကောင်း၊ လယ်ဝေးနှင့် သူပုန်နယ် မြေသို့လည်းကောင်း၊ ခိုလ်ချုပ်အောင်ဆန်းတို့နေသော နတ်မောက်နယ်သို့ လည်းကောင်း တစ်ခါတစ်ခေါက် အလည်သွားကြလျှင် များစွာသင့်လျော် ကြပေမည်။

တောကျေးလက်ရှိ ရွာသားများ၏ အမျိုးထဲက ရှေးအခေါ် "ဝန်ကြီး" ဖြစ်လာလျှင် ဝန်ကြီး အင်္ကျီဝတ်ကောင်းလားဟု ဆိုကြသေး၏။ ပဒေသရာဇ် ပုံကို ပျောက်မရပါဘူးဟု ကျွန်တော်ရေးသားနေရခြင်း ဖြစ်ပါ၏။

လူတွေ၏ အညှိပိုင်းကို မသုံးစားရဲလျှင် ဆန္ဒမဲမရမှန်း သိကြ၍ သုံးစားကြရာ နတ်ကွန်းဆောက်သည်အထိ အတင့်ရဲစွာနှင့် ရောက်သွား ခဲ့ကြ၏။

## ကျွန်တော်ရေးသောစာအုပ်

"ဗိုလ်ခင်မောင်လေး" ရေးသော "ပြည်သူ့ဝိဉာဏ်" ခေါ် စာအုပ်တွင် မြန်မာ လူမျိုးတို့၏ ယဉ်ကျေးမှုကို မျက်ရည်ကျလောက်အောင် ရေးသား ထား၏။

ဘုန်းကြီးအမေ၊ ကျောင်းဒကာ၊ ဘုရားဒကာ စသောတွဲ့တွေ
ရွာသားများက အလိုလိုပေးပုံများကို ရေးသားပြီး မန္တလေးမြို့နန်းတွင်း
ကို ဝေဖန်ထား၏။

အမှန်မှာ Feudalist Set-up ပဒေသရာဇ် ပုံစံကို ဖီးလ်ဒင်မော
အမည်ရှိသော စာရေးဆရာက ချီးကျူးထားခြင်းပင် ဖြစ်၏။

အင်္ဂလိပ်အချင်းချင်း သဘောကွဲလာပုံကို အလျဉ်းသင့်၍ ဖော်ပြ
ဦးအံ့။

ကွယ်လွန်သူ မစ္စတာ ဂျေ-အက်စ် ဖာနီဘောလ်တို့က ပဒေသရာ
ပုံစံကို ပုံမပျက်ထားလို၏။ ကာရောစ်ဝိဝ်အမည်ရှိသော ပုဂ္ဂိုလ်တို့ ဆန္ဒမဲ
ကို တီထွင်လိုခဲ့ကြ၏။

ဤစာရေးသူသည် သူကြီးရိုးရာဖြစ်ပါ၏။ အဆိုပါ ပဒေသရာဇ်
အတိုင်းသွားလျှင် ဘုရင်စနစ်ကို ထူထောင်မှ ရှေ့သွားနောက်လိုက် ညီမည်
ဟု ယူဆခဲ့၍ ဆန္ဒမဲနှင့် ရွေးကောက်ခြင်းကို ထောက်ခံခဲ့ပါ၏။ ဆန္ဒ
နှင့် ရွေးကောက်လျှင် ဘယ်အထိဆုံးနိုင်သလဲ မမြင်ဘူးမဟုတ် မြင်ပါ
တစ်နေ့ကျလျှင် မှန်မည်ဟု ကျွန်တော်ယူဆခဲ့၏။

သို့သော် ပညာရေးစနစ်ကမကောင်း၊ ပဒေသရာဇ် နို့သက်က မကျ
၍ ဆန္ဒမဲစနစ်သည် မအောင်မြင်ခဲ့ချေ။

ပြင်သစ်နိုင်ငံထက် ကျယ်ပြန့်သော မြန်မာနိုင်ငံတွင် ပဒေသရာ
စနစ် မပျောက်နိုင်ခြင်းမှာ အံ့ဩစရာမဟုတ်ချေ။

## သဲလွန်စအချို့သာ တွေ့ကောင်းရပါသည်

ကျေးလက်ရှိ တောင်သူလယ်သမားတွေ၏ ပင်ကိုစိတ်အတိုင်း
တည်စေလျှင် မဆိုးလှချေ။ မြို့ပေါ်က လူတွေကာမ်းကုန်အောင် ယု
ညစ်ညမ်းလွန်း၍ ဒီမိုကရေစီ ပုံစံသည် ကျိုးရတော့၏။

အလွန်ထင်ရှားလွန်းအောင် ညံ့လွန်းလှသော သူတွေအား အ
လောင်း မဖြစ်စေရန် ပါကစ္စတန်တွင် စီမံထားသည်ဟု ကျွန်တော် နား
ထား၏။ (တကယ်လေ့လာလိုလျှင် ပါကစ္စတန်သို့သွား၍ လေ့လာ
ကြ၏)။

ပါကစ္စတန် နိုင်ငံတွင် Basic Democracise ခေါ် အခြေခံ ဒီမိုကရေစီအဖွဲ့ဟူ၍ ဖွဲ့၍ထား၏။ ထိုအဖွဲ့ဝင်များမှတစ်ဆင့် Electoral College ဆန္ဒမဲ ကောလိပ်သို့ ပါဝင်ကြ၏။ အဆိုပါဆန္ဒမဲကောလိပ်မှ တစ်ဆင့် သမ္မတနှင့် ဗဟိုဥပဒေပြုအဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်ရန် ရေးသားထား၏။

ကျွန်တော့်အဖို့မှာ ငွေ ၂၀၀ ကျပ် ပေးလျှင် အမတ်လောင်း ဖြစ်နိုင်တယ်ဟု ဆိုသူတွေ မပေါ်ရန်လည်းကောင်း၊ အမတ်လောင်း ကုန်မကျစေရန်လည်းကောင်း အဆိုပါ နည်းတစ်နည်းကို သဲလွန်စအဖြစ် ကျွန်တော်တွေ့ရပါသည်။

× × ×

မှတ်ချက်။ ။ အဆိုပါ သဘောကို ပါကစ္စတန် သမ္မတအာယုခန်၏ မိန့်ခွန်း စာချွက်မှာ နံပါတ် ၃ မှ ရပါသည်။

The Constitution-The President Addresses the Nation.....Published by Government of Pakistan.

ပျက်စီးသွားသော အခြေခံဥပဒေကြီးမှာ အင်္ဂလိပ်ကက်ဘိနက်စနစ်အတိုင်း ယူထားပုံမှာ အတော်ကောင်းလှပါ၏။ သို့သော် ဝါးခြမ်းတွေပေါ်တွင် စက္ကူကပ်ထားသော ဘုန်းကြီးပျံ တလား ပြာသာဒ်ကြီးနှင့် တူနေ၏။ အခြေခံ ဥပဒေ၏ ဝိဉာဉ်ဟူ၍ မရှိခဲ့ပုံကို ကျွန်တော်သည် ရေးခဲ့ပါပြီ။

**တော်လှန်ရေးကောင်စီ၏ တာဝန်**

မည်သူမဆို ဥပဒေကို ရေးနိုင်ကြပါ၏။

ဥပဒေကို ရှိသေအောင် ဘယ်လို လုပ်ကိုင်ဆောင်ရွက်ကြရမှာလဲ။

(ဥပဒေကို ရှိသေအောင် လုပ်ဖို့ တာဝန်သည် တော်လှန်ရေးကောင်စီအပေါ်တွင် ရောက်နေပါ၏။)

သဘောထားကြီးသည်ဆိုသော အစိတ်အပိုင်းမှာ လူ့သမိုင်းကရွေး၍ တတ်ကြရတာပဲမဟုတ်လား၊ လူ့သမိုင်းက ခေတ်ဆက်ဆက်ကလေးရိုက်ပေးမှ သဘောထားကြီးမှု ပေါ်လာလေ့ရှိကြ၏။

အခြေခံဥပဒေ၏ ဝိညာဏ်ကိုမှ မထိန်းသိမ်းတတ်ဘူးဆိုလျှင် အခြေခံဥပဒေကို မရေးဘဲထားကပို၍ ကောင်းပါလိမ့်မည်။

ပါလီမန် အစဉ်အလာကြီး ဤနိုင်ငံတွင် ပျက်လာပုံနှင့် အမေရိကန်အခြေခံဥပဒေအကြောင်းကို ဆက်လက်၍ဖော်ပြပါဦးမည်။

■

[၆၇]

## ပဒေသရာဇ်အခြေခံကို ဒီမိုကရေစီစနစ်သို့ ပြောင်း၍ရသောနည်း

စာပေဟူသည်လည်းကောင်း၊ စာဆောင်ဟူသည်လည်းကောင်း၊ ဘဏ္ဍာ ဟူသည်လည်းကောင်း အတိတ်ကာလ၏ အရောင်မဟပ်လျှင် မဖြစ်နိုင်ပါဟူသော သဘောကို ကျွန်ုပ်တို့ အလေးအနက်ပြု၍ ရေးခဲ့ပါပြီ။

တစ်အိမ်လုံးမီးလောင်နေစဉ် အိမ်ရှင်က ပိုကာဆွဲနေ၍မဖြစ်သကဲ့သို့ တိုင်းပြည်တွင် အရေးကြီးသော ပြဿနာတစ်ခုနှင့် ရင်ဆိုင်နေရစဉ် ပိုကာ ဆွဲနေသကဲ့သို့ ကျွန်တော်တို့ မနေနိုင်ပါ။

ပြီးစီးခဲ့သော ဆောင်းပါးများတွင် မြန်မာနိုင်ငံအတွက် အခြေခံဥပဒေ ရေးလျှင် အမေရိကန်ပြည်ထောင်စု၏ အခြေခံဥပဒေကို လေ့လာကြပါဟု ကျွန်တော်တို့ရေးခဲ့၏။ ပုံတူကူးချလို၍ မဟုတ်ပါ။ အခြေခံနှင့် ဥပဒေညီ သမျှကို ယူရန်လည်းကောင်း၊ မညီလျှင်ပယ်ရန်လည်းကောင်း ရည်ရွယ် ၍ ရေးနေရခြင်းဖြစ်ပါ၏။

အမေရိကန်နှင့် မြန်မာနိုင်ငံတူနေသော ကဏ္ဍတစ်ခုရှိ၏။

အင်္ဂလိပ်လက်အောက်မှ အမေရိကန်တွေသည် သူပုန်ထ၍ လွတ်လပ် ရေးကို ယူခဲ့ကြ၏။

မြန်မာနိုင်ငံက တော်လှန်ရေး "အာဏာလွှဲပြောင်းသော စနစ်"နှင့် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရခဲ့၏။

အင်္ဂလိပ်လူမျိုးမှာ ရေးထားသော အခြေခံဥပဒေမရှိဘဲ ထုံးလမ်း

အစဉ်အလာနှင့် အုပ်ချုပ်နိုင်ခဲ့၏။

လွှတ်လပ်ခါစ အမေရိကန်မှာ ပုံသေရေးထားသောဥပဒေနှင့် အုပ်ချုပ်ခဲ့ရ၏။

မြန်မာနိုင်ငံမှာ ပုံသေရေးထားသောအခြေခံဥပဒေနှင့်အုပ်ချုပ်ခဲ့၏။ အင်္ဂလိပ်လူမျိုးက ဥပဒေဝိညာဏ်ကို ထိန်းနိုင်ခဲ့၍ ယနေ့ထက်ထိ သူတို့ ဒီမိုကရေစီမပျက်နိုင်ဘဲ တည်တံ့၍နေ၏။

မြန်မာတိုင်းရင်းသားများမှာ(ဝိညာဏ်)ဆိုသည်မှာ ဘာမှန်းမှမသိကြ၍ ဥပဒေကြီးကျိုးကျခဲ့၏။

အင်္ဂလိပ်လူမျိုးမှာ အာဏာကျဆုံးသည့်အခါ ကျက်သရေရှိရှိနှင့် အကျခံတတ်သည်မှာ ချီးကျူးစရာကောင်း၏။ တဲ့တွေးခွက် ပက်လက် အရှောခံ၍ စစ်ဖြစ်ခြင်းကိုတာဆီးရင်း မစ္စတာချိန်ဘာလိန်သည် တိုင်းပြည်ကို အုပ်ချုပ်သွား၏။ ပါလီမန်တွင် အယုံအကြည်မရှိ အဆိုသွင်းရာ ချိန်ဘာလိန်ပင် အနိုင်ရ၏။ သို့သော် ဆန္ဒမဲက နိုင်သော်လည်း "ပြည်သူ့ထင်မြင်ချက်"က သူ့ကို မလိုသောသူတွေက များသည်ဆိုပြီး ဝန်ကြီးချုပ်ရာထူးက နုတ်ထွက်ပြီး ဝင်စတန်ချာချီကို အာဏာပေးခဲ့၏ –

သူတို့အဖို့မှာ

(၁) အာဏာသည် ပဌမ။

(၂) အာဏာသည် ဒုတိယ။

(၃) အာဏာသည် အန္တိမ မဟုတ်ခဲ့ချေ။

(၁) ပြည်သူ့အကျိုးသည် ပဌမ။

(၂) ပြည်သူ့အကျိုးသည် ဒုတိယ။

(၃) ပြည်သူ့အကျိုးသည် အန္တိမဖြစ်ခဲ့၏။

အမေရိကန်လူမျိုးမှာ ပြည်ထောင်စု အိမ်ထောင်တည်စကတည်းက သူတို့အရေးကို သူတို့မြင်၍ တစ်နေရာတွင် ဟန့်ထားသောနည်း၊ တခြား တစ်နေရာတွင် အိမ်တိုင်ကို ကျားကန်သောနည်း။

(Checks and Balances) ကိုသုံး၍ အခြေခံဥပဒေ ရေးဆွဲထားခဲ့၏။

သမ္မတကို တိုက်ရိုက်ရွေးကောက်တင်မြှောက်ပြီး အုပ်ချုပ်သူ စော် ယန္တရားထဲက သူကြိုက်သော ပုဂ္ဂိုလ်တွေကို ကက်ဘိနက်အဖွဲ့ထဲသို့

သည့်ခဲ့၏။

သမ္မတလုပ်သူ ထင်ရာစိုင်းသည့်အထာကိုမြင်၍ ကွန်ဂရက်အဖွဲ့က ဘရိတ်ကို အုပ်ထား၏။

သူတို့၏အစိုးရမှာ (သမ္မတအစိုးရ)ဟု ခေါ်၏။

ကျွန်တော်တို့ အစိုးရအဖွဲ့မှာ ကက်ဘိနက်အစိုးရဟု ခေါ်ခဲ့ကြရ၏။

ဗြိတိသျှပါလီမန်စနစ်မှာ လူတိုင်း၏နောက်ဆုံး ခိုလှုံရာကြီးတစ်ခု ဖြစ်အောင် သူတို့ဖန်တီးခဲ့ကြ၏။

ခိုလှုံရာကြီးဖြစ်အောင် ဖန်တီးခဲ့ရာ သူတို့သည် အောင်မြင်ခဲ့ကြ၏။

သူတို့တစ်တွေတော့ အောင်မြင်ကြ၏။

ကျွန်တော်တို့တစ်တွေ မအောင်မြင်ခဲ့ပါတကား။ အဘယ်ကြောင့် မအောင်မြင်သလဲ ထုတ်ဖော်ဖို့တာဝန်သည် ကျွန်တော်တို့တာဝန် မဟုတ်ပါလား။

အနာဂါတ်ကာလအတွက် ပစ္စုပ္ပန်ကာလက တာဝန်မယူရဘူး လော။

အတိတ်ကာလက ချွတ်ယွင်းချက်တွေကို မဖော်ဘဲ မြေဖုံးဖုံးလုပ်သားတော့ကော တစ်သက်လုံး မသေသော ဗိစ္စာဖြစ်မှာလားဟူ၍ မေးပါရစေ။

**ပါလီမန်ဆိုတာဘာလဲ**

တစ်သက်လုံးတွေ့ကြုံရသော ဗဟုသုတမှုရသော အတွေးအခေါ်နှင့် ကျွန်တော်တို့ မလုံလောက်ပါ။ ကျွန်တော်တို့မမွေးမီက ရေးခဲ့သောစာစောင်တွေကို ဖတ်ရပါသေးသည်။

ဖတ်ရုံနှင့် မလုံလောက်သေးပါ။ စာအုပ်၏အဆိုနှင့် လက်တွေ့ကို တိုက်၍ကြည့်ရပါသေး၏။

တိုင်းပြည်၏အတိုးအကျကို မှတ်ကျောက်ဟူ၍ ရှုစမြဲပင်။

လူမျိုးတစ်မျိုး မတည်တံ့ဘဲ ပန်ကမီခေါ် လူပုကလေးတွေလို ဖြစ်ပြီး နွားတွေလို ရောင်းစားခြင်းခံရတော့ မှန်ရော့လား။

ဤမျှပင် ခြေဆင်းသဘောရေးပြီး ပါလီမန် အကြောင်းကို ရေးပါရစေ။

ကျွန်တော်တို့၏ နောက်ဆုံးခိုလှုံရာသည် ပါလီမန်ဟု ကျွန်တော်တို့ ယူဆခဲ့ကြ၏။

ပါလီမန်သည် နိုင်ငံရေး သိမ်ကြီးပင်တည်းဟု ယခင်က ယူဆခဲ့ကြ၏။

ရေကန်ကြီးများတွင် လှိုင်းပေါက်ထားရ၏။ အလွန့်အလွန်ရေတွေလျှံလာလျှင် ကန်ရိုးမကျိုးအောင် လှိုင်းပေါက်တွေ ထားရ၏။ မိတ္ထီလာကန်ကြီးကို နမူနာအဖြစ် လေ့လာကြပါ။

လှိုင်းပေါက်မကောင်းလျှင် လှိုင်းပေါက်တွေပါ ကျိုးကျတတ်သေး၏။

လူနှင့်လူချင်းသတ်ခြင်း၊ တိုက်ခိုက်ခြင်း မဖြစ်ရလေအောင် ရှင်းလင်းစရာရှိလျှင် ပါလီမန်သွားပြီး ရှင်းကြဟု ဆိုသော စနစ်သည် ပါလီမန်စနစ်ပင် ဖြစ်၏။

မင်းပြောင်းမင်းလှဲလုပ်စရာရှိလျှင် လူနှင့်လူချင်း မသတ်ကြပါနှင့်၊ ပါလီမန်တွင် ဖြုတ်ချပါတော့လားဟု ဥပဒေကဆိုခဲ့၏။

အင်္ဂလိပ်လက်ထက် ဆာအော့စကာဒီ ဂလင်စီကို ဥက္ကဋ္ဌရာထူး ဆန္ဒမဲနှင့် ဖြုတ်ချခြင်းခံရ၏။ ဦးချစ်လှိုင်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့၏။ ပရိသတ်ရှေ့တွင် ဆာအော့စကာဒီ ဂလင်စီက ဦးချစ်လှိုင်ကို လက်ဆွဲနှုတ်ဆက်ခဲ့၏။

ဒေါက်တာ ဘမော်ကို ပရိုင်းမင်(န်) စတာအဖြစ် ဖြုတ်ချရာ ဒေါက်တာ ဘမော်သည် ကျောက်သရေရှိစွာနှင့် အတိုက်အခံဘက်တွင် ထိုင်ခဲ့၏။ ပါလီမန် စနစ်သည် တိုင်းပြည် သွေးထွက်သံယိုဖြစ်ခြင်းမှ ကာယ်နိုင်ခဲ့၏။

ဖဆပလအကွဲတွင် ဦးဘဆွေမှာ ဦးနုကို ဖြုတ်ချရန်အဆိုသွင်းရာ ဦးနုက နိုင်ခဲ့၏။ ကျောက်သရေရှိခဲ့ပါ၏။ နောက်တစ်ကြိမ် ပါလီမန်အစည်းအဝေး ကျင်းပမည်ပြုရာတွင် ပါလီမန်ဖျက်မယော့ဟု ဦးနုက ကြေးငါးသည်နှင့်တစ်ပြိုင်နက် ၁၉၅၈ ခု စက်တင်ဘာလ ၂၆ ရက်နေ့ အရေးတော်ပုံပေါ်ခဲ့ရ၏။

ပါလီမန်စနစ်သည် လူမျိုး၏ ဝိဇ္ဇာတည်းဟူသော ဓားကို မခံနိုင်ခဲ့ရေ တကား။

ကျွန်တော်တို့အဖို့မှာ ပုဂ္ဂလိကခွာနက်တွေ အလျဉ်းမရှိပါ။ သို့သော်

ပါလီမန်စနစ်နှင့် ထိုက်တန်လိုသူများတွင် ကျွန်တော်တို့ ပါဝင်ပါ၏။

C.F.Strong-စီအက်(ဖ်)စထရောင်းအမည်ရှိသော ကျမ်းပြုဆရာက ခေတ်အခြေခံဥပဒေများအကြောင်းရေးသားခဲ့ရာ—

**Parliament is Sovereign** "အချုပ်အခြာအာဏာသည် ပါလီမန်တွင် တည်သည်"ဟူ၍ ရေးသားထား၏။

အမတ်တွေက ရှိသောတတ်မှ ပါလီမန်သည် တည်၏။ ထမင်းအိုးကွဲမှာကြောက်လို့ ဟူသော ဂါထာတစ်ပိုဒ်နှင့် နိုင်ငံရေးတွင် စခန်းသွားခဲ့ရာဘာဖြစ်ခဲ့သလဲ။

အနာဂါတ်ကာလအဖို့ ရည်ရွယ်၍ ကျွန်တော်တို့က သက်သေမတွေ့ကြရဘူးလား။

■

[ ၄၈ ]

# လမ်းစဉ်ကို သစ္စာဖောက်ရာမှ ပါလီမန်ကြီး ပျက်စီးရပုံ

ယနေ့ကမ္ဘာသည် ငယ်၍ငယ်၍ လာပါ၏။ တစ်ကမ္ဘာလုံးအရေးကို မြဲ၍ကြည့်ရန်လွယ်ကူ၍ ကမ္ဘာသည် ငယ်လာပါသည်ဟု ကျွန်တော်တို့သည် ရေးနေရခြင်း ဖြစ်ပါ၏။

ပါလီမန်စနစ်ကျိုးသလော၊ သို့တည်းမဟုတ် မကျိုးသလော စုံစမ်းစစ်ဆေးသော ထုံးစံရှိ၏။ ဤထုံးစံကို ပြည်သူတွေသည် မလိုက်နာကြလိုက နေနိုင်ကြသေး၏။ ဤသို့ပြုလုပ်မည့်အစားတစ်ဦးတစ်ယောက်က သမိုင်းစဉ်(ဝါ)အတ္တုပ္ပတ္တိတစ်ခုရေးရ၏။ ဤသို့မရေးရဲလျှင် နိုင်ငံခြားသားက ရေးစမြဲပင် ဖြစ်၏။

မြန်မာရာဇဝင် နောက်ဆုံးနန်းဆက်အကြောင်းကို အမွမ်းတင် ရာဇဝင်တစ်စောင်အဖြစ် ကုန်းဘောင်ဆက်ကို မန္တလေးမြို့ ဦးတင်က ရေးခဲ့၏။

နန်းတွင်းရေး ဟူသရွေ့ကို အသေးအမွှားမကျန် နိုင်ငံခြားသားက ရေးကြ၏။

"လက်ကား လေဒီ"ခေါ် စာအုပ်တွင်လည်းကောင်း၊ မစ္စတာဖူးကားရေး "သူတို့သည် မန္တလေးတွင် နိုးနိုးကြလေသည်"ခေါ် စာအုပ်ကိုလည်းကောင်း ရေးကြ၏။

သူတို့ရေးသမျှ မှားသလားဟု မေးရာ မမှားချေ။ ရေးသားပုံ ရေးသားသောနည်းတွင် "ဆေးအရောင်ခြယ်ရာတွင် ပြင်းထန်လွန်းသည်"ဟု ဆို

ကြသည်။

မြန်မာ နန်းတွင်းရေးကို သိလိုလျှင် နိုင်ငံခြား စာရေးဆရာများ ရေးသားသော စာအုပ်ကို မဖတ်၍ မဖြစ်ပါဘူးဟု ကျွန်တော်ကရေးပါရစေ။

"မှန်ကန်မှု" တစ်ခုသည် နိုင်ငံခြားတွင်သွား၍ ပေါ်လေ့ရှိ၏။ နိုင်ငံခြားသားတွေကသိ၍ မဟုတ်ပါ၊ မြန်မာထဲက တိတ်တဆိတ်ရေးသော မှန်ကန်မှု မြန်မာနိုင်ငံတွင်မပေါ်ရဲ၍ နိုင်ငံခြားသို့သွား၍ ပေါ်ရခြင်းပင် ဖြစ်၏။

ကျွန်တော်သည် မှန်ကန်မှုတစ်ခု ပေါ်ခြင်းပေါ်လျှင် ရန်ကုန်မြို့မှာ ပေါ်ရမည်ဟူ၍လည်းကောင်း၊

မှန်ရာကိုရေးရာ ဆေးရောင်ခြယ်ရာတွင် ဆေးများလွန်းသည်ဟု ဆိုခြင်းကိုခံ၍(ဝါ) အမုန်းခံ၍လည်းကောင်း ဤဆောင်းပါးကို ရေးနေရခြင်းဖြစ်ပါ၏။

## ကြည့်သို့နဲ့ကြပါသည်

ပါလီမန် ဟူသည် လူတွေ၏ နောက်ဆုံး အားကိုးရာကြီးတစ်ခုဟု ကျွန်တော်တို့ ယူဆခဲ့ကြပါ၏။

အင်္ဂလိပ်ဘုရင်ခံ ဆာဟူးဘာတ်ရန့်စ် လက်ထက်တွင် ယူနီယံဂျက် အလံကို သမ္မတအိမ်ဝင်းတွင် မြေကြီးအထိချပြီး ပြည်ထောင်စုမြန်မာနိုင်ငံ၏ အလံတော်ကို တိုင်ထိပ်အထိတင်စဉ်က မြင်ဖူးသောသူများတွင် ကျွန်တော်တစ်ဦးပါဝင်ခဲ့ပါ၏။ ထိုနေ့မှစ၍ ၁၉၆၂ ခု မတ်လ ၂ ရက်နေ့ အာဏာသိမ်းပုံကို ရေဒီယိုအသံဖမ်းစက်အနီးတွင် နားထောင်သောသူများတွင် ကျွန်တော်တစ်ဦးပါဝင်ပါ၏။

ပါလီမန်အမတ်တွေ၏ မျက်နှာကြီးတွေကိုမြင်ပြီး ဗုဒ္ဓလမ်ပွာန် မကြည်ပါနှင့်၊ ပါလီမန်ဆိုသည်မှာ လူသားတွေ၏ ဘဝခံစားမှု ဟူသရွေ့ကို ဖွင့်ချရသော ဘူမိနက်သံ အောင်မြေကြီးဟဲ့ဟု အစဉ်သဖြင့် ကိုယ့်ကိုယ်ကို နှစ်သိမ့်ခဲ့၏။

အမတ် လခနှင့် ခရီးစရိတ် အစရှိသည်တို့သည် တစ်နှစ်တွင် ခဂါး တစ်ကုဋေကုန်လျှင် ကုန်ပလေ့စေဟဲ့ ထိုက်တန်သားပဲဟု ကျွန်တော်တို့

ရွှဲလမ်းယုံကြည်ခဲ့ကြပါ၏။

အမေဘ်၏အရည်အသွေး ညှဲခြင်း မညှဲခြင်းနှင့် ဘာမှမဆိုင်။ သူတစ်ဦးမှာ နယ်၏နောက်သောက် ကျောခံရှိသားပဲဟုဲဟု ယူဆကာ ပါလီမန်ကြမ်းပြင်ကို ကျွန်တော်တို့သည် နင်းမိလျှင် အကြောများတွင် စိမ့်၍သွားခဲ့၏။

ကျွန်တော်တို့သည် ပါလီမန်မျိုးစေ့ကို မြေကြီးကိုတူး၍လည်းကောင်း၊ ရေလောင်း၍လည်းကောင်း၊ နေမပူအောင် အမိုးကလေးကာ၍ စိုက်ပျိုးခဲ့ကြပါ၏။

ဘယ်လိုရာသီဥတုမျိုးနှင့် ကျွန်တော်တို့တွေ့ခဲ့ကြသလဲ၊ မုန်းချက်နှင့်နှမ်းထွက်ကွာခဲ့ပါသည်။ အများကြီးကွာခဲ့ပါသည်။ အကျွရာစာလုံးနှင့်ရေး၍မဖြစ်အောင်ပင် ကွာလှပါသည်။

ပါလီမန် ဟူသရွေ့သည်လည်းကောင်း၊ ကွန်ဂရက် ဟူသရွေ့သည်လည်းကောင်း ထိုထိုသောအဖွဲ့ကြီးများတွင် "ပြည်သူ့ထင်မြင်ချက်အင်အားစု"မှာ အရေးအကြီးဆုံး ဖြစ်ပါသည်။

ဖြစ်ရပ် သို့မဟုတ် (FACTS) ကိုတင်ပြရာ ဖြစ်ရပ်မဟုတ်ဘူးဟု ငြင်းလိုကြလျှင် ငြင်းကြပါ။

ပါလီမန်တွင် တောင်သူလယ်သမားများ၏ ကိုယ်စားလှယ်များရှိပါ၏။ ဆိုရှယ်လစ် ပါတီဝင်တွေရှိခဲ့ပါ၏။ ကွန်မြူနစ်စနစ်ကို ယုံကြည်သူတွေရှိခဲ့ပါ၏။ ပညာတတ်လူတန်းစားတွေရှိခဲ့ပါ၏။ လူမျိုးစုတွေရှိခဲ့ပါ၏။ ပညာရေးလောကတွင် ထင်ရှားသောပုဂ္ဂိုလ်တွေ ရှိခဲ့ပါ၏။ သူတော်သူ ပညာရှင်များကို လိုက်စားသော ရန်ကုန်တက္ကသိုလ်ကြီး ရှိခဲ့ပါ၏။

အဆိုပါအဖွဲ့အစည်းများမှ "ဘာကိုလုပ်ပေးပါ"ဟု တောင်းဆိုလာလျှင် အနုးအညွှတ် စိမ်ကိန်းရေး၍ အကောင်ပဒေလုပ်သင့်ကြ၏။

မှားလျှင် ပါလီမန်ဘက်မှခံ၍ ချရန်အသင့်ရှိခဲ့ကြ၏။

တောင်တိဏ္ဍင်မှုကို အဆိုပါ အဖွဲ့အစည်းများမှ မယူခဲ့ပါ။ တိဏ္ဍင်မှုကို အဆိုပါအဖွဲ့များက ယူကြလျှင် ဓမ်းသာမည့်သူများတွင် ကျွန်တော်တို့ ပါဝင်ပါ၏။

အဘယ်မည်သော ကာလပ်စည်းကမှမဟုတ်၊ အဘယ်မည်သော

သမဂ္ဂမှမဟုတ်၊ အဘယ်မည်သောအစည်းအရုံးကမှမဟုတ်၊ အဘယ်မည်သော သံဃာအဖွဲ့မှမဟုတ်။

လူမမြင်သူမမြင် မထင်ရှားသော ဧရာမ ဥပါဒါန်အင်အားစုထဲမှ ဥက္ကဋ္ဌကြီး၏စိတ်ထဲသို့ ဆိုက်ကဲ့သို့ စိမ့်၍ဝင်ပြီးလျှင် "ဘုန်းရှိမှကံရှိမှ သင်္ဂါယနာ တင်နိုင်ပါတယ်" သေဖြင့် မှုဆစ်ဖူးကလေးအပေါ်တွင် လက်ဝါးကလေးနှစ်ဖက်ကို ဖြန့်၍ နူးနပ်သွားသော အင်အားစု၏ အရှိန်သည် ပါလီမန်ထဲသို့ ဝင်လာတော့၏။ ပါလီမန်ထဲရောက်ခဲ့ပါ၏။

ပါလီမန်အမတ်တွေသည် ဘာမှမသိကြချေ။ ပါလီမန် ဒီမိုကရေစီကြီး ပျက်တော့မည်ဟု မည်သူမျှ မမြင်ချေ။ ကျွန်တော်တို့ အစပထမတွင် မမြင်ခဲ့ပါ။

ပါလီမန်အမတ်က မသိခြင်းမှာ တော်သေး၏။ ဝန်ကြီးခေါင်း(နှ) တေားအချို့ပင် မသိကြချေ။

ဤအရေးတွင် မြို့မကျောင်းသားဟောင်း အသင်းသားဝတ်လုံ ဦးချန်ထွန်းကစ၍ "ဂိတ်"လွှတ်ခဲ့၏။ ဆရာတော်များ ဘုရား....တပည့်တော်တို့ကို သင်္ဂါယနာ အတင်နိုင်းပါဘုရား....၊ နိုင်းပါဘုရားဟု လျှောက်ရန် သူတစ်စုသည် သဘောတူညီခဲ့၏။

"အပြီးသတ်တော့ ကုလားဖန်ထိုးတာကိုး"ဟု ကျွန်တော် ရိပ်စားမိပါ၏။

ရဟန်းလူထွက် တစ်ရက တိုးတိုးကလေးနူးခြင်းသည် တစ်နှစ်လျှင် ဘစ်ကုဋေနီးပါး အကုန်ခံ၍ ဖွဲ့ထားသော အစည်းအရုံးတွေထက် တန်ခိုးကြီးပေတကား၊ ထိရောက်ပေတကား။

ဤရှုခင်းကိုဆက်၍ ဆေးမခြယ်လိုတော့ပါ။ ဤအရေးကို ပါလီမန်က (ဂိတ်)လွှတ်တာ မဟုတ်ပါဘူးဟု သက်သေထွက်ဆိုရခြင်း ဖြစ်ပါ၏။

ထိုအရေးအတွက် ငွေဒင်္ဂါး ၇ ကုဋေသုံးခဲ့ပါ၏။ ၇ ကုဋေ သုံးပြီးနောက် (Public Opinion) ခေါ်ပြည်သူ့ထင်မြင်ချက်အင်အားစုထဲက ပေါက်ဖွားတဲ့ ပြည်သူကိုအသိမပေးရုံမျှမက အချုပ်ဆုံး ရုံတော်ရဲ့ဘက်တွေပင် မသိကြရတဲ့ ပါလီမန်ကြီးကို ဖုတ်စား၊ သုပ်စား သွားပုံကို ရှုထောင့်အသစ်မှနေ၍ ရေးပါရစေ။

ပါလီမန်ဟူသည် သိက္ခာရှိရ၏၊ အာဏာရှိရ၏၊ သိက္ခာကိုထိမ်းရန် ပါလီမန်အမတ်တွေက အနာခံရ၏၊ ဆိုရှယ်နီတွေသည် ပါလီမန်ထဲတွင် နေ၍တိုက်နိုက်ရကြသေး၏။ ထိုတိုက်ပွဲတွင်ပါသော ပဲခူးမြို့ ဆရာကြီး ဦးသာခင်သည် ကျန်းမာနေပါ၏၊ ကွယ်လွန်သူ ဒေါ်ခင်လှ ပါဝင်၏။

ပါလီမန်၏သိက္ခာကို ကာယ်ခဲ့သော ရဟန်းရှင်လူတွေ အနာခံကြရ တွေကိုတော့ ဆေးဖြူသုတ်၍ မဖျောက်ကြပါနှင့်ဟု ကျွန်တော်တို့က ပြန်ကြား ပါရစေ။

ပါလီမန်စနစ်ကိုပြန်၍ အသက်သွင်းလိုကြသေးလျှင် "ယုံကြည်ချက်" ရှိစကောင်းသည့် အကြောင်းကို ဆက်၍ ဖော်ပြပါရစေ။

■

[၄၉]

## ပါလီမန်စနစ် အသေကောင်ကြီးကို ရင်ခွဲရုံထဲပို့ပြီး ခွဲစိတ်၍မကြည့်ကြရဘူးလော

မြန်မာ ပါလီမန်အတွင်းရှိ ပါတီများမှ ပေါ်သော အသံလည်းမဟုတ်၊ ဘယ်သမဂ္ဂ၊ ဘယ်အစည်းအရုံး၊ ဘယ်အသင်းကမှ ပေါ်သော အသံလည်း မဟုတ်ပါ။ ဘယ်တစ္ဆသိုလ်ကမှလိုအပ်သည်ဟု ပြောသော အသံမဟုတ်၊ ဆေပလက မထောက်ခံ၊ ပမညတကလည်းမထောက်ခံ၊ လူနည်းစုတွေက လည်း မထောက်ခံသော နိုင်ငံတော်ဘာသာ အရေးတော်ပုံကို အနာဂါတ် ကာလကို ကိုယ်စားပြုသော ပုဂ္ဂိုလ်များသည် ပေါ်လာနိုင်ကြပါစေသတည်း။

**တိတ်တိတ်ပုန်းလောက**

ဤနိုင်ငံ၌ တိတ်တိတ်ပုန်းလောက၏ အယူအဆများသည် ပါလီမန် အထိ လွှမ်းမိုးနိုင်၏။

ရုံးစေနှင့် ဒရိုင်ဘာကို ဘုတ်အဖွဲ့ချယ်ယာမင်ခန့်ရဲ့သကွ။

ငါတို့လူက တစ်မတ်တန်ကို တစ်သိန်းပေးသကွ။

လုပ်မယ်ဆိုလျှင် ဖြစ်ချင်တာဖြစ် လုပ်ရဲ့သကွ–ဟူသော တိတ်တိတ် ပုန်း အယူအဆသည် တကယ်ထိရောက်ခဲ့၏။ ထိုအယူအဆ မမှန်မှန်းသိ လျှင် ဥပါဒါန်စိတ်နှင့် ခြိမ်းခြောက်ရ၏။ ဘာသာရေးနှင့် ခြိမ်းခြောက်ရ၏။

၎င်းကို စွတ်တရွတ်စနစ်ဟု ခေါ်၏။

ဓွတ်တာရွတ်လုပ်သမျှမှာ ကိုယ်ကျိုးဘက်ကနေ၍ ကြည့်သော စိ
ခတ်ပါရ၏။ အင်္ဂလိပ်စကားအရ (Subjectivism) ဟူ၍ ခေါ်
ကိုယ်ကျိုးစနစ်၏ နောက်ဆုံး ဂိုးပေါက်ဝတစ်ခုသည် အရှုံ့တိုက်ခြင်း
ရ၏။ မကြိုက်မနှစ်သက်လျှင် လူတစ်ဦးကိုဖြစ်စေ၊ လူတစ်စုကိုဖြ
သတ်ပစ်ကြရ၏။

ပါလီမန်စနစ်ကြီးသည် သေဆုံးသွားလေပြီဖြစ်ရာ ပါလီမန်
အသေကောင်ကြီးကို ရင်ခွဲရုံသို့ပို့ပြီး ခွဲစိတ်၍ မကြည့်ကြရအူးလေ

**လိမ်ရုံသူတို့၏ အာဏာတစ်ခု**

နိုင်ငံရေးကို မည်သူမျှ ဂရုမစိုက်နိုင်ပါ။ ကိုယ့်ထမင်း ကိုယ်
စားနေရင်း လူတွေသည် သေကြရကုန်၏။

နိုင်ငံတော်ဘာသာဆိုလျှင် ဟ မှုတာပဲ။ ငါတို့ ဗုဒ္ဓဘာသာ တို
တော့မယ်။ နိုင်ငံခြား အယူတွေ လွှမ်းမိုးပျောက်တော့မယ်ဟု သ
ယူဆကြ၏။

ဓရာမပညာတတ်ကြီးတွေက ကင်ပွန်းတပ်ပြီး နာမည်ခေါ်လိုက်
ပြီးတာပဲ။ လူတွေဟာ လိမ်မှုကြိုက်တယ်။ ဘာသာခြားတွေကိုတော့ မ
မုန်း ကျုပ်တို့ သိပါတယ်ဟု ယူဆကြ၏။

ပထစပ သည် ရက်စက်သည့်နေရာတွင် မှတ်တမ်းတင်လော
အောင် ရက်စက်ခဲ့ကြ၏။

**တစ်ပြားမှမလျှော့နိုင်သော အစိတ်အပိုင်း**

ဒီမိုကရေစီ၏အရာသာတစ်ခုမှာ ဘာပဲလုပ်စေကာမူ ပြည်သူများ
အကြောင်းအကျိုး ပြသခဲ့ခြင်းပင် ဖြစ်၏။ ထိုအခြေခံမှာ တစ်ပြားမှ မ
နိုင်သော ဒီမိုကရေစီ အစိတ်အပိုင်းပင်ဖြစ်၏။

ပထစပသည် အတွင်းကျိတ်စိတ်ကူးကို လူသိမှာကို ကြောက်
"ငါပြောသလိုပြော၊ ငါနိုင်းသလိုလုပ်"ဟူသော ညွှန်ကြားလွှာကြီးနှင့်
ရေးကော်မတီ ခန့်အပ်ခဲ့၏။ သူတို့သာ သတ္တိရှိခဲ့လျှင် "နိုင်ငံတော်ဘာ
ဟူသောနာမည်ကိုသာ ပြောင်းနိုင်တယ်၊ အနှစ်သာရကိုတော့ မပြော

နိုင်ဘူး"ဟု သူတို့သည် ဖွင့်၍ပြောကြစေလို၏။ ဤသို့ဘယ်တုန်းကမှ မပြော ခဲ့ကြချေ။ ပါလီမန်စနစ်တွင် ရောဂါဝင်မှန်း သူတို့မသိကြချေ။

ပြိုင်မြင်းကို ဂိတ်ကမလွှတ်မီကတည်းက ဝင်းရသော နံပါတ်ကြီးကို အကျီအိတ်တွင် ထည့်၍ထား၏။

ဖုံးဖိချင်တာကအလွန်၊ ပေါ်နေတာက ကမ္ဘာအသိပင် ဖြစ်၏။

ပါလီမန်စနစ်၏ စည်းကမ်းတွေကို အကုန်လွှင့်ပစ်ခဲ့ကြ၏။ ပြောင် တလင်းကျစွာဖြင့် သူတို့သည် လွှင့်ပစ်ခဲ့ကြ၏။

စုံစမ်းရေးကော်မတီ အဖွဲ့ဝင်တွေသည် နယ်လှည့်ခဲ့ကြရာ ဘာတွေ ကို သက်သေထွက်သလဲ မသိကြရချေ။ ကောင်းလေစွတကား။

တတိယပြင်ဆင်ချက် ဥပဒေကြမ်း ဘယ်လိုရေးသလဲ။ ပါလီမန် အမတ်တွေလည်း မသိခဲ့ကြချေ။ ပြည်သူတွေသည်လည်း မသိကြရချေ။

တကယ်ပါလီမန်ဒီမိုကရေစီကို ရှိသေခဲ့ကြလျှင် ဥပဒေကြမ်းတွေကို ၃ လကျော်လောက်က ဝေ၍ထားသင့်ကြရ၏။

ဤအမေးကို ဖြေကြပါ။

မြင်းပွဲမပြေးမီ ဝင်းနံပါတ်ကြီးကို ဖက်ထားရာ လူသိမှာကို အသေ အလဲ သူတို့သည် ကြောက်ရွံ့တုန်လှုပ်ပြီးလျှင် ဆရာတော်သံဃာတော် အချို့ကို အသံလွှင့်ရုံမှနေ၍ ပရိတ်ရွတ်တော်မူကြပါဟု နိုင်းစေခဲ့ကြသေး ၏။ ပါလီမန်စနစ်ကို အဘယ်မျှတုန်တုန်ယင်ယင်နှင့် ကြောက်ရွံ့ကြသလဲ ဆိုလျှင် ဥပဒေကြမ်းကိုမထောက်ခံလျှင် ပါတီကထုတ်ပစ်မည်ဟူသော ပထမ ပါတီက အတိအလင်း ကြေညာခဲ့ကြသေး၏။ ထုတ်ပစ်ရဲလျှင် ထုတ်ပစ်ပါ လားဟု အမတ်တစ်ဦးကမျှမပြောရဲခဲ့ချေ။

နွားကျိုးနှင့်မြင်းကျိုးကိုလဲ၍စားသလို နိုင်ငံတော်ဘာသာနှင့် ပြည်နယ် ဖလှယ်၍စားရန် ပါးစပ်တပြင်ပြင် နေသူများက "နိုင်ငံတော်ဘာသာကို ကန့်ကွက်လျှင် ကန့်ကွက်သူတို့၏ နာမည်များကို ကမ္ဘည်းထိုးတော့မလို" လမ်းသလားရွဲ ပြောကြ၏။ သူတို့သည် ကွန်မြူနစ်တွေထံမှ သင်တန်း တက်လာကြဟန် တူကြ၏။

နိုင်ငံတော်ဘာသာ ဆွမ်းကြီးလောင်းပွဲကြီးတွင် ရခိုင်ပြည်နယ် တောင်းသူတွေကလည်းကောင်း၊ မွန်ပြည်နယ် တောင်းသူတွေကလည်း

ကောင်း၊ မှတ်ဆလင်ပြည်နယ်ကောင်းလိုသူတွေသည်လည်းကောင်း ထိုထို သောသူတို့သည် အိပ်သွန်ဖာမှောက် ဝတ်အူတစ်ဆုံးနှိုက်၍ နိုင်ငံတော် ဘာသာကို ကူညီလာကြကုန်၏။ ထိုပွဲမှာ တကယ်ပင်ကြည့်၍ကောင်း လှပေ၏။ ပါလီမန်စနစ် သေခါနီးတွင် လင်းတတွေဝဲခဲ့ကြ၏။

**ပြည်သူ့ထင်မြင်ချက်အင်အားစု**

ပြည်သူ့ထင်မြင်ချက် အင်အားစု ပြုစုပျိုးထောင်ရခဲ့သမျှမှာ ပန်းချေ ရာပေါ်တွင် လှူးလိုမှုံရသကဲ့သို့ မဟုတ်ခဲ့ချေ။ သေနတ်ကျည်ဆံတွေကို လက်ဝါးနှင့်ကာ၍လည်းကောင်း၊ အသေခံ၍လည်းကောင်း တိုက်ခိုက်ကြ ရစမြဲပင်ဖြစ်၏။

ထိုအချိန် ထိုအခါကစ၍ သံဃာထုသည် အုံကြွ၍လာတော့၏။ "ဗုဒ္ဓ ဘာသာစစ်စစ်တွေကို ပန်ကြားရပါစေ" ဟူသော စာအုပ်ငယ်တွေကို (ရွှမ်း နေ့စဉ်မှ) အနှံ့အပြား ဝေလာကြတော့၏။

၁၉၆၁ ခု ဩဂုတ်လ အတွင်းတွင် အစိမ်းသေ နတ်တွေကို မောင်း ထုတ်ကြလော့ဟူသော စာရွက်တွေကို ရန်ကုန်ဆူးလေဘုရားလမ်းမကြီး တွင် ဝေငှရဲသူတို့က ဝေငှ၍ လာကြတော့၏။

ရွှေတိဂုံစေတီအနီးတွင် နတ်ကွန်းဆောက်ရန် စီမံပြီးခါမှ မဆောက် ဖြစ်ကြောင်းကို သတင်းတစ်ပုဒ်မျှပင်ဆိုင်ရာမှ မထုတ်ဝေရဲခဲ့ကြချေ။

ထိုအခါတွင် လူမျိုးစု အမတ်တစ်ဦးက ခေါင်းဆောင်၍ ရန်ကုန်မြို့ ရေကျော်ရပ်ကွက် ဝိုင်အမ်ဘီအေ၏နယ်ထဲသို့ အစိမ်းသေ နတ်တွေဝင်၍ ကပြကြ၏။ ပါလီမန် ဒီမိုကရေစီစနစ်ကြီးတွင် မကောင်းဆိုးဝါးတွေဝင် သလို ဖြစ်ကြရတော့၏။

အလမ္မာယ်ဆရာတွေသည် မြွေကိုက်ခြင်းကိုခံကြရလေ၏။

ပြည်ထောင်စုမြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ သံဃာတော်များ၏ အရှု အညီနှင့် ဆန္ဒမဲရခဲ့သော ပထစ မြွေကိုက်ခံရသော ဖြစ်ရပ်တွေကို ကျွန်တော် တို့ အကုန်မမြင်ခဲ့ပါ။

တရားဥပဒေ ဘောင်အတွင်းမှနေ၍ ဥပဒေကိုရှိနိုးပြီး တရားလွှတ် တော်ချုပ်သို့ တတိယနှင့် စတုတ္ထပြင်ဆင်ချက် ဥပဒေကြမ်းကို တင်သွင်း

ပေးပါဟု တရားလို ၅ ဦးက လျှောက်ထားခဲ့ကြ၏။

အာဏာပိုင်ပေး စာချွန်တော်ထုတ်ပေးရန်လျှောက်ထားခဲ့ကြ၏။

တရားဥပဒေအတွင်းမှနေ၍ ဆောင်ရွက်စရာရှိသမျှကို တစ်ခုမကျန် ဆောင်ရွက်ခဲ့ကြ၏။

၁၉၆၁ ခု ဩဂုတ်လ အတွင်းတွင် သံဃာတော်များဆန္ဒပြပွဲပြုလုပ်ပုံမှာ ရိုက်ယူထားသော ဓာတ်ပုံများနှင့် သတင်းစာတွေကို လေ့လာခြင်းအားဖြင့် သိနိုင်ကြ၏။ ထိုတိုက်ပွဲသည် ရာဇဝင် အပြောင်ဆုံး တိုက်ပွဲတစ်ပွဲပင် ဖြစ်ခဲ့၏။

ဓွတ်တာရှုတ် ပုဂ္ဂလိက အဖွဲ့တိုက်မှုကလေးတစ်ခုမှစ၍ ပါလီမန်တွင်းသို့ မလိုအပ်သော ရောဂါကြီးရောက်ပြန်ရာ ပါလီမန်ဟူသည် ပြင်ပရှိပြည်သူတွေ၏ သေရေးရှင်ရေးကို ဆွေးနွေးစမြဲဟု ယူဆလာခဲ့ရာ မြန်မာနိုင်ငံ၌ ဤသို့မဟုတ်ခဲ့ချေ။

ပါလီမန်ကြီးသည် မြန်မာနိုင်ငံအတွက် မဟုတ်ဘဲ တကယ် မဟုတ်ဘဲ ဓွတ်တာရှုတ်ပိုင်ရှင်တို့အတွက် ခင်းကျင်းပြသသွားပုံကိုလည်းကောင်း၊ လူနည်းစုအချို့ပင် အရောင်ရောဂါစွဲကပ်ပုံကိုလည်းကောင်း မြန်၍နေပြီးလျှင် ပါလီမန် ဒီမိုကရေစီရေ အမှု အမှု ဟူ၍ အမှုဝေရပုံကို ဆက်လက်ဖော်ပြပါအံ့။

ကျွန်တော်တို့တစ်တွေသည် ဘယ်စနစ်မျိုးနှင့် ထိုက်တန်သလဲ အဖြေပေးကြပါ။ ထိုက်တန်ရာတွင် ရပ်တည်လိုကြပါ၏။

■

[ ၃၀ ]

# သူတို့သချိုင်း သူတို့ရှာကြသလို
# ပြည်သူက မြင်ကြပုံ

ဓွတ်တာရွှတ်လုပ်သော စက်ယန္တရားကြီး၏အသွင်ကို ပန်းချီရေးဆွဲရုံနှင့် မပြည့်စုံသေးပါ။ "ပါလီမန်" စနစ်တစ်ခု ကျိုးကျပါပြီဟု ပါလီမန်အမတ်တစ်ဦးတစ်ယောက်ကမှ ပြောသံကို ကျွန်တော်တို့ မကြားခဲ့ရပေ။

"ရက်စက်မှ ကြေကွဲ"

"ရုံမှ မင်းဖြစ်သည်"

ဟူသော စကားပုံသည် အသက်ဦးဆံပိုင် ဘုရင်အုပ်ချုပ်ရေးစနစ်မှ ပေါ်ပေါက်လာရသော စကားပုံတစ်ရပ်ဖြစ်၏။

ခေတ်ထဲတွင် လူဆိုးလုပ်သူက ခေတ်လိုက်ကို နိုင်စက်နိုင်လေလေ—လွမ်း၍ ကောင်းလေလေဖြစ်သည်။ ရက်စက်သည့်ဘဝတွင် အဆေကိုပင် သတ်ရုံမှ ရှင်ဘုရင်ဖြစ်ရသည်. . . ဟူသော သဘောသည်အဆိုပါ မြန်မာစကားပုံတွင် သက်ဝင်နေ၏။

ပါလီမန် ဓွတ်တော်ဟူသည် လူ၏ခွေးကိုယ်၊ ဦးနှောက်ကဲ့သို့ဖြစ်ရမည်ဟူ၍ ကျွမ်းပြုဆရာတို့က ရေးသားထားကြ၏။

၁၉၆၁ ခု၊ ဩဂုတ်လ အတွင်းတွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပါလီမန်ကြီးသည် တိုင်းပြည်နှင့်ကင်းကွာလေပြီ၊ ပြည်သူပြည်သားတွေနှင့် အဆက်ပြတ်လေပြီ။

ရက်စက်သူတို့သည် ပြည်သူတွေ မျက်ရည်ကျအောင် ရက်စက်ကြရ

ပြီ။ နိုင်ငံရေးစည်းရုံးမှုတွင် စာဖြင့်ရေးမထားဘဲ ပေါ်လွင်နေသော အင်္ဂါ
ရပ်ကို ကျွန်တော်တို့က ဖော်ပြလိုၤ၏။

(၁) နွားပင်းပါသည်ဘုရား။

(၂) မြေကျိုးပါသည်ဘုရား။

(၃) မျက်စိကန်းပါသည် ဘုရား × × × ဟု ဆိုမှ အမတ်လောင်းဖြစ်
ည်ဟူသော အချက်ကြီး ၃ ချက်ကြောင့် ပထမပေသည် အာဏာရခဲ့၏။
၃ ချက်သည် သူတို့၏ သချိုင်းဖြစ်မည်ကို သူတို့ မမြင်ကြချေ။

နိုင်ငံရေးဆိုသည်မှာ ဘာမှန်းမှမသိသော ထန်းလျက်ကုန်သည် အတန်း
ထားမျှရှိသော သူများကိုလည်းကောင်း၊

ရဲဘော်သုံးကျိပ်ထဲတွင် ပါဝင်သတဲ့ဟူသော နံမည်ကြီးရှိသူတွေ
ပင် လည်းကောင်း အမတ်လောင်းအဖြစ် ရွေးချယ်ကြ၏။

ပါတီက မယုံသက်ာရှိပြန်လေပြီ။ အိုးမလုံ အုံမှုပ်ကြလေပြီ။ မသက်ာ
ဘိုကို ထင်ရှားစေဦးအံ့။

အင်္ဂလိပ် လူမျိုး အသက်ဦးဆံပိုင် ဘုရင်တစ်ပါးသည် သင်တုန်းဓား
မှတ်ဆိတ်ရိတ်သော ဆတ္တာသည်ကို မယုံ၍ စဏ္ဍုကို မီးနှင့်ရှို့ပြီး
ဘ်ဆိတ်မွေးကို အရိတ်နိုင်းသကဲ့သို့ ဖြစ်လာတော့၏။

ကျွန်တော်မျိုးကြီး ကန်းနေပါသည် ဘုရား။

ကျွန်တော်မျိုးကြီး ကျိုးနေပါသည်ဘုရား။

ကျွန်တော်မျိုးကြီး နွားပင်းနေပါသည်ဘုရား . . . ဟု ဆိုကြရုံနှင့်
သာပေ သည် မကျေနပ်ချေ။ ဥက္ကဋ္ဌကြီးသည် မကျေနပ်ချေ။

နိုင်ငံတော်အာဏာကို ပထမပေထဲကကန့်ကွက်လျှင် ပါတီကထုတ်
မည်။ ဥက္ကဋ္ဌ၏ အမိန့်တော်ဟု ရေဒီယိုမှ ကြေညာခဲ့သေး၏။

နိုင်ငံရေးပါတီစနစ်မှာ ကျဆုံးရာရတော့သတည်း။ ပါတီ၏ စည်းကမ်း
သေမှုရှိရပေမည်။ (Discipline) ရှိရပေမည်။

ဝမ်းထဲရှိသမျှကို ဖော်ထုတ်ခွင့်ပေးပြီးမှ ပါတီဝင်တွေကို အရေးယူ
င့်က ယူရပေမည်။ ဤသို့မဟုတ်ခဲ့ချေ။ မေးမြန်းခြင်းကိုပင် မခံကြတော့
။

ပါလီမန်တွင်း ဖဆပလ ပါတီခေါင်းဆောင် သခင်သာခင်က နိုင်ငံတော်

ဘာသာကို ကန့်ကွက်ခဲ့၏။ ဖဆပလကို အားပေးသော ဆရာတော်အချို့က ဖဆပလဝင်အမတ်ကို (နိုင်ငံတော်ဘာသာကို)ဆန့်ကျင်မဲပေးပါဟု အတင်းနိုင်းကြသေး၏။ နာမည်တွေကိုဖွင့်ရေးလျှင် မသင့်၍ မရေးဘဲထား ရပါ၏။

လိမ်လည်မှု စက်ယန္တရား၏ သတ္တိသည် တကယ်ကြီးမားကြောင်း ကျွန်တော်တို့သည် သိရ၏။

**သူတို့အမှုရှာယ်ကို သူတို့အကျန်မမြင်**

လောဘကြီးသော ငါးသည် ငါးစာကိုသာမြင်၏၊ ငါးမျှားချိတ် မမြင်ချေ။

အစိုးရစနစ်တော်မတီတစ်ခုခုတွင် လူများစု၏ထောက်ခံချက်ဖြ လည်းကောင်း၊ လူနည်းစု၏ထောက်ခံချက်ဖြ၍လည်းကောင်း ရှိရ၏။

အစိုးရသည် လူနည်းစု၏ထောက်ခံချက်ကိုပင် လက်ခံနိုင်သော အာဏာရှိ၏။ လူများစု၏ထောက်ခံချက်ကို ပယ်နိုင်၏။

ထိုသဘောကိုပထာပေသည် မမြင်ချေ။ မျက်စွေးထော်၍ မော်မကြ ရဲ့သော နိုင်ငံတော်ဘာသာ စုစမ်းရေးအဖွဲ့ကို ခန့်အပ်ခဲ့၏။

သူတို့၏ အစီရင်ခံစာကို မည်သူကမျှ မဖတ်ခဲ့ချေ။

ပါလီမန်ပြင်ပတွင်ရှိအပ်သော ပါလီမန်စနစ်ကြီးကို ကျူပင်ခု ကျူငှတ်ပင်မကျန် နုတ်ပစ်ပြီး ပါလီမန်ထဲသို့ ခြေလက်တို့ကို ကြိုး ချည်နှောင်ထားသကဲ့သို့ "ပါလီ ခစ်စပလင်" ကြိုးကြီးနှင့်ချည်၍ အ တွေသည် ဝင်လာကြရာ ကျွန်တော်တို့၏ အမြင်မှာ သုံ့ပန်းတွေ တ တတန်းကြီး ပါလီမန်ထဲဝင်လာသကဲ့သို့ မြင်ကြရ၏။

**တတိုရဲ့မပေါ်ရှိ မမြဲခြင်းကျ၍**

အရောင်တဝင်းဝင်းရှိသော စိန်သားပြကတော့ကိုနှံရှိပြုလုပ်၍ ရွှေ ကြီးတွေချထားသော အဆောက်အအုံကြီးတစ်ခု ဖြစ်လင့်ကစား ပြ တွေ၏ ဘဝစံစားမှုကို ဆွေးနွေးခွင့်မပေးလျှင် ပါလီမန်မဟုတ်။ အလွန် သော "တပ်(ဂျ)မဟာလ်"ခေါ် အဆောက်အအုံနှင့်သာ တူပေမည်။

မနိ၊ ထရံကာအဆောက်အအုံ ဖြစ်၍ ဖျာကြမ်းတွေပေါ်တွင် ထိုင်ကြရ လင့်ကစား ပြည်သူ့အသံကို ဆောင်လျှင် ပါလီမန် အစစ်ဖြစ်ကြီးရပေမည်။

ပထစပတွေကို ကျေးဇူးတင်စရာ တစ်ခုရှိပါ၏။ နိုင်ငံတော်ဘာသာ တတိယပြင်ဆင်ချက်ကိုတင်သွင်းစဉ်က ပြောဆိုချက်တွေကို အသံလွှင့်ရုံမှ တိုက်ရိုက်အသံလွှင့်သဖြင့် သူတို့ကို ကျေးဇူးတင်ရပေမည်။

ပါလီမန်၏ပရိဝုဏ်သည် သီးခြားလွတ်လပ်သောဒေသတစ်ခုဖြစ်ရ မည်ဟု ကျမ်းပြုဆရာတွေက ဆို၏။

ပါလီမန် ဥက္ကဋ္ဌသည် ပါလီမန်၏ ဘုရင်တစ်ဆူ ဖြစ်ရမည်ဟု ဆို၏။

ဥက္ကဋ္ဌကောင်းဖို့ မည်သည့်(အတိုက်အခံ)ကို ဦးစားပေးရမြဲဖြစ်၏။

နိုင်ငံတော်ဘာသာ တတိယ ပြင်ဆင်ချက်ကိုတင်သွင်းစဉ်က ပြောဆို သော အသံများကို လက်ဖက်ရည်ဆိုင်တိုင်းက ကြားခဲ့ကြ၏။ ဆရာတော်၊ သံဃာတော်တွေသည် အေးအေးဆေးဆေးနားထောင်ခွင့်ရသည်။ စက္ကန့် ပိုင်းကစ၍ သံဃာတွေသည် မီးပွင့်လိုသောဆန္ဒတွေပေါ်လာခဲ့၏။

ဗုဒ္ဓဘာသာဝင် ရဟန်းတော်များ၏ အမေးကို သူတို့သည် မဖြေကြ ချေ။

ဗုဒ္ဓဘာသာ စစ်စစ်တွေ၏အမေးကို မဖြေရဲကြချေ။

လူနည်းစုတွေ၏ အမေးကို မဖြေကြချေ။

သတင်းစာတွေ၏ အရေးသားကို မဖြေကြချေ။

ဆေးဝက်ပါ ဆရာတော်သည် မွှာရုံတွင် တရားဟောဘိသကဲ့သို့ ဦးနုသည် ယပ်တောင်တရားဟောသောလေသံနှင့် စိန်းခေါင်းရိုက်၍ ချသော အချိန်မကုန်မီပင် သံဃာတွေသည် "အာပတ်နှင့် ခြောက်ရမည်လား" ဟူသော ဝိနည်းသံတွေကို ပေးလာကြတော့၏။

နိုင်ငံတော်ဘာသာနှင့် ပြည်နယ်ကိုဖလှယ်၍ စားမည်ဟု အကြံတ်နေ ကြသော အမတ်တွေသည် နိုင်ငံတော် ဘာသာကို ခြေစုံပစ်၍ ထောက်ခံခဲ့ ကြ၏။

လူနည်းစုဖြစ်သော ကချင်အမတ်များက ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကို ကိုးကား၍ ကန့်ကွက်ကြ၏။

အရှုံ့တိုက်သည်အထက်တွင် မှတ်တမ်းတင်လောက်အောင် တော်ကြ

ပါပေ၏။

ပြင်ပက ဆေဖန်ချက်အားလုံးကို မဆိုလိုပါ။ တစ်စိတ်တစ်ဒေသ လောက်ကို ပါလီမန်က ခြေချုပ်ကျေနပ်ကြပေမည်။ ပထမပပါတီတွင် စည်းကမ်းကို ဖောက်လျှင် ထုတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ကြသော်လည်း သံဃာတော်များကို(ဒစ်စပလင်)ခေါ် စည်းကမ်းဖောက်ဖျက်မှုနှင့် အရေး မယူရဲခဲ့ကြချေ။ ပထမပကို အားကိုးကြီးနှင့် ပန်းပေါ်တင်၍ပို့သော ဆရာတော်ကလေးများ ကစ၍ "အသက်ကို လှူထားတာယ်ကွ"ဟု မိန့်ဆို ကာ ဆန္ဒပြရန် ပြင်ဆင်တော်မူခဲ့ကြ၏။

တိုင်းပြည်သမိုင်းရေးမည့်သူတွေ အလို့ငှာ ပါလီမန်စနစ်သည် အသက် ထွက်ရပုံကို ဆက်လက်ရေးသားပါဦးအံ့။

■

[ ၅၁ ]

# ပါလီမန်စနစ် အသေကောင်ကြီးကို ရင်ခွဲရုံထဲပို့ပြီး ခွဲစိတ်၍မကြည့်ရဘူးလော

ပါလီမန်စနစ်ကြီးကို မေ့ဆေးပေးပြီး ဓုတ်သက်သွင်းထားသော သူများကို နိုင်းစေရာ လုပ်ရသော စနစ်တစ်ခု ပါကစ္စတန်တိုင်းပြည်တွင် ပေါ်ခဲ့သည်ကို ကျွန်တော်တို့ မမြင်ခဲ့ကြရ။ ဤပြည်ထောင်စုမြန်မာနိုင်ငံ ကြီး၏ မြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် ၁၉၆၁ ခု ဩဂုတ်လ ၁၅ ရက်နေ့ နာစ၍ ပြည်သူ့ထင်မြင်ချက်အင်အားစုကို တားဆီးပိတ်ပင်သော မြင်ကွင်း ကျယ် ရှုခင်းများကို တစ်ကမ္ဘာလုံးကမြင်ကြရလေပြီ။ နိုင်ငံတော်ဘာသာ ဆိုသော အရေးတော်ပုံ ရှုခင်းတစ်ရပ်ကို ကျွန်တော်တို့ခင်း၍ ပြသနေပါ၏။

အက်ဥပဒေတစ်ခုကို ပါလီမန်တစ်ခုက အတည်ပြုရာတွင် အဘယ်မျှ ကြီးမားသောတန်ဖိုးကို ပြည်သူတွေကပေးကြရသနည်း။

သာဓကတွေကို ကမ္ဘာမပျက်မချင်း ပယ်ဖျက်၍ ရမည်မဟုတ်ချေ။

ပြည်သူ့လွှတ်တော်နှင့် ပေ ၁၀၀၀ အတွင်း ဆန္ဒပြပွဲတွေ မလုပ်ရဟူ မြဲ ၁၉၆၁ ခု ဩဂုတ်လ ၁၄ ရက်နေ့တွင် အစိုးရက ထုတ်ပြန်ကြရလေပြီ။

ရဟန်းရှင်လူတွေသည် အရှုံးထပြီး ဆန္ဒပြကြသလော၊ မှန်ကန်မှု ဘာစ်ခုအတွက် ဆန္ဒပြကြသလော။ သံဃာအဖွဲ့များက ကြေညာချက်တွေ ထုတ်ခဲ့ကြရ၏။ သတင်းစာများက အဆိုပါ ကြေညာချက်တွေကို လုံးစေ့ ပတ်စေ့ ထည့်သွင်းဖော်ပြကြခဲ့ရ၏။

ဒီမိုကရေစီ၏ ပုံစံကြီးအတိုင်း ပြည်သူ့လွှတ်တော်နှင့် လူမျိုးစု

လွှတ်တော်တွင် ဥပဒေကြမ်းတွေကို တင်သွင်းအတည်ပြုခြင်း၊ ၎င်းနောက်မှ တွဲဘက်ပါလီမန် အစည်းအဝေး ကျင်းပခြင်း၊ ပြောချက်များကို အသံလွှင့်ရုံမှ တိုက်ရိုက်အသံလွှင့်ခြင်းများကို ပြုလုပ်ခဲ့ကြရလေပြီ။

ပြည်ထောင်စု တစ်ခုလုံး၏ ထင်မြင်ချက်က ဘာကြီးဖြစ်နေနေ၊ ငါတို့ လုပ်ချင်တာတော့ ဖြစ်အောင်လုပ်မကွဟူသော ကိုယ်ကျိုး ရှုတ်တရှုတ် စိတ်သည် ကြီးမားပုံမှာ အံ့ဩစရာပင်ဖြစ်တော့သတည်း။

**ရေပက်မဝင်အောင်ချုပ်ထားသောနည်း**

ပါလီမန် စနစ်ကြီးကို မူလကချမှတ်စဉ်က တစ်သက်လုံး မပျက်နိုင်တော့ဘူးဟု ကျွန်တော်တို့သည် ယူဆခဲ့ကြ၏။

"စပီကာ" ခေါ် ဥက္ကဋ္ဌကြီး၏ လက်ဝယ်တွင် အာဏာတွေ တစ်ပုံကြီး အပ်နှံ၍ထား၏။ ပါလီမန်အမတ်တစ်ဦး ပြောလိုဆိုလိုသော လမ်းစဉ်မှ အံချော်သွားလျှင် ဥက္ကဋ္ဌကြီးကဟန့်တားနိုင်၏။ ဥက္ကဋ္ဌကြီးက မကန့်ကွက်လျှင် ပါလီမန်အမတ်တစ်ဦးဦးက ကန့်ကွက်နိုင်၏။ ဤသို့ ကန့်ကွက်၍မှမရလျှင် ပါလီမန်အစည်းအဝေးကိုရွှေ့ဆိုင်းရန် အဆိုသွင်းနိုင်၏။ ရွှေ့ဆိုင်းသော အဆိုမအောင်မြင်ပြန်လျှင် အစည်းအဝေးခန်းမထဲမှ တည်တည်း ထွက်ခွာ၍ သွားနိုင်ကြ၏။ ဤသို့မှ ဆန္ဒပြ၍မရပြန်လျှင် ဆိုင်ရာ အစိုးရအဖွဲ့က ဖြေရှင်းရ၏။ ဖြေရှင်းပြီး ဆန္ဒမဲခွဲရ၏။ ဆန္ဒမဲနှင့်ခွဲ၍ရှုံးလျှင် ပါလီမန်အမတ်အဖြစ်မှ နုတ်ထွက်နိုင်သေး၏။ နုတ်ထွက်ပြီး မကျေနပ်ပြန်လျှင် ပါလီမန်အမတ်ဖြစ် အရွေးခံနိုင်သေး၏။

ပါလီမန်စနစ်ကို အုတ်မြစ်ချစဉ်က ရေပက်၍ မဝင်အောင် ရေးသား၍ ထားခဲ့ကြ၏။

ပနိုယသာန ဝမ်းစာရှာမှီးရေးကို အခြေခံ၍ အမတ်ဖြစ်လာကြသူ မှန်ရာကိုလုပ်လျှင် "ထမင်းအိုးကွဲလိမ့်မနော်" ဟူသော ဂါထာကို အနုလုံ-ပဋိလုံ ရွတ်ဆိုလာကြပြီး မေးခွန်းကလေးတစ်ခုမှမမေးဘဲ ဓာတ်မီးခလုတ်ကလေးတစ်ခုကို နှိပ်လိုက်သည်နှင့်တစ်ပြိုင်နက် ပန်ကာတွေ တဝီဝီ လည်သလို လည်စေခဲ့ကြရာ . . . ပါလီမန်ဒီမိုကရေစီစနစ်ကြီး၏ ဝိုင်ယာကြိုးတွေ ပြတ်သတ်၍လာခဲ့ကြ၏။

နိုင်ငံတော်ဘာသာဟု နာမည်ပေးသော တတိယပြင်ဆင်ချက်ဥပဒေကို အတည်ပြုကြစဉ်က "သာဓု-သာဓု-သာဓု"ဟူ၍ခေါ်သံကို ကြားကြကုန်၏။ အသံသွင်းသော ဗိုင်ယာကြိုးတွေနှင့် အဆိုပါအသံတွေကို အသံဖမ်းထားခဲ့ကြလျှင် တစ်နေ့သော် မော်ကွန်းတိုက်တွင် လူ့သမိုင်းသာဓကအဖြစ်ထားရလျှင် များစွာ အကျိုးရှိချေမည်။

စတုတ္ထပြင်ဆင်ချက်ကို အတည်ပြုစဉ် ဘုရားကိုးဆူ အမတ်တွေက "သာဓု" ခေါ်သံကို မကြားကြရတော့ချေ။ "တေတေကနိပ်"စာတ်ကို ခင်းခဲ့ကြလေသည်။

ပြည်သူ့လွှတ်တော် ခန်းမကြီးသည် မှော်ရုံကြီး ဖြစ်သွားခဲ့သေး၏။

### မီးမှုတ်ပြန်ပေပြီ

၁၉၆၁ ခု စက်တင်ဘာလ ၂၅ ရက်နေ့သည် နိုင်ငံရေးလောကတွင် ပါဝင်နေသော ရဟန်းရှင်လူအပေါင်းတို့၏ လက်ဝယ်တွင်ရှိသော ဖဲချပ်တွေကို ဖြေ၍ချရသော နေ့ကြီးတစ်နေ့ပင် ဖြစ်တော့၏။

နိုင်ငံခြားဘာသာတွေကို အကာအကွယ် ပေးပါမည်ဆိုသော စတုတ္ထပြင်ဆင်ချက် တင်သွင်းရာ "လူနည်းစု ပါလီမန်အမတ်တွေက ငါတို့ကို အကာအကွယ် အပေးသားပဲ"ဟု ယူဆကာ စိတ်အားထက်သန်မှုတွေသည် ကျဆင်းသွားကြတော့၏။

ဗုဒ္ဓဘာသာ ရဟန်းတော်တို့သည် လက်ငင်းပဋိပက္ခနှင့် ရင်ဆိုင်လာကြကုန်၏။

ခွက်တရွက်သမားတို့ လိုသည့်အတိုင်း အောင်မြင်ကြလေပြီ။

### တန်ဖိုးကြီးစွာပေးကြရလေပြီ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက (Talk Out) သို့မဟုတ် အချိန်ကုန်လွန်အောင် စကားပြောခြင်းကို ပိတ်ပင်ရမှာလားဟူ၍ ပါလီမန်အမတ်တွေက အပြင်းအထန် ဝေဖန်လာကြ၏။ ဖဆပလသည် ဦးစွာပထမ ဝေဖန်ခဲ့ကြ၏။

ကျွန်ုပ်တို့ကမူကား ဖျော်ဘွယ်ဖြို့ဦးမြ၏ အဆုံးအဖြတ်ကိုလည်း

ကောင်း၊ ဝါးခယ်မ ဦးနု၏အဆုံးအဖြတ်ကိုလည်းကောင်း၊ ယုန်သလင်းမန်းဘဆိုင်၏အဆုံးအဖြတ်ကိုလည်းကောင်း ဝေဖန်ခဲ့ရာ ကျွန်တော်တို့ ပါလီမန်ကို တောင်းပန်ရမည်ဟု အမိန့်လာသဖြင့် ပါလီမန်ကို တောင်းပန်လာခဲ့ရ၏။

ပြဿနာတစ်ခုခုပေါ်လျှင် ပါလီမန်အမတ်တွေ အချင်းချင်းဆုံးဖြတ်ပါစေတော့လား၊ ဥက္ကဋ္ဌက မတားမြစ်နိုင်ဟု ကျွန်ုပ်တို့က ရေးခဲ့၏။

ခေါက်တာမြကို ပျော်တွယ် ဦးမြဟူ၍ရေးသားရလျှင် မန်းဘဆိုင်ကို အဘယ်ကြောင့် ယုန်သလင်းမန်းဘဆိုင်ဟူ၍ မခေါ်ရမှာလဲဟူသော သဘောနှင့် ရေးခဲ့ပါ၏။ ဖဆပလသည် "စိတ်မကောင်းပါ"ဟု ဆိုခဲ့၏။ ကျွန်တော်သည် တစ်သက်လုံး ရင်းနှီးလာခဲ့သော မန်းဘဆိုင်နှင့် နှုတ်ဆက်ဦးတွေ့တွေ့၍ ပါလီမန်ကိုတောင်းပန်ပါသည်ဟု ပြောခဲ့၏။

**ဝမ်းနည်းစရာ**

မြန်မာနိုင်ငံတွင် ပါလီမန်ထုံးတမ်းကို နားလည်သောပါလီမန်ဥက္ကဋ္ဌ ဝတ်လုံ ဦးပုရှိသေး၏။ ဒုတိယ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော ဦးဘ... သေး၏။ ထိုပုဂ္ဂိုလ်များအပြင် ပါလီမန်အမတ်ဟောင်းတွေရှိသေး၏။ ဝတ်လုံဦးကွန်းရှိသေး၏။

ပါလီမန်ထုံးတမ်းကို စုံစမ်းရန် လန်ဒန်မြို့သို့ ပါလီမန် အတွင်း... ကိုလွှတ်၍ အစုံစမ်းခိုင်းခဲ့သေး၏။ ကျွန်တော်သည် သူတို့ကို သနား... တော့၏။

တကယ်ဥက္ကဋ္ဌကောင်းရဖို့မှာ မလွယ်ဘူးနော်ဟူ၍ ကျွန်တော်... တွေးတောကာ ဝမ်းနည်းမိပါ၏။

တင်းမာမှု လျှော့ပေါ့ရေး ပိုက်ကွန်ကြီးတစ်ခုကို ဖြန့်ခဲ့ရာ သတင်း... ဆရာများထဲမှ ဦးဦးဖျားဖျား ခံလာကြရတော့၏။

ဘားမား ဂါးဒီးယန်း ဦးစိန်ဝင်းနှင့် မိုးကြိုးသတင်းစာဦးအုံးခင်... အဖမ်းခံခဲ့ကြရ၏။

၁၉၆၁ ခု အောက်တိုဘာလ ၁၄ ရက်နေ့ ညနေပိုင်းတွင် နိုင်ငံ... ဘာသာကို ကန့်ကွက်သူများအဖြစ် ကျွန်တော်မှာ ပုဒ်မ(၅)ဖြင့် အဖမ်း...

ရ၏။ တိုင်းရင်းသား လူနည်းစုအဖွဲ့ အတွင်းရေးမှူး ဦးသန်းတင်နှင့် ဗိုလ်မှူးဟောင်း သခင်သန်းအောင်တို့ပါ ပုဒ်မ(၅)နှင့် အဖမ်းခံကြရ၏။

ကျွန်တော်တို့ သတင်းစာ အပိတ်ခံရပုံကို အကျယ်ချဲ့၍ ရေးရန်မလို တော့ပါ။

သဘာဝကြီးက သင်္ကေတပြ

၁၉၆၁ ခု၊ အောက်တိုဘာလ ၁၄ ရက် နိုင်ငံတော်ဘာသာ ကန့်ကွက်သူ ၃ ဦးကို ဖမ်းပြီ။

× × × × နိုဝင်ဘာလ ၁၄ ရက်။ ။ ဥက္ကလာပမြို့တွင် သံဃာ
တော်များသည် ဗလီထဲသို့ဝင်ကြ၍ သံဃာများကို အရဲ
ရဲသားများက သေနတ်နှင့်ပစ်၍ လူစုခွဲကြရလေပြီ။

သံဃာအပါး ၉၆ ပါးကို အင်းစိန်ထောင်သို့ ပို့ကြရလေပြီ။

ပါလီမန် ဒီမိုကရေစီကြီး သေဆုံးလေပြီ။ ပါလီမန် ဒီမိုကရေစီကြီး ကျဆုံးလေပြီ။

လူစုခွဲရာတွင် လူ နှစ်ယောက်သေဆုံးရလေပြီ။ ခြော် . . . အသက် ဆုံးရှုံးခြင်းကိုပင် တွေ့ခဲ့ကြရသကိုး။

သံဃာများကို အင်းစိန်ထောင်အတွင်းအကျဉ်းချပြီး ၁၀၉ ရက် အကြာတွင် . . .

၁၉၆၂ ခု မတ်လ ၂ ရက်နေ့ သန်းခေါင်တွင် တော်လှန်ရေးကောင်စီ ပေါ်ရတော့သတည်း။

ပါလီမန် ဒီမိုကရေစီအတွက် သရဏဂုံတင်ပြီး အမျှ-အမျှ-အမျှ ယူတော်မူကြပါခင်ဗျား ဟူသောအသံကို ကျွန်ုပ်က ကြားကြရလေပြီ။

■

[၁၂]

## ပါလီမန်စနစ် အသက်ထွက်ရာ ဟာသကွက်တစ်ခု ပါဝင်နေ၏

တကယ် ဖြစ်ပွားသော ဖြစ်ရပ်ကလေးတွေသည် စိတ်ကူးနှင့် ရေးသော ဝတ္ထုထက်ဆန်းကြယ်၏။ ဤအချက် တစ်ချက်ကို ရုပ်ရှင်ဝတ္ထုရေးသူတို့က ရှာဖွေ၍ တန်ဆာဆင်တတ်ကြ၏။

Facts are stranger than fiction

"တကယ်ဖြစ်ပွားသော ဖြစ်ရပ်ကလေးတွေသည် စိတ်ကူးနှင့်ရေးသော ဝတ္ထုထက်ဆန်းကြယ်ပေတကား" × × ဤစကားကို ကျွန်တော်သည် ထပ်၍ထပ်၍ ဆင့်၍ဆင့်၍ ရေးနေပါ၏။

အင်္ဂလိပ်တွေသည် ပထမဦးစွာ ဂျာမန်တွေနှင့် စစ်တိုက်စဉ်နော်မန်ဒီကမ်းခြေမှ ဆုတ်ခွာရာ . . . လည်ပင်းအထိ ပင်လယ်ထဲတွင် အမြုပ်ခံ၍ သင်္ဘောတွေအလာကို စောင့်နေသော ရှုခင်းတစ်ခုကို ရုပ်ရှင်ရိုက်သူက သုခုမပညာနှင့် တန်ဆာဆင်ယင်ထားကြ၏။ သနားစရာအကွက်ကို ဖော်ထားကြ၏။

၁၉၆၂ ခု၊ မတ်လ ၂ ရက်နေ့သို့ အဝင်တွင် ရုတ်တရက် အာဏာသိမ်းပြီး ၁၉၆၂ ခု၊ မတ်လ ၂ ရက်နေ့ နံနက်အချိန်၌ ပါလီမန်အမတ်အချို့သည် ရန်ကုန်အတွင်းဝန်ရုံးရှိ ပြည်သူ့လွှတ်တော်သို့လည်းကောင်း၊ ရန်ကုန်

ပုလိပ်ရုံးရှိ လူမျိုးစုလွှတ်တော်သို့လည်းကောင်း သွားရောက်ခဲ့ကြရာ မြန်မာ ရဲသားတွေက–

"ပါလီမန်မရှိဘူး၊ မြန်ကြ မြန်ကြ . . ."

ဟူ၍ ဆိုပုံမှာ တကယ်ဝတ္ထုဇာတ်ကွက်များထက် ထိမိလှသော အကွက် တစ်ကွက် ဖြစ်တော့၏။

ထိုရုံမိရုံမက ဟာသကွက် တစ်ကွက်ကိုပါ ထင်းခနဲ ဝင်းခနဲ ပေါ်လာ တော့၏။

နောင်အခါ ကာလများတွင် ပျက်စီးသွားသော ပါလီမန်ကြီး အကြောင်း ရုပ်ရှင်ရိုက်ကြလျှင် ထိုဇာတ်ကွက်ကို မထည့်၍ မဖြစ်ချေ။

ပြင်သစ်ပြည် နော်မန်ဒီကမ်းခြေမှ ပင်လယ်ထဲတွင် လည်ပင်းအထိ ရေအမြှုပ်ခံ၍ စောင့်နေသော စစ်သားတစ်ယောက်ကို မြင်လျှင် သနားစရာ ဖြစ်ရတော့၏။

၁၉၆၂ ခု မတ်လ ၂ ရက်နေ့ သန်းခေါင်ချိန်က ဖျက်လိုက်သော ပါလီမန်သို့ သွားကြသော ပါလီမန်အမတ်တွေကိုပနိုသတ်က မြင်ကြရာ ရယ်စရာဖြစ်ကြရတော့သတည်း။ သနားစရာတစ်မျိုး ဖြစ်ရပေသတည်း။

ပါလီမန်စနစ်ကြီး၏အလောင်းကောင်ကြီးကို တွင်းထဲသို့ ချအပြီး တွင် မြေဖို့သော အသံတွေကို ကြားကြရသကဲ့သို့ . . .

ပါလီမန်ဂိတ်ဝတွင် စောင့်နေခဲ့ကြသော ရဲသားက "မြန်ကြ မြန်ကြ" ဟု ဆိုသံကို ကြားခဲ့ကြရကုန်၏။

× × ×

ယခင်က "ဒီမိုကရေစီ အမျှ . . . အမျှ . . ."ဟု ရေးခဲ့ကြစဉ်က တင်စားသောစိတ်နှင့် ကျွန်တော်တို့သည် ရေးခဲ့ကြ၏။

ယနေ့မူကား တင်စားခြင်း မဟုတ်ပါတကား။

ဟာ–တကယ်သေတာဟ။ သေတယ်ဆိုတာ အသက်မရှိတာကွ။

ဟာ–နှာခေါင်းအောက်မှ ငွမ်းစကလေးထားကြည့်ပါဦး။

တကယ်သေပြီ။ သြော် . . . သေတော့ အသက်မရှိဘဲကိုး။ စသည် ဖြင့် ကျွန်တော်တို့သည် တွေးတောကြရ၏။

ဤနေရာတွင် စာတ်မင်းသားကောင်းတို့သည် အချိန်ဆွဲ၍ သယ်တတ်ကြ၏။

ငိုချင်းဖြင့် ငိုတတ်ကြ၏။ ရှိုက်တတ်ကြ၏။

ယောကျ်ား ရုပ်သေးမင်းသမီး ဦးဖိုးညိုများ ရှိလျှင် ဤနေရာတွင် သယ်မှာပဲနော် ဟူ၍သာ ကျွန်တော် ရေးတတ်တော့၏။

"ကြိုသေးတယ်–

"ပွဲဈေးရှာထုကြွယ်–

ဘယ်ဈေးကဲငယ်–

"ဒီမှဖန်တော့တယ်–အစရှိသော လွမ်းသီချင်းတွေသည် ဤနေရာမျိုးတွင် အသုံးဝင်ပါတကား သုခုမအနုပညာသည်များ သတိချပ်သင့်ကြပေသည်။

ပါလီမန်အမတ်တွေကို ရန်ကုန်ရဲသားက "မြန်ကြ မြန်ကြ"ဟု စကား ၄ လုံးတည်းဆိုပုံကို ကဗျာဆရာတွေက စကားလုံးပေါင်း ထောင်သောင်းမျှနှင့် သီကုံးကြမည်ကို ကျွန်တော်တို့သည် မြင်ယောင်မိတော့သတည်း။

ရန်ကုန်မြို့တွင် သတင်းစာ စက္ကူတွေ အလျှံပယ်ပေါစဉ်က သတင်းထောက်တွေရေးကြသကဲ့သို့ ယနေ့ရေးရလျှင် စာမျက်နှာ ၄ မျက်နှာ တစ်ဖောင်အထိ ရေးကြပေမည်။

၁၉၆၂ ခု၊ မတ်လ ၂ ရက်နေ့ နံနက်ပိုင်း ၈ နာရီအချိန်တွင် ရန်ကုန်တစ်မြို့လုံး ငြိမ်နေပုံတွေကိုလည်းကောင်း၊

နိုင်ငံရေးရပ်ကွက်များတွင် ကျိုးတိုးကျဲတဲ ကျိတ်ငိုင်းကာလေးတွေကို မြင်ကြရပုံကိုလည်းကောင်း၊ ရေးသားကြပေမည်။

ကျွန်တော်တို့သည် ၁၉၃၈ ခု မတ်လ ၁၂ ရက်နေ့တွင် သတင်းစာတိုက်တွေကို အငှားလိုက် နိုင်ငံရေးသမား လူမိုက်လုပ်ရိုက်ချိုးခဲ့စဉ်က ...

"ဒီမိုကရေစီရေ ... အမျှ ... အမျှ"ဟူ၍၊ ကမ္ဘာအေးလမ်းထောင့်နှင့် အလှမ်း ၁၀၀၀ မျှ ဝေးကွာသောနေရာတွင် ဟယ်ရီတန် ကျဆုံးစဉ်က "ဒီမိုကရေစီရေ ... အမျှ ... အမျှ ... အမျှ"ဟူ၍ တကယ် အမျှဝေခဲ့ရပါ၏။

× × ×

အခြေခံဥပဒေကြီး၏ ပုဒ်မ ၇၆ အပိုဒ်ငယ်(၅)တွင် လျှို့ဝှက်စွာ မဲပေးနိုင်ခွင့်သည် ဒီမိုကရေစီ၏အသားပင်ဖြစ်ကြောင်းကို ဆက်လက်၍ ကျွန်တော် ရေးသားပါဦးအံ့။

■

[ ၃၃ ]

# လျှို့ဝှက်သောပဲဆန္ဒပေးစနစ်နှင့် ကျွန်တော်တို့ ထိုက်တန်ကြသလော

၃ လနှင့် ၁၀ ရက်နှင့်အပြီးအပြတ်ရေးခဲ့သော ပြည်ထောင်စု မြန်မာ နိုင်ငံ အခြေခံဥပဒေကြီး ကျဆုံးပါပြီ၊ သေပါပြီ။

အခြေခံဥပဒေမရှိလျှင် တိုင်းပြည်ထူထောင်၍ မဖြစ်ပါဟု ကျွန်တော် တို့သည် ကံသေကံမ ယူဆ၍ ဤအကြောင်းကို ရေးနေရခြင်း ဖြစ်ပါ၏။

အခြေခံဥပဒေတစ်ခုခုကိုလိုလျှင် လူတွေတွင်ပြည်သူ့ကျင့်ဝတ်မရှိလျှင် ကို မဖြစ်ကြောင်းကို ကိုယ်တွေ့ဗဟုသုတမှယူ၍ရေးနေရခြင်း ဖြစ်၏။

### ဥပဒေမလိုသောဘဝ

ဥပဒေတွေ ဘာတွေမလိုသော ဘဝမျိုးမရှိဘူးဟု မထင်ကြပါလေနှင့် ရှိပါ၏။

လူတွေကို သေနတ်နှင့်ဖြစ်စေ၊ ဓားနှင့်ဖြစ်စေ၊ စုန်း–နတ်တာရွှေနှင့် ဖြစ်စေ ခြိမ်းခြောက်၍ မည်သည့်အခါမဆို အုပ်ချုပ်နိုင်ခဲ့ပါ၏။

### မခြိမ်းခြောက်လို၍

လူနှင့်လူချင်း မခြိမ်းခြောက်လို၍ ဥပဒေသည် ပေါ်ရတာပဲ မဟုတ် ပေဘူး။ လူတွေမယဉ်ကျေးမီက တစ်ခုခုနှင့်ခြိမ်းခြောက်၍ အုပ်ချုပ်လာ

ကြ၏။ စုန်းမတွေသည် စုန်းအတတ်နှင့် လုန်၍အုပ်ချုပ်လာခဲ့ကြ၏။

အခြေခံဥပဒေဟူသမျှသည် ကမ္ဘာ့ဗဟုသုတထဲမှ အယဉ်ကျေးဆုံး အစိတ်အပိုင်းတွေကို ယူခဲ့ကြရသည်ပင်မဟုတ်လော။

ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၇၆ အပိုဒ်ငယ်(၅)ကို စာဖတ်ပရိသတ်သည် ပြန်လည်၍ ဖတ်နိုင်ကြရန် အောက်တွင် ကူး၍ ပြပါရစေ။

၇၆ (၁) × ×
။ (၂) × ×
။ (၃) × ×
။ (၄) × ×
။ (၅) မဲဆန္ဒပေးခြင်းကို လျှို့ဝှက်သောမဲဆန္ဒ ပေးနည်းဖြင့် ပြုရမည် . . .

ဟူ၍ ရေးသားထား၏။ အင်္ဂလိပ်ဘာသာဖြင့် Voting shall be by Secret ballot ဟူ၍ ရေးသားထား၏။

ဤနိုင်ငံရေးလမ်းစဉ်မှာ လူတိုင်းက လိုက်နာရန် အခက်ဆုံးပင် ဖြစ်၏။

တောကလူတွေ သေကြရခြင်းကား ဤလျှို့ဝှက်သော မဲဆန္ဒပေးနည်းနှင့် သေကြရ၏။

"ပုံစံ" အရ (ဝါ) စက္ကူပေါ်တွင် ရေးထားသော စာအရ(ဆန္ဒမဲပုံး) ကြီးက တည်ရှိနေရပါ၏။

အနီးတွန်းသံတွေကို သွင်းယူထားသော ခေတ်ပြောများရှိလျှင် ကျွန်တော်တို့သည် ဖွင့်၍ ပြလိုပါ၏။

"ဟောဒီရွာတွေက ဆန္ဒမဲနည်းလျှင် ဘုရားစူးစေ ရွာတွေကို မီးရှို့ပစ်မကွ"ဟု နိုင်ငံရေးသမားအတုတွေက တကယ်ပင် ကြိမ်းမောင်းခဲ့ကြ၏။

တောနယ်တွင် ကြိမ်းမောင်းသည်ဟု ဆိုကြပါစို့။

ရန်ကုန်မြို့ ဧရာမ နိုင်ငံရေးဌာနချုပ်ကြီးများတွင်–

"သတ္တိကြောင်လို့ လျှို့ဝှက်မဲကို သုံးတာကွ။ မတ်တတ်ရပ်ပြီး ဆန္ဒမဲပေးကြပါတော့လား"

ဟု မကြာမကြာပြောလေ့ရှိ၏။ မကွဲမီ ဖဆပလတွင် ဤစကားကို မပြော လေ့ရှိကြ၏။

အဘယ်ကြောင့် ဤသို့ပြောသလဲ၊ စင်းစင်းကြီးပေါ်ခဲ့၏။

ဆန့်ကျင်၍ ဆန္ဒပေးလျှင် ဆန့်ကျင်သူကို ပါတီမှထုတ်ပစ်ရန် ခြိမ်းခြောက်ခြင်းပင် ဖြစ်၏။

ဤစာရေးနေသော အချိန်အထိ လျို့ဝှက်သောမဲပေးစနစ်နှင့် ဤ တိုင်းပြည် မထိုက်တန်သလို ဖြစ်၏။

"ငါ့ကို သူတို့မကြိုက်ကြဘဲကိုး။ မကြိုက်လျှင် ငါအရှုံးခံပါမယ်ကွာ" ဟူသော သဘောကြီးမှုမျိုး ဘယ်တော့များမှ ရမှာလဲ၊ စာဖတ်ပရိသတ်က ဖြေကြပါ။

ရာခဝင်က အကြိမ်ကြိမ်အဖန်ဖန် ဆုံးမသောတိုင်းပြည်မျိုး၌သာ သဘောထားကြီးတတ်ပါသည်ဟူသော အဖြေတစ်ခုကိုသာ ကျွန်တော်က ပေးရဲပါ၏။

ယနေ့တည်နေသော "တော်လှန်ရေး ကောင်စီ၏ တာဝန်သည် ကြီး သနော်"ဟု ကျွန်တော်တို့က ရေးပါရစေ။

အက်ဥပဒေကို အလှအပရေးပြီး လူတွေက လုပ်ချင်တာလုပ်၍ ရသည် ဟုဆိုကြလျှင် ကျွန်တော်တို့တစ်တွေ ရက်စရာကောင်းလှပါသည်။

လူသားတွေသည် အမိဝမ်းက ကျွတ်လာကတည်းက ခြိမ်းခြောက်မှု တွေကို ခံလာခဲ့ရ၏။

သိပ္ပံပညာပေါ်လာ၍ ခြိမ်းခြောက်မှုတွေသည် တစ်စတစ်စ နည်းလာ သည်ဟု ကျွန်တော်တို့သည် ယူဆလာကြရ၏။

သံဃာဝိနိစ္ဆယ အက်ဥပဒေကြီးကို ရေးထားရာ သံဃာလောကတွင် ရွေးကောက်ရသည်ဟူသော စကားပါနေ၏။

အရှန်မှာဘယ်တုန်းကမှ ရွေးကောက်ပွဲမကျင်းပခဲ့ဖူးပါ။

"အောက်ပါ ဆရာတော်များကို လက်ခံကြပါ"ဟု အတင်းတိုက်တွန်း လာခဲ့ကြ၏။

သဘောရိုးကြလျှင် ရွေးကောက်ခြင်းအစား . . .

"ရွေးချယ်ခြင်း"ဟူသော စကားကို အစားထိုးသင့်ကြ၏။

သေမင်းတမန်ကြီး

ရွေးကောက်ပွဲနှင့် ကျွန်တော်တို့လူမျိုး ထိုက်တန်စေလိုၵ်၏။ ထိုက်တန်အောင် ဘယ်လိုလုပ်ကြမလဲ။

၁၄ နှစ် ၂ လ အတွင်းတွင်ရွေးကောက်ပွဲကို သေမင်းတမန်ကြီးဟု ယူဆခဲ့ကြ၏။

တရုတ်ပြည်သစ်၏မူကို တင်ပြပါရစေ။

ပါလီမန်စနစ်ကို အသက်သွင်းချင်သေးလျှင် ဖောက်ပြန်သူတွေကို အပြစ်ပေးရဲကြရာ၏။

လူတန်းစားအချင်းချင်း တစ်ပါတီစနစ်အရ ရေးဆွဲသော ဥပဒေတွေ အရှိသားပဲဟု ကျွန်တော်တို့က ရေးပါရစေ။

■

[ ၁၄ ]

# အခြေခံဥပဒေနှင့် ပြည်သူ ထိုက်တန်အောင် ဘယ်လိုလုပ်ကြမည်နည်း

နီဂုံးချုပ်

အခြေခံဥပဒေ ဟူသည် စာနှင့် ရေးဆွဲ၍ လွယ်သလောက် ဥပဒေကို ထိမ်းဖို့၊ သို့မဟုတ် ဥပဒေနှင့် ထိုက်တန်အောင်ပြုလုပ်ဖို့မှာ အခက်ဆုံး ဖြစ်ကြောင်းကို ကျွန်တော်တို့သည် ရေးသားဖော်ပြခဲ့ပါပြီ။

ဤအကြောင်းတွေကို မည်သို့ပင် ကျွန်တော်တို့က ကြိုးကြိုးစားစား ရေးကြစေကာမူ စာဖတ်ပရိသတ်သည် ရှုံနိုင်ကြသေးမည် မဟုတ်ချေ။

တတ်နိုင်သမျှလူအများ နားလည်စေရန် ထပ်မံ၍ ကျွန်တော်တို့က ရေးသားလိုပါသေး၏။

ရာဇဝင်တရားသူကြီး၏ ရုံးများက ရာဇဝတ်မှု ကျူးလွန်သော သူ တစ်ဦးကို အပြစ်ပေးသည်ကို ကျွန်တော်တို့မြင်ဖူးပါ၏။

အကျဉ်းထောင်တွင် အပြစ်ကိုခံကြသည်ကို မြင်ဖူးပါ၏။

ဤလောကကြီးတွင် ပြစ်မှုရှိလျှင် ဒဏ်ရှိရစမြဲဖြစ်၏။

ကမ္ဘာ့ရာဇဝင်တွင် အုပ်ချုပ်သူတွေက တိုင်းပြည်အုပ်ချုပ်လာရာ သည်းမခံနိုင်အောင် ဆိုးလာလျှင် တော်လှန်ရေးတစ်ခုပေါ်ရစမြဲဖြစ်၏။

အသက်ဦးဆံပိုင်မြန်မာဘုရင်များလက်ထက်ကမူကား အုပ်စိုးသော ဘုရင်တစ်ပါး နတ်ရွာစံလျှင် အာဏာလုပွဲများ ရှိခဲ့ကြ၏။

အုပ်ချုပ်သူတွေက ညံ့လာ၍ ပြည်သူတွေက အတန်းမြင့်လာလျှင်

တော်လှန်ရသောအကြောင်းအရာများကို လေ့လာကြရ၏။ ပြင်သစ်ပြည် တော်လှန်ရေး၊ အမေရိကန်တော်လှန်ရေး၊ ရုရှားတော်လှန်ရေး စာစောင်များကို ဖတ်သင့်ကြပေသည်။

တော်လှန်မှုတွေကို ရှောင်ရှားချင်ကြလျှင်း၍ ဆန္ဒမဲပုံးကို ဤကမ္ဘာတတွင်လာခဲ့ကြ၏။

ဆန္ဒမဲပုံးကို မရှိသေကြပြန်လျှင် တော်လှန်ရေး ဘူတာကြီးသို့ပင် ဆိုက်ရောက်ကြရ၏။

တစ်နည်းအားဖြင့်ဆိုလျှင် မင်းမဲ့အခြေအနေသို့ပို့တတ်ကြ၏။

မင်းမဲ့ အခြေအနေသို့ရောက်လျှင် ဤခေတ်၌ နိုင်ရာစားလောကသို့ ရောက်ပြီးလျှင် အားနည်းသောတိုင်းပြည်ကလေးကို အားကြီးသော တိုင်းပြည်က သိမ်းစမြဲပင်ဖြစ်၏။ နယ်ချဲ့ကြစမြဲပင်ဖြစ်။

နောက်ဆုံးတွင် တိုင်းပြည် တစ်ပြည်ကို မအုပ်ချုပ်နိုင်လျှင် ကုလသမဂ္ဂသို့ ထိုး၍အပ်ရသော အခြေသို့ရောက်တတ်၏။

**အခြေခံဥပဒေအမျိုးမျိုး**

အခြေခံ ဥပဒေများတွင် အကြမ်းဖျင်းအားဖြင့် တစ်ဦးချင်းက ပစ္စည်းပိုင်ခွင့်ကို အခြေတည်၍ ရေးသော အခြေခံဥပဒေဟူ၍လည်းကောင်း၊

ပစ္စည်းမဲ့လုတန်းစားတို့အတွက်သာ ရေးဆွဲသော အခြေခံဥပဒေဟူ၍ လည်းကောင်း နှစ်မျိုးရှိ၏။

အင်္ဂလန်ကဲ့သို့သော တိုင်းပြည်မျိုးမှာ အခြေခံဥပဒေဟူ၍မရှိ၊ ထုံးတမ်းအစဉ်အလာနှင့် အုပ်ချုပ်နိုင်စွမ်းရှိကြ၏။

တစ်ဦးချင်းပိုင်ခွင့်ကို အခြေတည်သော အုပ်ချုပ်ရေးတွင် တစ်ဖန် . . .

(၁) သမ္မတ အစိုးရ၊

(၂) ကက်ဘိနက် အစိုးရ ဟူ၍ ၂ မျိုး ရှိပါ၏။

ဆန္ဒရှင်တွေက တိုက်ရိုက် သမ္မတကို ရွေးကောက်သောနည်းကို အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတွင် သုံးနေကြ၏။

ပါလီမန် စနစ်အရ ကက်ဘိနက်ဖွဲ့၍ အင်္ဂလန်၊ အိန္ဒိယ၊ ဩစတြေးရီးယား၊ ကနေဒါ၊ သီဟိုနှင့် မြန်မာနိုင်ငံ (၁၉၆၂ ခု မတ်လ ၂ ရက်နေ့အထိ)

အုပ်ချုပ်ခဲ့၏။

အလုပ်သမားအစရှိသော လူတန်းစားများနှင့် ရွေးကောက်တင်မြှောက်သော ကွန်မြူနစ်ပါတီစနစ်မျိုးဖြင့် ရုရှားတိုင်းပြည်တွင် လည်းကောင်း၊ တရုတ်ပြည်သစ်တွင်လည်းကောင်း အုပ်ချုပ်နေကြပါ၏။

**တရုတ်ပြည်သစ်၌**

တရုတ်ပြည်သစ်တွင် ပါလီမန်အစားကော်မတီက အုပ်ချုပ်သည်ဟု ကျွန်တော်သည် လေ့လာခဲ့ရပါ၏။ တရုတ်ပြည်သူပြည်သားများ၏ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်မှ ခန့်အပ်သော ကော်မတီသည် ပါလီမန်၏ လုပ်ရပ်ကို လုပ်ကြ၏။

အင်္ဂလိပ်ဘာသာဖြင့်. . . .

Committee Of Chinese Peoples Political Consultative Conference ဟူ၍ ခေါ်၏။ အတိုကောက်နည်းဖြင့် စီစီ–ပီပီ–စီစီ ဟု ခေါ်၏။

တစ်နည်းအားဖြင့်ဆိုလျှင် ကွန်မြူနစ်ပါလီမန်ပင် ဖြစ်၏။

ကွန်မြူနစ်ပါလီမန်သည် အာဏာရှင်စနစ်ကို လက်ခံ၏။ သို့သော် အာဏာရှင်ကို ဖြုတ်ချနိုင်၏။ တစ်ဦးချင်း ပစ္စည်းပိုင်ခွင့် မပေးချေ။ စီးပွားရေးစနစ်မှာ အရင်းရှင်စီးပွားရေးစနစ်နှင့် လားလားမျှမတူချေ။ အရပ်ထဲက လူတွေ ရုတ်တရက် နားလည်အောင် ရေးရလျှင် တရုတ်ပြည်သစ်တွင် "ကွန်ထရိုက်" စနစ်မရှိတော့ချေ။

လူတွေကို နေ့ချင်းညချင်း ခေါင်းတုံးတုံးပြီး ဦးပဉ္စင်းယောင်ဆောင်၍ လည်းကောင်း၊ ဘာသာရေးနှင့်ခြိမ်းခြောက်၍လည်းကောင်း ဆန္ဒမဲကို အတင်းတောင်းသောစနစ် တရုတ်ပြည်သစ်၌မရှိတော့ချေ။ ၎င်းဖြင့် ပုဂ္ဂလိက လွတ်လပ်ခွင့်များ မရှိတော့ချေ။ အစားအသောက်၊ အနေအထိုင်ကိုမြှင့်တင်ရန် ရည်ရွယ်ချက်ချမှတ်ထားကြ၏။

**အခြေခံမှာ တကယ်ခက်ပါသည်**

အခြေခံသဘောကိုရှာဖို့မှာ အဘယ်မျှခက်သလဲ၊ ကျွန်တော်သည် ဆက်လက်၍ တင်ပြပါရစေ။

အင်္ဂလိပ်စာတတ်မှ ပါလီမန်စနစ်အရ ဆောင်ရွက်၍ အထမြောက်သည်ဟု ဆိုသူတွေရှိ၏။

ဤသို့ ပြောစကားဆိုလျှင် ကွန်မြူနစ်စနစ် ထူထောင်တော့ကော ရုရှား စာတတ်ရဦးမှာလားဟု ကျွန်တော်တို့က မေးပါရစေ။

မြန်မြန်ဆန်ဆန် အုပ်ချုပ်ရေးစနစ် တီထွင်ပါတော့လားဟု ဆိုပြန်လျှင် ပြန်ပေးဆွဲတတ်သူမှ အမတ်ဖြစ်ရမှာလား၊ အသက်ဦးဆံပိုင်စနစ်ကို ပြန်၍ ကောက်ရမှာလားဟု ကျွန်တော်တို့က မေးပါရစေ။

အခြေခံဥပဒေကို မရိုသေဆုံးကာလမှာ ကျဆုံးသွားသော နိုင်ငံရေးပါတီတွေ မိုးမိုးသော ကာလပင် ဖြစ်၏။

ယုတ်ကန်းမှု စံချိန်ကိုပြိုင်လျှင် ပထစနှင့် ဖဆပလ ခေတ်သည် အင်္ဂလိပ်လက်ထက်က ပါတီတွေထက်ပို၍ ယုတ်ကန်းခဲ့ကြပါ၏။

ကျွန်ုပ်တို့၏ အယူအဆမှာ ရွှေဂါး ၂၀၀ ကျပ် ပေးလျှင် အမတ်လောင်းဖြစ်နိုင်သောအချက်ကို ပယ်ဖျက်ပြီး ပဒေသရာဇ် လူမိုက်မဟုတ်သော လူရိုးသေ ရှင်ရိုးသေနိုင်မည့် ပုဂ္ဂိုလ်များကို "ပထမဦးဆုံးဆန်ခါနှင့် စစ်သော "ရွေးကောက်တင်မြှောက်သော ကောလိပ်" ထားသော စနစ်တစ်ခုကို တွေ့ရ၏။

ကွန်မြူနစ် စနစ်အရ လူတန်းစားတွေကို ရွေးကောက်၍ ကွန်ဂရက်ဖွဲ့လျှင် ဖြစ်မည်လော၊ ပြည်သူတွေကစဉ်းစားကြပါ။

အိမ်ပုံစံကြီးသည် မည်မျှပင်ကောင်းသော်လည်း ကျွန်းသစ်၊ ဘိလပ်မြေ မရှိသလို အုပ်ချုပ်ရေးစနစ်က မည်မျှပင်ကောင်းသော်လည်း လူကောင်းရနိုင်ရဲ့လား စဉ်းစားစရာရှိ၏။

ရန်ကုန်တက္ကသိုလ်စနစ်သည် လခစားတွေကို ထုတ်လုပ်သော စက်ရုံကြီးနှင့် တူနေ၍ ပညာတတ် လူတန်းစားက နိုင်ငံရေးတွင် မဝင်၍ ဓားပြလူထွက်၊ ဓါးဗိုက်နှိုက် လူထွက်တွေက ပါလီမန်ထဲသို့ တစ်ခါတစ်ရံ ရောက်ကြရ၏။

### တော်လှန်ရေးကောင်စီ၏တာဝန်

မြန်မာလူမျိုးတွေ နားအလည်ဆုံးစကားကို ရေးရသော် တော်လှန်ရေးကောင်စီသည် အင်းဝခေတ် မင်းကြီးရန်နောင်၏ တာဝန်ကို ယူနေကြရ

သကဲ့သို့ ဖြစ်နေတော့၏။

ခွဲစိတ်ခံနေသော မြင်း၏ခေါက်ကို ဝိုင်ဝိုင်နိုင်နိုင် ဆုပ်ကိုင်ပြီးလျှင် လုပ်စရာရှိသမျှ ပြတ်ပြတ်သားသား လုပ်ကြပါတော့ဟု ပြည်သူတွေက ဆိုကြလေပြီ။

**တိုင်းပြည်မြို့ စုံစွင့်ရပေမည်**

ကမ္ဘာနိုင်ငံပေါ်ရှိ အသီးသီးသော တိုင်းပြည်များ၏ ပစ္စုပ္ပန်သမိုင်းစဉ်များနှင့် အတိတ်ရာဇဝင်များကို လေ့လာရန် စာအုပ်များစုကြပါတော့။

နိုင်ငံရေးရာ စာစောင်များကို တစ်ယောက်တည်းဖတ်၍ မဖြစ်နိုင်ရကား တစ်ဦးစီကို တာဝန်လွှဲ၍လေ့လာကြစေရန် အခါသို့ ယနေ့ ရောက်ပါပြီ။

တာဝန်ယူထားသော ပုဂ္ဂိုလ်များက လေ့လာကြပြီးမှတင်လျှာတွေ ရေးသားပြီးနိုးနေ့ာဖလှယ်ပွဲ တစ်ခုခုသို့ဖတ်ပြသင့်ကြပါပြီ။

တင်လျှာတွေကိုစုစု ပုံနှိပ်ပြီး ပြည်သူ့ကိုယ်စားလှယ်များသို့ တစ်ဖန် ဝေငှသင့်ကြပါပြီ။

ချမှတ်ထားသော အုပ်ချုပ်ရေးစည်းမျဉ်းကို လာမည့်ခေတ်အဆက်ဆက်က မဖောက်ပြန်ငံ့ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီအဖွဲ့သည် ယနေ့ဘယ်လိုလုပ်ကြမှာလဲ။

စေတနာအသန့်ဆုံးနှင့် တော်လှန်ရေးကောင်စီက ဆောင်ရွက်ကြပါ။ ကျွန်တော်တို့ သိသမျှကိုတင်ပြ၍ တော်လှန်ရေးကောင်စီကို ကူညီကြပါမည်။

ရည်ရွယ်ချက် ပန်းတိုင်တစ်ခုချမှတ်၍ ပေါ်လာသော တော်လှန်ရေးကောင်စီကြီးက ဆောင်ရွက်သမျှ အောင်မြင်ပါစေသနည်း။

သတင်းထောက်တစ်ဦး

၁၉၆၂ ခု မေလ ၁၁ ရက်၊ သောကြာနေ့

■

အစိုးရအဖွဲ့မှ

# ဘာကြောင့်
# ကျွန်တော် နုတ်ထွက်ရသလဲ

၁၉၅၃-ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့က
သတင်းစာ ဆရာများသို့ ကြေညာချက်

ဦးထွန်းဖေ
ဝက်လက်နယ်ပြည်သူ့လွှတ်တော် အမတ်
ယခင် ပြည်ထောင်စု ယဉ်ကျေးမှုဌာန ဝန်ကြီး။

လွတ်လပ်စွာ တွေးတောမှု၊ လွတ်လပ်စွာ ရေးသားမှု၊ လွတ်လပ်စွာ ပြောဆိုမှုများကြောင့် ကမ္ဘာလောကတွင်တိုးတက်လာသည်ကို ယုံကြည်လာသူများတွင် ကျွန်တော်တစ်ဦး အပါအဝင်ဖြစ်သဖြင့် ကျွန်တော်သည် ပြည်ထောင်စုမြန်မာနိုင်ငံရှိ ပြည်ထောင်စုသားအပေါင်းတို့ထံသို့ သတင်းစာဆရာများမှတစ်ဆင့် ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်ပါသည်။

ကျွန်တော်တို့၏နိုင်ငံ၌ လွတ်လပ်စွာတွေးတောသူတို့သည် ၎င်းတို့တွင် ရရှိထားသော ရှေးကတည်းက အမွေအနှစ်အဖြစ် ပါလာသည့် အခွင့်အရေးများကို လက်တစ်ဆုံးနိုက်၍မသုံးစွဲရဲကြသေးဟု ကျွန်တော်ယူဆပါသည်။ တစ်ဖက်သတ်အားဖြင့် လွတ်လပ်စွာ စွပ်စွဲခြင်း၊ လွတ်လပ်စွာ လိမ်လည်ခြင်း၊ လွတ်လပ်စွာ လက်ထောက်ချခြင်းတို့ကိုသာ ပြုလုပ်နေကြသည်ဟု ကျွန်တော်ယုံကြည်ပါသည်။

ပြည်ထောင်စုအလံတော်ကို ဦးညွှတ်၍သော်လည်းကောင်း၊ ကျွန်တော်တို့ အားလုံးတည်ထောင်ခဲ့ကြသော ပြည်ထောင်စုဗိမာန်ကြီး ထာဝစဉ်တည် မြဲစေခဲ့ဟူသော ရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း၊ သေလို က သေမည်ကို သိလျက်နှင့် အပြစ်ကင်းမဲ့စွာ ပြည်ထောင်စုကြီးအတွက် ဆောင်ရွက်နေရင်း ကျဆုံးသွားကြသောနိုင်ငံချစ် အစရှိသည့် ခေါင်းဆောင်တို့ကို အလေးပြုလျက်လည်းကောင်း၊ မည်သည့်ပရိသတ် နှစ်သိမ့်ပါစေတော့ဟူ၍ မရည်ရွယ်ဘဲ မှန်ကန်ခြင်းတည်းဟူသော တစ်ခုတည်းသော ပရိသတ်ကို ရည်ရွယ်လျက် ကျွန်တော်သည် ယခုကြေညာရခြင်းဖြစ်ပါသည်။ သေးအမျိုးမျိုး ရန်အသွယ်သွယ်တို့နှင့် တွေ့လိုက တွေ့မည်ဟူသော

အသိအမြင်နှင့် ဤသို့ လွတ်လပ်စွာ ထုတ်ဖော်သည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံကြီး၌ အကျိုးကျေးဇူး ပေါ်ပေါက်လာပါက ကျွန်တော့်အဖို့ ကျေနပ်ပါသည်။ ဤသို့ပြုမူသည့်အတွက် အကျိုးယုတ်ချေက ကျွန်တော်၏ ရှုတ်ယှင်းချက်တစ်ခုပင် ဖြစ်ရပေမည်ဟု ကျွန်တော်ဝန်ခံပါသည်။

ဆက်လက်၍ဖော်ပြရသော ကျွန်တော်တို့ အားလုံး သစ္စာထားလျက်ရှိကြသော ဖဆပလ ပင်မအစည်းအရုံးကြီး၏ ဖဆပလ အမှုဆောင်အဖွဲ့တွင်လည်းကောင်း၊ အစိုးရအဖွဲ့တွင်လည်းကောင်း လွတ်လပ်စွာ ပြောဆိုခွင့် အရှင်းမရသဖြင့် ဤသို့အစိုးရအဖွဲ့မှ နုတ်ထွက်၍ ဤအခွင့်အရေးကို သုံးရခြင်း ဖြစ်ပါသည်။

နိုင်ငံရေးနယ်၌ ပြည်ထောင်စု မြန်မာနိုင်ငံ (ယခင်က သခင်၊ ယနေ့ ဦး။ခေါ် ဝိသေသနှင့် ခေါ်နေကြသော ဝန်ကြီးချုပ် ဦးသခင်နုသည် အာဏာရှင်ဆန်သည်၊ လက်ယာဆန်သည်၊ လက်ဝဲဆန်သည်။ အစရှိသဖြင့် သုံးနှုန်းနေကြသောဝေါဟာရများ၏ ကျပ်ပြည့်အဓိပ္ပာယ်အရ ကျွန်တော်သည် မည်သည့်နည်းနှင့်မျှ သဘောမတူနိုင်ပါ၊ အားလုံး တညီ တညွတ်တည်း လက်ခံထားကြသော မူကိုရှေ့ရှု၍ ဒီမိုကရေစီ အုတ်မြစ်ချပါမည်ဟူ၍ ကျွန်တော်တို့သစ္စာပြုထားကြသော ဖ ဆ ပ လ ၏ ခေါင်းဆောင်ကြီးသည် အာဏာရှင်ပန်းတိုင်သို့ ရှေ့ရှုချီတက်နေသည်မဟုတ်၊ အသက်ဦးဆံပိုင် ဘုရင်အုပ်ချုပ်ရေး ဝါ ဘဝရှင်မင်းတရားကြီးတိုင်းပြည်အုပ်ချုပ်မင်းလုပ်ရေးဘက်သို့ သူမမြင်သော်လည်း အားလုံးအမြင်အားဖြင့်သိသိသာသာကြီးပင် ရွေ့လျားနေပါပြီဟု ပထမဦးစွာ ပြည်ထောင်စုသား အပေါင်းတို့အား သိစေလိုပါသည်။

နိုင်ငံရေးလောကတွင် အသေးအဖွဲကလေးများ၏ အရေးအတွက်မှ အရည်အချင်းတည်းဟူသော အခြေအနေသို့ ပြောင်းလာတတ်ပါသည်။ ဥပမာအားဖြင့် ဖော်ပြရသော် ရွှေဝါးကျပ်သည် သေးဖွဲလှစွာသော ဂဏန်းကလေးတစ်ခုမျှပင် ဖြစ်ငြားသော်လည်း ငါးကုဋေအထိရောက်သော အခါ အရင်းအနှီးဟူသော အခြေအနေသို့ရောက်သွားရ ပေါ့မြင်ဖြစ်ပါသည်။ ထို့နည်းအတူ ဝန်ကြီးချုပ်၏အပြုအမူကလေးများသည် အကြိမ်ပေါင်းများစွာ ရှင်ဘုရင်ဆန်လွန်းလှသဖြင့် နောက်ဆုံး အခြေအနေ၌ ဘဝရှင်

မင်းတရားကြီးဖြစ်ဖို့ရန် မင်းမြောက်တန်ဆာ ငါးပါးဆင်မြန်းဖို့သာလိုပါတော့သည်။ ယနေ့ကမ္ဘာလောကကြီးတွင် လူတို့၏စီးပွားရေး မြင့်တင်ဖို့အတွက် ရှေ့ရှုဆောင်ရွက်နေကြသည့်အတောအတွင်းတွင် ဤသို့သောအသက်ဦးဆံပိုင်ဘုရင်အုပ်ချုပ်ရေးစနစ်ဘဝသို့ ယနေ့ ဝန်ကြီးချုပ် မယိမ်းမယိုင်မိကဖြစ်ပျက်လာပုံကို ပထမဦးစွာ ပဏာမကားချပ်အဖြစ်ဖြစ်သာလျှင် လိုရင်းရှပ်လုံးကို ပိုမိုပေါ်လွင်ပေမည်။

ရေခ်သက္ကရာဇ် ၁၉၄၉ ခု ပထမ လွှတ်လပ်ရေးနေ့ အထိမ်းအမှတ်ကျင်းပသည့်နေ့ကစ၍ ပြည်တွင်းရန်၊ ပြည်ပရန်များသည် ကိုယ်နှင့်ရင်ဆိုင်တွေ့နေကြရသောအန္တရာယ်အမှန်ကိုသာမြင်ရလျှင် ရင်ကွဲနာကျစ်သောရဘနန်းဖြစ်နေသည့်အခါအခမရိကန်ပြည်ထောင်စုကြီး ပြုကွဲအုံမှုးမှုးတွင်အေဗရာဟန်လင်ကွန်းသည် သူ့ပြည်ထောင်စုကို သူ့ဘယ်တင်ဘိသကဲ့သို့ငါတို့၏ ဝန်ကြီးချုပ်သည်လည်း ငါတို့၏ပြည်ထောင်စုကြီးကို ကယ်တင်နေသည်ဟု ကျွန်တော်နှင့်တကွ ဖ ဆ ပ လ ဝင်အပေါင်းတို့က ယူဆကြကာ ပြည်ထောင်စုယဉ်ကြီး၏ ဘီးများကို ဖန်းချင်းယှဉ်၍ တွန်းခဲ့ကြသောရှုခင်းမြင်ကွင်း တစ်ကွက်ကိုဖော်ပြလိုက်ပါသည်။

ဤသို့ ပြည်ထောင်စုသားအားလုံးတို့သည် အဆိုးဆုံးဘဝတွင် ခိုင်ခိုင်ရည်ရှိသော အမြဲတောသတ္တိနှင့် ဖ၊ ဆ၊ ပ၊ လ နှင့် ဖဆပလ အလံတော်အောက်ရှိ အစည်းအရုံးများ၏ စုစည်းမှုကြောင့်လည်းကောင်း၊ မည်သူတို့ကမျှ အသိအမှတ်ပြုခြင်းကို မခံလိုက်ရဘဲ မြုပ်နှံကြခြင်းကိုခံလိုက်ကြရသော ငါတို့၏ ရဲဘော်ရဲဘက်တို့၏ စွန့်စားမှုကြောင့်လည်းကောင်းနယ်ချဲ့၏ပယောဂဖြင့် သရဲ သဘက်စီးသည့်ပမာ တိုက်နေသော သူပုန်တို့သည် ရန်ကုန်မြို့ဝသို့ဝင်လုဆဲဆဲဖြစ်ခဲ့သော အခြေအနေမှ ပြည်ထောင်စုကြီးသာယာမှုကို ရှေးရှုနိုင်သော ကုန်းတစ်ကုန်းသို့ တစ်ဆင့်တစ်တန်းရောက်လာခဲ့ပါသည်။ ဤသို့ အသက်ရှူပေါက်ရလာသည့်အချိန်တွင် ပြည်ထောင်စုကြီးတစ်ခုလုံး၌ ပါလီမန်ရွေးကောက်ပွဲကြီးကျင်းပလာခဲ့ရာဖဆပလအဖွဲ့ဝင်များပင်လျှင် အပြတ်အသတ် အောင်နိုင်လာခဲ့ကြပါသည်။

ဖော်ပြခဲ့ပြီးသော ပါလီမန်ရွေးကောက်ပွဲကြီးမကျင်းပမီကစ၍ဖဆပလ ဦးစီးခေါင်းကြီး၏ အတွင်းစိတ်နှင့် သူ၏ အသွင်အပြင်သည်

ပြောင်း၍ ပြောင်း၍ လာပါတော့သည်။

ဆက်လက်၍ ဖော်ပြရသော် ဖဆပလတွင် အချင်းချင်းတို့ သိရှိပြီး ဖြစ်သော အကြောင်းအမျိုးမျိုးကြောင့် ဖဆပလသည် "တပ်ဦး" အခြေအနေမှ ပါတီအခြေသို့ ရောက်နေသည်ကို မှည်သူမျှမငြင်းနိုင်။ ဤသို့ ဖြစ်ရခြင်းမှာ မည်သူကိုမျှ အပြစ်ဖို့နေရန်မလို။ ယနေ့ ကျွန်တော်တို့ ပါဝင်နေသော ဖဆပလသည် ကောင်းဖို့ဖြစ်စေ၊ ဆိုးဖို့ဖြစ်စေဆိုရှယ်လစ်ပါတီ၏ ကွန်ကရစ်အုတ်မြစ်ပေါ်တွင် တည်နေရပါသည်။ ဖဆပလ၏အသက်သည် ဆိုရှယ်လစ်ပါတီတည်းဟူသောဘူးတွင် ရောက်နေပါသည်။ ပြီးစီးခဲ့သော ရွေးကောက်ပွဲကြီးတွင် အောင်ပန်းဆွတ်ခူးခဲ့လေသမျှမှာ များသောအား ဖြင့် ဆိုရှယ်လစ်ပါတီ၏ အင်အားကြောင့် အနိုင်ရခဲ့ပါသည်။ ဆက်လက်၍ ဖော်ပြပါရစေ၊ ရွေးကောက်ပွဲအနိုင်စာရင်းကို လေ့လာခြင်းအားဖြင့်လည်း ကောင်း၊ ဖဆပလ အမှုဆောင်အဖွဲ့ဝင်စာရင်းကို ကြည့်ခြင်းအားဖြင့်လည်း ကောင်း။ ဖဆပလတွင် ဆိုရှယ်လစ်ပါတီဝင်များနှင့်တစ်ဦးချင်းပုဂ္ဂိုလ်များ ကတာဝန်ယူနေသည်ဟု အပေါ်ယံအတွေးအားဖြင့် ယူဆဖွယ်ရာရှိနေပါ သည်အမှန်ကား ဤသို့မဟုတ်ဟု ပြည်ထောင်စုသို့ အတိအလင်းတင်ပြလို ပါသည်။ ။ တစ်ဦးချင်းအဖွဲ့ဝင်တို့သည်ကား စုစည်းပြီးမရှိကြချေ။ စုစည်းရန်လည်း ဆိုရှယ်လစ်ပါတီက ခွင့်မပြုချေ။ တစ်ဖန်ပိုမို ရှင်းလင်းရန် ဝိစစ်ပြန်သည့်အခါ တစ်ဦးချင်းထဲပင်လျှင် ညီလေးမှု မှုခြင်း၊ ညီလေး အေး အေးခြင်းပေါ့၊ ကိုကြီးသေ သေခြင်း၊ ကိုကြီးရှင် ရှင်ခြင်းပေါ့ ဟူသော သဘောနှင့်အတူခါးကို ကြိုးတပ်၍တောင်ပေါ်တက်သည့်အလားပါဝင် နေကြရသော တစ်ဦးချင်းပုဂ္ဂိုလ်များ၊ ထိုပြင်များသောအားဖြင့် ဆိုရှယ်လစ် ပါတီ သံယောဇဉ်နှင့်တွဲ၍ ဆောင်ရွက်သည့်အခါ ဆောင်ရွက်၍ ဝန်ကြီး ချုပ်နှင့် ဆောင်ရွက်သည့်အခါ ဆောင်ရွက်ကြရသော တစ်ဦးချင်းများက ဘစ်ဖက်၊ "မှု"ကို မထိနှင့် တစ်ပြားမှမလျှော့ဘူးဟူသော ဆိုရှယ်လစ်ပါတီ များသတ်သတ်က တစ်ဖက် ပါဝင်နေသည်မှစ၍ တစ်ဆင့်ပြီး တစ်ဆင့် ဖော်ပြလိုပါသည်။ ပါတီတို့ဘာဝအရ ဤမျှအထိ ဖဆပလသည် တည်နေ သျှင် သင့်လျော်လှပေသည်။ ဤတွင်မျှ မကသေးချေ။ ဆိုရှယ်လစ်ပါတီ ဘွင် ၁၉၃၆ ခုနှစ်က ပေါ်ပေါက်ခဲ့သော တက္ကသိုလ်သပိတ် သံယောဇဉ်

နှင့် တစ်ပါတည်းတက်လာကြသော ဝန်ကြီးချုပ်နှင့်အတူ ၎င်းနှင့် တစ်ခေတ်တည်း ဖွားလာသောဖွားဖက်တော်တစ်စုက ကိုင်တွယ်ထားသော ကြီးသည့် အနိုင်မာဆုံးပင် ဖြစ်ပေသည်။ ဖဆပလ၏ နာမည်နှင့် လူသိ နတ်ကြား ဆောင်ရွက်ပါမည်ဟု အတိအလင်းကြေညာလေသမျှကို မဖောက်ပြန်လေသေးသမျှ ဖဆပလရေးဆောင်ရာသို့ ကျွန်တော်တို့လိုက်နာကြပါဦးမည်။

ဖော်ပြပြီးခဲ့သော အနုအရင့်အရောင်သာကွဲသော အစုများအပြင် မည်သည့် အစည်းအရုံးကမှ မပါသော သာသနာ့ရိပ်သာ အဖွဲ့အစုံကိုယ်တော်ကြီးတို့ကပါ တတိယ ပါတီအဖြစ် ပြည်ထောင်စုကြီးတစ်ခုလုံး၏ ဆိုးကျိုး ကောင်းကျိုးကို ဆောင်နေသည်ကို မျက်စိရှိသူတို့မြင်ကြရပေမည်။ နားရှိ သူတို့သည် ကြားကြရပေမည်။ ဤအမျှအထိတွင် မကာသေး စုစည်းပြီးသား အစည်းအရုံးမရှိသဖြင့် ကိုယ့်ကိုယ်ကိုယ် တစ်သီးပုဂ္ဂလ ဟူသော နာမည်နှင့် တက်လာကြသောပါလီမန်အမတ်တို့သည် ဘိမန္တက ပြိုင်မခံကြရဘဲ တည်းအိမ် တစ်အိမ်ပေါ်သို့ ကြောင်တောင်တောင် ရောက်လာကြရသောဧည့်သည်များပမာ ဖြစ်နေကြသည်ကို သတိပြုရန် ကျွန်တော် ညွှန်ပြပါရစေ။

အားလုံးကို သဗ္ဗာရချုပ်ကြည့်လျှင် ဝန်ကြီးချုပ်က "အသင်တို့ ဤနေရာတွင် ထင်ရာလုပ် ကျွန်ုပ်ဝင်၍မပြောလို၊ သို့သော် ကျွန်ုပ်လုပ်ကိုင်သမျှတွင် သင်တို့ဝင်မရှုပ်ပါနှင့်"ဟူ၍ ခွဲခြားထားဘိသကဲ့သို့ ရှိနေပါသည်။ ဝန်ကြီးချုပ်၏နယ်ပယ်တွင် သူ၏ သာသနာ့ရိပ်သာ အဖွဲ့အစုံ၊ သူ၏ ဘုန်းကြီးလူထွက်များနှင့်သာမက လုပ်ငန်းဟူ၍ အမည်ခေါ်တာ လုပ်ကိုင်နေသော လူထွက်မဟုတ်သောသူများနှင့် တိုင်ပင်ကြပြီး သကာလ လူထုထံသို့ ထုတ်ပြန်သောကြေညာချက်တွင်မပါသည့် လုပ်ငန်းများကိုပင် လုပ်ကိုင်နေကြပါပြီ။

ဤသို့ ဖန်တီးပြီးဖြစ်သော အကွက်သို့ ကျွန်တော်တို့ ဆိုက်ရောက်နေကြရကား၊ တစ်ဖက်တွင် လယ်ယာမြေကိစ္စ၊ သမဝါယမကိစ္စ၊ နိုင်ငံရေးဝါဒ၊ အလုပ်သမားကိစ္စတို့ကို ဆိုရှယ်လစ်ပါတီ ပေါက်ဖွားသော အစည်းအရုံးများနှင့် တိုင်ပင်၍ လုပ်ကိုင်ဆောင်ရွက်နေကြငြားသော်လည်း အစိုးရ၏ ဘာသာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ယဉ်ကျေးမှု စသော

ဌာနများကို စဉ်းစားဆွေးနွေးရန် အစည်းအဝေးများဟူ၍လည်းကောင်း၊ ကော်မတီဟူ၍လည်းကောင်း လက်ရှိတည်ဆဲ ဖဆပလ အရှင်းမရှိ။

ကြိုးကြား ကြိုးကြား ဖဆပလ အမှုဆောင်က ဟိုဝင်ထောက် သည်ဝင်ထောက်သာ လုပ်နိုင်ကြပေသည်။ ။ အစိုးရအဖွဲ့ဌာန လက်ကိုင်ရှိနေသောသူတို့သည် ဈေးဈေးစပ်စပ် မိမိတို့၏ဌာနများကိုင်ကြလျှင် စဉ်းစားဆုံးဖြတ်ရသော အရေးတို့သည် ပန်ကာကြီး လည်နေသကဲ့သို့ ထင်ရလောက်အောင် အလုပ်များပြီးနေသည်ကား မှန်ပါသည်။ သို့သော် အဆိုပါဌာနများကို စဉ်းစားဆွေးနွေးရန် မလိုပါဘူးဆိုခြင်းကို ကျွန်တော်လက်မခံနိုင်ပါ။ မူလ ဖဆပလက မကိုင်သော ဌာနများတွင် မည်မျှချွတ်ယွင်းနေသည်ကို ဖော်ထုတ်ရန်လိုမည်မဟုတ်ချေ။

သာသနာ့ရိပ်သာမှ သင်္ကြံယာနာ မည်သို့တင်မည်။ စလီနတ်စာမည်နယ် ကျွေးမည်။ ဗုဒ္ဓဟတ္ထသိုလ်ကြီးကို မည်ပုံ တည်ထောင်မည်။ မည်သူကိုရာထူးပေးမည် စသည်တို့ကို အမြဲတစေပြတ်ပြတ်သားသား ဆုံးဖြတ်နေကြပါပြီ။ "ဝန်ကြီးချုပ်လုပ်မ ခင်ဗျားထင်ရာ လုပ်ပါ။ ကျုပ်တို့မပြောဘူး" ဟုဘစ်ဖက်ကဆို၍ "ဆိုရှယ်လစ်လုပ်မ အသင်တို့အထဲ ငါမဝင်ပါဘူး" ဟူ၍အခြားတစ်ဖက်က ဆိုသကဲ့သို့ ရှိနေကြပါသည်။ ဤသို့သော အခြေအနေသဲသို့ အံကိုက် အတိအကျဝင်နေသဖြင့် အင်းဝနေပြည်တော်ဆရာ အရှင်မဟာရဋ္ဌသာရက မဃောသဝတ္ထုတော်ကြီးတွင် ဖော်ပြထားသည့် ဆိတ်နှင့် ရွေး အဆွေခင်ပွန်းဖွဲ့ပုံကို အခြေပြု၍ စီကုံးထားခဲ့သည့် မေတ္တာစာ၈ကပိုဒ်တွင်

"မြက်ကိုရွေးယူ
ဆိတ်မှုမဲကောင်
လဲချင်အနေ
အဆွေခင်ပွန်း"

ကဲ့သို့ ဖြစ်နေသည်ကို ဖော်ပြလိုပါသည်။

ဤအမြင်မျိုးနှင့် မမြင်လျှင် မည်သည့်အမြင်မျိုးနှင့် မြင်ကြရမည်နည်း။ တစ်နည်းအားဖြင့် ဖော်ပြရလျှင် သစ်တုံးတစ်တုံးကို ချောင်းထဲသို့ အရောက်ပို့လို၍ လိုမ့်ချသောအခါ အခြားသစ်တုံးများကပါ လည်၍ပေး

ရသော သစ်တုံးလှိမ့်နည်းကို အသုံးစွဲဆုံးအချိန်နှင့် ရင်ဆိုင်နေကြရပါသည်။ မည်သူတို့ ဖြေရှင်းကြမည်နည်း။ ထိုစနစ်ဆက်ကြီးကြိုတ်သမျှကို ပြည်ထောင်စုသားတို့ ကုန်း၍ ရုန်း၍ ခံနေကြရပါပြီ။

ဤအကြောင်းနှင့်စပ်လျဉ်း၍ လွန်ခဲ့သော ဇန်နဝါရီလအတွင်းက ကျင်းပပြီးစီးသွားသော ရာစဝင်ပြောင်းလှသည့် အာရှတိုက် ညီလာခံသဘင်နှင့် စပ်လျဉ်း၍ အကြောင်းအားလျော်ညီစွာ ကျွန်တော် ဖော်ပြလိုပါသည်။ ရန်ကုန် နေပြည်တော်ဟူသော နာမည်ကို ကမ္ဘာတွင် ထင်ရှားစေရန် ဆောင်ရွက်နိုင်သည့်အတွက် မြန်မာနိုင်ငံဆိုရှယ်လစ်ပါတီကို ချီးကျူးလိုပါသည်။ သို့သော် ညီလာခံသဘင်ကြီးတွင် ဖဆပလ အစိုးရဟု ခေါ်ဝေါ်သော အစိုးရအဖွဲ့တွင် ၎င်းတို့သည် အာဏာကို မည်သို့ထိန်းထားသည်ကို ဖွင့်၍မပြောသဖြင့် ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။ ၎င်းတို့သည် ဆိုရှယ်လစ်ညီလာခံညီတွင် ဤသို့ဖွင့်ဟပြောဆိုတန်ရာသည်။

ကျွန်ုပ်တို့သည် ဤပြည်ထောင်စုမြန်မာနိုင်ငံ၌ ဤမည်သော သစ်တုံးလှိမ့်နည်းဖြင့် အာဏာကို ထိန်း၍နေကြရပါသည်။ အကျွန်ုပ်တို့သည် ဝန်ကြီးချုပ်အား သူထင်ရာလုပ်ဖို့ ခွင့်ပြုပါသည်။ သူကလည်း ကျွန်ုပ်တို့အား ထင်သလို ပြုလုပ်ခွင့်ပေးပါသည်။ သူနှင့်ကျွန်ုပ်တို့ အာဏာဖလှယ်နိုင်ဖို့အတွက် လူထုက အနစ်နာခံကြပါဟု ဆိုနိုင်လောက်အောင် ကျွန်ုပ်တို့တွင် အင်အား ရှိပါသည်။ လူထုအသိတရား နည်းပါးလေလေ ကျွန်ုပ်တို့ အာဏာချင်းဖလှယ်၍ ကောင်းလေလေပင် ဖြစ်ပါသည်"ဟု သူတို့ ဖွင့်မပြောသဖြင့် ဝမ်းနည်းပါသည်။ မှတ်ချက်။ သစ်တုံးလှိမ့်စနစ်သည် ဒီမိုကရေစီ၏ အကြီးဆုံး ရန်ဆူး ရန်ငြောင့် ဖြစ်ပါသည်။

ဆက်လက် ထင်ရှားပေဦးအံ့။ အင်္ဂလန်ရာဇဝင် ပထမ ချားလ်စ်ဘုရင် လက်ထက်တွင် ၁၆၄၂ ခုနှစ် ဘုရင်၏ အာဏာကို ကန့်သတ်လိုသော ကာဗီလီယာစ် ဂိုဏ်းကတစ်ဖက်၊ ဘုရင်၏ အခွင့်အရေးကို မှူးကြီးမတ်ရာတွေနှင့် မတိုင်ပင်ဘဲ ဘုရင်၏ အလိုတော်ကျ သုံးသည်ကို ထောက်ခံသော လူလတ်တန်းစား ကိုယ်စားလှယ်များ ခေါင်းဟောက်ဂိုဏ်းသားများကတစ်ဖက် တည်ရှိနေဘိသကဲ့သို့ ဝန်ကြီးချုပ်၏ အုပ်ချုပ်မှုသည် ယနေ့ တည်ရှိနေပါပြီ။

ဖော်ပြခဲ့ပြီးသော သာဓကများကို ထောက်၍ ဖဆပလကို အပြင်အပ က မလိုအပ်သော တတိယ ပါတီတစ်ခုကပါ ဝန်ကြီးချုပ်၏ဩဇာဖြင့် မသိလိုက်ဘာသာ ကြီးကိုင်နေသည်မှာ ထင်ရှားနေပြီ မဟုတ်ပါလော။ ဤသို့မပြောရဲကြဘဲ ကြည့်နေကြသဖြင့် နိုင်ငံရေး ရေစီးကြောင်းပြောင်း နေစဉ်တွင် ၁–သာသနာရေး၊ ၂–ပညာရေး၊ ၃–ပြန်ကြားရေးဌာနများတွင် သုံးစွဲသောနည်းတွင်လည်းကောင်း၊ ၄–ဖဆပလ၏ နိုင်ငံရေး လမ်းစဉ်တွင် လည်းကောင်း ကျွန်တော်နှင့် ဝန်ကြီးချုပ် သဘောကွဲလွဲပုံ ဝန်ကြီးချုပ်သည် မဏိစည်သူကဲ့သို့ လက်ညှိုးညွှန်ရာ ရေဖြစ်စေဟု ဆိုပုံတို့ကို လည်းကောင်း၊ ပြည်ထောင်စုကြီးသို့ ကျွန်တော် ဆက်လက်တင်ပြလိုပါသည်။

## သာသနာရေး

ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဘာသာရေးနှင့် စပ်လျဉ်း၍ ကောင်း ရာကောင်းကြောင်းကို ဆောင်စေသော ရည်ရွယ်ချက်ဟူသမျှကို သဘောတူကြပါသည်။ လွတ်လပ်စွာကိုးကွယ်ရေးကိုပါ ကျွန်တော်တို့ သည် ထောက်ခံကြပါသည်။ ရည်ရွယ်ချက်အရ အထမြောက်စေရန် ဆောင်ရွက်သော နည်းတွင်သာ သဘောကွဲလွဲကြပါသည်။ ဝန်ကြီးချုပ်နှင့် ကျွန်တော်တို့သည် စေတနာချင်းတူပါလျက် နည်းတွင်သဘောကွဲလွဲပုံကို ခရေစေ့တွင်းကျ ကျွန်တော် မဖော်ပြလိုပါ။ သင်္ဂါယနာတင်ရေးတွင် သူသည် ဆရာတော်ကြီးများနှင့် တိုင်ပင်သည်မှာ မှန်ပါသည်။ သို့သော် သံဃာအဖွဲ့ဝင်များနှင့် မတိုင်ပင်ပါ။ ဤသင်္ဂါယနာတင်ရေးမှ ပိဋကတ် ဘာသာပြန်ဆိုရေးတစ်ရပ် ဖြစ်ပေါ်လာရာ ဤအရေးတွင် ကျွန်တော် အထူးပင် စိတ်ဝင်စား ခဲ့ပါသည်။ ပါဠိကို ယေ်စဉ်က အလွတ်ရရုံမျှနှင့် ဘာသာ မပြန်နိုင်၊ မြန်မာစာ အခြေခံရှိမှပါဠိမှ မြန်မာဘာသာသို့ ပြန်ဆိုနိုင် ကြောင်း၊ ထို့ပြင် ပိဋကတ်ကို ယခုမှ ဘာသာပြန်ရန် ကြံစည် သို့မဟုတ် ကွယ်လွန်လေပြီးသော အဂ္ဂမဟာပဏ္ဍိတ ဦးဖြိုး၊ ကွယ်လွန်လေပြီးသော ဦးအောင်မြတ်ထွန်းသည် ရဟန်းဘဝ ရှင်အာဒိစ္စဝံသနာမည်နှင့် ဘာသာပြန် ဆိုခဲ့ကြောင်းများကို ကျွန်တော် ပြောပြပြီးနောက် မြန်မာစာတတ်ကျွမ်းသူ များနှင့် တိုင်ပင်ရန် လည်းကောင်း၊ ပြန်ဆိုခဲ့ဖူးသော ဘာသာပြန် ကျမ်း

တာခုပ်များကို ကိုးကားရန် ပြောဆိုသည်ကို ဝန်ကြီးချုပ်က ပယ်ချခဲ့ပါ သည်။ ဝန်ကြီးချုပ်သည် စုံစမ်းမေးမြန်းခြင်းမပြုဘဲ လက်ညှိုးထိုး နိုင်ငံ တော်ကြောင်းကို ထင်ရှားစေ၍ ဤအကြောင်းကို တိုင်းပြည်သို့ တင်ပြရ ခြင်းဖြစ်ပါသည်။ တိုင်းသား ပြည်သူတို့၏ ငွေများကို ကောင်းရာ ကောင်း ကြောင်းအတွက် သုံးထိုက်သည်ဟု ယူဆစေ၊ တကယ်ရည်ရွယ်ချက်အ အထမြောက် မမြောက်ဟူသော မှန်ကန်သည့် နည်းပေါ်တွင် အခြေပြု ငွေများကို သုံးစွဲရန် အရေးကြီးပါသည်။ ပဋ္ဌမ သင်္ဂါယနာတင် မင်းတုန်းမင်း တရားကြီးတည်ထားခဲ့သော ပိဋကတ် ကျောက်စာများ ကာလရွေ့လျော မွန်းထိချွတ်ယွင်းသည်ဟူသော အကြောင်း တစ်ကြောင်းကြောင့်သာလျှင် သင်္ဂါယနာတင်ရမည်ဟု ပြောပုံကို ကျွန်တော် အံ့အားသင့်စွာနှင့်နားထောင် နေပြီးလျှင် အခြေခံအကြောင်းမျိုးစုံကို မဆွေးနွေးလိုက်ရသဖြင့် ဝန်ကြီးချုပ် နှင့် ကျွန်တော်တို့ စေ့စေ့ငုငု ဆွေးနွေးရန် ရှေ့နေချုပ်ကြီး ဦးချန်ထွန်းက ၁၉၅၂ ခု ဖေဖော်ဝါရီလ ၂ ရက်နေ့၌ မြို့မကျောင်းသားဟောင်းများ၏ အသင်းရုံ၌ ကျောင်းသားဟောင်းများ၏ အစည်းအဝေး ခေါ်ပေးခဲ့ရပါသည်။ ဤအစည်းအဝေးသို့ ဝန်ကြီးချုပ်ကိုယ်တိုင် မကြွရောက်နိုင်သဖြင့် ဝမ်းနည်း ပါသည်။ ယုတ်စွအဆုံး မြန်မာစာသည် ဘာသာပြန်ခြင်းအားဖြင့် တိုးတက် သည်ကို အကြောင်းပြု၍ သင်္ဂါယနာတင်သောမှုကို ကျွန်တော် လက်ခံ ကြောင်း၊ သို့သော် မည်သို့ ဆောင်ရွက်ကြမည်နည်း၊ မည်သို့ ကြိုတင်စီ သနည်း။ ဤအရေးမှာ အရေးကြီးသဖြင့် တိုင်းပြည်သို့ တင်ပြထိုက်သည့် အကြောင်း၊ စုဠတာသာတက္ကသိုလ်ကြီး တည်ထောင်လျှင် ယနေ့လက် "ငယ်လတ်ကြီး ပါဠိစာမေးပွဲများရှိနေသဖြင့် အလုပ်ချင်းထပ်နေမည့် အကြောင်း။ ဘတ်ဂျက် ရန်ပုံငွေထဲမှ မသုံးထိုက်ကြောင်း၊ ငွေသိန်း ၁၀၀ ကျော် အကုန်ခံ၍ စုဠတက္ကသိုလ်ကြီး ဆောက်ဖို့ကို ကျွန်တော် ပြင်းထန်စွာ ကန့် ကွက်ကြောင်းကို ကျွန်တော် အတိအလင်းပြောခဲ့ပါသည်။ တကယ် ကြိုတင်စီစဉ်ပြီးဖြစ်လျှင် ငင်းဆောက်ခြေ သိမ်းအစပျိုးလေ တကယ်လိုအပ်လျှင်လည်းကောင်း စုဠတက္ကသိုလ်တည် ဆောက်တော် ပါ။ သို့သော် ပဋ္ဌမ သင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ နည်း ဆဋ္ဌသင်္ဂါယနာတင်သူတစ်ဦး အဖြစ်လည်းကောင်း၊ ကမ္ဘာ့ စုဠတက္ကသို

ကြီးကို စတင်တည်ထောင်သူ၏ ဘွဲ့ထူးမျိုးရရုံမလုပ်ပါနှင့် ဟူသော သဘောနှင့် ဤသို့ ပြောရခြင်းဖြစ်ပါသည်။ ထို့ပြင်တိုင်းပြည် မျက်နှာ မထောက်ဘဲ ပြင်ပ ဓယာဝယ ဖြုလုပ်နေသော ဘုန်းကြီးလူထွက်တွေ၏ အလိုကျစေတော့ ဟူသော သဘောမျိုးမထားစေလို၍ ဤသို့ ပြောပြ ရခြင်းဖြစ်ပါသည်။ ဤသို့သော ဗုဒ္ဓတက္ကသိုလ်ကြီး တည်ထောင်လျှင် ပြည်ထောင်စုသား အားလုံးက ဆင်ဖြူတော်ကြီးကို ကျွေးထားရဘိသကဲ့သို့ ရှိပါလိမ့်မည်ဟု ကျွန်တော်ယူဆပါသည်။

ဦးချန်ထွန်းသည် ဥပဒေ ပညာတွင်သာမက ဗုဒ္ဓဘာသာ စာပေတွင် လည်း ပါရဂူတစ်ဦးအနေနှင့် ၁၉၅၁ ခု အောက်တိုဘာလ ၁ ရက်နေ့ ပါလီမန်အစည်းအဝေးဆုံးဖြတ်ချက်ကို ကိုးကားပြီး သက္ကာလအင်္ဂလိပ် ဘာသာစာမှုဖြင့် ရေးသားထားသည့် သင်္ဂါယနာတင်ပုံတင်နည်းစာရွက် များကို ဝေငှပါသည်။ ထို့ပြင်ခရစ်ယာန်များတွင် ကျမ်းစာတစ်စောင် တည်းနှင့် ၎င်းတို့၏ တရားသဘောကို သိစေနိုင်ဘိသကဲ့သို့ ဗုဒ္ဓဘာသာ တရားစုကို ကျမ်းတစ်စောင်တည်းဖြစ်စေရန်လိုအပ်နေပါသဖြင့် ၎င်း ကျမ်းစောင် တစ်စောင်ရေးသားမည့်အကြောင်းကိုပါ ဦးချန်ထွန်းက ပြောပြ ပါသည်။ ဤတွင် မကသေးပါ။ သင်္ဂါယနာတင်ရေးနှင့် ဆက်စပ် ပေါ်ပေါက်လာသည့် အရေးများကိုဆွေးနွေးနိုင်စေရန် ဖဆပလ အမှုဆောင် အစည်းအဝေး ခေါ်ပေးပါဟု ၁၉၅၁ ခု နိုဝင်ဘာလ ၂၀ ရက်နေ့က ပင်လျှင် တစ်ကြိမ် ဖဆပလ အထွေထွေအတွင်းရေးမှူးထံသို့ စာတစ်စောင် ရေးသားပို့ခဲ့ပါသည်။ စာကို တင်ပြပါသည်။ ဤသို့တောင်းပန်သော်လည်း ဖဆပလအမှုဆောင်အစည်းအဝေး တစ်ကြိမ်တစ်ခါမျှခေါ်၍ မပေးပါ။ ဤအရေးတွင် သာနုအခေါ်ခံရလျှင် ဖ ဆ ပ လ ပင် အခေါ်ခံရပါစေ။ အသတ်ခံစရာရှိလျှင်လည်း ဖ ဆ ပ လ ပင် အသတ်ခံရပါစေ၊ အစည်းအဝေး ခေါ်ပေးပါဟု ဖဆပလ အတွင်းရေးမှူးကို ပြောရာ ယနေ့အထိ တစ်ကြိမ်မျှ ခေါ်၍မပေးပါ။

ရှေ့နေချုပ်ကြီး ဦးချန်ထွန်းကမြို့မ ကျောင်းသားဟောင်း အသင်း၌ ပြောပုံကို တစ်မျိုးတစ်မည်သတင်းပေးသဖြင့် ဝန်ကြီးချုပ်နှင့် ကျွန်တော် ဆုံ၍ ရှင်းရာကျွန်တော်က ဖ ဆ ပ လ အမှုဆောင်အစည်းအဝေး ခေါ်ပေး

သင့်သည်ဟု ပြောရာ ဝန်ကြီးချုပ်က ပါလီမန်အမတ်တွေ ပြောပြီးပါပြီဟု ပြန်၍ ပြောပါသည်။ ဗုဒ္ဓတက္ကသိုလ်ကြီးကို သိန်း ၁၀၀ အကုန်ခံ၍ ဆောက်ခြင်းကို မလိုအပ်သေးဟု ကျွန်တော် ပြောဆိုခဲ့ပါသည်။

ရည်ရွယ်ချက်မှာ အလွန်တရာပင် မွန်မြတ်လှသော်လည်း လက်တွေ့အားဖြင့် မဖြစ်နိုင်ပါ။ ထို့ပြင် ကိုယ်ရေး ကိုယ်တာကလေးတွေကို ရှေ့ရှုလျက် ဖ ဆ ပ လ၏ ပြင်ပတာဝန်ယာပါတီက ကြိုးဆွဲနေသည်မှာ ထင်ရှားနေပါသည်။ နေရာတိုင်းမှာ ဖ ဆ ပ လ နာမည်နှင့် ဥုံခံ၍မန်းသော ၎င်းပါလီမန်လွှတ်တော်ကြီး၏နာမည်နှင့် ပေါက်စေကာမူ ၎င်းရှေးရှေးသော ရှင်ဘုရင်များအား မိဖုရားက ဆံတော်ရှင်းရှင်းနှူးဘိသကဲ့သို့ ဝန်ကြီးချုပ်ကိုကပ်၍ နှူးသသောက် မစွဲသည်မှာ ထင်ရှားနေကြပြီးမဟုတ်ပါလော။ မည်သူတို့ ငြင်းရဲကြအံ့နည်း။ ဤအရေးမှာ ဆုံးဖြတ်ပြီးဖြစ်သောအရေးဖြစ်ပါသည်။ ၎င်းနှင့် တစ်ပါတည်း ဆက်လက်၍ ပြည်သူ့ငွေတွေကို ပြည်သူနှင့် မတိုင်ပင်ဘဲ သုံးမည်စိုး၍သာ ကြိုတင်ကာကွယ် ထားရခြင်းဖြစ်ပါသည်။ အစိုးရ၏ ရသုံးခန့်မှန်းခြေစာရင်းတွင် သင်္ဂါယနာတင်ရန်ကြိုတင်ပြင်ဆင် မှုအတွက် သိန်း ၆၀ တောင်းသည့်အတိုင်း ပါလီမန်လွှတ်တော်က သဘောတူပြီးပါပြီ။ ၎င်းနှင့်တစ်ပါတည်းလူထုကို တစ်ပတ်ရိုက်ပြီးလျှင် ကိုယ်ရည်သွေးလိုသောသဘောနှင့် သိန်းတစ်ရာကုန် ဗုဒ္ဓတက္ကသိုလ်ကြီးတည်ဆောက်ပေးဦးမည်။ ဘုန်းကြီးလူထွက်ထဲမှသော်လည်းကောင်း။ ဘုန်းကြီးတွေကို အထွက်နိုင်း၍ လည်းကောင်းဗုဒ္ဓတက္ကသိုလ်ပါရဂူတွေခန့်အပ်ပါလိမ့်ဦးမည်။

တရုတ်ပြည် ဝီကင်းမြို့၌ မန်ချူးမင်းဆက်တို့က သဘာဝ တောင်ကြီးအစား နွေဥတုနန်းတော်တင်၍ ဆောက်လုပ်ရန်လက်လုပ်တောင်ကြီး ဆောက်လုပ်ခဲ့ဘိသည့်အလား ၂၀ ရာစုနှစ်တွင် ဆဋ္ဌသင်္ဂါယနာတင်ကျောက်လိုဏ်ဂူတော်ကြီး၏အုတ်မြစ်ကို ဝန်ကြီးချုပ်ဦးသခင်နုကိုယ်တိုင် ၁၃၁၄ ခု တပို့တွဲလပြည့်ကျော် ၆ ရက်နေ့က ချပြီးလေပြီ။ စာပေဝိမာန်စာရေးဆရာ အကျော်အမော်တို့က မဟာဝင်သစ်ရေးသားဖို့သာ ရှိပေတော့သည်။ သိဂုံစွာရ ကုန်းတော်နှင့် ရန်ကုန် ကန်တော်ကြီး၏ ရေလှိုင်းကွက်ကလေးများအပေါ်တွင် လွှမ်းခြုံအုပ်မိုးလျက် ရှေးဖြင့်ပြီးသော ပြာသာဒ်

တန်ဆောင်းကြီးတစ်ဆောင် တည်ဆောက်ရန် သူသည်ကြိုးစည်ပြန်သော်လည်း ကျွန်တော်တို့ အံ့အားသင့်မည်မဟုတ်ပါ။ ထို့ပြင် ပိဋကတ် ဘာသာပြန်ဆိုရေးနှင့် တစ်ဆက်တည်း မဟာမေခင်ဘာသာဝင်များအဖို့ "ကုရအန်" ကျမ်းကို ဘာသာပြန်စေရန်လည်းကောင်း၊ ခရစ်ယာန်များ၏ ကျမ်းစာကို မြန်မာဘာသာဖြင့် ပြန်ဆိုကြစေရန်လည်းကောင်း၊ အစိုးရကဆုံးဖြတ်ခဲ့စဉ် ကွယ်လွန်သူ ဦးဘာအိုသည် "ကုရအန်" ကျမ်းကို မြန်မာဘာသာဖြင့် ပြန်ဆိုပါပြီ။ ခရစ် ယာန်ကျမ်းများကို "ဘိုင်းဘယ်လ်ဆို ဆိုင်ယာတီ" ခေါ် သမ္မာကျမ်းစာ ဘာသာပြန်ဆိုရေးအသင်းက မြန်မာနိုင်ငံရှိ ဘာသာရှိသမျှနှင့် ဘာသာပြန်ဆိုခဲ့ပါပြီ။ ဆက်ပြီးဘာသာပြန်ရန် မလိုပါဟု ကျွန်တော်က ပြောရာ ဝန်ကြီးချုပ်က "အိုရှာ" ဟူ၍ ဆိုကာ အတင်းဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။ ဝန်ကြီးချုပ်သည် သူသဒ္ဓါလွန်သည့်အခါ ဖော်ပြခဲ့သည့်အတိုင်း အဆစ်ပေးတတ်ပါသည်။ ဝန်ကြီးချုပ်ဘဝရှင် မင်းတရားကြီး၏ပန်းတိုင်သို့ ချီတက်နေပါပြီ။ မျက်စိကို ခေါက်ထောက်၍ ကြည့်ကြစေလိုပါသည်။

ဤတွင်မကသေးပါ။ ကျွန်တော်တို့လက်ဝယ်တွင် သာသနာရေးနှင့် ဆိုင်သမျှကို သုံးမကုန်နိုင်လောက်အောင် အထောအရှိပါသည်၊ သာသနာရေးဌာနကိုကျွန်တော်ကိုယ်တိုင် မတော်တဆကိုင်ရစဉ်ကစာပေသင်ပြနည်း တိုးတက်စေလိုသောသဘောနှင့် ယယ်လတ်ကြီး စာမေးပွဲများမဝင်မီ ယုတ်စွာအဆုံး အစိုးရ ၇ တန်းအထိ သင်ကြားဖူးသော လက်မှတ်လိုအပ်ကြောင်း ဝန်ကြီးချုပ်၏ရှေ့၌ ဆရာတော်များအား လျှောက်ထားရာ တိရိစ္ဆာန်ကထာပဲဟု ဆရာတော်တစ်ပါးက အမိန့်ရှိပါသည်။ ဆရာတော်ဘုရား၏ အဆုံးအဖြတ်ကို ကျွန်တော်တို့ လက်ခံကြရပါသည်၊ ယနေ့ပရိယတ္တိသင်ကြားနေပုံမှာ အကြည်ညိုသန်သောဘက်ကနေ၍ ကြည့်လျှင် သာပါသည်။ သို့သော် ပရိယတ္တိသင်ကြားပို့ချနေပုံမှာ ကိုလိုနီနိုင်ငံအဖြစ် အုပ်ချုပ်သွားသော အင်္ဂလိပ်များကြီးစိုးနေစဉ်ကနှင့် မည်သို့မျှ ခြားနားခြင်းမရှိပါ။ လက်တွေ့အားဖြင့် သာသနာရေးဝန်ကြီးအဖြစ် ဝန်ကြီးချုပ်ကိုယ်တိုင် ကိုင်နေသော သာသနာရေးဌာနမှာ "ဘုရင်သုံးက ဓားမတုံးထက်" ဟူသော စကားအရ မျက်နှာအရဆုံးဖြစ်သဖြင့် နေ့ချင်းမွေးနေ့ချင်းကြီးသော ဌာနကြီးဖြစ်နေပါသည်။ ပြန်ကြားရေးဌာနကြီး၏ အလျှင်ပင် ထိုဌာနသည်

အမြဲတမ်းဖြစ်ခဲ့ပါသည်။ ကောရာစ်ဘုရင်မင်းမြတ်၏စိတ် မည်မျှ ကောင်း
အောင်းနေသည်ကို ထင်ရှားစေရန် ဤသို့ဖော်ပြရခြင်း ဖြစ်ပါသည်။

မဟာဒါန်ဝန်ခန့်အပ်ရေးတွင် ဝန်ကြီးချုပ်နှင့် ကျွန်တော် မည်သို့သဘောကွဲလွဲခဲ့ရသည်ကိုကား အသေးအဖွဲ့ဖြစ်သဖြင့် မဖော်ပြလိုတော့ပါ။ ဤနိုင်ငံ၌ "စေတနာနံ့ဘိက္ခုဓ"နှင့် ကိုင်ပေါက်သော အလေ့နှင့် ကျွန်တော်တို့ ယနေ့ ရင်ဆိုင်တွေ့နေကြရပါပြီ။ သတင်းစာ ကြေးနန်းသတင်းအရ "ဘုရားသခင်ကို ကြည်ညိုစွာ မိမိ၏သမီးအရင်းကို အစ်ခံနေ့တွင် သတ်၍ ပူဇော်သော မဟာဓမ္မခင်လူမျိုးတစ်ဦး၏စေတနာကို မည်သို့ ထိပါးပုတ်ခတ်ကြမည်နည်း။ ဝေသန္တရာဇာတ်တော်ကြီးတွင် ဆင်ဖြူတော် ပစ္စယကို လှူမည်လောဟု တိုင်းသားပြည်သူတို့ကအများသိကြသဖြင့် ဝေသန္တရာမင်းကြီးကို တိုင်းပြည်မှ နှင်ထုတ်လိုက်သည်အလော့။ စေတနာ မည်မျှပင်ကောင်းသော်လည်း တိုင်းပြည်က ဝေသန္တရာမင်းကြီးကို သည်းခံနိုင်ခဲ့ကြ၏လော။

စေတနာကောင်းသည်ဟုဆိုကာ ဖောင်းတော်ညီတိ စိတ်တော် သိကြစတမ်းဆိုလျှင် ယခု ဖွဲ့စည်းထားသော ပါလီမန် လွှတ်တော်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ပြီးလျှင် နန်းဆက် တီထွင်ဖို့သာ ရှိတော့သည်။ နိုင်ငံတော်တစ်ခုတွင် အစိုးရ၏အုပ်ချုပ်ပုံစနစ်ကို ဥပဒေအရ ဆုံးဖြတ်နိုင်သော အခွင့်အရေးရှိပါသည်။ စေတနာကောင်းပါသည်ဟုဆိုကာ ဝန်ကြီးချုပ်က ပြည်ထောင်စုကြီးတစ်ခုလုံး ပဋ္ဌေါးပါးမြဲ၍ "ဝသုန္ဓရေ ဤမြေပံသုသိလာထုလည်း သက်သေအမှု တည်စေသောဝ်"ဟု ဆိုကာ ရေစက်သွန်းချ၍ နိုင်ငံခြားကိုလှူလျှင် ကျွန်တော်တို့က ခံနေကြရမည်လော။

ပညာရေး

ဤပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သော ပညာသင်ကြားရေးစနစ်၏ ရည်ရွယ်ချက်နှင့်ပညာသင်ကြားရေးနည်းစနစ်များ၏ အကျွမ်းတွင် အစဉ်အလာကိုသာ ဖော်ပြရလျှင် မှုံရာမောင်ထက်ပင် ရှုပ်ထွေးရစ်ပတ်လျက်ရှိနေပေသည်။ လွတ်လပ်သော ပြည်ထောင်စု

နိုင်ငံတွင် ဖြစ်ထွန်းနေသော ပညာရေးစနစ်မှာ လွတ်လပ်ရေး မရမီက စနစ်နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းနှင့်ဖြစ်စေ၊ မကောင်းသည်မှာ အမှန်ပင်ဖြစ်ပေသည်။ လွတ်လပ်ရေးရပြီးသည့်နောက် ၁၉၄၈ ခုစက်တင်ဘာလ အတွင်းတွင် ပြည်ထောင်စု၏ မြန်မာနိုင်ငံတော်အစိုးရက ထုတ်ပြန်ကြေညာခဲ့သော "ပညာသင်ကြားရေးစီမံကိန်း" တစ်ခု ပေါ်ပေါက်ခဲ့လေသည်။ ထိုနေ့အထိ အစိုးရက ထုတ်ပြန်ခဲ့လေသမျှမှာ ဌာနဝင်အရာရှိများ၊ ပညာမင်းကြီးပညာရေးအတိုင်ပင်ခံအဖွဲ့နှင့် တိုင်ပင်၍ထုတ်ပြန်ခဲ့သည်သာ များခဲ့ပေသည်။ ၎င်းနောက် ၁၉၅၂ ခု၊ အောက်တိုဘာလ ၄ ရက်နေ့က စ၍ စတင် ကျင်းပသော ပြည်တော်သာညီလာခံ အဆိုအမှတ် ၉ တွင် ပညာရေးအကြောင်း ဖော်ပြပါရှိလေသည်။

ပညာရေးဌာန၏ ရည်ရွယ်ချက်နှင့် ပညာသင်ကြားရေးစနစ်များကို တိုင်းပြည်ပြု လွှတ်တော်သက်တမ်း၊ မကုန်မီကစ၍ ပထမအကြိမ် ဖွဲ့စည်းသော ပြည်ထောင်စုမြန်မာနိုင်ငံပါလီမန်လွှတ်တော်ခေတ်အထိ တာဝန်ယူထားသော ပညာရေးဝန်ကြီးကို အမေမှာ မှာသည့်အတိုင်း တစ်သသေမတိမ်းလိုက်နာမည်ဟူသော အမိန့်ကိုပေး၍ ဝန်ကြီးချုပ်က လက်တွေ့ပညာရေးဝန်ကြီးအဖြစ်နှင့် တကွစီး ကြီးကြပ်အုပ်ချုပ်၍ပင် နေပေသည်။

အစိုးရ အဖွဲ့ဝင်တို့သည် အချင်းချင်း တာဝန်တွဲဖက်၍ ယူရ၏။ ဟိသနွဲ့ ထိုစကားမှန်၏။ အစိုးရအဖွဲ့၏ခေါင်းဆောင်နှင့် တိုင်ပင်၍ လုပ်ရ၏။ ထိုစကားလည်းမှန်၏။ သို့သော် နောက်ဆုံး၌ အစိုးရအဖွဲ့က မည်သို့ပင် တာဝန်ယူ၍ ဆုံးဖြတ်စေကာမူ အလုပ်သဘောနှင့်သော်လည်းကောင်း၊ ရည်ရွယ်ချက်နှင့်သော်လည်းကောင်း ကျွမ်းကျင်နားလည်သည်ဟု အများက သမုတ်ထားသော လူကြီးများထံမှ ထင်မြင်ချက်ကောင်းရစေမြဲဖြစ်ပေသည်။

ဆရာဖြစ် သင်တန်းအမျိုးမျိုး၊ မူလသင်ကြားသောနည်း အသွယ်သွယ်တို့ဖြင့် သပွတ်အူလိုက်နေရသည့်အလယ်တွင် ၁၉၅၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်းပသော တက္ကသိုလ်ဘွဲ့နှင်းသဘင်တွင်တက္ကသိုလ်အဓိပတိ နိုင်ငံတော်ဝန်ကြီးချုပ်သည် အောက်ပါအတိုင်း မိန့်ကြားလိုက်သည်။

၁။ အစိုးရစာသင်ကျောင်းတွေနဲ့ တက္ကသိုလ်ကျောင်းမှာ ရှေ့လာမယ့် ၁၉၅၁-၁၉၅၂ ခုနှစ်ကစပြီး အခမဲ့ပညာသင်ပေးရန်နှင့် ရွေးချယ်ပြီး ဆင်းရဲနွမ်းပါးတဲ့ ကျောင်းသားတွေကို လည်းစရိတ်ငွေ ပေါ် ထောက်ပံ့ကြေးများကို ပေးရန် ဆုံးဖြတ်လိုက်ပြီးပြီဟူ၍ ညွှန်ကြား မိန့်လိုက်သကဲ့သို့ မိန့်ကြားသည့်နာရီအချိန်ကစ၍ အခမဲ့ ပညာသင်ကြားရေး စက်ယန္တရားကြီးသည် လည်ပတ်ခဲ့လေသည်။

စက်ကိရိယာတစ်ခုတီထွင်လိုက်သည်နှင့်တစ်ပြိုင်နက် ၎င်းနှင့် တစ်ပါ တည်းကဲ့သို့ လိုက်၍ ပြင်ဆင်ရမည်ကို မည်သည့် တာဝန်ရှိသူများသည် သူတို့မှ စဉ်းစားခွင့်မရ ဝန်ကြီးချုပ်၏ စေတနာသည် ကြီးမားလှပေတကား ဟူသော အချက်ဖြေလက်ာ ကလေးကိုကျူးရင့်ကာလိုက်နာ ဆောင်ရွက်ကြ ကုန်၏။ အကြောင်းတရားတွင် ခံနိုင်ပစ်၍ရသည်ဖြစ်စေ၊ ကြောင်ရုတ်၍ ရသည်ဖြစ်စေ ပဓာနမဟုတ်။ အကျိုးအာနိသင်တည်းဟူသော ၎က်သော သည်သာ ပဓာနဟု ဆိုခြင်းကို ကျွန်တော် လက်ခံပါသည်။ သို့သော် ဤစနစ်အရ ယနေ့ ဘာဖြစ်နေသနည်း။ ။ ပညာဟူသော ဝေါဟာရ စကားတစ်လုံး၏ သဘောတရား၊ ပညာသင်ကြားရေးနည်းစနစ်အကြောင်း ကို မစွေးနွေး သေးဘဲထားပြီးနောက် မည်သည့်တိုင်းပြည်၌မဆို ပညာရေး ဌာနဟူ၍ တီထွင်ထားရခြင်း၏ ရည်ရွယ်ချက်ကား အသို့နည်းဟု မေးမြန်း သင့်ကြပေပြီ။ ကျောင်းသား ဦးရေအများဆုံးကို စည်းကမ်းတကျ ပညာ တတ်မြောက်စေခြင်းပင် ဖြစ်ပါသည်။

ကျောင်းအဆောက်အဦများက မလုံမလောက်၊ သင်ကြား တတ် မြောက်ပြီးသောဆရာက သိသိသာသာကြီးနည်းပါး၊ ကျောင်းဆရာများ ၏ ဝင်ငွေက မရှိမဲ့ မလုံမလောက်ဖြစ်နေသည့်အပြင် ပညာယူလိုသော ကျောင်းသားများက ပိုလျှံနေသည့်ဇာတ်တွင် တက္ကသိုလ် အထိအခမဲ့ ပညာပေးစေဟူ၍ လက်ညှိုးညွှန်၍စေလိုက်ရာ၊ ဖော်ပြပြီးခဲ့သည့်အတိုင်း ကျောင်းသား ဦးရေအများဆုံးကို စည်းကမ်းတကျ ပညာတတ်မြောက် စေ၏လော။ ကျောင်းသား ၁၀၀ လျှင် ကျောင်းသားမည်မျှဆန့်ခါတင် အဖတ်တင်နိုင်သနည်း။ ။ ကလေးတစ်ယောက်သည် မုန့်ပေါင်းမှုမှုကို အလယ်က နှိုက်စားရာတွင် နှင်ပာအစနှုကုတ် စစ်တိုက်သလိုပဲဟူသော

စကားပုံတစ်ရပ် ရှိနေဘိသကဲ့သို့ ဝန်ကြီးချုပ်သည် စေတနာရှိပါသည်ဟုဆိုကာ မှုလှုစွာသော မုန့်ပေါင်း၏ အလယ်မှ နို့ကိုစားနေခြင်းပင် ဖြစ်သည်ကို အားလုံး သိစေလိုပါသည်။

ရန်ကုန် မြူနီစီပါယ်ကော်ပိုရေးရှင်းအဖွဲ့ လက်အောက်ခံ ပရိုင်မာရီကျောင်းများမှာ အခမဲ့ပညာပေးထားပေပြီ။ ၄ တန်းအထိ အခမဲ့ပညာကျောင်းများသည် ရန်ကုန်တစ်ဝိုက်တွင် ပေါ်ပေါက်နေပေပြီ။ ပရိုင်မာရီအဆင့်ပြီးလျှင် အလယ်တန်း၊ အလယ်တန်းပြီးရင် တန်းမြင့်ကျောင်း၊ ၎င်းမှတစ်ဆင့်တက္ကသိုလ်အထိ၊ သစ်ပင်ကလေးများ သဘာဝအတိုင်း ဝေဝေ ဆာဆာ ပေါက်ဖွားဘိသကဲ့သို့တိုးတက်စေသော နည်းကား နည်းမှန်စစ်ဖြစ်သည်ဟု ကျွန်တော်ယူဆပါသည်။ ထွန်ကိုရှေ့ကထား နွားကိုနောက်ကလိုက်စေသော နွားရှေ့ထွန်ကျူးစနစ်ကို ဝန်ကြီးချုပ်သည် သုံးခဲ့ပါပြီ။ ရုပ်ဆင်းမလှဖြစ်စေကာမူဖြစ်တာပါပဲဟူသော အဖြေမျိုးကို ဝန်ကြီးချုပ်က ပေးပေမည်။ သို့သော် သူမကျွမ်းကျင်သည်အမှု တိုင်းပြည်က အလုံးအလိုမ္မခံနေကြရပြီမဟုတ်ပါလော။ တိုင်းပြည်ကြီးလွတ်လပ်သည့်အခါကိုယ်နိုင်သလောက် တစ်စ တစ်စ အခမဲ့ပညာပေးသော နည်းစနစ်သည် ဝါးလုံးနှပ်သုတ် "ခေ"တစ်လုံးနှင့် အခမဲ့ပေးဟူသော နည်းစနစ်ထက်ပို၍ ကောင်းပေမည်။ ကျောင်းအဆောက်အဦ ညံ့လိုကညံ့ပါစေ၊ ရှောင်ပင်အောက်၌ပင် ကျောင်းသားများကိုသင်ကြရပါစေ၊ တစ်နေ့လျှင် အကြိမ်ပေါင်းများစွာအသုတ်ဖွဲ့၍သင်ကြရပေလေစေ၊ သို့သော် အတန်းတိုင်းတွင် ကျောင်းသားအုပ်ကြီးကို ရိုက်၍ သွင်းခြင်းကို ကန့်ကွက်ကြရပေမည်။ ထိုပြင်ပညာသင်ကြားပေးသောကျောင်းဆရာများ၏လခကြေးငွေကို အလုပ်နှင့်ထိုက်တန်သော လခမပေးဘဲ မည်သည့်နည်းနှင့်မျှ စာသင်သားများ ပညာတတ်စေမည်မဟုတ်။ ကျောင်းဆရာများ လိုသလောက်မရဟူသော ပြဿနာတစ်ရပ်ရှိသည်ကားမှန်၏။ သို့သော် ယခုနေ့ သုံးနေသောစနစ်ကို မကျေနပ်၍ ရှိသမျှကျောင်းဆရာတို့သည် တပ်မတော်ထဲသို့ ဝင်ရောက်အမှုထမ်းကြရသည်။ ဤသို့ ပညာရေးဌာနကဖန်တီးထားသည်ကို ဖဆပလအမတ်အချို့ သဘောမတူကြသည်ကား မှန်၏။ သို့သော် ဖွင့်၍မပြောရဲကြချေ။ စစ်မက်ဖြစ်ပွားနေသောအခါမျိုးတွင် တိုင်းပြည်

အတွက် တစ်နေ့ ထမင်းတစ်နပ်စား၍ ဆောင်ရွက်ကြပါဟုတိုက်တွန်း၍ အထမြောက်နိုင်သော်လည်း တိုင်းပြည်အသင့်အတင့်တိုးတက်လာသည့်အခါ စိတ်ဓာတ်ကိုလျှော့ဆော်၍မရ။ ယနေ့ရေးဆွဲထားသော ဘဝဖန်တီးမှုပညာရေးစီမံကိန်းသည် စက်ရုံမှထွက်လာခါစ မော်တော်ကားကြီးနှင့်တူ၏။ ကြည့်၍ကောင်းလှပေသည်။ သို့သော် ဓာတ်ဆီမရှိ၍လည်းကောင်း၊ မောင်းမည့်သူမရှိ၍လည်းကောင်း ပစ်ထားရသော မော်တော်ကားကြီးနှင့် တူနေပါသည်။

ဆက်လက်၍ ထင်ရှားစေရသော် ငါ၏ လက်နှင့်ထိသမျှ ရွှေဖြစ်ပါစေသားဟု ဆုတောင်းသည့်အတိုင်း ဆုတောင်းပြည့်သော မိုင်ဒက်စ် အမည်ရှိသူတစ်ဦး၏ ဒဏ္ဍာရီတစ်ပုဒ်အတိုင်း လက်နှင့်ထိရုံနှင့်ပညာသင်ကြားရေးတွင် အစလွတ်သွားလေပြီ။ မိုင်ဒက်စ်သည် အစာကိုလက်နှင့်ထိလိုက်သည့်အခါ စားမည့်အစာပါ ရွှေဖြစ်သွားဘိသကဲ့သို့ မိုင်ဒက်စ်နှင့် တူသော ဝန်ကြီးချုပ်သည် ပညာရေးဌာနကို ထိလိုက်သည်နှင့်တစ်ပြိုင်နက် ရွှေနှင့်တူသော အစလွတ်စနစ်ဖြစ်သွားပါသည်။ ရွှေကား ဖြစ်၏။ သုံး၍မရ။ အခလွတ်စေခြင်း၏ ရည်ရွယ်ချက်အတိုင်း မဖြစ်မြောက်သည်မှာ ထင်ရှားနေပြီ။ ကျောင်းသားများ ကျောင်းလခလွတ်စေသည့်အတွက် တစ်နှစ်လျှင် ငွေပေါင်း ၁၇ သိန်း အစိုးရကသုံးနေရပေပြီ။ ကျောင်းဆရာများကို ထိုက်တန်သောလခကို သူသည် မပေးတတ်ချေ။ ကျောင်းဆရာများကို လခမို၍ပေးလျှင် မော်တော်ကားအသစ်ကြီးတွင် ဓာတ်ဆီထည့်ပေးသကဲ့သို့ ဖြစ်ချေမည်။ နုနယ်သောအရွယ်၌ ပို့နေသောဌာနများတွင် ငွေမသုံးဘဲ အစလွတ်ပညာရေးအတွင်လည်းကောင်း၊ ကျောင်းဆရာလခများအတွက် လည်းကောင်း ဆုသဘောမဟုတ် ထိုက်တန်သလောက် လခပေးနိုင်လျှင် သားရွှေအိုးထမ်းလာသည်ကို မြင်ရဘိသကဲ့သို့ ဖြစ်ပေမည်။ ယနေ့ တသင်ကျောင်းတွေတွင် မည်ကဲ့သို့ ဖြစ်ပျက်နေကြသနည်း။ ပြည်ထောင်စုသားတွေ အသိဆုံးဖြစ်၏။ မိမိတို့၏ သားသမီး၊ ဆွေတော်မျိုးတော် ကလေးသူငယ်တွေ၏ ရှေ့တွင် မှန်ကြီးများ ထောင်၍ ကြည့်ကြစေလိုပါသည်။ အစဉ်အလာအားဖြင့် အကောင်းဆုံးဟုဆိုရသော ကျောင်းများ၌ပင်လျှင် ကျောင်းသားတွေကို နွားအုပ်ကြီးကဲ့သို့ ရိုက်သွင်းနေခြင်း၊ ကူးစက်တတ်

သော ရောဂါရှိသူများနှင့်ပင် ရောနှော၍ နေရခြင်း၊ ကစားစရာ ကစားစားကွင်း မရှိခြင်း၊ ကျောင်းဆရာမများက ကလေးများကို စာမသင်ဘဲ ပစ်ထားခြင်း၊ ပြင်ဆင်ချက်ဟူ၍မရှိဘဲ ပစ်ထားရသော လေ့ကျင့်ရေး ဓာတ်ခွဲခန်းများ အောင်ပုံရာပုံ ဖြစ်နေခြင်း၊ စာကိုပြင်ရမည်စိုး၍ စာစီစာကုံး မသင်ဘဲထားခြင်းတို့သည်ကား နေ့စဉ်မရှောင်သာဘဲဖြစ်နေကြရင်းပင် ပညာရေးစနစ် ကောင်းပါသည်ဟု အော်နေကြရသော ခေတ်နှင့် တွေ့ကြုံနေကြရပါပြီ။ ဝန်ကြီးချုပ်ကို "ကင်မတိုင်" ထက်ပင် ကြောက်နေ၍ ကုန်ဈေးနှုန်းများကို အတင်းအကြပ် သတ်မှတ်သည့်အခါ ကုန်စည်များ မှောင်ခိုဈေးတွင် ရောက်ကြရဘိသကဲ့သို့ ပညာရေးသမားတို့သည် မှောင်ခိုဈေးသို့ ရောက်နေပါပြီ။ အစရွှတ်ပါသည်ဟု ကျမ်းကျိန်၍ဆိုကြ၏။ ယုံကြည်ပါ၏။ သို့သော် တကယ်ပညာလိုသော မိဘများကတစ်လလျှင် အနည်းဆုံး ၂၀ ကျပ်ပေး၍ ဆရာ၊ ဆရာမငှား၍ သင်နေကြရ၏။ မျက်စိကို ဒေါက်ထောက်၍ ကြည့်ကြစေလိုပါသည်။ တစ်သီးပုဂ္ဂလကျောင်းတွေ မှိုလိုပေါက်နေ ကြပါပြီ။ ခရစ်ယာန်သာသနာပြုကျောင်းများကို အားကိုးနေကြရပြီ။ ကျောင်းသားထု၏ အကျိုးကို မျှော်လင့်ချက် ကင်းမဲ့လောက်အောင် လျစ်လျူရှုနေပါပြီ။ ဘယ်သူတွေ နစ်နာနေကြသနည်း။ ပြည်ထောင်စုသားတို့ပင် နစ်နာနေကြပြီ မဟုတ်ကြပါလော။

နိုင်ငံတော်ဝန်ကြီးချုပ် စွဲစီးနေသော ပညာရေးဌာနသည် ၁၀၀ လျှင် ၇၀ ကျော်မျှသော ကျောင်းသားတွေ အမှိုက်ဖြစ်အောင်ကြိတ်နေသော တကယ့် စက်ယန္တရားကြီးတစ်ခု ဖြစ်နေပါပြီ။ လာမည့်ခေတ်သည် သူဖန်ဆင်းထားသောစက်ကြီးက ကြိတ်၍ထားခဲ့သော ဆားအထက်ကို အလူးအလိမ့်ခံကြရတော့မည်။ ဤသို့ "လုပ်ဟဲ့ လုပ်ဟဲ့၊ အော်ဟဲ့ အော်ဟဲ့" ဖြစ်နေကြခြင်းကား ဝန်ကြီးချုပ်၏ "စေတနာနှံဘိကွဝေ"ပင် ဖြစ်သည်ဟု ဆိုကာ ခွင့်လွှတ်ကြရမည်လော၊ သို့တည်းမဟုတ် တစ်သက်လုံး လူထုကို အရူးလုပ်ရန်ပြင်နေသော သူ၏ မျက်လှည့်ပွဲကြီးပင် ဖြစ်သည်ဟု ဆိုကြရမည်လော။

## လူထု ပညာရေး

လွတ်လပ်ရေးကြေညာပြီးသည့်နောက် တိုင်းသူပြည်သားများအား တိုက်ရိုက်ကျေးဇူးအရှိဆုံးပါဟု ပါတီမရွေး၊ လူမျိုးမရွေး လက်ညှိုးထိုး၍ ပြစရာဌာနများတွင် လူထုပညာရေးဌာနသည် မှိုတိုင်းကြိုက်ပါတဲ့ နှင်းဆီ နိုင် ဌာနတစ်ခုဖြစ်နေပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၌ ဗုန်ကန်ထကြွ စအခါက အမြောက်သံတဒိုင်းဒိုင်း အတွင်းဝန်ရုံးမှ ကြားနေရစဉ်က ဤ ကောင်စီတွင် ကျွန်တော်သည် ပထမဦးစွာ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ရသူ တစ်ဦးအနေနှင့်သော်လည်းကောင်း၊ လူထုပညာရေးအတွက် ရန်ပုံငွေသုံး သိန်းကျော် ကောက်ခံပေးခဲ့ဖူးသူ တစ်ဦးအနေနှင့်သော်လည်းကောင်း ထင်မြင်ချက်ပေးထိုက်သည်ဟု ကျွန်တော်ယူဆပါသည်။ ဤကဲ့သို့သော လုပ်ငန်းတွင် တာဝန်ထမ်းမှုသာမဟုတ်၊ ဘယ်ဘဝသို့ ရောက်နေစေကာမူ ကူညီအပ်သောဌာနတစ်ခု ဖြစ်ပါသည်။ ဖဆပလ၏ နာမည်နှင့် ဝန်ကြီးချုပ် ကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်၍ တိုင်းပြည်၏ အကျိုးရှိအံ့ဟု ထင်၍ ဆောင် ရွက်ရာဝယ် ပလက်ဖောင်းရှာသလေး၊ တပည့်မွေးသလေး ဟူသော လေသံ မျိုးကို ကျွန်တော် ကြားရပါသည်။ ဤမျှ အသေးအဖွဲ အတင်းပြောခြင်းကို ကား ဂရုမပြုထိုက်ပါ။

ပညာရေးအတွက် သုံးသောငွေနှင့် စပ်လျဉ်း၍ဖော်ပြရလျှင် ၁၉၅၁ ခုနှစ် အောက်တိုဘာလ တစ်လတည်းတွင် ငွေတစ်သိန်းခွဲ ကုန်ခဲ့ပါသည်။ ယနေ့ဆိုလျှင် တစ်နှစ်လျှင်သိန်း ၅၀ သုံးနေပါသည်။ ရေရှည်သဖြင့် ဤ ဌာနကြီး လည်မှလည်နိုင်ပါ့မလားဟု အောက်မေ့၍ လခ တစ်ရာတစ်ဆယ် နှင့် ရှားပါးစရိတ်ကိုယူ၍ လက်တောက်ပညာရေးမှူးများ ထားသင့်၊ မထား သင့် စဉ်းစားရန် ကော်မတီအဖွဲ့တစ်ဖွဲ့ ကျွန်တော်က ခန့်ခွဲရာ ဝန်ကြီးချုပ် က ကျုပ်တပ်မြက်စည်းလှည်းသူတွေ မလိုချင်ဘူးဟုဆိုကာ တစ်ထိုင်တည်း နှင့် ကျွန်တော်၏ ကော်မတီ အဖွဲ့ကိုဖျက်ခဲ့ပါသည်။ ကော်မတီ အစီရင်ခံ ချက်ကို တင်ပြပြီးမှ အစိုးရအဖွဲ့က အကြောင်းပြု၍ ပယ်နိုင်ပါလျက်နှင့် အစီရင်ခံစာမတင်မီ ပယ်ချခြင်းကိုခံခဲ့ရပါသည်။ ဘဝရှင်မင်းတရားကြီး၏ ထုံးကို နှလုံးပိုက်၍ သူသည်ပြုမူနေပါသည်။ အားအပျော့ဆုံးသော သံကွင်း ဆက်ကလေးတွေ ခိုင်မာသလောက် သံကြိုးကြီးတစ်ခုလုံး ခိုင်မာလာနိုင်

သည်ဟူသော စကားတစ်ရပ်ရှိပါသည်။ ဤကွင်းဆက်ငယ်ကလေးများနှင့် တူသော ရွာကလေးများအထိ လူထုပညာရေးမှုများကို မလွှတ်နိုင်သေးသဖြင့်(လစ ၃၀၀မှ ၅ ယာတ်)ရနေသော မှုးများအစား၊ လက်ထောက်မှုး (၁၁၀ ရှားပါးစရိတ်)နှင့်လွှတ်ရန် ရည်ရွယ်ခဲ့ရခြင်း ဖြစ်ပါသည်။

## ဘာသာပြန်စာပေအသင်း

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်တည်းဟူသော မကိုဋ်ကြီးတွင် ရတနာ ၇ ပါးနှင့် ချယ်လှယ်ထားဘိသကဲ့သို့ရှိရာ ဤဘာသာပြန် စာပေဌာနသည်လည်း ရတနာတစ်ပါး အပါအဝင် ဖြစ်ပါသည်။ ဝန်ကြီးချုပ်သည် အိပ်ရာက နိုးတိုင်းနိုးတိုင်း ဤဌာနကို စိန်းစိန်းကြည့်ပြီးသကာလ "ငါလုပ်တာ- ငါလုပ်တာ"ဟူသော ကမ္ဘာ့ဌာန်းကို စီးဖြန်းလျက်ရှိနေပါသည်။ ဤဌာနကြီးသည် ကြီးလှစွာသော စေတနာနှင့် ဖခင်ကြီးသည် သူ၏မွေးဓါသောသားကလေးစီးရန် လှရှင့်မာကြီးဝတ်ဆင်သော စိန်စီသည့်ဖိနပ်တစ်ရန် ချုပ်ပေးထားဘိသကဲ့သို့ တည်ရှိနေပါသည်။ ကြီးစွာသော စေတနာနှင့် သူ၏မွေးစသားကလေးကို "အိုက်စကာရင်" အတင်းရိုက်ကျွေးနေပါသည်။ သူတို့တစ်တွေ လုပ်ပုံကိုင်ပုံ မှားနေသည်ဟု ကျွန်တော်ဖော်ပြရပါသည်။ ဥပမာအားဖြင့် ဖော်ပြရသော် တိုင်းပြည် တစ်ပြည်တွင် လေတပ်ကြီးတစ်တပ် တည်ထောင်လိုလျှင် လူတွေကိုလေစိတ်ဝင်အောင် အရုပ်တိုင်း၌ "ဂလိုင်ဒါးကလပ်"စသည်တို့ကို ဖန်တီးပေးရ၏။ ထိုနည်းအတူ စာဖတ်လိုသော ဆန္ဒမွေးမြူရန် ပထမဦးစွာ တိုင်းပြည်တွင် လုံမြိုပါပြီဟူ၍ ယုံကြည်သော စိတ်မွေးရပါသည်။ ထို့နောက် စာကို စိတ်ဝင်စားစေသော ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးရပါသည်။ ယခုမှာမူ သူတို့သည် "စွယ်စုံကျမ်း(ဝါ) အဘိဓာန်ဋီကာကျမ်းကြီးတွေကို ရေးသားနေကြပါပြီ။ ဤကျမ်းကြီးတွေပြီးလျှင် လူထုအကျိုးကျေးဇူးရှိမည်လော။ ဝီရိတွင်ပိတ်၊ ရွှေချပြီးလျှင် ရေစက်သွန်း၍ ဆရာတော်များကို လှူကြမည်။ ပထမဦးစွာ အဘိဓာန် ငယ်ကလေးတွေ ပြုစုကာ အဘိဓာန်ကြည့်သော အလေ့ကိုမွေးပေးပါဟု အသင်းကလူကြီးတွေနှင့်တွေ့တိုင်း ကျွန်တော် အကြံပေးခဲ့ပါသည်။ ဝန်ကြီးချုပ်သည် အုတ်မြစ်မချ၊ အုတ်ကြွပ်ကို အလျင်

နိုးနေပါသည်။ သူသည် အုတ်မြစ်ကိုမချတတ်ပါ၊ စေတနာချင်း တူလျက် နည်းတွင်ကွဲ၍ အချင်းချင်းမုန်းတီးကြရမည်လော။

ဤစာပေစီမံကိန်းကဆောင်ရွက်သမျှမှာ တကယ့်လူထု၏အကူအညီ မရသဖြင့် တစ်ကြောင်း၊ အုပ်ချုပ်သူတို့ မကျွမ်းကျင်ကြ၍တစ်ကြောင်း ကျွန်တော်တို့ ရည်မှန်းသော အောင်မြင်ခြင်းတစ်ရပ် ရပြီဟု မဆိုနိုင်သော ဘဝသို့ သက်ဆင်းနေပါပြီ အလွန်တရာမှပင် ချီးကျူးဖွယ်ရာကောင်းလှ သော ကျမ်းအစောင်စောင်တို့ကို ငွေကုန်ကြေးကျခံ၍ ဤအသင်းက ထုတ် ဝေသမျှမှာ ဗြိတ်သျှ ကိုလိုနီခေတ်က ထုတ်ဝေသော "ရွှေပြည်တော်" စာစောင်ကဲ့သို့ ဖြစ်နေသည်ဟုယူဆရသော အခြေအနေသို့ ရောက်နေ၍ ဝမ်းနည်းဖွယ်ရာကောင်းလှပါသည်။

## ပညာရေး၏ ရည်ရွယ်ချက်

ပညာရေးအုပ်ချုပ်မှု စက်ယန္တရားကို အုတ်မြစ်မချသေးမီ မြန်မာနိုင်ငံ တွင်ချမှတ်ထားသော ပညာရေးပုံစံသည် မည်သို့မည်ပုံဖြစ်သည်ဟု မမေ့ သင့်ပါ။ အင်္ဂလိပ်လူမျိုးတို့ မြန်မာနိုင်ငံကိုနှစ် ၁၀၀ လောက် အုပ်ချုပ်ပြီး သည့်နောက် "ငါ မြန်မာဖြစ်ရတာ ရှက်သကွာ"ဟူသော စိတ်မျိုးတစ်စိတ် တစ်ဒေသပေါ်လာခဲ့သည်ကို ကျွန်တော်တို့သည် လက်ညှိုးထိုး၍ပြနိုင်ပါ သည်။ ဤရောဂါလက္ခဏာပေါ်လာသည်နှင့်တစ်ပြိုင်နက် ၁၉၂၀ ပြည့်နှစ် က ပညာရေးတော်လှန်မှု ပေါ်လာခဲ့ပါသည်။ ယနေ့ပညာရေးဌာနသည် ကြီးမားသောစေတနာနှင့် မနိုင်မနင်းဝါးလုံး နပ်သုတ်ပြုလုပ်နေရာတစ်နေ့ သော် စာမေးပွဲ အဆောင်ပေး၊ မပေးလျှင်ရေ့တစ်လှမ်းတိုးမည်ဟု ဟစ်အော် ကြွေးကြော်ကြပေဦးမည်။ တားပြလောင်းတွေမွေးထုတ်နေသောယနေ့ လက်ငင်းတွေ့နေကြရသည့် ဤမည်သော ပညာရေးစက်ယန္တရားကို ဦးသခင်နသည် အတင်းထိုးသိပ်၍နေပါသည်။

လာမည့်ခေတ် ကလေးသူငယ်တွေကို လေးလေးနက်နက် ပညာပေး ဖို့သည်ကား အရေးအကြီးဆုံးဖြစ်သည်ဟု ကျွန်တော်ယူဆကြောင်းကို ပြည်ထောင်စုနိုင်ငံသို့ တင်ပြလိုပါသည်။ ဤတာဝန်ကို ဝန်ကြီးချုပ် မမြင်ပါ။ မြင်လည်း မမြင်တတ်ပါ။ သူသည် "ပညာရေးမျက်လှည့်ပြပွဲကြီး"

ကို ငွေကုန်ကြေးကျခံ၍ပြသနေပါပြီ။

ဤသို့သော အကြောင်းခြင်းရာများကို ပြင်ပရောက်မှ "တောင်ပြော မြောက်ပြော" ပြောသည်ဟူသော စကားမျိုးကို ဝန်ကြီးချုပ်သည် ပြင်ဘက်ကင်းသော ဘုရင်မင်းမြတ်ပမာ ပြောပေမည်။ အစလွှတ်ပညာကို ကလောင်တစ်ခြမ်းခွဲ၍ရုံးမှုနှင့်လည်းကောင်း၊ ဆေးတစ်လုံးလွှတ်ရုံမျှလည်းကောင်း ပြုလုပ်ရန် ကြံစည်စဉ်က ကြိုတင်ရေးသားသောစီမံကိန်းနှင့် စဉ်းစားပါဦးဟူ၍လည်းကောင်း၊ ရွေးကောက်ပွဲတွင် အစလွှတ်ပညာလုပ်ပေးပါမည်ဟု မကြေညာဘဲနှင့်လည်း အနိုင်ရနိုင်ပါသည်ဟု ကျွန်တော်ပြောရာ "စောင့်မနေနိုင်ဘူး"ဟူ၍ ဝန်ကြီးချုပ်က အဖြေပေးခဲ့ပါသည်။ စေတနာကို ပြသလောက် အကျိုးရှိ မရှိကိုကား တိုင်းပြည်ကဆုံးဖြတ်ဖို့သာ ရှိပါတော့သည်။ စေတနာလော၊ ဝေဒနာလော ဆုံးဖြတ်တော်မူကြပါ။ အုပ်ချုပ်ရေးတွင် မကျွမ်းကျင်မှုသည် တိုင်းပြည်ကြီးသွက်သွက်ခါသွားအောင် ရုတ်တရက် မထိနိုက်နိုင်သော်လည်း နောင်လာနောင်သားတို့သည် အုပ်ချုပ်ရေးဆိုး၏ ဆိုးမွေကိုခံရတတ်သည့်အကြောင်းကို သတိပြုသင့်ကြပါသည်။

## မြန်ကြားရေးဌာန

၁၉၅၁ ခု၊ နိုဝင်ဘာလအတွင်းတွင် "မြန်ကြားရေးဌာနအတွက် အမေရိကန်က ပါရှူတွေမှာတော့မည်"ဟူသော သတင်းတစ်ရပ် ရန်ကုန်မြို့တွင် ထုတ်ဝေသောသတင်းစာများတွင် ပေါ်လာသည့်အကြောင်းနှင့် စပ်လျဉ်း၍ ကျွန်တော် ဖော်ပြလိုပါသည်။ ကျွန်တော်သည် ထိုအခါက မြန်ကြားရေးဌာန ဝန်ကြီးအဖြစ် ဆောင်ရွက်နေရသူတစ်ဦးအနေနှင့် ထိုအကြောင်းနှင့် ပတ်သက်၍ ဘာမှမသိရသဖြင့် "ဤသတင်းမှာ အခြေအမြစ်မရှိ"ဟု မြန်ကြားရေးဌာနက ဖြေဆိုရန်ညွှန်ကြားခဲ့ပါသည်။ နောက်မှ စုံစမ်းသိရှိရသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးအထောက်အပံ့ကော်မတီ (ဘီ-အီး-အေ-စီ)ဥက္ကဋ္ဌဦးလှမောင်က ၁၉၅၁ ခု၊ စက်တင်ဘာလ ၂၇ ရက်နေ့စွဲဖြင့် အမေရိကန်ပြည်ထောင်စု အထူးစက်မှုလက်မှုနှင့် စီးပွားရေး မစ်ရှင်(စတင်းမ်) အကြီးအမှူးထံသို့ မြန်မာနိုင်ငံ မြန်ကြားရေးဌာနအတွက် အမေရိကန်သတင်းနှင့် မြန်ကြားရေး ပါရှူ

များပို့ရန် ဖိတ်မန္တကပြုသည်ဟု သိခဲ့ရပါသည်။ ဤသို့ ကျွန်တော် သိခွင့်ရ သည့်အခါ အသည်းထိတ်ခဲ့ပါသည်။ အလားတူ အဖြစ်မျိုး လူထုပညာရေး အဖွဲ့ဥက္ကဋ္ဌဖြစ်ခဲ့စဉ်က တစ်ကြိမ်တွေ့ခဲ့ပါပြီ။ မြန်မာစာတစ်လုံးမှမတတ်၊ မြန်မာနိုင်ငံသို့လည်း တစ်ခါတစ်ခေါက်မျှ မရောက်ဖူးသော အမေရိကန် လူမျိုးတစ်ဦးက စာသင်ကြားရေးတွင် ပါရဂူအဖြစ် မြန်မာစာမတတ်သူ ပပျောက်ရေးတွင် ကူညီရန်လာလိုပါသည်ဟု စာရေးရာကျွန်တော်တို့က ဘယ်နည်းနှင့်မျှ လက်မခံနိုင်ဟု အချင်းချင်းဆွေးနွေးကာ ပယ်ချခဲ့ပါသည်။ ပြန်ကြားရေးဌာနတွင် အမေရိကန်က ပါရဂူတွေကို လက်ယပ်၍ခေါ်သော အရေးမှာ အထမမြောက်ခဲ့ပါ။ နောက်ထပ် စုံစမ်းကြည့်ရာတွင် ဝန်ကြီးချုပ် ၏ အမိန့်အရစီမံကိန်းဌာန အတွင်းဝန် ဦးလှမောင်က စာရေးရပါသည်ဟု ကျွန်တော် သိရပါသည်။ ဤဌာနအကြောင်းနှင့်စပ်လျဉ်း၍ ဤမျှသောက် သာ ဖော်ပြလိုပါသည်။ ဝန်ကြီးချုပ်သည် ပြန်ကြားရေးတွင် ပြင်ပလူကို လက်ယပ်၍ ခေါ်ခဲ့ပါသည်။ သူ ဘယ်ငြင်းရဲမည်နည်း။

## ဖ-ဆ-ပ-လ-နှင့် နိုင်ငံရေး

ယနေ့ ဖဆပလဝင် အပေါင်းတို့သည် နိုင်ငံရေးအားဖြင့် မည်သည့် အခြေသို့ဆိုက်ရောက်နေသည်ကို တစ်ထောက်နား၍သုံးသပ်ကြဖို့ ကောင်း ပေပြီ။ အခြေအနေကို မမြင်ဘဲလျက် ရှေ့သို့ဆက်လက်၍သွားလျှင် အဆင် ပြေနိုင်တော့မည် မဟုတ်ပါ။

(က) နိုင်ငံရေးသမိုင်းစဉ်တွင် တစ်ခေတ်က အောင်ပန်းဆွတ်ခူးခဲ့ သမျှကို နောက်တစ်ခေတ်က လှမ်းယူ၍ပြေးရသော လက်ဆင့် ကမ်းသဘောကို နိုင်ငံရေးလိုက်စားသူတိုင်း မမေ့မလျော့သင့် ကြပါ။ ပြည်ထောင်စု မြန်မာနိုင်ငံ၌ တိုင်းရင်းသားအပေါင်း မျက်စိပွင့်လင်းခါစကာ၍ နောက်ဆုံးအလံကိုယူ၍ ရှေ့ဆုံးက ပြေးနေသော အစည်းအရုံးကြီးမှာ နာမည်ဖြစ်ပင်ဖြစ်နေလင့် ကစား ဖဆပလပင် ဖြစ်နေသည်ကို ပြည်ထောင်စုကြီးသို့ ညွှန် ပြလိုပါသည်။

(ခ) လွတ်လပ်ရေး မကြာသေးမီကလေးတွင် ဥပဒေအတွင်းမှ ဆောင်

ရှက်သော အတိုက်အခံအဖွဲ့ မရှိခဲ့ပါ။ ယနေ့ ပြည်ထောင်စု ပါလီမန်အတွင်းအပြင် နှစ်ရပ်စလုံး၌ပင်လျှင် အတိုက်အခံများ ရှိနေသည်ကို သတိချပ်ကြစေလိုပါသည်။

(ဂ) ကွန်မြူနစ်ပါတီတစ်ခုတည်းသာ တည်ရှိနိုင်သည့် အခါမျိုး တွင် ကျင့်သုံးရသော ဒီမိုကရေစီသစ်၏ အသွင်အပြင်မျိုး ပြည်ထောင်စုကြီးတစ်ခုလုံး၌ မရှိတော့ပြီ၊ ဖဆပလ အစည်း အရုံးကြီး၏ အတွင်း၌ ဘုရင်စနစ်အရေသုံးသောပြုမူပုံများ ကျန် နေပါသေးသည်။

(ဃ) ဒီမိုကရေစီသစ်ဝါဒမရှိလျှင် ကျွန်တော်တို့ ယနေ့လိုက်နာနေ သော နည်းပရိယာယ်တို့သည် အနီးကပ်ဆုံးအားဖြင့် ဗြိတိသျှ လေဘာပါတီနှင့်သာ တူနေပါတော့သည်။ ဤသို့သော အဆစ် အပိုင်းသို့ရောက်နေသည်ကို လက်ခံကြရမည်ဆိုလျှင် ပါလီမန် လွှတ်တော်အတွင်းတွင် ရှိသော အတိုက်အခံပါတီကို အသိ အမှတ်ပြုရသော အစဉ်အလာကို မွေးမြူကြရတော့မည်။

(င) ဖဆပလ ဟူသောနာမည်နှင့် နိုင်ငံရေး အတွေးအယူအဆဘက် တွင်လည်းမတိုးတက်၊ တိုးတက်အောင်လည်း မလုပ်တတ်ကြ ချေ။ တိုးတက်အောင်လည်း မလုပ်ဘဲ နေကြသည်။ တစ်ဦးချင်း ထူးခြွန်သောအရည်အသွေးမျိုးလည်းမရှိလှချေ။ "သိုးများကဲ့သို့ အသင်တို့ ငါသွားရာလိုက်ကြ၊ ငါသွားလိုရာသွားမည်" ဟူသော ဝါဒ စည်းမျဉ်းကိုသာ နိုင်ငံတော်ဝန်ကြီးချုပ်က သံမဏိစည်း မျဉ်းနှင့် ချုပ်ထားသည်မှာ ထင်ရှားလျက် ရှိနေပါပြီ။

(စ) ရှေးရှေးသော ရာစုဝင်များ၌ စစ်ဖြစ်သည်ဟုဆိုလျှင် ဘာသာ ရေးနာမည်ကို အသုံးပြု၍စစ်ဖြစ်ခဲ့ကြသည်သာများပါသည်။ တတိယကမ္ဘာစစ်ကြီးဖြစ်ပြန်သော် တစ်ဖက်မှ တစ်ဖက်ကို ကယ်တင်လိုပါသည်ဟူသော မှန်မြတ်လှစွာသော စေတနာကြီး အရာဖြင့် ကိုယ့်နည်းပရိယာယ်နှင့်ကိုယ်ကမ္ဘာကို အပိုင်စီးရန် ရည်သန်၍ "ကမ္ဘာငြိမ်းချမ်းရေး" ဟူသော ကြွေးကြော်သံဖြင့် တစ်မျိုး၊ "အလုပ်သမားတို့၏ လွတ်လပ်ရေးအတွက်" ဟူသော

> သီချင်းနှင့်တစ်ဖုံ၊ "လူတို့၏ အခွင့်အရေး ရရှိစေရန်"ဟူသော ဆောင်ပုဒ်ဖြင့် တစ်သွယ် တစ်နေ့သော်စစ်ဖြစ်ရမည်မှာ မလွဲဟူသော အခြေခံသဘောတစ်ရပ် သိထားကြရပေမည်။ လောကဓာတ်ပညာသည် မည်မျှပင်တိုးတက်သော်လည်း လူတို့၏ သဘာဝမပြောင်း၊ ကြွေးကြော်သံများသာ ပြောင်းနေရမည်။

ဤကမ္ဘာ၌ လူတို့၏ သက်သေးကိုဖန်ပြွန်နှင့်ထည့်၍ဆေးထိုးခြင်းဖြင့် ကလေးဖြစ်နိုင်သည်ကိုယုံကြည်၍ ဖန်ပြွန်နှင့်ပြုလုပ်သော ကလေး (တက်စ်ကြူဘေဘီ)ကို လက်ခံမိုး၍ ရှိနိုးရင်း နယ်ချဲ့လိုသော ဝါဒတစ်ဖက် လူ့ဘဝ၏မြင့်မြတ်ခြင်းကို ယုံကြည်ပါသည်ဆို၍ ကိုယ်နည်းနှင့်ကိုယ် ကုသိုလ်၊ အကုသိုလ်ကိုယုံကြည်သောဝါဒကို အရှုလိုပြုရင်း ငမ်းငမ်းတက် နယ်ချဲ့လိုသူများက တစ်ဖက်၊ စစ်ရေးစစ်ရာအတွက် ပြင်ဆင်နေကြချေပြီ။ စစ်အေးသဘောအားဖြင့် ယနေ့တိုက်နေကြချေပြီ။

နိုင်ငံအချင်းချင်းဆက်သွယ်ရေးတွင် မည်သို့ပင် အသွေးအရောင်ပြောင်းလွဲသော်လည်းဤအရာမြေဝေတ်ကြီးအတွင်းတွင် နိုင်ငံရေးဝါဒအရအကွက်ဖော်ရာဝယ် တစ်ဖက်တွင် အားအင်ချည့်နဲ့ပြီဟူသော အရိပ်နိမိတ်ကလေး ပေါ်လာမှုနှင့်ပင် တစ်ဦးကတစ်ဦး၊ တစ်ပြည်ကတစ်ပြည်ကို အစော်ကားနိုင်ဆုံးကိုပင် ဖက်ရှင်တစ်ရပ်ဟု ဂုဏ်ပြုနေကြရကား (အလွန်ဝမ်းနည်းဖွယ်ရာပင် ဖြစ်လင့်ကစား) ဤသို့စော်ကားရဲခြင်းကိုပင် (အား) ဟူ၍ ယူဆကြရတော့မလိုပင် ဖြစ်နေပေပြီ။ ဤအမှုအရာမျိုးသည် ကျွန်တော်တို့၏ ပြည်တွင် နိုင်ငံရေး၌ပင် ကူး၍နေပါသည်။ ဤကမ္ဘာပေါ်ရှိ လူဟူသမျှတို့၏ အတွင်း အသည်းထဲတွင် အယောဝတ္တငြိမ်းချမ်းသာယာစေရာတကားဟု ဆိုလောက်သော မြင့်မြတ်သည့်စိတ်ထားမျိုးနှင့် ပြီးစီးသော ငြိမ်းချမ်းရေးမျိုး (တစ်ပတ်နိုက်သော ငြိမ်းချမ်းရေးမဟုတ်) ကို တကယ်ပင် တောင့်တနေကြပါသည်။ ထင်မြင်ချက်ကို ပေးရလျှင် ဤဘဝမျိုးကို ဖန်တီးပေးနိုင်သော ကမ္ဘာ့ခေါင်းဆောင်မျိုး ဤကမ္ဘာကလေးတွင် မမွေးသေးပါ။ ဤနုနယ်သော ပြည်ထောင်စု မြန်မာနိုင်ငံအဖို့မှာ တစ်ဖက်တွင် ပြည်တွင်းသာယာရေးကို ဇိ၍ဆောင်ရွက်ရင်း အကြပ်မတ်ဆုံးသောနည်းမျိုးဖြင့် စစ်ဖြစ်လျှင် ဘယ်ဘက်ကိုမျှ မပါသော ရည်ရွယ်

ချက်တစ်ခုကို ကျားငံနံ့တွယ်တွယ်၍ နေရန် အရေးကြီးပေပြီ။

ဆန့်ကျင်ဘက်ဖြစ်သော နိုင်ငံရေးဝါဒများလွှမ်းမိုးနေသည့် တိုင်းပြည်များ၏ စပ်ကြားတွင်တည်နေသော ဤပြည်ထောင်စု မြန်မာနိုင်ငံ၏အခြေအနေကို ကျွန်တော်တို့ သိပြီးဖြစ်ရကား အတိုက်အခံ ဂိုဏ်းသားတို့သည် အာဏာရနေသော အစိုးရအဖွဲ့ဝင်များ အာဏာရလျှင်လည်း ဤနိုင်ငံခြားရေးဝါဒကိုပင် ယူရမည်ဟု မလွဲဧကန်ဖြစ်ပါသည်။

သို့သော် ကြားနေရေးဝါဒကို နိုင်မြဲသည်ထက် နိုင်မြဲရန် ကျွန်တော်တို့အချင်းချင်း တညီတညွတ်း ယနေ့စစ်ဖြစ်နေပြီဟုယူဆကာ ကာကွယ်ရေးကို ဦးစားပေးကြရပေမည်။ တစ်ကိုယ်တည်း၊ တစ်ဦးတည်း၏ ဘုန်းသမ္ဘာ တိုးတက်ရေးကို ဦးစားပေးရန်ကား အလျှင်းမသင့်ပါ။

(ဆ) ဖော်ပြပြီးခဲ့သော အခြေအနေကို လက်ခံကြလျှင် ကျွန်တော်တို့၏ ဒီမိုကရေစီသည် ဗြိတိသျှနှင့် အမေရိကန်ဒီမိုကရေစီစနစ်များနှင့် ဆင်တူယိုးမှား ဖြစ်နေရကား အထမြောက်သော ဒီမိုကရေစီဖြစ်စေလိုလျှင် နှစ်ပါတီသာရှိစေသော အစဉ်အလာကို လိုက်ရပေတော့မည်။ ပါတီတွေမှိုလိုပေါက်နေလျှင် ပြင်သစ်နိုင်ငံကဲ့သို့ အလုပ်လုပ်၍ မဖြစ်နိုင်သော အခြေအနေသို့ ဆိုက်ရောက်နိုင်ပေမည်။

ပါတီစနစ်မရှိလျှင် အတွင်းသူပုန်ထနေသောနည်း အချင်းချင်း သုတ်သင်ရှင်းလင်းရသောနည်း။ သို့မဟုတ် တော်လှန်ရသောနည်းများဖြင့်သာ အစိုးရအဖွဲ့ ပြောင်းရန်လုပ်ကိုင်သောနည်းလမ်းများရှိသည် . . . ဟူ၍

(အာအမ်မက်ဝီဇာ)အမည်ရှိသူ တစ်ဦးက ခေတ်နိုင်ငံရေးဖွဲ့စည်းပုံ(မိုဒန်စတိတ်)ဟူသော နိုင်ငံရေးစာစောင်တွင် ရေးသားထားသည်ကို ကျွန်တော်ဖော်ပြလိုပါသည်။

ပါတီစနစ်ကို ဗိုမိုစုစည်းလိုသော စေတနာနှင့် ဆက်လက်၍ဖော်ပြရသော် ဖ ဆ ပ လ ဟူ၍ အမည်ခံနေသောအဖွဲ့တွင် ဆိုရှယ်လစ် ပါတီသည် အင်အားအများဆုံးဖြစ်နေရကား၊ (၁)တစ်သီးပုဂ္ဂလ အမည်ခံအမတ်များကို ဆိုရှယ်လစ်ပါတီထဲသို့ သွင်းလိုက သွင်းသောနည်း သို့တည်းမဟုတ်

(၂)လူထုအစည်းအရုံးက တက်လာသူများမဟုတ်ဟုဆိုလျှင် ထိုတစ်သီးပုဂ္ဂလများ၏ အုပ်စုတစ်စုအနေနှင့် ပါတီမန်လွှတ်တော်တွင် ခွင့်ပြုရန်သာ ရှိနေပါသည်။

(ဓ) ယနေ့ ကျွန်တော်တို့နှင့် ရင်ဆိုင်တွေ့နေကြသည့် အရေးအကြီးဆုံးသောအချက်မှာ ဝန်ကြီးချုပ်နှင့် ဖဆပလ ဤကဲ့သို့ ဆက်ဆံနေသည်ဟူသော အချက်ပင် ဖြစ်ပါသည်။ မိတ်ဆွေအချင်းချင်း အနေနှင့် စဉ်းစားလျှင် ဤသို့ထုတ်ဖော်ရခြင်းမှာ မသင့်ဟု ကျွန်တော် ဝန်ခံပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံကြီး တစ်နိုင်ငံလုံးအပေါ် ထားရှိအပ်သော သစ္စာသည် သူတစ်ဦးအပေါ်၌ ထားအပ်သောသစ္စာထက် ကြီးလေးသဖြင့် ကျွန်တော်သည် မှန်သည်ဟုထင်သည့်အတိုင်း တိုင်းပြည်သို့တင်ပြရခြင်းဖြစ်ပါသည်။ ဤသို့လောကရေးရာ၌ ဖြစ်ရခြင်းကို စက်ဆုပ်ရွံရှာလျှင် ဝန်ကြီးချုပ်သည် တောမိမင်းကြီး၏ ထုံးကို နှလုံးမိုက်ကာ ချက်ချင်း တောထွက်ဖို့သာ ရှိပါသည်။

ဝန်ကြီးချုပ်သည် လွန်ခဲ့သောရွေးကောက်ပွဲကြီးတွင် ဖဆပလ က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြ၍မထားသော၊ ထို့ပြင် ရွေးကောက်ပွဲ စကားပြောပွဲများတွင် စင်မြင့်ပေါ်က ဆောင်ရွက်ပါမည်ဟု တစ်ကြိမ်တစ်ခါမှ ကတိမပေးဖူးသောအလုပ်မျိုးကို ဇောမစေတနာကြီးနှင့် လုပ်ကိုင်နေပါသည်။

သူ၏ ဝမ်းဘဂကြောင့် သွေးချွေးနှင့် လဲလှယ်တိုက်ခိုက်လာရသော အခွင့်အရေးများကို ဖဆပလ ပြင်ပရှိ တတိယပါတီတစ်ခုက ဖဆပလဝင်တွေအပေါ်တွင် ကျော်နင်းစပြုလာပေပြီ။ ဖဆပလ အမှုဆောင်အဖွဲ့သို့ တင်မပြဘဲ ဝန်ကြီးချုပ်သည် သင်္ဂါယနာတင်သောအရေးကို လုပ်ကိုင်နေပါပြီ။ ။

(ဈ) ဖဆပလ အမှုဆောင်အစည်းအဝေး၌လည်း ဆွေးနွေးခွင့်မပေး။ လွှတ်တော်ထဲ၌လည်း ဆွေးနွေးခွင့်မပေး။ ခေါင်းဆောင်လုပ်သူသည် လတာမ,မလတာမ (လိုတစ်မျိုး၊ မလိုတစ်မျိုး)ဝါဒကိုချည်းသာ သုံးနေလျှင် အုတ်နှစ်ချပ်လပ်သည့်အတွက် အသတ်ခံရ

သော ရွှေရောင်ညီနောင်တို့၏ ထုံး၊ မြွေပါလည်းဆုံး သားလည်းဆုံး– ယှဉ်ကြိုးမရသော စေတနာကြီးသော ဖခင်တစ်ဦး၏ထုံး၊ သပြေပင်ကို သောင်ပြင်မှတ်၍ အုံးသီးကို ခေါင်းအုံး၍အိပ်မိသော မြင်းသည်တော် ပြေည် ကွပ်မျက်ခြင်းခံရသော အသက်ဦး ဆံပိုင် အုပ်ချုပ်ရေးအမွေအနှစ်ကို ထောက်ခံသည့်စနစ်ကြီး ခေါင်းထောင် လာမည့်အေးကား မဝေးလှတော့ပြီ။ မျက်စိကိုဖွင့်၍ ကြည့်ကြစေလိုသည်။

ဘုရင်စနစ်သာ မြန်မာနိုင်ငံတော်၌ တိထွင်လာလျှင် “ရေပူရေချမ်း ကမ်းလှမ်း၍ လိုက်ပါမည်ဘုရား”ဟု ဦးပေါ်ဦးက လျှောက်ပါမှ ဘုရင်မင်း မြတ်က ပြုံးတော်မူသော စနစ်တွေ ခေတ်စားရှေဦးမည်။ ဝန်ကြီးချုပ်သည် ခန်းတွင်းနိုပ်သော ရောဂါကို အခြေတည်၍ တစ်ဖုံတစ်ခုကို ဆုံးဖြတ်သော အစိတ်အပိုင်း၊ “ခေတ်မီသော အမတ်အဖြစ် သောက်စားခြင်းကို မုန်းတီး လှသည်ဆိုသော စာတ်ပိုင်း၊ (ဒတ်ဖား)ထက်နှစ်ထစ်လောက် ရောက်နေတဲ့ အမတ်တွေ”ဟူ၍ ဝန်ကြီးချုပ်ပြောသော စာတ်ကွက်တွေကို မြင်နေရ ကြား နေရသဖြင့် အားလုံးက သိခုနေကြပေမည်။ သို့သော် ဤဝန်ကြီးချုပ်ပြုမှ လျှင် သီလကြောင်ဝါဒ မြန်မာနိုင်ငံအစိုးရဌာနများတွင် နိုင်ငံရေးနယ်ပယ် များတွင် ထွန်းကားတော့မည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါတော့ သည်။

(ည) ဝန်ကြီးချုပ်သည် သူ၏ ဦးနှောက်လှိုင်း၊ ကွန့်မြူးသည့်အခါ ဓရာမစေတနာကြီးကိုပြကာ ဇလင်္ဂါးတန် တိုးမြှင့်ရေး အကြောင်း ကို အာပေါင် အာရင်းသန်သန်နှင့် အခါမရွေး၊ နေရာမရွေး ကြွေးကြော်လျက်ပင် ရှိနေပါသည်။ သူကြွေးကြော်သော နေရာ ၏ ပတ်ဝန်းကျင် တစ်လျှောက်၌ပင်လျှင် လူပြိန်ပေးတွေထ နေခြင်း၊ မော်တော်သဘော်များကို လူဆိုးနှင့် သူပုန်များက မြစ်ဝကျွန်းပေါ် မြစ်ကြောင်းတစ်လျှောက်၌ ရဲဖန်ရံခါအပိုင်စီး နေခြင်း၊ မီးရထားလမ်းများကိုချိုး၊ ဗုံးနှင့်ဖောက်ကာ ခရီးသည် တို့၏ လက်ဝတ်လက်စားများ လုယူနေခြင်း၊ သန်းခေါင်များ ဗွာတန်သော လူတို့၏ အသက်နှင့် ပစ္စည်းအိုးအိမ်များကို မီး

နတ်ကြီးအား ပူဇော်ပသနေခြင်း၊ (မီးလောင်ခြင်းကား တားနိုင်၏) ရန်ကုန်၌ ဖ ဆ ပ လ စံပြ ကွက်သစ်ကဲ့သို့ နေရာများတွင် စံပြမီးများလောင်နေခြင်း၊ အိပ်ဆောင်လူဆိုး သူခိုးတို့၏အသိုက်များကို ရန်ကုန် နေပြည်တော်တစ်ဝိုက်၌ လက်ပိုက်ကြည့်ရှုနေကြရခြင်း၊ မြို့နယ်များ၌ သူပုန်ကတစ်မျိုး၊ ပြောက်ကျားက တစ်ဖုံ အုပ်စိုးနေသော အိပ်ဆောင်ကျေးရွာများနှင့်ပြွမ်းတီးနေခြင်း၊ ပြည်ထောင်စု အစိုးရဌာန အချင်းချင်းမုန်းတီးသောစိတ်မျိုးကို တမင်သက်သက်ဖန်တီးပေးခြင်း၊ ရာဇဝင်နှင့်တပ်၍ပါလာသော "ရာဇတောဝါ" တည်းဟူသော အစိုးရမုန်းတီးရေးကို ပပျောက်အောင် ကျွန်တော်တို့ အမှုတပြင်းကြိုးစားနေစဉ် "ဘဝရှင် မင်းတရားကြီး၏" တတိယပါတီကနိုင်ငံတော်မုန်းတီးရေးကို ဖန်တီးပေးခြင်းတို့သည်ကား ဝန်ကြီးချုပ်၏မျက်စိအောက်တွင် ဖြစ်ပေါ်နေသော အခြင်းအရာများပင်ဖြစ်ပါသည်။

ဤသို့ဖြစ်ပျက်နေသည်ကိုသိပါလျက်နှင့် သူသည် ဒီမိုကရေစီအရောင်ပြကာ အသက်ဦးဆံပိုင်ဘုရင်စနစ်ဘက်သို့ သူ၏တတိယပါတီနှင့်တစ်ပါတည်း ရွေ့လျောနေပါပြီ။

"ရောမမြို့ကြီး မီးဟုန်းဟုန်းတောက်လောင်နေသည့်အခါ နီးရိုးဘုရင်မင်းမြတ်သည် တယောထိုးနိုင်ရက်ပေတကား ဟူ၍သော ဆိုထိုက်လှပေတော့သည်။ တစ်နည်းအားဖြင့် ဖော်ပြရသော် ရန်ကုန်မြို့တွင် မီးတွေလောင်စဉ်က ပြသခဲ့ဖူးသော "ကိုးဗားဒစ်(စ်)" ရုပ်ရှင်ဝတ္ထု ရေးသူ၏ သုံးနှုန်းသောစကားများအရ "တေးဂီတ တစ်ပုဒ်ရေးရန် ညထက်ကလေးတစ်ခု ရအောင်ဆိုပြီးလျှင် ရောမမြို့ကြီး မီးလောင်နေသည်ကို နီးရိုးဘုရင်သည်ကြည့်ရက်ပေတကား" ဟူ၍သာ ဆိုအပ်လှပေတော့သည်။ သူသည် ဤသို့ဖလင်ါးတန် မြင့်တင်ရေးအတွက် ရုပ်ဆင်းပျက်လောက်အောင် အကြေးကြော်ဆုံးအချိန်အခါ၌ အကျွင့်ယုတ်ဆုံးအမျိုးမျိုးနှင့် ကြိုးနေသဖြင့် ဆော်ဟာစ်နေနိုင်သူကိုပင် သနားမိပါသည်။ သို့သော် မည်ရွေ့မည်မျှပင် စေတနာကောင်းသည်ဟုဆိုကာ နောက်ပိုင်းကို ပြန်၍မကြည့်တော့ဘဲ ကြွားရက်

သော်လည်း လူတွေ၏အတိမ်အနက် နိုက်ပုံ၊ ယူဆပုံကို ကျွန်တော်တို့သည် သူနှင့် သဘောမတူနိုင်ပါ။

တိုင်းသစ် ပြည်သစ် ထူထောင်လျှင် ပတ်ဝန်းကျင် တစ်လျှောက်တွင် အစိုးရကို လူမထင်သဖြင့် ဖော်ကားသည်ဟု ဆိုအပ်သော ပြည်ထောင်စုနယ်နိမိတ်တစ်လျှောက် မြေပေါ်မြေအောက်လူဆိုးများကို ကာလနားမသတ်နိုင်သမျှ ကာလပတ်လုံး နေပြည်တော်နှင့် အခြားမြို့များ၏ ပတ်ဝန်းကျင်တွင် "စိတ်ကူးဇိမာန်ကြီး" ဘယ်နည်းနှင့်မျှမဆောက်နိုင်၊ လုပ်ကိုင်သမျှ အချည်းနှီးဖြစ်မည်ကား မလွဲဧကန် ဖြစ်ပါသည်။

ဝန်ကြီးချုပ်သည် သူ့စင်ကြီးကို သူ ငါးနှစ်ကျော် ခြောက်နှစ်နီးပါး စီးလာရာ ဘာမဆိုကာလနားမသတ်တတ်သည်မှာ ထင်ရှားနေပါပြီ။ သူ၏ ဒဏ်ကို ငါတို့ အလှူးအလှိမ့် ခံကြရတော့မှာပဲဟု အားလုံးတွေးတောမှုမှန်ကြပေပြီ။ တောင်သူလယ်သမားတို့သည် သူ၏ဒဏ်ကို ရှိုးရှိုး၍ ခံနေကြရချေပြီ။

မည်သူတို့ မည်သို့ပင် ပြောဆိုစေကာမူ တိုင်းပြည်မှာ တိုးတက်တန်သရွေ့ တိုးတက်နေသည့် အနိုက်အခါမျိုးတွင် အခွင့်ကောင်းယူ၍ တိုင်းပြည် ငြိမ်ဝပ်ပိပြားရေးကိုသာ ဖိ၍လုပ်သင့်ပါသည်။ သူမလုပ်တတ်ပါ။ သူသည် သူနှင့်တကွ အခြားမယဝပ်တွားသူတွေ ဘုန်းတော်ကြီးဖို့ အလုပ်တွေကို လုပ်ဖို့မသင့်၊ တိုင်းပြည်ကကြည်ညိုခြင်းသည် "ဘုန်း"အစစ်ဖြစ်သည်ကို သူမသိရှာချေ။ သူသည် ငြိမ်ဝပ်ပိပြားရေးကို ဦးစားမပေးတတ်ကြောင်းမှာ ထင်ရှားနေပါပြီ။ ဝန်ကြီးချုပ်နာမည်ကိုယူကာ ဘုရားဆုပန်မင်းယောက်ျားအဖြစ် ကမ္ဘာအေးစေတီတွင် နောက်ပါ အခြွေအရံနှင့် သာသနာလုပ်ငန်းဘက်ဖို့ အလေးတင်း၍ လုပ်နေပါသည်။ သာသနာရေးကို စေဖန်သောသူကို အရှုးဟု လက်ညှိုးထိုးတတ်သော ပညာကို သူ အလွတ်ကျက်ထားပါသည်။ တကယ်မက်မိုလ်ကိုလိုလျှင် ဝန်ကြီးချုပ်ရာထူးမှ ချက်ခြင်း "နုတ်ထွက်သင့်ပေပြီ"။ လက်တစ်ဖက်တွင် နိုင်ငံရေးအာဏာကို ကိုင်၍ အခြားတစ်ဖက်၌ လောကုတ္တရာရေးတွင် သုံးစားနေရက်ခြင်းကား စလေငါးတန် ခြတက်ခြင်းပင် ဖြစ်ပါသည်။

ယနေ့ ကျွန်တော်တို့နှင့် ပက်ပင်းပါ ရင်ဆိုင်နေကြသော ကမ္ဘာ

အရေးအရာဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည် ကမ္ဘာပေါ်ရှိ အင်အားစုများ ပဋိပက္ခဖြစ်သည့်အခါ ကျွန်တော်တို့နိုင်ငံတစ်နိုင်ငံသည် နောက်ဆုံးတွင် အဖတ်တင်နိုင်ရန်ရှယ်ကိုးရှုံစစ်သားစုဆောင်းရေး၊ ကုန်ထွက်လုပ်ငန်း တိုးတက်ရေးကိုရှေ့ရှု "ဦးစားပေးကာ" လုပ်ကိုင်ရသော အခါသို့ ရောက်နေပါပြီ။ လက်နက်စုခြင်းသည် ထာဝရဂရုရဲဟုများ ဆိုမည် လားဟု တိုင်းပြည်က တသိတ်ထိတ် ဖြစ်နေကြပါသည်။ သူသည် တကယ် ငြိမ်းချမ်းရေးကြီး ရစေတိသည့်အလား၊ သူကြိုက် စိတ်ကူးလုံးကလေးတွေ နှင့် ချိန်ခွင် တစ်ဖက်စောင်းကြီး ပြုရောက်သော အခြေသို့ ရောက်နေသည်ကို မြင်ကြရပါပြီ။ ချက်စိတ်ပေါက်ထောက်ကြည့်ကြစေလိုပါသည်။

ဝန်ချုပ်ရာထူးမှ နုတ်ထွက်ပါရစေဟု သုံးကြိမ် သုံးခန် ဖ ဆာ ပ လ အမှုဆောင်များသို့ တောင်းပန်ရာ မထွက်ပါနှင့်ဟု တောင်းပန်သူများတွင် ကျွန်တော်တစ်ဦးပါဝင်ခဲ့ပါသည်။

မနုတ်ထွက်ပါနှင့်ဟု တောင်းပန်လေလေ၊ သူ၏ ဘဝရှင်မင်းတရား ကြီး၏ စိတ်ဓာတ် တင်းမာလေလေဖြစ်ပါသည်။ ဤသို့ ဆိုရခြင်းသည် အထင်လွဲခြင်းပင်လော၊ အထင်တည့်ခြင်းပင်လော တိုင်းပြည်က ဆုံးဖြတ် ရန် တင်ပြလိုပါသည်။ ဝန်ကြီးချုပ်သည်သူနှင့် ပလဲနံပသင့်သူကိုသာ အစိုးရအတွင်းထားလိုပါသည်။ ဖုတ်သက်ဝန်ကြီးကို အမြဲချင်ခြင်းတပ်လေ့ ရှိပါသည်။ တိုင်းပြည်ကောင်းစားရေးအတွက် ကိုကြီးနု မျက်နှာတော် ညိုမည်ကိုပို၍ ကြောက်သောသူကိုသာ လိုကြောင်းကို အမြဲ သူသည် ပြသ လျက်ရှိပါသည်။ ဘဝရှင်မင်းတရားကြီးဖြစ်လျှင် ဤအပြုအမူများမှာမှန် ပါသည်။ ဒီမိုကရေစီဝန်ကြီးချုပ်ဆိုလျှင် သူသည်မှားနေကြောင်း ထင်ရှား စေရန် ပြသရခြင်းဖြစ်ပါသည်။ သူ၏သူငယ်ချင်းပေါက်ပေါက်ဖြစ်သော မစ္စတာ အမ်အေရာရှစ်ကို ဝန်ကြီးအဖွဲ့သို့ သွင်းရန်ကြံစည်စဉ် သူငယ်ချင်း အတွက် ခေါနှင့်မောနှင့်ကာကွယ်ခဲ့ပါသည်။ ထိုအခါက အိန္ဒိယသံအမတ် ၏ ညီအရင်းကိုကက်ဘိနက်ထဲသို့သွင်းခြင်းကား မသင့်၊ သို့သော် ယနေ့ မှာမူ အိန္ဒိယသံအမတ်ကြီး ပေါက်တာရောဖ်ဂျပန်ပြည်သို့ ပြောင်းသွား သဖြင့် လက်ခံထိုက်သောအခြေသို့ ရောက်နေပါပြီ။

အလောင်းဘုရားမှဆိုးချွဲရွာက ထသည့်နေ့ကစ၍ ယနေ့အထိ ကိုယ့်

ဖွားဖက်တော် ရဲဘော်ရဲဘက်ကိုမှ လူထင်သော ခေါင်းဆောင်များတွင် ယနေ့ဝန်ကြီးချုပ်သည် နံပါတ် ၁ ပင် ဖြစ်ပါသည်။ ရှေးကနယ်ချဲ့အင်္ဂလိပ်တို့သည် ရန်ကုန်လေ့သင်းနှင့် ဂျင်မခါနာကလပ်ကနေ၍ အုပ်ချုပ်သကဲ့သို့ ဝန်ကြီးချုပ်သည် ယနေ့သူ့ လူ့ဖွားဖက်တော်များ၊ ဝေယျာဝစ္စများ၊ သူ၏ အဆွဲခံများနှင့် တစ်ဖက်၌ ကိုင်ပင်၍ တစ်ဖက်တွင် သာသနာ့ရိပ်သာမှ အုပ်ချုပ်နေပါသည်။ ဖ ဆ ပ လ အမှုဆောင်သည် စာတိုမျှသာ တည်ရှိနေပါသည်။ ဖ ဆ ပ လ သည် အုတ်နံရံ ပန်းချီကားကြီးပမာသာ တည်ရှိနေ၏ ငြင်းရဲကြ၏လော။

(၄) ကျွန်တော်နှင့်အတူ ရွေးကောက် တင်မြှောက်ခြင်းခံကြရသော ပါလီမန်အမတ်များအကြောင်း ဖော်ပြပါရစေ။ သေဘုယျအားဖြင့် ဆိုရလျှင် အချိန်အခါအရ ယနေ့ ရွေးကောက်တင်မြှောက်လိုသော ဖ ဆ ပ လ အမတ်များများထက် ပို၍သင့်တော်သော အမတ်များရဖို့ရန် ခဲယဉ်းသည်ဟု ဆိုရပေမည်။ သို့သော် အမိန့်တူသော ဖ ဆ ပ လ ကြီးက အထောက်အပံ့မပေးလျှင် မည်သို့ တတ်နိုင်ကြအံ့နည်း။ မည်သူ့နှင့်မှ မတိုင်ပင်ဘဲ ဆောင်ရွက်ပြီးစီးပါမှ တင်ပြသော မှတ်တမ်းတွေကို လွှတ်တော်အပြီးတွင် အသင်တို့ ဖတ်ရှုကြပါကုန်ဟု ဆိုကာ ပေးကြပါသည်။

ဘာသာရေး၊ ပညာရေး၊ နိုင်ငံခြားရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည်တို့ကို လိုက်စားကြစေရန် ဖ ဆ ပ လ အတွင်းတွင် ကော်မတီများ ဖွဲ့ထားနိုင်၏။ သို့သော် သူတို့မဖွဲ့ကြပါ။ ဖ ဆ ပ လ တည်ရာဌာနကြီးသည်ပင်လျှင် သုသာန်တစကဲ့သို့ ခြောက်သွေ့နေ၏။

အခြေခံ ပညာရှိသည်ဟု ထင်ရသော ဖ ဆ ပ လ အဖွဲ့ဝင်များကား လူပိုကြီးများဖြစ်နေကြပါသည်။ ဆရာကောင်းတပည့်တို့သာ မျက်နှာရကြပါသည်။ သူတို့မြှောက်စားလိုသည့်အခါ "လူထုမှလာသောသူ"ဟုသော ကမ္ပဝါကိုရွတ်နေကြပါသည်။ အမှန်မှာ(လာတာမ မလာတာမ) (လိုတစ်မျိုး မလိုတစ်မျိုး) ဝါဒသာလျှင် ကြီးစိုးနေပါသည်။ အမတ်ချင်း ခေါင်တင်၊ ဝန်ကြီးချင်း ပန်းတောင်းစေသော ပတ်ဝန်းကျင်ကို သူတို့ဖန်တီး၍ နေကြပါသည်။ ဖ ဆ ပ လကြီး ပြိုကွဲခြင်းကို မလိုလားပါ။ ဤသို့ ခေါသ

မလွတ်သော စကားမျိုးဖြင့် ဝေဖန်ရသည့်အတွက် ကျွန်တော် အထူးပင် ဝမ်းနည်းပါသည်။

(၄) ကိုယ့်ပါတီအာဏာရ၍ တာဝန်အလျောက်ရာထူးပေးရစမြဲဖြစ်သည်ကို အားလုံး လက်ခံကြပါသည်။ ရာထူးဟူသည်ကား ဆုထူးဆုမြတ်ကြီးမဟုတ်၊ တာဝန်တစ်ရပ် ဖြစ်သည်ကို အားလုံး သိပြီးဖြစ်ကြသည်ဟု ကျွန်တော်ယုံကြည်ပါသည်။ သို့သော် ဥပမာအားဖြင့် ပြရလျှင်ပန်းချီပညာတတ်သူကို ကုန်တင် ကုန်ချ နိုင်း၊ သေနတ်ပစ်တတ်သောသူတို့ကို ပရိတ်ရွတ်နိုင်းသကဲ့သို့ ယခုအခါ ရာထူးများ ပေးခြင်းကား ဝမ်းနည်းစရာထက် ရယ်စရာ ကောင်းလှပေသည်။ လောက၌ ရယ်စရာဖြစ်နေသော အခြေအနေသည် ကိုယ့်ကို ပြန်၍ပတ်သောအခါ အရှုမြုံးထက်ပင် ထက်မြက်လှပေသည်။ ဝန်ကြီးချုပ်သည် ဤသို့ဖြစ်နေသည်ကို ပြင်ဆင်လိုက ပြင်ဆင်နိုင်သောအနေအထားတွင် မပြင်ဘဲ ငါတကော— ကောကနေ၏။

အထွေထွေ

(၁) ပါလီမန်လွှတ်တော်၌ တင်ပြသော ဘတ်ဂျက်ရန်ပုံငွေစာရင်းနှင့် စပ်လျဉ်း၍ဟုတ်တိုင်းမှန်ရာပြည်ထောင်စုသို့ အသိပေးလိုပါသည်။ ဌာနအသီးသီးက တာဝန်ခံ ဝန်ကြီးများနှင့် ဌာနလုပ်သားများ အချင်းချင်း တိုင်ပင်တင်ပြသောစာရင်း အရပ်ရပ် စုပေါင်းထားခြင်းကား နိုင်ငံတော်ရသုံးခန့်မှန်းခြေ ငွေစာရင်းပင် ဖြစ်ပါသည်။ ဤသို့ဖြစ်ရမည်ကို မရှောင်နိုင်သော်လည်း ပြည်ထောင်စုကြီးတစ်ခုလုံး၏ ငွေကြေး အခြေအနေ၏ ရုပ်လုံးကို မြင်၍ ဖ ဆ ပ လ က တစ်ကြိမ်တစ်ခါမျှ စဉ်းစားခွင့် မပေးခဲ့ချေ။ "စားဖို့ချောင် သောဂဏေဒအရ ကိုယ်လိုသည်ကိုရသမျှ ကလေးအတွက် ဝကွက်၍ ကျေနပ်နေကြရပါသည်။ အမှန်မှာ ဝန်ကြီးချုပ်ဖေသမျှ နိုင်းသမျှကို ပုံစံသွင်းပြီးလျှင် ရသုံးခန့်မှန်းခြေစာရင်းအတွင်းသို့ ရောက်ရခြင်းသာ ဖြစ်ပါသည်။ ယနေ့

ငွေတွေကို သုံးနေပုံကိုကြည့်ခြင်းအားဖြင့် အုပ်ချုပ်ရေးယန္တရားကြီး ဘယ်လို လည်နေသည်ကို မှန်းနိုင်အောင်ပင် ရှိနေတော့သည်။ ဘဏ္ဍာရေးဝန်ကြီးသည် ဝန်ကြီးတိုင်းအား ချစ်တီးဆန်ဆန် ဆက်ဆံနေသော်လည်း ဝန်ကြီးချုပ်စေပါးသမျှခံနေရရှာသော ကက်ရှီယာကြီး တစ်ဦးပမာ ငွေကို သုံးနေရပါသည်။ ပြည်ထောင်စုညီလာခံအပြီးတွင် အသံသွင်းထားသော ဝန်ကြီးချုပ် မိန့်ခွန်းကို ညွှန်ပြလိုက်ပါသည်။ ဝန်ကြီးချုပ်သည် သူ၏ မိန့်ခွန်းကို ပုံနှိပ်၍မဝေခဲ့ချေ၊ မဝေဖန်ချေ။

ကျွမ်းကျင်နားလည်သော ပုဂ္ဂိုလ်များကို လခကြီးကြီး ပေးရခြင်းကို ကျွန်တော်တို့သည် ကန့်ကွက်ခြင်းငှာ မထိုက်ကြပေ။ ဖြုန်းတီးချင်သလို ဖြုန်းတီးနေခြင်းကိုလည်းကောင်း၊ ဘယ်ဘက်ကနေကြည့်ကြည့် မကျွမ်းကျင်မှုနှင့် သိလျက်နှင့် လုပ်နေသည်ကိုလည်းကောင်း လက်ပိုက်ကြည့်နေကြရသည့်ဘဝကို နာကြည်းလွန်း၍ ဖွင့်၍ပြောခြင်း ဖြစ်ပါသည်။ စည်းကမ်းတကျ တတ်ကျွမ်းနားလည်မှုမရှိပါဘဲလျက် "အရာရှိ" အမည်ကိုယူ၍ လခထုတ်နေသလော၊ မလိုအပ်သော အစိုးရဌာနများရှိနေသလော။ ရှိလျှင် လုပ်သားများကို လျှော့တန် လျှော့၍သော်လည်းကောင်း၊ တကယ် ဦးစားပေးအပ်သော ဌာနများရှိနေပြန်က လုပ်သားများပို၍ ထားသင့်က ထားရန်လည်းကောင်း၊ ကာကွယ်ရေးအတွက် ကမ္ဘာကရှိသေလေးစားခြင်းခံရလောက်အောင် လေယာဉ်ပျံ သင်္ဘောအစရှိသည်တို့ ဝယ်ယူရန် လည်းကောင်း၊ ပြင်ပကလူများကို လက်ညှိုးထိုး၍ ခန့်ထားသည်တို့များ နေလျှင် လျှော့ပေါ့ရန်လည်းကောင်း ဖ ဆ ပ လ သည် တစ်ကြိမ်တစ်ခါမျှ စဉ်းစားခွင့် မရကြရပါ။ ယနေ့ဝန်ကြီးချုပ်လုပ်နေပုံသည် စေတနာကို ဖန်းပြ၍ အလောတကြီးရေ့ကတော့ကလျှောက် ထမင်းအိုးတွေတည်၊ တည်ပြီးသားအိုးတွေကို မီးမထိုးတတ်၍ မထိုးဘဲ တန်းလန်းပစ်ထားသကဲ့သို့ တည်ရှိနေပါပြီ။ နောက်ဆုံး၌ ငွေကုန် လူပန်းဖြစ်ကာ ထမင်းမနှပ်သဖြင့် ထမင်းအိုးတွေ ရိုက်ခွဲပစ်ရမည့်အရေးသို့ ရောက်ပါတော့မည်။ ကျွန်တော်တို့ တိုင်းပြည်အုပ်ချုပ်မှု စက်ယန္တရားကြီးသည် ခွဲစိတ်တုသသော ဆရာဝန်ကြီး တစ်ဦးလက်စွမ်းပြသကဲ့သို့ ဖြစ်နေပါသည်။ သူသည် စေတနာ

တစ်ခွဲသားနှင့် ခွဲစိတ်ကုသရာတွင် ပြီးစီးခါမှ ဝမ်းဗိုက်ထဲတွင် ကတ်ကြေးများ ကျန်နေသကဲ့သို့ ဖြစ်တော့သည်။ ဤသို့မကျွမ်းကျင်သော ဆရာဝန်လက်ဝယ်သို့ လူနာကိုအပ်ထားလျှင် သင့်မလျော်ပါမည်လော၊ သာဓကပြစရာတွေများ လှပါသည်။ မိတ်ဆွေချင်းဖြစ်၍ ဖောင့်စည်းအပ်သောအစဉ်အလာရှိ၍ မပြောဘဲထားရပါသည်။ အချုပ်အားဖြင့်ဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဝန်ကြီးချုပ်၏ မေတ္တာနှာအရှုရာယ်ကပ်ကြီးနှင့် ရင်ဆိုင်တွေ့နေကြရပါပြီ။

ယခုနေ့အစိုးရက လုပ်ကိုင်နေသော "ပြည်တော်သာ" စီမံကိန်းနှင့် စပ်လျဉ်း၍ ဖော်ပြရန် တကယ်လိုအပ်ပါသည်။ ပဋ္ဌည်းရှိသူတွေ၏ အခွင့်အရေးများကိုသာ အကာအကွယ်ပေးသောဖြိတ်သျှ ကိုလိုနီအစိုးရ၏ အုပ်ချုပ်ရေးစနစ်ကို "ဖိနှိပ်၍အုပ်ချုပ်သောနိုင်ငံ"ဟူ၍ ကျွန်တော်တို့ ခေါ်ခဲ့ကြပါသည်။ လွတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံတော်ခေတ်၌ ဖိနှိပ်ခြင်းဟူသော စကားအဓိပ္ပာယ်၏ သမာသတ်စကားအဖြစ်ဖြင့် "မွဲပြိုးခြင်း"ကို ရည်မှန်းသောစကားကို ကျွန်တော်တို့ သုံးစွဲလာခဲ့ကြပါသည်။ ဝါဒဖြန့်မှန်းကို အများသိပါလျှင် ရည်မှန်းချက်ပျက်ရာမြိုဖြစ်ရကား လေပမ်းအမြောက်ကြီးတွေကို ဝန်ကြီးချုပ်သည် လိုမှန်း၊ မလိုမှန်းမသိဘဲ ပစ်နေမည့်အစား ကျွမ်းကျင်မှုအပေါ်တွင် ဖိ၍လုပ်ကိုင်တတ်လျှင် အောင်မြင်ဖွယ်ရာ ရှိပါသည်။ ဤအလုပ်ကို လုပ်ခြင်းမှာ မှန်ပါသည်။ သို့သော် ဝန်ကြီးချုပ်သည် သူ၏ တတိယပါတီ၏ လူထုကို ပမာမခန့် ဖြုန်းတီးသုံးစွဲနေသောအဖြစ်များကို အာဝတ်ဖြေရှဲ(ဝါ)အကာအကွယ်ပေးရှဲသာပြုလုပ်လျှင် သူသည်မှားပါသည်။

သူသည် ကက်ဘိနက် အဖွဲ့ခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ပြီးလျှင် သူ၏ရဲရှေတော်များနှင့် ဆက်လက်၍ဆောင်ရွက်လျှင် ကျွန်တော်တို့တစ်တွေသည် အုပ်ချုပ်ရေးအစဉ်အလာအရသော်လည်းကောင်း၊ နိုင်ငံရေးသမားတို့၏ ဖောင့်ရှောက်အပ်သော စည်းအရလည်းကောင်း ဦးသခင်နုကို လွတ်လပ်စွာ ထောက်ခံနိုင်ပါသည်။ ယခုအတိုင်းဆိုက သူလုပ်သမျှကို ရှုင်းချက်မရှိ မထောက်ခံနေရခြင်း၍ပင်လျှင် ထိပ်ပြာမသန့်စရာ ဖြစ်နေကြပါသည်။

(ဃ) အချင်းချင်း အမုန်းခံရမည်ကို ကြောက်၍သော်လည်းကောင်း၊ ရေသာခိုလိုသော စိတ်ကြောင့်လည်းကောင်း ပြောလိုသော အရေးကို မပြောဘဲထားလျှင် တစ်နေ့သော် မိမိကိုယ်အပါအဝင် ဖြစ်သောပြည်ထောင်စုကြီး တစ်ခုလုံးအပေါ်တွင်ပြန်၍ ပိမည် မှာအမှန်ပင်ဖြစ်ပါသည်။ ထို့ထက်ဆိုးရွားလှသော ဘေးတစ်ခု ရှိနေပါသေးသည်။ ဒီမိုကရေစီအတွင်းတွင် မြူရိုကရေစီ ကလေးတစ်ခုက ချယ်လှယ်သရွေ့ခံနေကြလျှင် ပြည်ထောင်စု ကြီး၏မဏ္ဍိုင်ကြီးတွင် ခြတက်သည်ထက် ဆိုးမည်ကိုသတိရှိ ကြစေရန် ပြည်ထောင်စုကြီးရှိ ပြည်ထောင်စုသား အပေါင်း တို့အား အသိပေးလိုက်ရပါသည်။

ရာဇဝင်က ပေါက်ဖွားသော ဖ ဆ ပ လ အစွန့်ရှည်ပါစေ။

ကျွန်တော်တို့ ပြည်ထောင်စုကြီး အစွန့်တည်ပါစေ။

သေွး ချွေးနှင့် ရင်းနှီး၍ရခဲ့သော လွတ်လပ်ရေးကြီး တည်မြဲပါစေ။ ဆွေးနွေးခွင့်ပေးခြင်းကို အခြေတည်၍ ပေါက်ဖွားသော ဒီမိုကရေစီ တည်မြဲ ပါစေ။

ဤအကာမြူစေတ်တွင် ဘဝရှင်မင်းတရားကြီး၏ အဖြစ်ကို ရည်မှန်း သော ဘုရင်အုပ်ချုပ်ရေးစနစ် ပျက်စီးပါစေ။ ။

(ပုံ)ဦးထွန်းဖေ
ပါလီမန်အမတ်(တော်လှန်နယ်)
ယခင် ယဉ်ကျေးမှုဌာနဝန်ကြီး
မန်နေဂျာနှင့်အယ်ဒီတာ
“ထွန်း နေ့စဉ်”
၁၅၁၊ ၄၅ လမ်း ရန်ကုန်မြို့။

■